# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၁၁)၊ အမှတ်(၂၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် ၊ ကြာသပတေး၊ (ဩဂုတ် ၁၆ ၊ ၂၀၁၂)



ဝင်ငွေခွန်ရလမ်း
မဖော်ပြနိုင်သည့်
အိမ်ခြံမြေရောင်းဝယ်မှုများ
အခွန်ပြန်ဆောင်ရပြီ
စာ(၅)သို့

ရခိုင်အရေး
နိုင်ငံတကာရှုမြင်ပုံနှင့်
ပြည်တွင်းလုံခြုံရေး
စာ(၂၇)သို့

ချင်းတွင်းမြစ်
အနောက်ဘက်ကမ်း
ကျေးရွာအချို့တွင်
ခွေးသားစျေးကွက်ဖြစ်
စာ(၁၅)သို့

ရပ်ကွက်သာရေးနာရေး
လူမှုရေးအဖွဲ့များ
မှတ်ပုံတင်ကြေးကြောင့်
အခက်ကြုံ
အချပ်ပို(C)သို့

အိုင်အင်န်ဂျီအိုများအပေါ်
အစိုးရ၏ ထိန်းချုပ်မှု
လျော့ပေါ့သက်သာလာ
စာ(၃)သို့

ပဲခူးအရှေ့က
ရေမြုပ်လယ်များ
ထက်ဝက်ခန့်ပျက်စီးနိုင်
အချပ်ပို(A)သို့

မြန်မာအမျိုးသမီးငယ် ၁၃ဦးအား
စင်ကာပူတွင်အိမ်ဖော်လုပ်ရန်
ပို့မည့်အကျိုးဆောင်ကို ဖမ်းဆီး
အချပ်ပို(D)သို့


## ဘယ်လ်ဂျီယံတက္ကသိုလ်တစ်ခုက သမ္မတဦးသိန်းစိန်ကို ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ပေးအပ်ရန်ပြင်

**ကိုကိုကြီး**

**ရန်ကုန်၊ဩဂုတ်-၁၃**

ဘယ်လ်ဂျီယံနိုင်ငံ၏ နံပါတ် ၃ အဆင့်ရှိ တက္ကသိုလ်တစ်ခုဖြစ်သည့် Universite de Liege က ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအား တစ်စိုက်မတ်မတ် ဆောင်ရွက်နေသည့် သမ္မတ ဦးသိန်းစိန်အား ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ အပ်နှင်းချီးမြှင့်မည့်အကြောင်း သမ္မတထံသို့တင်ပြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သမ္မတအနေဖြင့်လက်ခံမည့် အစီအစဉ် ရှိ၊ မရှိကို တက္ကသိုလ် ပါမောက္ခနှစ်ဦးက တွေ့ဆုံမေးမြန်းရန် ရောက်ရှိနေကြောင်း မင်္ဂလာမြန်မာမှဒါရိုက်တာဒေါက်တာဖုန်းဝင်းက ပြောသည်။

"လက်ခံတယ်ဆိုရင် အဲဒီအဖြေကို ယူသွားမယ်။ ပြီးရင် တရားဝင်ကြေညာလိုက်မယ်။ သူတို့ကတော့ တစ်ချိန်ချိန်မှာ လာယူဖို့ မျှော်လင့်တယ်။ အသေးစိတ်တွေကိုတော့ သမ္မတနဲ့တွေ့ရင် သူတို့(ပါမောက္ခတွေ)အနေနဲ့ မေးမြန်းဖို့ရှိတယ်" ဟု ဒေါက်တာဖုန်းဝင်းက ပြောသည်။ စာ(၁၂)သို့



ဓာတ်ပုံ-Getty Image

အ ထူး သ တ င် း ပေ း ပို့ ချ က်

# အပြောင်းအလဲများ ဘယ်ခရီးရောက်ပြီလဲ

**သတင်းအဖွဲ့**

**နိုင်ငံရေးတွင် ထင်သာမြင်သာမှုရှိသော အပြောင်းအလဲများစွာ ဖြစ်ပေါ်နေသော်လည်း အောက်ခြေပြည်သူလူထုထံ အပြောင်းအလဲများ မရောက်ရှိသေးပါ။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့တာ၊ သမ္မတက ပြည်သူ့ဆန္ဒလိုက်လျော၍ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရပ်ဆိုင်းခဲ့တာ၊ ဒေါ်အောင်ဆန်းစုကြည်ရွေးကောက်ပွဲယှဉ်ပြိုင်အနိုင်ရခဲ့ပြီး လွှတ်တော်အတွင်းရောက်သွားတာ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကိုယ်တိုင် မြန်မာနိုင်ငံရောက်လာတာ စတဲ့နိုင်ငံရေးနှင့် ပတ်သက်၍ ထူးခြားသော ပြောင်းလဲမှုများကို ရေဒီယို၊ တီဗီနှင့် ဂျာနယ်များမှတစ်ဆင့်သိခဲ့ကြောင်း အသက် ၆၇ နှစ်အရွယ်တောင်သူကြီးဦးကျော်လှိုင်ကပြောသည်။

"သမ္မတကမြစ်ဆုံစီမံကိန်းရပ်ဖို့ဆုံးဖြတ်တာကိုပဲ အံ့ဩဆုံးပဲ။ အရင်တုန်းကတော့ အောက်မှာဖြစ်ချင်သလိုဖြစ်၊ အပေါ်က ဂရုမစိုက်ဘူး" ဟုသန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာမှ တောင်သူဦးကျော်လှိုင်က သူ၏အမြင်ကိုဖွင့်ဟသည်။ အစိုးရသစ်တက်လာပြီး ၁၆ လကျော် (တစ်နှစ်နှင့် လေးလကျော်) လာသောအခါဖြစ်ပေါ်လာသော အပြောင်းအလဲထဲမှ အံ့ဩစရာအကောင်းဆုံးဖြစ်ရပ်ကိုမေးစဉ်က သူ၏ထင်မြင်ချက်ကို ပြောခြင်းဖြစ်၏။ စာ(၂၈)သို့




မြို့ ၁၁၅ မိုင်ယာဉ်ရပ်နားစခန်းရှေ့တွင် စိုက်ထူထားသော ပက်ပ်စီကြော်ငြာဘောလ်ဘုတ်တစ်ခုကို ဩဂုတ်လ ၉ ရက်က တွေ့ရစဉ်

ဓာတ်ပုံ-အေးမြကျော်

## ကမ္ဘာကျော်ပက်ပ်စီ အချိုရည် တစ်ဦးတည်းဖြန့်ဖြူးရောင်းချခွင့် ဒိုင်းမွန်းစတားကုမ္ပဏီ ရရှိ

**ကိုကာကိုလာနှင့် ပက်ပ်စီတို့၏ မြန်မာနိုင်ငံဈေးကွက် ရရှိရန် ပြိုင်ဆိုင်မှုမှာ ပြည်တွင်းအချိုရည်လုပ်ငန်းများ အခက်တွေ့ဖွယ်ရှိ**

**အားမာန်**

**ရန်ကုန်- ဩဂုတ် ၁၀**

ကမ္ဘာကျော် စားသောက်ကုန်အမှတ်တံဆိပ် ပက်ပ်စီကုမ္ပဏီက ၁၅ နှစ်ကြာပြီးနောက် မြန်မာနိုင်ငံတွင် ပြန်လည်ဖြန့်ချိရောင်းချတော့မည်ဖြစ်ပြီး တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချခွင့်ကို ဦးကိုကိုကြီး၏ဒိုင်းမွန်းစတားကုမ္ပဏီကရရှိသွားသည်။ အချပ်ပို(D)သို့




7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# လုံခြုံရေးတာဝန်အတွက် ရဲတပ်ဖွဲ့များ ထပ်မံဖွဲ့စည်းမည်

**အောင်သူရ၊ အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ် - ၉**

လုံခြုံရေးတာဝန်ထမ်းဆောင်ရန် ရဲတပ်ဖွဲ့များ ထပ်မံဖွဲ့စည်းမည့် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။

ကမ်းခြေနှင့်မြစ်ကြောင်းများလုံခြုံရေးအတွက် ရေကြောင်းရဲတပ်ဖွဲ့ကို ဇူလိုင်လက ဖွဲ့စည်းမိန့်ထုတ်ပြန်ပြီးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုကဩဂုတ် ၇ရက်တွင် ကျင်းပသော အမျိုးသားလွှတ်တော်၌ ပြောကြားသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆိပ်ကမ်းရဲနှင့် အမြန်လမ်းရဲတပ်ဖွဲ့များ ဖွဲ့စည်းရန်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေး ဝန်ကြီးဗိုလ်မှူးကြီး တင်ဝင်းကပြောသည်။

ထိုကဲ့သို့လုံခြုံရေးတပ်ဖွဲ့များဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ မေးမြန်းရာ "လိုအပ်ချက်ကြောင့်ပါ" ဟုပြန်လည်ဖြေကြားခဲ့သည်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးစီးပွားနှင့်နိုင်ငံတော်၏အချုပ်အခြာအာဏာကိုထိပါးစေမည့်လုပ်ရပ်များ၊ ပြစ်မှုကျူးလွန်ခြင်းနှင့် ကျူးလွန်ရန်ကြံစည် အားထုတ်ခြင်းများကို တားဆီးနှိမ်နင်းရန်၊ ကမ်းခြေနှင့် မြစ်ကြောင်း လုံခြုံရေး ဆောင်ရွက်ရန်အတွက် ရေကြောင်းရဲတပ်ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

ပြီးခဲ့သည့် ဩဂုတ် ၆ရက်က ကုန်တိုက်များရှိလုံခြုံရေး ဝန်ထမ်းများအား လုံခြုံရေးနှင့်ပတ်သက်သည့် သိသင့်သိထိုက်သော အချက်အလက်များနှင့် လုံခြုံရေးဆိုင်ရာ ပစ္စည်းများအသုံးပြုနည်းအား ပညာပေးခဲ့ပြီး ဆက်လက်ပညာပေးရန် အစီအစဉ်ရှိကြောင်း ဗိုလ်မှူးကြီးတင်ဝင်းက ပြောကြားသည်။



**ရခိုင်ပြည်နယ်အတွင်းကိစ္စများအပြီး ပြည်တွင်းလုံခြုံရေးက ပိုမိုအရေးကြီးလာသည်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ရခိုင်ပြည်နယ်အရေး သမ္မတနှင့်ရခိုင်ပါတီနှစ်ခု သီးသန့်တွေ့ဆုံ

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဩဂုတ်-၉**

ရခိုင်ပြည်နယ် အရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် ရခိုင်တိုင်းရင်းသားပါတီနှစ်ခုတို့ ဩဂုတ် ၈ရက်ညနေပိုင်းတွင် နေပြည်တော်၌ သီးသန့်တွေ့ဆုံခဲ့ကြကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးသာအောင်ကပြောသည်။

"ရခိုင်အရေးကိစ္စမှာ ရခိုင်အချင်းချင်းပြောရင် အဆင်ပြေမယ်ဆိုပြီး ခေါ်တွေ့တာပါ"ဟု ၎င်းကဆိုသည်။ အဆိုပါတွေ့ဆုံပွဲသို့ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ခြောက်ဦး၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ အဖွဲ့ဝင်လေးဦးတို့တက်ရောက်ခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်များနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတကာနှင့် ဆက်ဆံမှုကောင်းမွန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရခိုင်တိုင်းရင်းသားပါတီများ ပူးပေါင်းဝင်ရောက်ကူညီပေးရန် နိုင်ငံတော်သမ္မတက မေတ္တာရပ်ခံခဲ့ကြောင်း ဦးအေးသာအောင်က ပြောသည်။

ရခိုင်တိုင်းရင်းသားပါတီများက သမ္မတပြောကြားခဲ့သော ရခိုင်ပြည်နယ်သို့ ခိုးဝင်လာသူကိုအရေးယူခြင်း၊ သင့်တော်မည့်စခန်းများတွင် ထားရှိခြင်း၊ တတိယနိုင်ငံတစ်နိုင်ငံက လက်ခံပါက ပို့ပေးခြင်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရေးကို တင်ပြခဲ့ကြသည်။

"ပြန်လည်ထူထောင်ရေးလုပ်တဲ့အခါမှာ နှစ်ဖက်စလုံးကို မျှမျှတတ ကူညီပေးဖို့ သမ္မတက ပြောတယ်"ဟု ဦးအေးသာအောင်က ဆိုသည်။

နိုင်ငံတော်သမ္မတနှင့် မတွေ့ဆုံမီ ရခိုင်တိုင်းရင်းသားပါတီများသည် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012



# သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ် သီးသန့်တွေ့ဆုံ

အိဖြူလွင်

ရန်ကုန်၊ဩဂုတ်-၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ် အောင်ဆန်းစုကြည်တို့သည် နေပြည်တော်၌ နှစ်နာရီခွဲကြာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ဒေါ် အောင်ဆန်းစုကြည်၏ ကိုယ်ရေးအရာရှိက အတည်ပြုပြောကြားသည်။

မည်သည့်အကြောင်းအရာများ ဆွေးနွေးခဲ့သည်ကိုမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် သတင်းထုတ်ပြန်ရန်မရှိဘဲ သမ္မတရုံးကသာထုတ်ပြန်ပါလိမ့်မည်ဟု ပါတီဗဟိုအလုပ်အမှုဆောင် ဦးအုန်းကြိုင်က ပြောကြားသည်။ တွေ့ဆုံဆွေးနွေးမှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဘက်မှ မည်သူများပါဝင်ခဲ့သည်ကိုလည်း မပြောနိုင်သေးပါကြောင်း ဗဟိုအလုပ်အမှုဆောင်ဦးဉာဏ်ဝင်းက ပြောသည်။

နိုင်ငံတော်သမ္မတနှင့် ဒေါ် အောင်ဆန်းစုကြည်တို့နှစ်ဦးကြား ယခုတွေ့ဆုံမှုသည် တတိယအကြိမ်မြောက် သီးသန့်တွေ့ဆုံမှုဖြစ်သည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ရက်တွင် တွေ့ဆုံခဲ့သည့် ပထမဆုံးအကြိမ်တွေ့ဆုံမှုကို နိုင်ငံပိုင်မီဒီယာများက တရားဝင်ထုတ်ပြန်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁၁ ရက်က ဒုတိယအကြိမ်တွေ့ဆုံမှုနှင့် ယခုတတိယအကြိမ် တွေ့ဆုံမှုများကို မူ နှစ်ဖက်စလုံးက သတင်းထုတ်ပြန်မှုများ မပြုလုပ်ခဲ့ပေ။

ကနဦးတွေ့ဆုံမှုတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းတို့ ပါဝင်ခဲ့သော်လည်း သမ္မတနှင့်ဒေါ် အောင်ဆန်းစုကြည်တို့ ဆွေးနွေးချိန်တွင် ဝန်ကြီးများမပါတော့ဘဲ သီးသန့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

# တရုတ်နိုင်ငံထုတ် စားသောက်ကုန်များ ရောင်းအားကျဆင်း

## FDA အနေဖြင့်မူ နယ်စပ်တွင် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်စိစစ်နိုင်ခြင်းမရှိသေး

ယုဇနကိုကို၊ အောင်သူရ

ရန်ကုန်၊ ဩဂုတ်-၉

ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထားသော စူပါမားကက်များနှင့် စားသောက်ကုန်ရောင်းချသော ဆိုင်များတွင် တရုတ်နိုင်ငံမှဝင်ရောက်လာသည့် စားသောက်ကုန်များ ဝယ်လိုအား ဆက်တိုက်ကျဆင်းလာကြောင်း စားသောက်ကုန်ရောင်းချသူများက ပြောသည်။




တရုတ်စားသောက်ကုန်များနှင့်ပတ်သက်၍ စားသုံးသူများထံမှ ပြောဆိုဝေဖန်မှုများ ဆက်တိုက်ထွက်ပေါ်နေသော်လည်း သက်ဆိုင်ရာက တင်းကျပ်သောစိစစ်မှုများ အားနည်းနေသေးသည်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

နယ်စပ်ဂိတ်များမှ တစ်ဆင့် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် တရုတ်နိုင်ငံလုပ် စားသောက်ကုန်များ၏ နောက်ဆက်တွဲဖြစ်ပေါ် လာသည့် ဆိုးကျိုးများနှင့် သတင်းများကြောင့် ယခုကဲ့သို့ ရန်ကုန်မြို့ရှိ ဈေးကွက်တွင် ရိုက်ခတ်လာခြင်းဖြစ်ကြောင်း စူပါမားကက်များ၏ တာဝန်ရှိသူအချို့က ဆိုကြသည်။

"ဒီရက်ပိုင်း တရုတ်အစားအသောက်တွေ လျှော့ပြီး တင်နေတယ်။ ဝယ်သူတွေကလည်း တရုတ်မုန့်ဆို မစားကြတော့ဘူး။ အရင်က ဈေးသက်သာလို့ ဝယ်ကြတယ်။ အခုတော့ နောက်ဆက်တွဲ ဆိုးကျိုးကိုကြည့်ပြီး တခြားပစ္စည်းတွေဘက်လှည့်သွားကြတယ်။ အရောင်းလည်း တော်တော် ထိုင်းသွားတယ်" ဟု စိန်ဂေဟာ (ပါရမီ)စူပါစင်တာမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးအောင်မိုးက ပြောသည်။

တရုတ်နိုင်ငံလုပ် အသင့်စားစားသောက်ကုန်များ၏ ယခုရက်ပိုင်းထွက်ပေါ် လာသော သတင်းများကြောင့် မြို့တွင်းဖွင့်လှစ်ထားကြသည့် စူပါမားကက်များနှင့် စတိုးဆိုင်များသည် ယခင်က နာမည်ရှိပြီးသား လူကြိုက်များခဲ့သည့် အမှတ်တံဆိပ်အနည်းငယ်ကိုသာ ရောင်းချနေကြောင်း သိရသည်။

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) က တရုတ်နှင့် ထိုင်းနယ်စပ်များဖြစ်သည့် မူဆယ် ၁၀၅ မိုင်နှင့်မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ကုန်ပစ္စည်းအရည်အသွေးစစ်ဌာနများ ဖွင့်လှစ်မည်ဟု မီဒီယာသို့ အကြိမ်ကြိမ်ပြောဆိုနေသော်လည်း ယခုအချိန်ထိ ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

FDA မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းဇော်က "အက်ဖ်ဒီအေက အခုတိုင်းဒေသကြီးအစိုးရအဖွဲ့တွေကို နယ်စပ်ဘက်က ဝင်လာတဲ့ အစားအသောက်မှန်သမျှ စစ်ဆေးဖို့တော့ ပြောထားပါတယ်။ ပြီးတော့မြန်မာ၊ အင်္ဂလိပ်မဟုတ်တဲ့တခြားဘာသာစကားတွေနဲ့ ရိုက်နှိပ်ထားတဲ့ နယ်စပ်ကဝင်တဲ့အစားအသောက်မှန်သမျှကို စစ်ဆေးဖို့၊ မသုံးကြဖို့လည်း ပြောထားပါတယ်" ဟု ပြောသည်။

"တရုတ်အစားအသောက်တွေ အများကြီး မတင်တော့ဘူး။ စားသုံးသူတွေအတွက် ထိန်းချုပ်ပေးလိုက်တာလည်း ပါတယ်။ တရုတ်က ဝင်လာတဲ့ပစ္စည်းတွေက သက်ဆိုင်ရာခွင့်ပြုချက်၊ စစ်ဆေးချက်တွေ မပါတာအများကြီးပဲ။ အဲဒီတော့ အခုဆို အာမခံချက်၊ စစ်ဆေးချက်တွေပါတဲ့ ယိုးဒယားက ဝင်တာတွေကို ဦးစားပေးနေတယ်" ဟု Ruby Mart စူပါမားကက်၏ စားသောက်ကုန်ဌာနမှ လက်ထောက်အထွေထွေမန်နေဂျာတစ်ဦးက ပြောသည်။

တရုတ်နိုင်ငံမှ တင်သွင်းလာပြီး မူဆယ်မြို့တွင် ရောင်းချနေသော သက်တမ်းလွန် အစားအစာများနှင့် အစပ်ချောင်းမုန့်များအား သက်ဆိုင်ရာက စတင်စစ်ဆေးတော့မည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

အဆိုပါ သက်တမ်းလွန် အစားအစာများကို မူဆယ်မြို့တွင် ငါးရက်တစ်ဈေးရောင်းချသော ဈေးနေ့များ၌ တရုတ်နိုင်ငံဘက်မှ လာရောက်ရောင်းချနေပြီး ထိုအစားအစာများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်နှင့် စည်ပင်တို့ပူးပေါင်းကာလာမည့်ဈေးရက်မှ စတင်စစ်ဆေးတော့မည်ဟု မူဆယ်ဒေသခံ ကုန်သည်တစ်ဦးက ပြောသည်။

"ဒီမနက် ကျောင်းဆောင်သစ် အပ်နှံပွဲမှာ ခရိုင်အုပ်ချုပ်ရေးမှူးကပြောတာ အစပ်ချောင်းတွေရော သက်တမ်းလွန် အစားအစာတွေကိုပါ စစစ်တော့မယ်တဲ့" ဟုမူဆယ်ဒေသခံ ရပ်မိရပ်ဖ တစ်ဦးကပြောသည်။

တရုတ်နိုင်ငံမှ သက်တမ်းလွန် အစားအစာများအား သက်တမ်းလွန်ပြီးနောက် ဈေးနေ့များတွင် ပုံမှန်ဈေးထက် ထက်ဝက်ခန့် လျှော့ချရောင်းကြသဖြင့် ဒေသခံဈေးသည်များက ဝယ်ယူကာ ကျောင်းဈေးအပါအဝင် ဈေးဆိုင်များသို့တစ်ဆင့်ပြန်လည်ရောင်းချနေကြသည်။

ရန်ကုန်မြို့ရှိ စားသုံးသူတစ်ဦးက "အရင်က တရုတ်မုန့်ဆို ဈေးက သက်သာတယ်လေ။ အခု နောက်ပိုင်း မစားရဲတော့ဘူး။ တရုတ်အစားအစာတွေကို မယုံကြည်တော့ဘူး။

စာ(၁၂)သို့

# အိုင်အင်န်ဂျီအိုများအပေါ် အစိုးရ၏ ထိန်းချုပ်မှုလျှော့ပေါ့သက်သာလာ

ဝတ်ရည်အောင်

ရန်ကုန်၊ ဩဂုတ်-၁၀

အစိုးရသစ် တာဝန်ထမ်းဆောင်ပြီး ၂ နှစ်ကျော်အတွင်း အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်း(INGO)များ ဒေသတွင်း လုပ်ငန်းများ ဆောင်ရွက်ရာ၌ ယခင်ထက် လွယ်ကူအဆင်ပြေလာကြောင်း ယင်းအဖွဲ့များမှ သိရသည်။

လုပ်ငန်းလုပ်ကိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးအထိ လွယ်ကူစွာတွေ့နိုင်လာနိုင်ခြင်းအတွက် လုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံခြားသားများဒေသအတွင်း သွားလာခွင့်နေရာများ ပိုမိုတိုးမြင့်ရရှိလာခြင်းနှင့် အစစ်အဆေးများ နည်းပါးလာခြင်း၊ ဌာနေကိုယ်စားလှယ်များအတွက် ဗီဇာများ လွယ်ကူလာခြင်း စသည်တို့ကို ယခင်နှင့် ကွာခြားလာသည့်အချက်များဖြစ်ကြောင်း သိရသည်။

"အခုချိန်မှာ သက်ဆိုင်ရာနဲ့ ဆက်ဆံရေး အရမ်းကောင်းတဲ့အပြင် နိုင်ငံခြားသားတွေအတွက် ခရီးသွားလာခွင့် ပါမစ်လိုမျိုးက အစ ပိုလွယ်လာတယ်" ဟု နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ Vickie Hawkins က ပြောကြားသည်။

နိုင်ငံတော်သမ္မတကလည်း အစိုးရဝန်ကြီးဌာနများအနေဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားမှုများရှိသည့်အတွက် ယခင်ထက် ပိုမိုအဆင်ပြေစွာလုပ်ငန်းများ လုပ်ကိုင်နိုင်သကဲ့သို့ အချို့သော ပြည်နယ်ဝန်ကြီးချုပ်များကလည်း ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးနိုင်မည့် အဖွဲ့များအား ယုံကြည်စွာ လက်ခံလာခြင်းသည်လည်း ပြောင်းလဲလာခြင်း၏ အကြောင်းရင်းများဖြစ်ကြောင်း အဆိုပါ ပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

"အရင်က မကြုံဖူးတဲ့ အတွေ့အကြုံတွေ တွေ့လာရတယ်။ လုပ်ငန်းပိုင်းဆိုင်ရာတင် မဟုတ်ဘူး။ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ခင်ခင်မင်မင်လည်း ဆက်ဆံလာနိုင်တော့ လုပ်ငန်းတွေလည်း မြန်လာတယ်"ဟု မြန်မာနိုင်ငံအတွင်း စာသင်ကျောင်းများနှင့် အိမ်ရာများ ဆောက်လုပ်ပေးနေသည့် အိုင်အင်န်ဂျီအိုတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် အဆင့်မြင့်ဝန်ထမ်းတစ်ဦးက ပြောသည်။

အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံခြားသားများ သွားလာခွင့်ရှိသည့် တားမြစ်ထားသည့်နေရာများလည်း တဖြည်းဖြည်းလျော့နည်းလာသည့်အပြင် ယခင်က ခွင့်ပြုထားသည်နေရာများအား သွားလိုပါက သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ခွင့်ပြုချက်ရရှိမှ သွားလာခွင့်ရှိသော်လည်း ယခုနောက်ပိုင်းတွင်နိုင်ငံခြားသားများ လုံခြုံရေးအတွက်သာ အသိပေးပြီးသွားလာနိုင်ကြောင်း အဆင့်မြင့်ဝန်ထမ်းက ပြောသည်။

"အရင်ကဆိုရင် ဥပမာ-ဘားအံဘက်သွားရင် ဂိတ်တွေတိုင်းမှာ နိုင်ငံခြားသားပါရင် ပြောရရှင်းရတာတွေ ရှိတယ်။ အခုအဲဒါမျိုး မရှိတော့ဘူး။ အဲဒီတော့ နိုင်ငံခြားသားတွေလည်း သက်သောင့်သက်သာနဲ့ လုပ်ရတယ်။ အဆင်ပြေတယ်လို့ တော်တော်များများလည်း ပြောကြတယ်" ဟု အိုင်အင်န်ဂျီအိုတစ်ခုတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဦးအောင်မျိုးရှိန်က ပြောသည်။

"နာဂစ်ပြီးတုန်းကလောက်ကဆိုရင် နိုင်ငံခြားသားတွေ လပွတ္တာဘက်သွားချင်တယ်ဆိုတာတောင် ခွင့်ပြုချက်ယူပြီးသွားရတယ်" ဟု ဦးအောင်မျိုးရှိန်က ဆက်လက်ပြောသည်။

ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှ ပြည်တွင်း လူမှုရေးအဖွဲ့အစည်း ၄၀ ခန့်အား မေးမြန်းပြုလုပ်ထားသည့် သုတေသနတစ်ခုတွင်လည်း ယခင်ကာလနှင့် နှိုင်းယှဉ်လျှင် လုပ်ငန်းများဆက်စပ်လုပ်ဆောင်ရာတွင် ပိုမိုလွယ်ကူလာပြီး သဘောထားပျော့ပျောင်းမှုများကို မြင်တွေ့လာရကြောင်း ရေးသားထားသည်ကို တွေ့ရသည်။ သို့သော် အစိုးရပိုင်းတွင် အထက်ပိုင်းမှ တိုးတက်သော အပြောင်းအလဲများကို မြင်လာရပြီး ပွင့်လင်းမှုရှိလာသော်လည်း အောက်ခြေအဆင့်နှင့် အလယ်အလတ်အဆင့်တွင် ပြောင်းလဲမှုများ နှေးကွေးနေသေးကြောင်း ဖော်ပြထားသည်။

"အရင်ကဆိုရင် အိုင်အင်န်ဂျီအိုတွေ သက်ဆိုင်ရာဌာနနဲ့ နားလည်မှု စာချွန်လွှာ လက်မှတ်ထိုးထားပြီး သက်တမ်းတိုးခါနီးဆိုရင် အကုန်ဆင်ခြင်ရတယ်။ အနေအထိုင်၊ အပြောအဆိုအကုန်လုံးပဲ။ တစ်ခုခု ငြိတာရှိသွားရင် သက်တမ်းတိုးလို့ မရတာတွေ ရှိခဲ့တယ်။ အခုတော့ အဲဒီလောက်တော့ မဆိုးတော့ဘူး။ သို့သော် သမ္မတလမ်းညွှန်ပြီးနောက်ပိုင်း ဝန်ကြီးဌာနတွေက အိုင်အင်န်ဂျီအို၊ အင်န်ဂျီအိုတွေနဲ့ အဆင်ပြေအောင် ဆက်ဆံမည်ဆိုတာက အောက်ခြေဝန်ကြီးဌာနတွေမှာ တော့ပြောင်းဖို့ လိုအပ်သေးတာလည်း အမှန်ပဲ" ဟု အိုင်အင်န်ဂျီအဆင့်မြင့် အရာရှိတစ်ဦးက မှတ်ချက်ပြု ပြောကြားသည်။

ပြည်တွင်းတွင် လုပ်ကိုင်နေသည့်အိုင်အင်န်ဂျီအိုများမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုး၍ လုပ်ငန်းများဆောင်ရွက်ပြီး မှတ်ပုံတင်ခြင်းအား ပြည်ထဲရေးဝန်ကြီးဌာနတွင် ဆောင်ရွက်ရသည်။ မြန်မာနိုင်ငံတွင် အိုင်အင်န်ဂျီအိုအဖွဲ့ပေါင်း ၇၀ ခန့် ရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

CRIME မှုခင်းသတင်း CORNER

## မကွေးမြို့တွင် အမျိုးသမီးများဦးဆောင်သောဖဲဝိုင်း ဖမ်းမိ

**စောရန်နိုင်**

**မကွေး၊ဩဂုတ်-၈**

မကွေးမြို့နယ်အတွင်း ဖဲရိုက် လောင်းကစားနေသည့် အမျိုးသမီးအဖွဲ့နှင့် အမျိုးသားတစ်ဦးကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ ရှောင်တခင် ဝင်ရောက်ဖမ်းဆီးခဲ့ရာ သက်သေခံဖဲချပ်များနှင့်အတူ လောင်းကြေးငွေများပါ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်ဆိုမှု ဩဂုတ်လ ၄ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါနေ့ ညနေ ၅နာရီ မိနစ် ၃၀အချိန်က မကွေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မြင့်စိုးနှင့်အဖွဲ့သည် နယ်မြေခံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်အောင်စိုး၏ အဖွဲ့တို့ဖြင့် ပူးပေါင်းပြီး သက်သေများနှင့်အတူ မကွေးမြို့ ဦးကောမင်းရပ်၊ လမ်း(၅)သွယ်ထောင့်ရှိ ရွှေလရောင်စားသောက်ဆိုင် နောက်ဖေးခန်း၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းရရှိပြီး ခရိုင်ရဲတပ်ဖွဲ့မှူး၏ လောင်းကစားဝရမ်းအမှတ် ၁၈/၁၂ ဖြင့်ဝင်ရောက်ရှာဖွေခဲ့ရာ အမျိုးသမီးရှစ်ဦးနှင့် အမျိုးသားတစ်ဦး စုစုပေါင်းကိုးဦးအား အဆိုပါအခန်း၌ ဖဲရိုက်လောင်းကစားပြုလုပ်နေစဉ် ဖဲချပ်(၁၀၈)ချပ်၊ ဖဲလောင်းကစား ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေးငွေ စုစုပေါင်း ၁၂၃,၇၅၀ကျပ်တို့အား သိမ်းဆည်းရမိခဲ့ပြီး မဝင်းပပပါကိုးဦးအား အရေးယူပေးပါရန် တိုင်တန်းခဲ့ရာ မကွေးမြို့နယ် မြို့မရဲစခန်းက (ပ)၁၉၅/၁၂ လောင်းကစားပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့်ထားကြောင်း သက်ဆိုင်ရာ ရဲစခန်းမှ စုံစမ်းသိရသည်။


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အကျိုးတူလုပ်မည့်လုပ်ငန်းရှင်များ သတ်မှတ်ဝင်ငွေထက် လျော့နည်းပါက ထပ်မံဖြည့်သွင်းရမည်

**ကိုကိုကြီး၊ အိဖြူလွင်**

**ရန်ကုန်၊**

**ဩဂုတ်-၉**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ယူလုပ်ကိုင်လျက်ရှိသည့် ဆိပ်ကမ်းတံတား လေးခုအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာတွင် ဆိပ်ကမ်းအာဏာပိုင်နှင့် အကျိုးတူပူးပေါင်းလုပ်မည့် ကုမ္ပဏီများ အနေဖြင့် အမြတ်ငွေခွဲဝေရာတွင် သက်ဆိုင်ရာ တံတားများအလိုက် သတ်မှတ်ထားသည့်ဝင်ငွေအောက် လျော့နည်းပါက လိုအပ်သည့် ငွေ ထပ်မံဖြည့်သွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စီမံကိန်းတစ်ခုတွင် အစိုးရဌာနနှင့်အကျိုးတူပူးပေါင်း Joint Venture ပြုမည့်ကုမ္ပဏီများအနေဖြင့် ၎င်းတို့လုပ်ကိုင်မည့် သက်ဆိုင်ရာ ဆိပ်ခံတံတားများတွင် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကာလအတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရရှိနေသည့် တံတားအလိုက် ဝင်ငွေများ လျော့ကျသွားမည်ဆိုပါက တာဝန်ယူလုပ်ကိုင်သည့်ကုမ္ပဏီက ဆိပ်ကမ်းအာဏာပိုင်ကိုလျော့ကျသွားသည့် ငွေကို ထပ်မံ ပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ညွှန်ကြားရေးမှူးဦးချိုသန်းမောင်က ပြောသည်။

လုပ်ငန်းများ စတင်လည်ပတ်ပြီး အမြတ်အချိုးများခွဲဝေရာတွင်လည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က လက်ရှိ ရရှိသည့် ဝင်ငွေထက်လျော့နည်းရရှိမည်ဆိုပါက ဝင်ငွေပြည့်မီရန် ရင်းနှီးမြှုပ်နှံသူက ဝင်ငွေပြည့်မီရေးအတွက် ဆိပ်ကမ်းအာဏာပိုင်သို့ ငွေပေးသွင်းရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အဆင့်မြင့်တင်ခြင်းနဲ့ ဝင်ငွေပိုမို တိုးတက်အောင် ရရှိဖို့ လက်ရှိလုပ်ငန်းတွေကို လုပ်တာ။ ဒီဝင်ငွေမှ မရဘူးဆိုရင် မဖြစ်ဘူး။ လက်ရှိဝင်ငွေထက် ပိုရချင်လို့ ဒီလုပ်ငန်းတွေကို လုပ်တာ။ ကျွန်တော်တို့နဲ့ ပူးပေါင်းလုပ်ပြီးတော့မှ ရရှိနေတဲ့ဝင်ငွေတွေကို ခွဲယူသွားမယ်ဆိုရင်ကျွန်တော်တို့မခံနိုင်ပါဘူး" ဟု ဦးချိုသန်းမောင်က ပြောသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း ဆိပ်ကမ်းအာဏာပိုင်နှင့် BOT (Build, Operate, Transfer) စနစ်ဖြင့်လည်း လုပ်ကိုင်နိုင်မည်ဖြစ်သည်။

မြန်မာဆိပ်ကမ်းအာဏာပိုင်က တာဝန်ယူလုပ်ကိုင်လျက်ရှိသော လုပ်ငန်းအားလုံးမှ ရရှိသည့်ဝင်ငွေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၅ သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ရန် တင်ပြလာသည့်လုပ်ငန်းရှင်များအား ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အခြေခံအချက်အလက်များမှာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လုံလောက်သည့်ငွေအင်အားတောင့်တင်းမှုရှိခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ လုံလောက်သည့် အတွေ့အကြုံကောင်းများ ရှိခြင်း၊ စီမံကွပ်ကဲနိုင်သည့် အတတ်ပညာနားလည်မှုရှိခြင်းတို့ဖြစ်ကြောင်း ၎င်းက ပြောသည်။

လက်ရှိလည်ပတ်လုပ်ကိုင်နေသည့် ရေယာဉ်များ ပြေးဆွဲခြင်း၊ ကုန်တင်ကုန်ချလုပ်ငန်းများအစရှိသည့် ပုဂ္ဂလိကလုပ်ငန်းများကို ထိခိုက်ပျက်စီးခြင်း မရှိအောင် တာဝန်ယူလုပ်ကိုင်မည့် ကုမ္ပဏီနှင့်ဌာနကြားတွင် အသေးစိတ် ဒီဇိုင်းရေးဆွဲပြီး လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဒီမှာလုပ်နေလို့ ဆိုပြီးတော့ ဒါတွေ (လက်ရှိလုပ်ငန်း) ရပ်ထားလို့ လုံးဝမရပါဘူး" ဟု ၎င်းက ပြောသည်။

စီမံကိန်းဆောင်ရွက်မည့်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် လက်ရှိလုပ်နေသည့် လုပ်ငန်းများ ခေတ္တရပ်နားရမည်ဆိုပါက ၎င်းကာလအတွင်း အခြားတစ်နေရာရာတွင် လုပ်ငန်းလည်ပတ်နိုင်ရန် ကုမ္ပဏီက တာဝန်ယူနေရာချထားပေးရမည်ဖြစ်ကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# မြေခွန်သက်သာခွင့် စနစ်ရပ်ဆိုင်းလိုက်ခြင်းက မြေဈေးကစားသူများ အခက်တွေ့နိုင်

**ပြည်သိမ်း**

**ရန်ကုန်၊**
**ဩဂုတ်-၁၃**

ပြည်တွင်း မြေဈေးများ တစ်ဟုန်ထိုးမြင့်တက်လာရန် တွန်းအားဖြစ်ခဲ့သည့် အခွန်သက်သာခွင့်ကို ငါးနှစ်သက်တမ်းပြည့်ချိန်တွင် ရပ်ဆိုင်းလိုက်သဖြင့် မြေအရောင်းအဝယ် ဈေးကစားနေသူများအခက်ကြုံလာမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

လက်ရှိအခွန်သက်သာခွင့်စနစ်သစ်တွင်ဝင်ငွေရလမ်းမဖော်ပြနိုင်လည်း (မည်သည့်လုပ်ငန်းမှမဆိုရသည့်ငွေဖြစ်စေ) ဝင်ငွေခွန်ရှစ်ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန်ခုနစ်ရာခိုင်နှုန်းပေးဆောင်ပါက ခြံမြေများ တရားဝင်အမည်ပေါက်ဖြင့် ဝယ်ယူနိုင်ပြီး ဩဂုတ် ၁၂ ရက်တွင် ပြန်လည်ကျင့်သုံးလိုက်သည့် အခွန်စနစ်တည်ဆဲဥပဒေတွင်မူ ဝင်ငွေရလမ်းမဖော်ပြနိုင်ပါက ဝင်ငွေခွန် ၃၀ ရာခိုင်နှုန်းနှင့် တံဆိပ်ခွန် ခုနစ်ရာခိုင်နှုန်းပေးရမည်ဖြစ်သည်။ သို့သော် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များတွင် တံဆိပ်ခေါင်းခွန်မှာ ခုနစ်ရာခိုင်နှုန်းနှင့် ကျန်ဒေသများတွင် အရောင်းအဝယ်လုပ်ပါက ၁၅ရာခိုင်နှုန်းတံဆိပ်ခေါင်းခွန် ပေးဆောင်ရမည်ဖြစ်သည်။

ဝင်ငွေရလမ်း ဖော်ပြနိုင်ပါက ဝင်ငွေခွန် ၃၀ရာခိုင်နှုန်းပေးဆောင်ရမည်မဟုတ်ဘဲ တံဆိပ်ခေါင်းခွန်သာ ပေးဆောင်ရမည်ဖြစ်သည်။

"အခွန်လျှော့ပေါ့သက်သာခွင့်ကို သက်တမ်းဆက် မတိုးတော့တာပါ။ တည်ဆဲဥပဒေနဲ့ပဲ ဆက်ပြီးသွားမယ်" ဟု ပြည်တွင်းအခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးကြည်က ဆိုသည်။

ယခုကျင့်သုံးမည့် တည်ဆဲဥပဒေအခွန်နှုန်းထားမှာ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ပြင်ဆင်ပြဋ္ဌာန်းခြင်း မပြုမီမူလဥပဒေအရဆိုပါကဝင်ငွေရလမ်းမဖော်ပြနိုင်လျှင်ဝင်ငွေခွန် ၄၁ ရာခိုင်နှုန်းထိ ပေးရခြင်းဖြစ်သည်။

"ဝယ်ရောင်းအတွက် ကိုင်ထားသူတွေတော့ ဂယက်ရိုက်မှာပဲ။ အရောင်းအဝယ်လည်း အေးသွားနိုင်တယ်" ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။



**မင်္ဂလာဒုံဥယျာဉ်မြို့တော်အနီးရှိ မြေကွက်များကို တွေ့ရစဉ်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်းအိမ်မြေဈေးကွက်တွင် အခွန်စနစ်သက်သာခွင့်ကြောင့် အရောင်းအဝယ်များစွာကောင်းခဲ့ပြီး ငါးနှစ်အတွင်း ဈေးနှုန်းများတစ်ဟုန်ထိုးမြင့်တက်ခဲ့သည်။

ယင်းကဲ့သို့ မြေဈေးနှုန်းမြင့်တက်မှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် အတားအဆီးများဖြစ်ခဲ့သလို ပြည်တွင်းထုတ်ကုန်လုပ်ငန်းရှင်များ လုပ်ငန်းချဲ့ထွင်မှုကိုလည်း အတားအဆီးဖြစ်ခဲ့သည်။ ငွေကြေးတတ်နိုင်သူများက ဝယ်ယူရင်းနှီးမြှုပ်နှံမှုများကြောင့် စက်မှုဇုန်များတွင်လည်း မြေကွက်တိုင်းသာရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အနှောင့်အယှက်ဖြစ်ခဲ့ကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကလည်း ရှင်းပြသည်။

အိမ်ခြံမြေအခွန်စနစ်သစ်ကို စတင်ခဲ့သည့် ၂၀၀၇ ခုနှစ် ဩဂုတ်လနောက်ပိုင်းမှစ၍ အိမ်မြေဈေးကွက်မှာ လှုပ်ရှားလာခဲ့သည်။ ပြည်တွင်းနိုင်ငံသားများသာမက ပြည်ပနိုင်ငံမှ လုပ်ငန်းရှင်များပါ အခွန်သက်သာခွင့်ကို အခွင့်ကောင်းယူ၍ ဝင်ကစားခဲ့မှုကြောင့် မြေဈေးနှုန်းများသည် အာရှနိုင်ငံများတွင် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း အိမ်ခြံမြေအကျိုးဆောင်တို့က ဆိုသည်။

"ရန်ကုန်မြို့ရဲ့ အိမ်ခြံမြေဈေးက ဟောလိဝုဒ်ကဈေးတက်မြင့်နေတယ်။ ဒါဟာပြည်တွင်းစီးပွားရေးအတွက် လွဲမှားနေတာပဲ" ဟု စီးပွားရေးပညာရှင်ပါမောက္ခဟောင်းတစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ အိမ်ခြံမြေဈေးနှုန်းမြင့်တက်ရခြင်းမှာ ခြံမြေသည် အလားအလာတေကောင်းများ ရှိခြင်း၊ ငွေမည်းမှ ငွေဖြူသို့ ပြောင်းလဲနိုင်ခွင့်ရနေခြင်း၊ နိုင်ငံအတွင်း အရင်းအနှီးများ ဝင်ကစားနိုင်သည့် အရင်းအနှီးဈေးကွက်များ မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်းကို အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ဝင်ငွေရလမ်း ဖော်ပြစရာမလိုဘဲ ၁၅ရာခိုင်နှုန်း အခွန်ဆောင်ရသည့်စနစ်သည် ၂၀၀၇ ခုနှစ်မှစ၍ တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးခဲ့ရာ ယခုသက်တမ်းပြည့်သွားပြီဖြစ်သည်။




Panasonic
eco ideas
INTELLIGENT INVERTER + INTELLIGENT ECO SENSORS ECONAVI
သက်သောင့်သက်သာဖြင့် အကောင်းဆုံး စွမ်းအင်ချွေတာနိုင်မှု
INTELLIGENT INVERTER Up To 40%* Less Energy Consumption
ECONAVI Up To 10%** Less Energy Consumption
NR-F605T (603L)
VOTED BY CONSUMERS Reader's Digest TRUSTED BRAND 2012 GOLD-ASIA
INTELLIGENT ECO SENSORS ECONAVI
Panasonic ၏ အဆင့်မြင့်တီထွင်မှု ECONAVI နည်းပညာသည် အသိဉာဏ်များစွာဖြင့် sensors နှင့် ထိန်းချုပ်မှု အဆင့်ဆင့်တို့က စွမ်းအင်အလဟသ လေလွင့်ဆုံးရှုံးမှုကို စောင့်ကြည့်စစ်ဆေးနေပြီး စွမ်းအင်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် အလိုအလျောက် လုပ်ဆောင်ပေးနိုင်ပါသည်။
INTELLIGENT INVERTER
ကွန်ပရက်ဆာလည်ပတ်နှုန်းကို လိုအပ်သလို ထိန်းချုပ်နိုင်ခြင်းကြောင့် အကောင်းဆုံးစွမ်းဆောင်ရည်နှင့် အံ့ဩဖွယ်ကောင်းလောက်အောင် စွမ်းအင်သုံးစွဲမှုကို လျှော့ချပေးနိုင်ပါသည်။
*စွမ်းအင်သုံးစွဲမှု 40% လျှော့ချနိုင်ခြင်းကို ECONAVI စနစ် အသုံးပြုခြင်းနှင့် အသုံးမပြုခြင်း နှိုင်းယှဉ်ချက်
မော်ဒယ်လ် နှင့် အအေးခန်း Capacity တူညီသော ရေခဲသေတ္တာနှစ်လုံးတွင်အင်ဗာတာပါဝင်သော ကွန်ပရက်ဆာနှင့် ရိုးရိုးသာမန် ကွန်ပရက်ဆာနှိုင်းယှဉ်ချက်
**စွမ်းအင်သုံးစွဲမှု 10% လျှော့ချနိုင်ခြင်းကို နှိုင်းယှဉ်ချက်
မော်ဒယ်လ်တူ ရေခဲသေတ္တာနှစ်လုံးတွင် ECONAVI ပါဝင်သောရေခဲသေတ္တာနှင့် မပါဝင်သော ရေခဲသေတ္တာ နှစ်လုံး နှိုင်းယှဉ်စမ်းသပ်ချက် : (1)အပူချိန် 30°C၊ (2)မိသားစုဝင် (၃-၄)၊ (3)တံခါးဖွင့်အကြိမ်အရေ (၃၉ကြိမ်)၊ ရေခဲခန်းဖွင့်သည့် အကြိမ်အရေအတွက် (၈ကြိမ်)၊ (4)အစားအစာထားသိုနိုင်သည့်ပမာဏ (အသီးအရွက်ခန်း - 2.5kg)၊ (ရေခဲခန်း - 1.0 kg)
Infinity Investment Co., Ltd. အိမ်သုံးနှင့်မီးဖိုချောင်သုံးပစ္စည်းများအရောင်းပြခန်း
ရန်ကုန် - အမှတ်(၄၈)၊ လသာလမ်း၊ လသာမြို့နယ်။ ဖုန်း - ၂၅၂၄၆၄၊ ၂၄၉၁၆၂၊ ၀၉-၇၃၀၃၂၃၆၅ ဖက်(စ်) ၃၈၂၂၉၅ Email: infiniti@myanmar.com.mm, infinity.myanmar@gmail.com
မန္တလေး - အမှတ် (၁၅၀/A)၊ ၂၇လမ်း၊ (၈၀ နှင့် ၈၁)လမ်းကြား။ ဖုန်း - ၀၂-၆၅၁၈၂၊ ၀၉-၉၁၀၀၀၄၁၉၊ ၀၉ -၅၀ ၁၀၉၁၅
ပန်နာဆိုးနစ်၏ သီးသန့်ကောင်တာများ - စိန်ဂေဟာ(ပြည်လမ်း)၊ ဂမုန်းပွင့်(ဘိုကလေးဈေး)၊ Capital (သာကေတ)
အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012



ဆူးလေဘုရားအနီးရှိ ဟိုတယ်ခရီးဝန်ကြီးဌာနအဆောက်အအုံဟောင်း ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနအဆောက်အအုံလေးခု ဟိုတယ်ဆောက်ရန် အဆိုပြုသည့် လုပ်ငန်းရှင် ၇၀ဦးရှိ

**ကိုကိုကြီး**

**ရန်ကုန်၊ ဩဂုတ်-၁၀**

ရန်ကုန်မြို့အချက်အချာကျသည့် နေရာများတွင် တည်ရှိသော ဝန်ကြီးဌာနပိုင် အဆောက်အအုံ ရုံးဟောင်းလေးခုကိုဟိုတယ်အဖြစ် ပြောင်းလဲပြီး ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ရန်ဖိတ်ခေါ်ရာတွင်ပြည်တွင်းမှ တိုင်းရင်းသားလုပ်ငန်းရှင်နှင့်နိုင်ငံခြားသားလုပ်ငန်းရှင်၇၀ဦး အဆိုပြုတင်သွင်းထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်အတွင်း ဆူးလေဘုရားလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်ရှိ ယခင်ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ရုံးဟောင်း သုံးထပ်အဆောက်အအုံ၊ ကုန်သည်လမ်းရှိယခင်မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ရုံးဟောင်းသုံးထပ် အဆောက်အအုံ၊ ဗိုလ်ဆွန်ပက်လမ်းရှိယခင် ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ အမှတ်-၅ ရုံးဟောင်း၏ လေးထပ် အဆောက်အအုံ တို့ အပြင် ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလပန်းခြံလမ်းထောင့်ရှိ ယခင်သွင်းကုန်ထုတ်ကုန်လုပ်ငန်းရုံးဟောင်း၏ လေးထပ်အဆောက်အအုံတို့ကို မူလပုံစံမပျက် ဟိုတယ်အသွင်းပြောင်းလဲပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် နိုင်ငံပိုင်သတင်းစာများတွင် ဩဂုတ်၈ရက်နောက်ဆုံးထား၍ ဖော်ပြပြီး တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်သည်။

စာ(၁၂)သို့

## ရိုဟင်ဂျာများကို ထောက်ပံ့ကူညီနေသည့် အဖွဲ့များ လုပ်ငန်းရပ်ဆိုင်းထားခြင်းမရှိဟုဆို

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၁၀**

နယ်စည်းမထား ဆရာဝန်များအဖွဲ့ အပါအဝင် အိုင်အင်န်ဂျီအိုသုံးဖွဲ့က ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများအပေါ် ထောက်ပံ့သည့် ရန်ပုံငွေများ ရပ်ဆိုင်းထားသည်ဟူသော သတင်းများထွက်ပေါ်လာသည့်အပေါ် နယ်စည်းမထား ဆရာဝန်များအဖွဲ့က ငြင်းဆိုလိုက်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အင်တာနက်စာမျက်နှာများတွင် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့ (INGO) သုံးဖွဲ့က ရန်ပုံငွေပေးနေမှုများ ရပ်ဆိုင်းလိုက်ပြီဆိုသည့် သတင်းများထွက်ပေါ်လာခဲ့ပြီး ထိုသို့ ရပ်ဆိုင်းရန် အစိုးရဘက်က အသိပေးသည်ဆိုခြင်းသည် မြန်မာနိုင်ငံတွင် မဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ယင်းအစိုးရက ပြောကြားခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည့် နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ Ms.Ton Berg ကပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ရိုဟင်ဂျာများကို အဓိကထောက်ပံ့ကူညီမှုပေးနေသည့် နယ်စည်းမထားဆရာဝန်များအဖွဲ့ (MSF)၊ Action Against Hunger (ACE) နှင့် Britains MustimAid UK အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအဖွဲ့သုံးဖွဲ့အား လုပ်ငန်းများဆောင်ရွက်မှု ရပ်ဆိုင်းရန် လွန်ခဲ့တဲ့ ၂ နှစ်ခန့်မှစတင်၍ မကြာခဏ သတိပေးမှုများ ပြုလုပ်ခဲ့သော်လည်း MSF မှ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ယခုရက်ပိုင်းအတွင်း လုပ်ငန်းများရပ်ဆိုင်းရန် ပိုပြင်းပြင်းထန်ထန် တွန်းအားပေးလာခြင်းများသာရှိကြောင်း သိရသည်။

“မြန်မာဘက်မှတော့ အဲဒီလို ပိတ်ပင်မှုဆိုတာမျိုး မရှိတဲ့အပြင် ရေတို၊ ရေရှည်မှာ လုပ်ငန်းတွေ ဆက်ပြီးလုပ်သွားနိုင်အောင် အထောက်အပံ့တွေတောင်ပေးပါတယ်” ဟု MSF မှ တာဝန်ရှိ ပုဂ္ဂိုလ်မစ္စ Vickie Hawkins ဆက်လက်ပြောသည်။

MSF အနေဖြင့် မြန်မာနိုင်ငံအတွင်း ခုခံအားကျဆင်းမှုရောဂါများ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါများအတွက် ရန်ပုံငွေ တစ်စိတ်တစ်ဒေသ ထောက်ပံ့နေသည့် Global Fund အဖွဲ့ကလည်း ရန်ပုံငွေပေးအပ်ခြင်းများ ရပ်ဆိုင်းခြင်း မရှိကြောင်း မစ္စ Vickie Hawkins ပြောသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရဘက်မှ နိုင်ငံတွင်းရောက်ရှိနေသည့် ရိုဟင်ဂျာများသည် မြန်မာနိုင်ငံဘက်မှ ခိုးဝင်လာသူများဖြစ်သည့်အတွက် ထိုသူများအပေါ် အဓိကထောက်ပံ့မှုပေးနေသည့်အဖွဲ့များအား လုပ်ငန်းများ ရပ်ဆိုင်းရန် အသိပေးထားသကဲ့သို့ မြန်မာနိုင်ငံဘက်မှလည်း နိုင်ငံတော်သမ္မတနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးများကပါ ရိုဟင်ဂျာများသည်မြန်မာတိုင်းရင်းသားများ မဟုတ်ကြောင်း ပြောကြားထားသည်။



7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012



## ၂၀၁၂ ဩဂုတ် ၁၅မှ ၂၁ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခု ဖြစ်လာရန် အလားအလာမရှိသေးပါ။ အနောက်တောင်မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် အားအသင့်အတင့် ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်သာရှိနိုင်ပါတယ်။ လှိုင်းအမြင့် (၃)ပေမှ (၄)ပေ ခန့်သာရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မြန်မာနိုင်ငံအနှံ့မှာ မိုးလေဝသဖြိုဟ်တုမှ တိုင်းတာချက်အရ ပြီးခဲ့တဲ့ဩဂုတ်လ(၆-၁၂)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ဧရာဝတီ တိုင်းတောင်ပိုင်းနဲ့ တနင်္သာရီတိုင်းမြောက်ပိုင်းတွေမှာ (၆ လက်မ)ခန့်၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်းမြောက်ပိုင်း၊ ရန်ကုန်တိုင်း၊မွန်ပြည်နယ်နဲ့တနင်္သာရီတိုင်းတောင်ပိုင်းတွေမှာ(၄လက်မ) ခန့်နဲ့ မန္တလေးတိုင်းအနောက်အလယ်ပိုင်း မကွေးတိုင်း အရှေ့အလယ်ပိုင်း ဒေသအချို့မှလွဲရင် ကျန်ဒေသတွေမှာ မိုးရေချိန် (၁ မှ ၂ လက်မ)ခန့် ရွာသွန်းခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်ဟာ ၂၀၁၂ ခုနှစ်အတွင်း မိုးရွာသွန်းမှုလျော့နည်းနေခဲ့တဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများအဖို့ ဇူလိုင်လ ၂၄ ရက်မှ စတင်ကာ နေရာတော်တော်များများမှာ တစ်ပတ်အတွင်း မိုးရေချိန် (၂) လက်မခန့် စတင်ရရှိနေပြီ ဖြစ်ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း တစ်ပြည်လုံးတွင် အထူးသဖြင့် ကမ်းရိုးတန်းဒေသများမှလွဲ၍ မိုးအားလျော့နည်းဖွယ်ရာ ရှိပါတယ်။ မန္တလေးတိုင်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းမှာ နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှာ နေရာစိပ်စိပ်နဲ့ ကျန်ဒေသတွေမှာတော့ နေရာအနှံ့အပြား (၅)ရက်မှ (၆)ရက်ခန့် မိုးရွာပြီး ရွာသွန်းမြဲခန့် ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တွေမှာ နေရာကွက်မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် အထက်ပိုင်းဒေသများမှာ အပူရှိန်များ မြင့်တက်လာနိုင်မှုကြောင့် ထစ်ချုန်းမည့်အခြေအနေများ တဖြည်းဖြည်း ပိုလာနိုင်ပါတယ်။ အထူးသဖြင့် မကွေးတိုင်းတောင်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းတောင်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ကချင်ပြည်နယ်တောင်ပိုင်းတို့မှာ မိုးတိမ်တောင်များဖြစ်ဖို့ ၅၅ ရာခိုင်နှုန်းခန့် ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်းမြောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ ကယားပြည်နယ် ဒေသများမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်ဖို့ အလားအလာ ဒုတိယအများဆုံးဖြစ်နိုင်ပြီး သေချာမှု ၃၅ ရာခိုင်နှုန်းခန့် ရှိနိုင်ပါတယ်။ တစ်ခါတစ်ရံ နေရာကွက်မိုးကြီးပြီး လျှပ်တစ်ပြက်ရေကြီးခြင်းနဲ့ မြေပြိုမှုအန္တရာယ်များ ကြုံတွေ့နိုင်ပါတယ်။

**နေ့အပူချိန်များအခြေနေ**

ကချင်ပြည်နယ်အရှေ့ပိုင်းနဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ အပူရှိန်အမြင့်မားဆုံးဖြစ်နိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန်အပူ ရှိန်ခန့်သာ ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသများတို့တွင် နေရာကွက်ပြီး မြစ်များနဲ့ မြေနိမ့်ဒေသများတွင် မြစ်ချောင်းများမှာ ရေလျှံမှုအလားအလာများ မြင့်မားနိုင်ပါတယ်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ တနင်္သာရီမြစ် စသည့်မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်း မုန်တိုင်းများ ဆက်တိုက်ဖြစ်လာနိုင်ပြီး မြန်မာနိုင်ငံ အထက်ပိုင်းဘက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်းအကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာရှိနေပါတယ်။ မုန်တိုင်းအကြွင်းအကျန်များလာရောက်ခဲ့ပါက မိုးကောင်းနိုင်ပြီး သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ ရွှေကျင်မြစ်တို့တွင် ရေကြီးမှုအန္တရာယ်များ မြင့်မားနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# အစိုးရအဖွဲ့ဝင်များ၏ပိုင်ဆိုင်မှုများ ထုတ်ဖော်ကြေညာရမည်ဟူသောအဆို ရှုံးနိမ့်

**သီဟ**

**နေပြည်တော်၊ ဩဂုတ် -၈**

ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရ ဖြစ်ပေါ်စေရန်အတွက် ပြည်ထောင်စု အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများ၏ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် အကျိုးစီးပွားများအားထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန်အဆိုအားယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်တွင်မဲခွဲဆုံးဖြတ်ရာ ရှုံးနိမ့်သွားကြောင်း သိရသည်။ ယင်းအဆိုအား ဆွေးနွေးရန်အတွက် မူလစာရင်းပေးထားသူ ၈ ဦးနှင့် ထပ်မံစာရင်းပေးသူ ၅ ဦး စုစုပေါင်း ၁၃ ဦးဆွေးနွေးခဲ့ကြောင်း သိရသည်။

"အဆိုက ပြည်သူ့အတွက်လည်းအရေးကြီးတယ်။ နိုင်ငံတကာမှာလည်း ပြဋ္ဌာန်းထားတာတွေရှိတယ်။လက်ရှိဖြစ်ပျက်နေတဲ့ လာဘ်ပေးလာဘ်ယူမှုတွေ တစ်ဖက်စောင်းနင်းဖြစ်မှုတွေက အဓိက ဆင်းရဲသားတွေပဲခံစားနေရတယ် အဲဒါကြောင့် ဝင်ဆွေးနွေးတာပါ။ ဒါပေမဲ့ အရေးကြီးတဲ့ မဲခွဲဆုံးဖြတ်တဲ့အခါကျတော့ ရှုံးသွားတယ်" ဟု အဆိုအား ဝင်ရောက်ဆွေးနွေးခဲ့သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းကပြောသည်။

အဆိုအား မဲခွဲဆုံးဖြတ်ရာတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၃၇၉ ဦးရှိသည့်အနက် ထောက်ခံမဲ ၆၈ မဲ၊ ကန့်ကွက်မဲ ၂၇၁ မဲနှင့် ကြားနေမဲ ၁၆ မဲတို့ဖြင့် ရှုံးနိမ့်သွားခြင်းဖြစ်ကြောင်း သိရသည်။

ဦးဝင်းမြင့်က ယင်းအဆိုအား ပြီးခဲ့သည့် ဇူလိုင် ၂၅ ရက်နေ့ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် သမ္မတရုံးကလည်း အစိုးရအဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုများ စာရင်းပြုစု၍ ဩဂုတ်လ ၁ ရက်နေ့နောက်ဆုံးထားတင်ပြရန် အကြောင်းကြားစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

သို့သော်လည်း အဆိုပါအကြောင်းကြားစာအား ဆိုင်းငံ့ထားကြောင်း သမ္မတရုံးက ပြန်လည်ထုတ်ပြန်ခဲ့ပြန်သည်။

ဆိုင်းငံ့ကြောင်း ထုတ်ပြန်ပြီး မကြာမီတွင် လွှတ်တော်တွင်း၌ ယင်းအဆိုနှင့် ပတ်သက်၍ ဆွေးနွေးကြပြီးနောက် မဲခွဲဆုံးဖြတ်ရာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုရှုံးနိမ့်ခြင်းနှင့် ပတ်သက်၍ အဆိုရှင်ဦးဝင်းမြင့်ကယခုအဆို ရှုံးနိမ့်သွားသော်လည်း အခြေအနေအချိန်အခါပေါ်ပေါက်လာပါက ပြည်သူအကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# ကန်တော်ကြီးပတ်လမ်းရှိ ဆောက်လုပ်မှုရပ်ထားသည့် နှစ်မြွာအဆောက်အအုံ ဟိုတယ်ဖွင့်မည်

**နိုင်ချို**

**ရန်ကုန်၊ ဩဂုတ်-၁၃**



ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်နေသည့် အမြွှာအဆောက်အအုံ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဆောက်လုပ်ဆဲ တစ်ဝက်တစ်ပျက်ဖြစ်နေသော ကန်တော်ကြီးပတ်လမ်းရှိShangri-La Complexနှင့် ဆူးလေဘုရားလမ်းအနီးရှိ Centre Point တို့အား ၂၀၁၃ ဒီဇင်ဘာလမတိုင်မီ ဖွင့်လှစ်မည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဒုဝန်ကြီးဦးဌေးအောင်က ပြောကြားသည်။

ထိုအဆောက်အအုံနှစ်ခုအား ၂၀၁၃ ဆီးဂိမ်းတွင် ဟိုတယ်အဖြစ် အသုံးပြုမည်ဟုသိရသည်။ ၎င်းအဆောက်အအုံ နှစ်ခုအပြင် ၂၀၁၃ တွင် Rose Garden၊ နဝရတ်နှင့် ပြည်တွင်းဟိုတယ်အချို့ ထပ်မံဖွင့်လှစ်ရန်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ သိရသည်။

Shangri-La အဆောက်အအုံမှာကန်တော်ကြီးပတ်လမ်းတွင် ထီးထီးကြီး မြင်ရသည့် ဆောက်လက်စအဆောက်အအုံဖြစ်ပြီးစုစုပေါင်းအခန်း ၇၀၀ ရှိသည့်အနက် ၂၀၁၃ ခုနှစ်တွင် အခန်းပေါင်း ၂၄၀ အား ဟိုတယ်ခန်းအဖြစ် အသုံးပြုမည်ဖြစ်ကာ ကျန်အခန်း ၄၆၀ အား ၂၀၁၅ ခုနှစ်တွင် ဟိုတယ်အခန်းများအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း ၎င်းအလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

"ဒီ Shangri-La က ပိုင်သေချာရိုက်ပြီး ဆောက်ထားတာပါ။ လူနေရန် မသင့်တဲ့ကိစ္စမျိုးတော့ မရှိပါဘူး" ဟု မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဉာဏ်ဝင်းက ပြောသည်။

၂၀၁၃ ခုနှစ်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် ယင်းဟိုတယ်များအပြင် ဆီဒိုးနားဟိုတယ်ကိုလည်း ၂၀၁၅ခုနှစ်တွင်အခန်းပေါင်း၄၀၀ ထပ်မံတိုးချဲ့ရန်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

# ဒီချုပ် နာဂကိုယ်စားလှယ်များ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့မည်

**အောင်နိုင်**

**ရန်ကုန်၊ ဩဂုတ် - ၁၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ(နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်)ကိုယ်စားလှယ်များနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်ဥက္ကဋ္ဌ ဦးလော်ရုံကပြောသည်။

ဖွဲ့စည်းသွားပြီးဖြစ်သော ကော်မရှင်ကို NLD (ဗဟို) မှ အတည်ပြုချက် ရယူရန်နှင့် အခြားသော တိုင်းရင်းသားဒေသများထက် နောက်ကျကျန်ခဲ့သော နာဂဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကပြောသည်။

"ဩဂုတ် ၇ ရက်က ဦးတင်ဦး၊ ဦးဉာဏ်ဝင်းတို့နဲ့တွေ့ပါတယ်။ အားလုံးကို ညှိနှိုင်းဆောင်ရွက်ပေးမယ်လို့ပြောတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဖို့ စောင့်နေပါတယ်" ဟု အဆိုပါဥက္ကဋ္ဌက ဆိုသည်။

တွေ့ဆုံပွဲနှင့် ပတ်သက်၍ NLD ပါတီ ဗဟိုနာယက အဖွဲ့ဝင် ဦးတင်ဦးက "အားရဖို့ ကောင်းပါတယ်။ အတည်ပြုချက်ပေးဖို့လည်း လုပ်ပြီးပြီ။ ဒေါ်အောင်ဆန်းစုကြည်ဆီကိုလည်း တင်ပြပြီးပါပြီ" ဟုပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်)ကိုစစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကြီးကြပ်မှုဖြင့် ဇူလိုင်၉ ရက်နေ့တွင်ဖွဲ့စည်းခဲ့ကြောင်းသိရသည်။

ဗဟို အတည်ပြုပြီးပါက နာဂအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖြစ် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဦးလော်ရုံက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုပြီး ၎င်းတို့ဒေသ ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်နေကြောင်း နာဂတိုင်းရင်းသားကိုယ်စားလှယ်များကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး တွင်ပါဝင်သော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။




# ယမကာနှင့် ဘဝ

**မောင်လန်းဆန်း**

၃၅လမ်း၊ သင်္ဂဇာချောင်း အနောက်ဘက်က အရက်ဆိုင်မှာ သူငယ်ချင်းတစ်ယောက်နှင့် စကားပြောရင်း အရက်သောက်ဖြစ်သည်။ ကျွန်တော်ထိုင်သော ထိုင်ခုံမှာ ခုံရှည်ဖြစ်သဖြင့် လူခြောက်ယောက် ထိုင်လို့ရသည်။ ကျွန်တော်နှင့် ကျွန်တော့် သူငယ်ချင်းမှာ သက်တူရွယ်တူ(၄၀)ကျော် အရွယ်များဖြစ်ပါသည်။ ကျန်လေးယောက်မှာ ၁၄နှစ် ၁၅ နှစ်အရွယ် ကလေးများဖြစ်ကြပါသည်။ သူတို့သည် အရောင်ဆိုးထားသော ခေါင်ရေများကို သောက်ကြသည်။ သူတို့ရှေ့မှာက ခေါင်ရေပုလင်းများ ပုံနေပေပြီ။ အမြည်းတွေက လည်း စုံနေပေပြီ။ ကလေးနှစ်ယောက်က စီးကရက်ကို ကျွမ်းကျင်စွာ ဖွာရှိုက်နေပေပြီ။

ကျွန်တော်၏ အရက်သောက်မှု အတွေ့အကြုံအရ အရက်နှင့် ဆေးလိပ်သည် အခါအားလျော်စွာ မတည့်ပါ။ အရက်သောက်ပြီး အရက်ရှိန်တက်လာသော အချိန်နှင့် ဆေးလိပ်မီးခိုးရှိုက်လိုက်သည့် အချိန်များတွင် မူးမိုက်၍ အန္တရာယ်ဖြစ်စေပါသည်။ ဝါရင့်အရက်သမားများသာ အရက်နှင့် ဆေးလိပ်တွဲ သောက်နိုင်ကြပါသည်။ ယခုတော့ ဤကလေးများက ၎င်းအပြုအမူများကို ကျွမ်းကျင်စွာ တတ်မြောက်နေပေပြီ။

ဤကလေးများသည် အရက်ခေါင်ရေကို တစ်ခါတစ်ရံသောက်ဖူးသည်ရှိအောင် မြည်းစမ်း၍ သောက်ကြသူများဖြစ်ပါစေဟု ဆုတောင်းမိသည်။ နုနယ်သော အဆုတ်က ဆေးလိပ်၏ အရှိုက်ကို ခံနိုင်ရည်ရှိမည်မထင်။ ထို့အပြင် နုနယ်သေးသော အသည်းကလည်း ပြင်းရှသော အရက်ဒဏ်ကို ခံနိုင်ရည်စွမ်းအား ပေးနိုင်စွမ်းမည် မထင်ပါ။

ကျွန်တော့်အဖေသည် အရက်သမားတစ်ယောက်ဖြစ်ပါသည်။ အဖေသည် အသက် ၂၀ အရွယ်က အရက်သောက်ခဲ့သည်။ ထိုအချိန်က အဖေတို့ သောက်သော အရက်သည် တောအရက်ဖြစ်ပါသည်။ တောထန်းလျက် ကောင်းကောင်းနှင့် ချက်သော အရက်ဖြစ်ပါသည်။ အဖေ အသက်(၆၇)နှစ်မှာ ဆုံးပါးသွားသည်။ အဖေဆုံးတော့ မည်သည့်ရောဂါမှမရှိပါ။ အရက်အသောက်များပြီး အားပြတ်သွားခြင်းကြောင့် ဖြစ်သည်ဟုဆရာဝန်ကဆိုပါသည်။ အရက်ကို တစ်နေကုန်သောက်သည်။ မြို့ရောက်တော့ ဘီအီးကို အဖေသောက်ဖြစ်ခဲ့သည်။ မြို့ပေါ် ဘီအီးအရက်သည် တောအရက်လောက်တော့ ကောင်းမည်မထင်ပါ။

ကျွန်တော်ကတော့ အသက် ၄၀ ကျော်မှ အရက်သမားတစ်ယောက်ဖြစ်လာသူပါ။ အပေါင်းအသင်းစုံရာကနေ ပျော်ရွှင်မှုကို ဦးစားပေးမိရာက ကျွန်တော်အရက်သမားဖြစ်လာပါသည်။ အရက်သောက်တတ်တော့ ကျွန်တော့်မှာ အရက်သမားအပေါင်းအသင်းတွေ များတာပေါ့။ အဖေ့ကို သတိရတော့ အဖေသောက်နေကျ အရက်ဆိုင်ကလေးကို စရောက်ဖြစ်ရာကနေ နောက်တော့ ရပ်ကွက်ထဲက အရက်ဆိုင်တွေ အားလုံးလည်း ကျွန်တော့်မိတ်ဆွေအရက်ဆိုင်တွေ ဖြစ်သွားပါသည်။ အဲဒီမှာ ကျွန်တော် သတိထားမိတာကတော့ အသက် ၃၀၊ ၄၀ ဝန်းကျင် လူငယ်တွေက ဗိုက်ပူနံကား၊ မျက်နှာကဖောသွပ်သွပ်ဖြစ်နေတာတွေကို တွေ့နေရတာပါပဲ။

တစ်နေ့သောည။ သောက်နေကျ ဝိုင်းမှ အရက်သမားသူငယ်ချင်းတစ်ယောက်က ပြောသည်။

"မနေ့ညက ဖိုးထူးကြီးတော့ ဆုံးသွားပြီကွ"သည်တော့ နောက်တစ်ယောက်က ဝင်ပြောသည်။

"သေမှာပေါ့ကွ။ သူက အဲဒီအရက်ဆိုင်ပဲ အမြဲသောက်နေတာ။ ဆိုင်ရှင်က သူ့ကို အမြင်ကတ်နေတာ အတော်ကြာပြီ။ သူက အရက်လာသောက်တဲ့ သူတွေ တင်မကဘူး။ ဆိုင်ရှင်ကိုပါရစ်တယ်။ အများစိတ်ဆင်းရဲရအောင် လုပ်တယ်။ သည်တော့ အရစ်ခံရတဲ့သူက ဆိုင်ရှင်ကို မျက်စပစ်ပြ။

**စာ(၁၁)သို့**




# ငရုတ်သီးနှပ်



ဒီတစ်ပတ် ဝိုက်ဗီက မိုးတွေဆက်တိုက်အေးနေလေတော့ ပူပူစပ်စပ်လေး စားရအောင် ငရုတ်သီးနှပ်လေး ခပ်စပ်စပ်ချက်ထားပါတယ်။

ငရုတ်သီးနှပ်ချက်ဖို့ ပုစွန်ခြောက်အကောင်ကြီး နှစ်ကျပ်ခွဲသားခန့်နဲ့ ငရုတ်သီးစိမ်းအရှည်တောင့်တို့ပဲ လိုပါတယ်။ ပီနံသီး က အစပ်ကဲတာကြောင့် အရှည်တောင့်ကို ရွေးချယ်ထားတာဖြစ်ပါတယ်။

ပထမဆုံး ရေစိမ်ထားတဲ့ ပုစွန်ခြောက်တွေကို ကြိတ်စက်ထဲ ထည့်ကြိတ်၊ ဒါမှ မဟုတ် ဆုံနဲ့ ထောင်း။ ငရုတ်သီးစိမ်းတောင့် တွေကို အလယ်ကနေ ထက်ခြမ်းခြမ်းထားပါမယ်။

ကြက်သွန်ဖြူ၊ နီထောင်းနဲ့ ဆီသတ်တဲ့အခါ အရောင်တင်မှုန့် မထည့်ဘဲ နနွင်းမှုန့်နဲ့ပဲသတ်ပါမယ်။

ပြီးတာနဲ့ ထောင်းထားတဲ့ ပုစွန်ခြောက်တွေနဲ့ ငရုတ်သီးစိမ်းကို ထည့်မွှေပြီး သုံးမိနစ်လောက် ကြာတဲ့အခါ ရေအနည်းငယ်ထည့်၊ အရသာထည့်ပြီး အုပ်ထားပေးပါ။ ပြီးရင်တော့ ရေခန်းအောင် ဆက်မွှေပေးပြီး ဆီပြန်တဲ့အထိ တည်ထားရပါမယ်။ ဆီပြန်သွားရင်တော့ ငရုတ်သီးထောင်း၊ ငါးပိချက်တွေနဲ့မတူတဲ့ အစပ်အရသာနဲ့ ငရုတ်သီးနှပ်ဟင်းတစ်ခွက်ရပြီပေါ့။





ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



# ညမီးအိမ်လှလှလေးတွေ ရှိတဲ့နေရာ

**အိဖြူလွင်**

အမျိုးသား သီးသန့်၊ အမျိုးသမီး သီးသန့်၊ ကလေးသီးသန့် ပစ္စည်းတွေရောင်းတဲ့ဆိုင်တွေကိုပဲ သွားနေရတာများနေလို့ အခုတစ်ပတ်မှာ မိသားစုအားလုံးတူတူ သွားလို့ရမယ့်ဆိုင်တစ်ဆိုင် ဈေးဝယ်ဖို့လမ်းညွှန်ပေးလိုက်ပါတယ်။

လက်ဆောင်ပေးရမယ့်သူ တစ်ဦးဦးရှိလာပြီဆိုတာနဲ့ ချစ်ရ၊ မြတ်နိုးရတဲ့သူတွေအတွက်တင် မဟုတ်ဘဲ မျက်နှာနာပြီးပေးရမယ့်သူဆိုရင်တောင် ဒီဆိုင်မှာ ရွေးချယ်စရာ ပစ္စည်းလေးတွေ စုံလင်တာကြောင့် သင့်တော်မယ့် လက်ဆောင်ကိုစိတ်ကြိုက်ရွေးချယ်နိုင်မှာပါ။ လက်ဆောင်ပေးဖို့ မရည်ရွယ်ဘဲ ကိုယ်တိုင်အတွက် ဝယ်မယ်ဆိုရင်လည်း စားပွဲတင်ပုံဆန်းနာရီဒီဇိုင်းနဲ့ အလှထားမီးအိမ်လှလှလေးတွေက ဆိုင်ကို ရောက်လာသူတွေကို ဆွဲဆောင်နိုင်မှာသေချာပါတယ်။

မီးအိမ်အလှလေးတွေက အရောင်စုံရှိပြီး ဓာတ်ခဲနဲ့သုံးရတာဖြစ်သလို ဈေးနှုန်းအနေနဲ့လည်း ကျပ်နှစ်ထောင်ကျော်ကနေလေးထောင်ကျော်လောက်ထိပဲ ရှိတာပါ။ ညဘက်မှာ ကိုယ်ကြိုက်တဲ့ မီးရောင်လေးနဲ့ အိပ်ဖို့ ညအိပ်မီးအိမ်လှလှလေးတွေကို ဝယ်ယူပြီး လူတစ်ယောက်အတွက် မရှိမဖြစ်တဲ့ နာရီမျိုးစုံကိုလည်း ရနိုင်ပါတယ်။ စားပွဲတင်နာရီပုံစံဆန်းလေးတွေက နာရီအတွက် အသုံးဝင်ရုံတင်မကဘဲ အလှဆင်ပစ္စည်းအနေနဲ့ပါ သုံးလို့ရတဲ့ ပစ္စည်းတွေဖြစ်တာကြောင့် အိမ်နဲ့အခန်းကို အလှဆင်လိုသူတွေအတွက်ပါ အဆင်ပြေမှာ သေချာပါတယ်။

နာရီတွေရဲ့ ဈေးနှုန်းကလည်း ကျပ်ထောင်ဂဏန်းခန့်သာရှိပြီး ဒီဇိုင်းဆန်းလေးတွေကြောင့် လက်ဆောင်ပေးလိုသူတွေရော ကိုယ်တိုင်ဝယ်လိုသူတွေ အားလုံးအကြိုက်တွေ့နိုင်မှာပါ။

အလှဆင်ဖန်စီပစ္စည်းလေးတွေကို ဝယ်ယူလိုသူတွေအတွက် သိမ်ကြီးဈေး၊ ဂမုန်းပွင့် ကုန်တိုက် ဒုတိယထပ်က For U လက်ဆောင်ပစ္စည်းဆိုင်ကို ဈေးဝယ်ထွက်ကြည့်ဖို့ လမ်းညွှန်ရင်း ညွှန်းထားတဲ့ဆိုင်ကို စိတ်တိုင်းကျဖို့ မျှော်လင့်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုပွဲအဖြစ် ကျင်းပမည်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ် - ၈**

တပ်မတော်အစိုးရလက်ထက် ၁၉၉၃ ခုနှစ်ကပင် စတင်ကျင်းပခဲ့သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယခုနှစ်မှစ၍ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအဖြစ် ကျင်းပတော့မည်ဟု ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ယခုနှစ်တွင် ကျင်းပမည့် (၁၉) ကြိမ်မြောက် မြန်မာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှစ၍ ပြည်နယ်အသီးသီးတွင်ရှိကြသော ပြည်နယ်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အနုသုခုမပြိုင်ပွဲများကို သက်ဆိုင်ရာ ပြည်နယ်အလိုက် တိုးချဲ့ထည့်သွင်းယှဉ်ပြိုင်သွားမည်ဟု ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယမန်နေ့က ပြုလုပ်သော ပြိုင်ပွဲကျင်းပရေးညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

"မြန်မာရိုးရာ (ဗမာ့ရိုးရာဟုမသုံးပါ) ဆိုလိုက်သည်နှင့် ပြည်ထောင်စုကိုကိုယ်စားပြုရမည်ဟု သဘောပေါက်ထားသဖြင့် ယခုအပြောင်းအလဲမှာ အလွန်တရာမကြီးကျယ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို များစွာအထောက်အကူပြုနိုင်သည့် ကိစ္စတစ်ရပ်ဖြစ်နိုင်သည့်အတွက် အထူးကြိုဆိုအပ်သည်" ဟု လူမှုဝက်ဘ်ဆိုက် ဖေ့စ်ဘွတ်ခ်သုံးစွဲသူတစ်ဦးက ၎င်း၏ ထင်မြင်ချက်ကို ရေးသားထားသည်ကိုလည်းတွေ့ရသည်။

"ဗမာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဖွံ့ဖြိုးအောင် လုပ်သလိုကျန်တဲ့ တိုင်းရင်းသားတွေကလည်း သူတို့ယဉ်ကျေးမှုကိုဖွံ့ဖြိုးအောင် လုပ်ချင်မှာပေါ့" ဟု မွန်ပြည်နယ်မှဒေသခံလူငယ်တစ်ဦးက မှတ်ချက်ပြုသည်။

တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အနုသုခုမပြိုင်ပွဲများကို ယခုလိုပေါင်းစည်းထည့်သွင်းခြင်းအားဖြင့် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး တိုင်းရင်းသားအချင်းချင်း **တစ်ဖက်သို့**

**SBT Myanmar Company Limited**
**Japan Car Exporter**

**1- Japanese Translator (1 No.)**
- Japanese speaking, Writing and Reading
- Able to read Hand writing
- Computer Experience-Excel
- Working Experience

**2 - Sales (20 Nos.)**
- Good English – reading, writing and speaking
- Computer Experience - Excel
- Working Experience
- Good in giving quality service to car dealers
- Interested in learning

**Address:** No.(578), Corner of Kan Nar Road and 8th Street, Lanmadaw Township, Yangon.

**Phone :** 01-218079, 01-218071, 012301440, 09-5092130






## တစ်ဖက်မှအဆက်

သွေးစည်းညီညွတ်ရေး လုပ်ငန်းစဉ်များသည်လည်း ပိုမိုပီပြင်ထင်ရှားလာမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ပြည်နယ်အသီးသီး၌ ကျင်းပမည့် တိုင်းရင်းသားယဉ်ကျေးမှုများ၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရများက ဦးဆောင်ပြီး မြို့နယ်တိုင်းရင်းသား ယဉ်ကျေးမှုအသင်းများနှင့် ပူးပေါင်း၍ စီစဉ်ကျင်းပရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကိုထည့်သွင်းယှဉ်ပြိုင်စေခြင်းသည် နိုင်ငံတော်အဆင့်ပြိုင်ပွဲ၌ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ပြီး တိုင်းရင်းသားများကို ခွဲခြားမဆက်ဆံဟု နိုင်ငံတော်က ပြလိုသောကြောင့် ဖြစ်မည်ဟု တိုင်းရင်းသားယဉ်ကျေးမှုအသင်းမှ အမှုဆောင်တစ်ဦးက ပြောကြားသည်။

"အခုချိန်က ပြန်လည်ရင်ကြားစေ့ရေးဆိုတာတွေနဲ့ ဗမာကလည်းတိုင်းရင်းသားပါပဲဆိုတာကို နိုင်ငံတော်က ထိပ်ပိုင်းခေါင်းဆောင်တွေ၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြောလာတာတွေလည်းတွေ့ရတယ်။ ဒါနည်းနည်းပြောင်းလဲလာတာလို့ ပြောနိုင်တာပေါ့" ဟုအဆိုပါပုဂ္ဂိုလ်ကပင်ပြောသည်။ ယခုပြိုင်ပွဲကြီးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ပြိုင်ပွဲများကို ထည့်သွင်း ကျင်းပပေးမည်ဖြစ်ပြီး ပြိုင်ပွဲကို အောက်တိုဘာ ၁၆ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ယုံကြည်ကိုးကွယ်ရာ

လက်ရှိဘဝကို ကိုယ်ကြိုက်သလို ဖန်ဆင်းနိုင်စွမ်းရှိတာဟာ လူသားတစ်မျိုးတည်းပဲရှိတယ်လို့ ညွှန်ပြတာ၊ ကိုယ့်ဘဝကိုယ့်ကြမ္မာကိုလိုသလိုပုံသွင်းသရုပ်ဖော်နိုင်တာ လူသားတွေပဲရှိတယ်လို့ညွှန်ပြတာ ဗုဒ္ဓဘာသာပဲဖြစ်တယ်။ ဗုဒ္ဓဘာသာကို ဘဝနေနည်းသစ်တစ်ရပ်အဖြစ်၊ ယုံကြည်ကိုးကွယ်မှုသစ်တစ်ရပ်အဖြစ် လက်ခံကိုးကွယ်လာကြတဲ့ သန်းပေါင်းများစွာသော လောကတစ်ခွင်လုံးရှိ လူသားများအပေါ်မှာ ဗုဒ္ဓဘာသာရဲ့ ငြိမ်းချမ်းခြင်းနဲ့ မေတ္တာ ကရုဏာတရားတွေ ဖြန့်ကြက်လျက်ရှိတယ်။ ဘာသာရေးယုံကြည်ကိုးကွယ်မှုများက သင်ကြားပြီး လက်ခံထားတဲ့ ကိုယ်ကျင့်တရားစံနှုန်းတွေကို ဆန့်ကျင်တုံ့ပြန်မှုရဲ့ အန္တရာယ်ထဲက ယနေ့လူ့လောကကို ကယ်တင်မယ်ဆိုရင် ဗုဒ္ဓဘာသာသည်သာ အထိရောက်ဆုံးဖြစ်တယ်။ ဗုဒ္ဓဘာသာဟာ လူသားတို့ ယုံကြည်အားကိုးရာအစစ်ဖြစ်သလို၊ ဒီဘာသာကို တည်ထောင်ခဲ့တဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာလည်း လူသားစင်စစ်ပဲဖြစ်တယ်။

ကျွန်ုပ်တို့ဟာ ဘယ်လိုသတ္တဝါ၊ ဘယ်လိုဘဝ၊ ဘယ်လိုလောကမျိုးမှာ နေရတယ်ဆိုတာကို ဗုဒ္ဓဘာသာက တိတိကျကျ ခမ္မခိဌာန်နည်းနဲ့ ပြတယ်။ ပြီးတော့ ဒီလိုဘဝမျိုးက လုံးဝလွတ်မြောက်အောင် ဘယ်လိုလုပ် ရင်ရတယ်ဆိုတဲ့ နည်းလမ်းကိုလည်း ညွှန်ပြတယ်။ ငြိမ်းချမ်းတဲ့ဘဝ၊ အေးငြိမ်းတဲ့ဘဝ၊ ငြိမ်းအေး ငြိမ်သက်ပြီး သုခချမ်းသာရနိုင်တဲ့ဘဝမျိုးဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့နည်းကိုလည်း ဗုဒ္ဓဘာသာက ညွှန်ပြပါတယ်။

ဗုဒ္ဓဘာသာဟာ ယုံကြည်ကိုးကွယ်ရာဘာသာတစ်ခုအဖြစ် လူသားများအား မျှော်လင့်ချက်များနှင့် စိတ်အားထက်သန်မှုတွေကို ကောင်းစွာပေး နိုင်တယ်။ လူ့အဖွဲ့အစည်းအတွင်းမှာလည်း ထိန်းကျောင်းလွယ်တဲ့ဘဝနေနည်းတစ်မျိုးနှင့် လူသားအချင်းချင်း ရိုင်းပင်းတဲ့စိတ်ဓာတ်တွေဖြစ်ပေါ်လာအောင်၊ ငြိမ်းချမ်းရေးနဲ့ ရောင့်ရဲလွယ်မှု စိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးလာ အောင်လည်း ကြိုးပမ်းလေ့ကျင့်ပေးပါတယ်။



ရည်ညွှန်း- ဆန်းလွင် (ရှင်အာဒိစ္စရံသီ)၏ 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက'

## စာ-၉၊ ယမကာနှင့်ဘဝ မှ

အဲဒီမှာ ဆိုင်ရှင်က အရက်ဆီ (အရက်အဖြစ် မစပ်ရသေးသော အဆီ)ကို ရေကလေး နည်းနည်းရောပြီး ရော့ ၅၀ဖိုး ၁၀၀ ဖိုးဆိုပြီး တိုက်လိုက်ပါလေရော။ သူကလည်း အရက်ကလည်း အလကားသောက်ရ၊ သောက်တဲ့အရက်ကလည်း ခပ်ပြင်းပြင်းဆိုတော့ ဇယားကိုက်တယ်ပေါ့ကွာ။ အဲဒီမှာတင်ပဲ သုံးလလောက်ကြာတော့ ဗိုက်ပူနံကားနဲ့လက်တွေတုန်ယမ်းလာပြီး နောက်ဆုံးသေပွဲဝင်ကြတော့တာပဲကွ။ နောက်ပြီး ဖိုးထူးတင်ဘယ်ကမလဲကွာ။ အရက်သမား ၃၊၄ ယောက်ရှိပြီ။ အဲဒီလိုဆိုင်ပိုင်ရှင်စိတ်ဓာတ်တွေကြောင့် သေတာ"ဟု ဆိုသည်။

ကျွန်တော်များစွာ စိတ်မကောင်းဖြစ်မိသည်။ သို့သော်ဘာ မျှမတတ်နိုင်ပါ။ သည်လိုနှင့် Rum Station တွေပေါ်လာတော့ ရပ်ကွက်ထဲက ဆိုင်တွေမှာ မသောက်ဖြစ်။ Rum Station မှာ သောက်ဖြစ်သည်။ Rum သည် စက်မှု(၁)ဝန်ကြီးဌာနမှ ထုတ်လုပ်သော အရက်ဖြစ်သည်။ အာမခံချက် ရှိသည်။ အရက်ကလည်း ကောင်းသည်။ သို့သော် Rum Station ဆိုင်တွေက နည်းသည်။ အခွန်ကြီးလေးမှုကြောင့်လည်းဖြစ်နိုင်သည်။ ကျွန်တော်သည် မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက် ရပ်ကွက်ကြီးတွင် နေထိုင်သော မန္တလေးသားတစ်ဦးဖြစ်ပါသည်။ ၄၁ လမ်းထိပ်တွင် Rum Station ဆိုင်တစ်ဆိုင်၊ ၄၁ လမ်းတောင်ဘက် စံပြရပ်ကွက်တွင် Rum Station ဆိုင်တစ်ဆိုင်၊ ၃၅ လမ်း သင်္ဂဟချောင်းအနောက်ဘက်တွင် Rum Station ဆိုင်တစ်ဆိုင်နှင့် ၄၁ လမ်းတောင်ဘက် သပြေညွှန့်ရပ်ကွက်ရှိ ကျွန်တော်သောက်နေကြ "နေသာချိန်" Rum Station အရက်ဆိုင်လေးတို့ ရှိပါသည်။ ကျွန်တော်သည် အာမခံချက်ဖြင့်ရောင်းသော အရက်ဆိုင် များများဖွင့်စေလိုပါသည်။ သောက်နေကြ "နေသာချိန်"အရက်ဆိုင်ကလေး ပိတ်သွားသောအခါ ရပ်ကွက်ထဲက အရက်ဆိုင်များသို့သာ ခြေဦးလှည့်ရပါတော့သည်။ ဤတွင် ရပ်ကွက်ထဲက မည်သည့်အရက်ဖြူဆိုင်မဆို Rum တစ်ပက် ၁၀၀ ကျပ်နှင့် ဝယ်သောက်၍ ရနေပါသည်။ Rum Station ဆိုင်ကြီးများတွင်သာ တစ်ပက် ၁၀၀ ကျပ်ရောင်းသည်မဟုတ်ပါ။ မည်သည့်အရက်ဖြူဆိုင်တွင်မဆို ရပါသည်။

ကျွန်တော်သည် အသိမိတ်ဆွေ အရက်ဆိုင်ပိုင်ရှင်တစ်ဦးနှင့် စကားပြောဖြစ်သည်။

"ရမ်အတုတွေက အများကြီးလိုမ့်ဝင်နေတာဗျ။ တစ်ပုလင်း ၄၅၀ ကျပ်ကနေ ၈၀၀ ကျပ်ဝန်းကျင်အထိ ရှိတယ်။ အဲဒီတော့ တစ်ပက် ၁၀၀ ကျပ်နှုန်းရောင်းနိုင်တာပေါ့ဗျာ"

ဤသို့ လွယ်လွယ်ရသော ရမ်တစ်ပက် ၁၀၀ ကျပ်ကိုသာ သောက်သုံးနေကြပါလျှင် အရက်ဆီအိုပီထဲသို့ ရေနည်းနည်းရော၍ တိုက်သောအဖြစ်နှင့်သာ တူနေပါလိမ့်မည်။ ကျန်းမာရေးမည်မျှဆိုးရွားမည်ကို မသိနိုင်။ သို့သော် တို့မြန်မာလူမျိုးများမှာ ဥရောပတိုက်သားများနှင့် ယှဉ်လျှင် လွန်စွာသေးကွေးလှပါသည်။ တစ်ချိန်က ဂျပန်ငပုဟု ခေါ်သော ဂျပန်လူမျိုးများနှင့် ယှဉ်လျှင်လည်း ကျွန်တော်တို့ မြန်မာလူမျိုးက သေးနေပါသည်။ အိန္ဒိယတိုက်သားများနှင့် ယှဉ်လျှင်လည်း ပို၍ဆိုးပါသည်။ သို့ပါ၍ အရွယ်မတိုင်မီ ရုပ်အဆင်းရည်ကျနေသော အရက်သောက်တတ်သည့် လူငယ်များအနေဖြင့် မိမိတို့၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်သင့်ပါသည်။

အရက်၏ ဘေးဥပါဒ် အန္တရာယ်များမှာ ဘီပိုး၊ စီပိုးနှင့် အသည်းခြောက်၊ အသည်းရောင်အသားဝါ၊ ဗိုက်ပူနံကား၊ အိုနာစောခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း၊ ခြေတုန်လက်တုန်ဖြစ်ခြင်း၊ သတိမေ့မြောခြင်းများနှင့် ရောဂါမျိုးစုံကပ်ငြိတတ်ခြင်းတို့ ဖြစ်စေပါသည်။ လူ၏လုပ်အား ဆုံးရှုံးခြင်းမှာလည်း အရက်ကို အဟောသိကံ (အလွန်အကျွံ) သောက်စားမှုပါဝင်ပါသည်။ မည်သို့ပင် ဆိုစေကာမူ အရက်ကို ကြိုက်တတ်၍ပဲ သောက်သောက်၊ ဝါသနာအရပဲ သောက်သောက်၊ ရိုးရာဓလေ့အရပဲသောက်သောက်၊ မိမိတို့၏ ကျန်းမာရေးရှုထောင့်၊ လူ့စွမ်းအားအရင်းအမြစ်ရှုထောင့်၊ လုပ်သားလုပ်အား အပြည့်အဝပေးစွမ်းနိုင်မှု ရှုထောင့်တို့ကို အမျိုးမျိုးသုံးသပ်ရှုမြင်နိုင်ရေးတို့မှာအရက်ထုတ်လုပ်သူအရက်ရောင်းသူ၊ အရက်သောက်သူတို့မှာလည်း အမျိုးသားရေးတာဝန်တစ်ရပ်ဟု ရှုမြင်ခံစားမိပါသည်။

ထို့ကြောင့် သက်ဆိုင်ရာမြို့နယ်၊ တိုင်းဒေသကြီးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များကလည်း အရက်ဆိုင်နှင့် အရက်အရည်အသွေးများကို စစ်ဆေးကြည့်ရှု၍ အရေးယူမှုများ ပြုလုပ်သင့်ပါသည်။

(၁) အရက်ဖြူ ကုန်ကြမ်း (အိုပီ)နှင့် ရေရောစပ်မှု အချိုးအစား အတိအကျလိုက်နာမှု ရှိမရှိ။

(၂) ငယ်ရွယ်သူများ အသက် ၁၈ နှစ်မတိုင်မီ အရက်မသောက်ရေး။

(၃) စက်ရုံထုတ် အာမခံပါသည့် အရက်ဖြူကုန်ကြမ်းများ သုံးစွဲမှု ရှိမရှိ။

(၄) ပြည်တွင်းဖြစ် အရက်နှင့် နိုင်ငံခြားအရက်များ၏ စံချိန်မီခြင်း ရှိမရှိ။

(၅) တိုက်ရိုက်တင်သွင်းသည့် နိုင်ငံခြားအရက်များ ပုံမှန်စီးဆင်းမှု မှန်ကန်ခြင်း ရှိမရှိ။

(၆) အရက်တု၊ တံဆိပ်တု၊ အတုမျိုးစုံတို့အား ရှောင်တခင် စစ်ဆေးနိုင်မှုပြုလုပ်ရေး။

(၇) အရက်ဆိုင်များ၏ စားသောက်ဖွယ်အမြည်းများနှင့် အရက်ဆိုင်၏ ပတ်ဝန်းကျင်တို့မှ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ တို့ကိုလည်း လေ့လာစစ်ဆေးမှုများ ပြုလုပ်သင့်ပါသည်။

ထို့အပြင် အရက်ဆိုင်များ ညလုံးပေါက် ရောင်းချခြင်းနှင့် နံနက်စောစောရောင်းချခြင်းတို့ကိုလည်း လေ့လာသုံးသပ်သင့်ပါသည်။ အရက်သောက်တတ်သူ တစ်ယောက် အရက်သမား မြန်မြန်ဖြစ်စေသော နည်းလမ်းမှာ နံ နက်စောစောသောက်ခြင်း (အ ရက်သမားတို့အဆို အမူးအနောက် ခေါက်ကိုက်ဖြေရန် ဖြေသည်)ပင် ဖြစ်ပါသည်။ အရက်သောက်တတ်သူတစ်ယောက် နံနက်ရေ(အရက်) မဝင်လျှင် အရက်သမားလုံးလုံး မဖြစ်ဟုလည်း အရက်သမား အသိုင်းအဝိုင်းမှ သိရပါသည်။

ကျွန်တော်သည် သန့်ရှင်းသပ်ရပ်၍ ခမ်းနားသော အရက်ဆိုင်များကို သဘောကျပါသည်။ ပို၍ သဘောကျသည်မှာ စင်တင်များပင် ဖြစ်ပါသည်။ သို့သော် သောက်သုံးရသော ယမကာနှင့် အမြည်းအပြင် အထွေထွေတို့၏ ဈေးနှုန်းများကို မတတ်နိုင်ပါ။ ထို့ကြောင့် မိမိနှင့်သင့်လျော်သည့် ရပ်ကွက်ဒေသတို့၌သာ ယမကာကို သောက်သုံးပါသည်။ အရက်ယမကာကိုသောက်သုံးရာတွင်လည်း အာမခံပါသည့် အရက်နှင့် အရက်ဆိုင်များကိုသာ သောက်သုံးပါသည်။ သို့သော် မိမိအလိုဆန္ဒတစ်ခုတည်းအတွက် မဖြစ်နိုင်ပါ။ မိမိတို့၏ မိသားစု စီးပွားရေးကိုသာ အဓိကထားတတ်ကြပါသည်။ အရက်စစ်၊မစစ်က အဓိကမဟုတ် အမြတ်ရရေးသည်သာ အဓိကကျပါသည်။ ကျွန်တော် အရက်ဆိုင်အားလုံးကို မကောင်းမြင်နေခြင်းမဟုတ်ပါ။ အမြည်းစားဖွယ်နှင့် အရက်အားလုံး အဆင်ပြေမှု ရှိ မရှိ၊ စားပွဲထိုးနှင့် ဆက်ဆံရေး ပြေလည်မှု ရှိ မရှိ အစစအရာရာ ဂရုစိုက်သောဆိုင်များကိုလည်း တွေ့ရပါသည်။

ယခုကာလများတွင် တောနှင့် မြို့ မည်သည့်အရပ်ဒေသတွင်မဆို ရပ်ကွက်ဘုရားပွဲရှိပါက လူကြီး၊ လူငယ် အရက်သောက်ကြသည်က များပါသည်။ အရက်မသောက်တတ်သော လူငယ်ဆိုသည်မှာပင် ခပ်ရှားရှားပင်ဖြစ်သည်။

အရက်သောက်ခြင်းကြောင့် စကားပြောရွှင်သည်။ ရဲတင်းမှု ရှိသည်။ ခန္ဓာကိုယ်တွင် အောင်းနေသော ချွေးပုပ်တို့ကို အပြင်သို့ ကန်ထုတ်ပေးနိုင်သည်။ ခံတွင်းပျက်၍ ထမင်းစားမကောင်းဖြစ်နေသောအခါ ခံတွင်းလိုက်၍ စားကောင်းစေနိုင်သည်။ အရက်ကို ရမ် သုံးပက်ထက်မပိုဘဲ ပုံမှန်သောက်လျှင် ကျန်းမာရေးကောင်းစေနိုင်သည်။ သို့သော် အရက်ကို များများသောက်သုံး၍ ပုံမှန်စွဲသောက်လာပါက ဦးနှောက်ဆဲလ်များလည်း ပျက်စီးစေနိုင်သည်ဟု မိတ်ဆွေဆရာဝန်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

အရက်သောက်တတ်စ လူငယ်တစ်စု အုပ်စုဖွဲ့၍ ပျော်ကြသည်။ အရက်ကြောင့် အာရွှင်၍ ဆိုကြ၊ အော်ကြ၊ ဟစ်ကြသည်။ ဆိုင်ကယ်စီးက မြန်လာသည်။ တစ်ခါတလေ သုံးယောက်ပူးစီးကြသည်။ အရက်ရှိန်က တဖြည်းဖြည်း တက်လာသည်။ သတိကို မထိန်းနိုင်တော့၊ နောက်ဆုံး ဆေးရုံမှာ ဇာတ်သိမ်း၍ အမှုနှင့်ရင်ဆိုင်ရသည်။ သေသူက သေ၍၊ မသေသူက အကျိုးအကန်းဖြစ်ရခြင်းများကိုလည်း တွေ့ရ ကြားရဖူးပါသည်။

ကျွန်တော်ဘာသာပြန် ဝတ္ထုစာအုပ်များ ဖတ်ဖူးပါသည်။ အမေရိကန်နှင့် ဥရောပနိုင်ငံများ၌ ယောကျ်ားရော၊ မိန်းမပါ အရက်သောက်သည့် အလေ့အထများကို သိရှိခဲ့ပါသည်။ တစ်ဦးနှင့် တစ်ဦး ညှော်ခံစကားပြောရာ၌လည်း အရက်မပါလျှင် မပြီးပါ။ သို့သော် ယောကျ်ားများကသာ အရက်ကို များစွာသောက်သုံးပြီး အမျိုးသမီးများက တစ်ခါတရံသာ သောက်သုံးလေ့ရှိပါသည်။ လုပ်ငန်းခွင်မပျက် အလုပ်လုပ်ကြသူများလည်း ဖြစ်ကြပါသည်။

မည်သို့ဖြစ်စေ အရက်ကို စတင်သောက်သုံးတော့မည်ဆိုပါလျှင် အရက်၏ ကောင်းကျိုးဆိုးကျိုးကို လေ့လာသိရှိထားသင့်ပါသည်။

7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

## မျက်နှာဖုံး–ဘယ်လ်ဂျီယံတက္ကသိုလ်တစ်ခုက သမ္မတဦးသိန်းစိန်ကို ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ပေးအပ်ရန်ပြင် မှ

ယင်းတက္ကသိုလ်သည်ဥရောပတွင်အဆင့် ၈၁ ရှိပြီး ကမ္ဘာ့အဆင့် ၂၀၀ ကျော်တွင် ရပ်တည်လျက်ရှိသည့်တက္ကသိုလ်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါတက္ကသိုလ်က ကမ္ဘာကျော်နိုင်ငံရေးခေါင်းဆောင်များဖြစ်သည့်တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားနှင့် ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်တို့အား ၁၉၉၈ ခုနှစ်တွင် ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ပေးအပ်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဆိုဗီယက်သမ္မတဟောင်း မစ်ခေးလ်ဂေါ်ဘာချော့အားလည်းကောင်း၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့တွင် ၁၀ ကြိမ်မြောက်နေရာ တာဝန်ယူဖူးသူ မစ္စတာ Dominique Strauss Kahn နှင့် အမေရိကန်လူမျိုး အနုပညာရှင်တစ်ဦးဖြစ်သည့် Bill Viola တို့အားလည်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်သည့်အစဉ်အလာများရှိခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။

ယခုလာရောက်သည့် ခရီးစဉ်အတွင်း တက္ကသိုလ်မှ အငြိမ်းစားယူထားသည့် ပါမောက္ခ Albert Corhay နှင့် ပါမောက္ခ Eric Haubruge တို့အပြင် အတွင်းရေးမှူးတစ်ဦးတို့ ပါဝင်ကြောင်း၊ အဆိုပါအဖွဲ့သည်ယခုလ ၁၃ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ၁၅ ရက်တွင် နေပြည်တော်တွင် သမ္မတနှင့်တွေ့ဆုံမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

၎င်းအဖွဲ့လာရောက်သည့် လေးရက်တာခရီးစဉ်အတွင်း စက်မှုတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်သို့ သွားရောက်မည်ဖြစ်ပြီး အချိန်ရရှိမည်ဆိုပါက ဆေးတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့ကိုလည်း သွားရောက်ရန် ရှိသည်ဟု သိရသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုရှိ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် John Hopkins တက္ကသိုလ်နှင့်ရန်ကုန်နှင့်မန္တလေးတက္ကသိုလ်တို့ကြားတွင် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Center of Excellence(COE) အစီအစဉ်တွင်လည်း ၎င်းတက္ကသိုလ်က ပူးပေါင်းပါဝင်လုပ်ကိုင်ရန်ရှိကြောင်း သိရသည်။

ပထမဆုံးလာရောက်သည့်နေ့တွင် ရန်ကုန်တက္ကသိုလ်သို့ သွားရောက်ပြီး COE အစီအစဉ်၌ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကို သိရှိနိုင်ရန် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း အဆိုပါတက္ကသိုလ်မှ အဖွဲ့ဝင်များ သမ္မတနှင့် တွေ့ဆုံရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်ခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တွေ့ဆုံရန်အတွက်မင်္ဂလာမြန်မာက စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတအား ဂုဏ်ထူးဆောင်အပ်နှင်းမည့် တက္ကသိုလ်သည် ၁၈၁၇ ခုနှစ်တွင် နယ်သာလန်ဘုရင် King Wilhlem ကစတင်တည်ထောင်ခဲ့သော အစိုးရတက္ကသိုလ်တစ်ခုဖြစ်သည်။ လက်ရှိတွင်မဟာဘွဲ့ဘာသာရပ်ပေါင်း ၂၀၀ ကျော် သင်ကြားပေးလျက်ရှိပြီး ပါရဂူဘွဲ့ကျောင်းသား ၁၈၀၀ ကျော် သင်ယူလျက်ရှိကာ ကျောင်းသားစုစုပေါင်း နှစ်သောင်းကျော်ပညာသင်ကြားရှိကြောင်း သိရသည်။

## စာ-၇၊ ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနအဆောက်အအုံ လေးခု ဟိုတယ်ဆောက်ရန် အဆိုပြုသည့် လုပ်ငန်းရှင် ၇၀ဦးရှိ မှ

တင်ပြလာသည့် လုပ်ငန်းရှင် ၇၀ ဦး၏ အဆိုပြုလွှာများကို ရင်းနှီးမြှုပ်နှံကော်မရှင် ဥက္ကဋ္ဌပါဝင်သည့် ဘုတ်အဖွဲ့ဝင် ခုနစ်ဦးက ရွေးချယ်ဆုံးဖြတ်မည်ဖြစ်သည်။

"တစ်လအတွင်း ရွေးချယ်နိုင်မယ်လို့ထင်တယ်" ဟု ၎င်းတာဝန်ရှိသူက ပြောသည်။ ဟိုတယ်ဆောက်လုပ်ရန် တင်ပြလာသော လုပ်ငန်းရှင်များကို ရွေးချယ်ရာတွင် ၎င်းတို့အကောင်အထည်ဖော်ရန် အဆိုပြုထားသည့် ဟိုတယ်အမျိုးအစား၊ အပြီးသတ်တည်ဆောက်မည့်အချိန်ကာလ၊ မူလလုပ်ကိုင်လျက်ရှိသည့်လုပ်ငန်းအခြေအနေ၊ နောက်ပိုင်းတာဝန်ယူလုပ်ကိုင်နိုင်မည့်အနေအထား စသည့်အချက်အလက်များကို ဘက်ပေါင်းစုံမှကြည့်၍ ဆုံးဖြတ်သွားမည်ဖြစ်သည်ဟု ၎င်းကပြောသည်။

ယခုတင်ဒါခေါ်ထားသည့် အဆောက်အအုံများသည် ဝန်ကြီးဌာနများ၏ ရုံးဟောင်းများဖြစ်သည့်အတွက် ဟိုတယ်ဆောက်လုပ်ခွင့်ရရှိပါက လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့လုပ်ကိုင်ခွင့်ရရှိသည့် အဆောက်အအုံနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် မြေငှားရမ်းခွင့်အပါအဝင် အခြားသက်ဆိုင်သည့် အချက်အလက်များကို ချုပ်ဆိုရမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့အတွင်းဟိုတယ်၊တည်းခိုခန်း၊ဧည့်ဂေဟာအရေအတွက်ပေါင်း ၁၉၃ ခုရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဝက်ဘ်စာမျက်နှာတွင် ဖော်ပြထားသည်။

## စာ-၃၊ တရုတ်နိုင်ငံထုတ် စားသောက်ကုန်များ ရောင်းအားကျဆင်း မှ

ဈေးကိုမကြည့်တော့ဘဲ ကျန်းမာရေးအတွက် ကြည့်ပြီးပဲဝယ်တော့တယ်" ဟုဆိုသည်။

မကြာသေးမီက ဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံစားသုံးသူများ ကာကွယ်ရေးအသင်း၏ဥက္ကဋ္ဌ ဦးဘအုတ်ခိုင်က အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီး "တရုတ်ဘက်က ဝင်လာတဲ့အစားအသောက်တွေက တရားမဝင်တာများတယ်။ ဒီမှာအစားအသောက်တွေကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးတဲ့ဌာနတွေများများ ရှိသင့်တယ်။ တရုတ်က ကုန်ပစ္စည်းထုတ်လုပ်မှုမှာ အရည်အသွေးအနိမ့်ဆုံးလိုဖြစ်နေတော့ စားသောက်ကုန်တွေကို ပိုပြီး ဂရုစိုက်ရတော့မယ်။ မြန်မာနိုင်ငံမှာက ပိုဆိုးတယ်" ဟု သုံးသပ်ပြောသည်။ FDA အနေဖြင့် အသင့်စားမုန့်ထုပ်များတွင် ဆိုးဆေးများပါဝင်ခြင်း၊ပြည်ပမှ တင်သွင်းလာသည့်ခံတွင်းသန့်ဆေးများတွင် စံနှုန်းမကိုက်ညီသော အဏုဇီဝပိုးမွှားများ ပါဝင်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း မီဒီယာများက ရေးသားခဲ့သည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ယခုနှစ်ဇွန်လအတွင်းက ထုတ်ပြန်ချက်တစ်ခုတွင်လည်း ပြည်ပနိုင်ငံ(တရုတ်)မှ ဝင်ရောက်လာသည့် စားသုံးရန်မသင့်လျော်သော ပြုပြင်ထားသည့်ဆီများ ဝင်ရောက်နေသည်ဟုလည်း ဖော်ပြခဲ့သည်။


the SUN INSTITUTE

### I. Critical Thinking for Youth Leadership (CTYL)

1. CRITICAL THINKING FOR LEADERSHIP
2. ENGLISH (SPEAKING)
3. ICT
4. GENDER
5. MUSIC
6. SPORTS
7. TEAM BUILDING

ယခုလို ပညာရေးအရှိန်အဟုန်မြင့်မားလာသော ခေတ်ကြီးတွင် သင်ယူစူးစမ်းလိုစိတ်အားကောင်းသော **အသက်(၁၆)နှစ်မှ(၁၈)နှစ်အထိ** လူငယ်များအတွက်အထူးအစီအစဉ်တစ်ရပ်အနေဖြင့်အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့ များတွင် မနက်(၁၀)နာရီ မှ ညနေ(၅)နာရီထိ သင်တန်းများ ဖွင့်လှစ်ပေးနေပါသည်။ သင်တန်းကာလမှာ **၆ ပတ်** ဖြစ်ပါသည်။
၂၅–၀၈–၂၀၁၂ နောက်ဆုံးထား၍ Application Form များကို The Sun Institute တွင်လာရောက်လျှောက်ထား နိုင်ပါသည်။

**<u>အထူးအစီအစဉ်</u> – ပထမဦးဆုံးလာအပ်သူ (၁၀)ဦးအား ၁၀၀% ပေးမည်ဖြစ်ပြီး ဒုတိယ (၁၀)ဦးအား ၅၀% နှင့် တတိယ (၁၀)ဦးတို့အား ၂၅% ပေးမည်ဖြစ်ပါသည်။**

### II. English Classes

မိမိ၏ အင်္ဂလိပ်စာအရည်အသွေးတိုးတက်လာစေရန်
The SUN Institute မှ Native Speakers/Foreigners များဖြင့်အင်္ဂလိပ်စာအတန်းများကို ဖွင့်လှစ်သင်ကြားပေးသွားပါမည်။
အောက်ဖော်ပြပါသင်ခန်းစာများကိုလေ့လာသင်ယူနိုင်ပါသည်။

| | | |
|---|---|---|
| Consumption | – | Reading, Listening |
| Production | – | Writing, Speaking |
| Written | – | Reading, Writing |
| Oral | – | Listening, Speaking |
| Business Correspondence | – | E-mail, Phone Calls, Presentations |
| Business Reading | – | Newspapers, Reports, Journal Publications |
| Academic | – | University Style Reading, Writing & Speaking |
| Casual Conversations | – | How to become friendly with another English Speaker |

### III. Research Methodology

1. SOCIAL SCIENCE RESEARCH METHODS
2. QUALITATIVE RESEARCH METHODS
3. QUANTITATIVE RESEARCH RESEARCHS

Research Methodology သင်တန်းချိန်မှာ စနေ၊ တနင်္ဂနွေ ညနေ (၃)နာရီမှ (၅)နာရီထိ ဖြစ်ပြီး သင်တန်းကာလမှာ (၃)လ ဖြစ်ပါသည်။

### IV. Sales & Marketing (စနေ၊ တနင်္ဂနွေ)

1.HOW TO APPROACH THE CUSTOMER
2.CUSTOMER CARE
3.MOTIVATION
4.PERSONALITY DEVELOPMENT
5.MARKETING
6.ESSENTIAL SKILLS
7.ROLE PLAY
8.DEVELOPING THE PRODUCTS
9.PRICING
10. CHANNEL INTERMEDIARIES
11. MARKETING COMMUNICATIONS

APPLICATION FORM များအား **www.thesuninstitutemyanmar.org** မှ downloadလုပ်ယူ၍
**thesun.institute@gmail.com, office@thesuninstitutemyanmar.org**
သို့ e-mail မှတစ်ဆင့်ပေးပို့လျှောက်ထားနိုင်သည်။

**<u>ဆက်သွယ်ရန်လိပ်စာ</u>** – ရသာကွန်ဒို(အမှတ်–၄၈၅၊၄၆၀)၊အခန်း–ဃ၊၄–လွှာ(သုံးပန်လုလက်ဖက်ရည်ဆိုင်အနီး)၊မဟာဗန္ဓုလလမ်းနှင့်၃၁–လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။
**ဖုန်း – ၀၁ ၃၈၉၂၀၉၊ ၀၉ ၅၁၃ ၉၉၆၇၊ ၀၉ ၂၀၄ ၄၁၃၇၊ ၀၉ ၄၂၁ ၀၂၆၀၃၄၊ ၀၉ ၄၃၀ ၅၅၆၂၂။**

# အေ့ဒ်စ်ဝေဒနာရှင်များအတွက် ပြည်တွင်းအလှူရှင်များ ဆေးဝါးလှူဒါန်းမှုမြင့်တက်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ် - ၈**

အိတ်ချ်အိုင်ဗီ၊ အေ့ဒ်စ်ဝေဒနာရှင်များအတွက် လိုအပ်သည့်ဆေးဝါး ထောက်ပံ့မှုအဖြစ် ပြည်တွင်းအလှူရှင်များ၏ လှူဒါန်းမှုမှာ ပြည်ပ လှူဒါန်းမှု၏ ၁၀ ရာခိုင်နှုန်းခန့်အထိ ရရှိနေပြီဖြစ်ကြောင်း ထောက်ပံ့ရေး လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့များမှ သိရသည်။

ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများတွင် ကျန်းမာရေးဦးစီးဌာနအပြင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ စုပေါင်း၍ လှူဒါန်းသည့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ ရောဂါသုံးမျိုးတိုက်ဖျက်ရေးရန်ပုံငွေအဖွဲ့စသည်တို့မှာ အဓိကပံ့ပိုးပေးခဲ့ရာမှ ယခုနောက်ပိုင်းမှစတင်၍ ပြည်တွင်းအလှူရှင်များပါ ပါဝင်လာခဲ့ခြင်း ဖြစ်သည်။

၂၀၀၉ ခုနှစ်ခန့်မှစတင်ပြီး ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၏ လူမှုရေးလုပ်ငန်းများအပေါ် ပြည်တွင်းကသူများ၏ စိတ်ဝင်စားမှုများလာခြင်းဖြစ်ကြောင်းသိရသည်။

"များသောအားဖြင့် တစ်ဦးချင်းအလှူရှင်ပိုများတယ်။ အဖွဲ့အစည်းတွေကတော့တစ်ခုနှစ်ခုလောက်ပဲရှိတယ်"ဟု3DFမှတာဝန်ခံ ဦးညီညီအောင်ကပြောသည်။

"မြန်မာလူမျိုးတွေက အလှူအတန်းကို စိတ်ဝင်စားကြတယ်။ သာသနာရေးတွေမှာလည်း လှူဒါန်းတဲ့အပြင် လူမှုရေးမှာလည်း ဒါကတစ်မျိုးသားလုံး ကျန်းမာရေးနဲ့ပတ်သက်တဲ့ကဏ္ဍဖြစ်တဲ့အတွက် စီးပွားရေးအဖွဲ့အစည်းတွေလည်း ပါဝင်ရင်တော့ ကောင်းတာပေါ့" ဟုအဆိုပါတာဝန်ခံကပြောသည်။

အေအာရ်ဗွီဆေးက တစ်ယောက်တွက် တစ်လစာ နှစ်သောင်းခွဲခန့်ကျသင့်ပြီး ယခုအချိန်တွင် လူခုနစ်သောင်းကျော်သည် အေအာရ်ဗီဆေး အပူတပြင်းလိုအပ်နေကြောင်း သတင်းရရှိသည်။

လက်ရှိအချိန်တွင် ခုခံအားကျဆင်းမှုရောဂါအတွက် ရန်ပုံငွေ အများဆုံးပေးနေသည့် Global Fund အဖွဲ့မှလည်း ရန်ပုံငွေ ဆက်လက်လျှောက်ထားခွင့် ရပ်နားထားရာ ပြည်တွင်းရှိ အေအာရ်ဗီလိုအပ်နေသည့် လူနာများဆေးရရှိရန် ပြည်တွင်းအလှူရှင်များ ပူးပေါင်းပါဝင်လာနိုင်စေရေးသား စည်းရုံးဆောင်ရွက်မှုများမှာလည်းအဓိကဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းအလှူရှင်အဖွဲ့တွေရဲ့ အလှူငွေနဲ့ပဲ အဓိကရပ်တည်တာ။ အခုတော့ရောက်လာတဲ့လူနာတွေက အရမ်းများလာတဲ့အတွက် နေစရာအခက်အခဲအပြင် အကုန်လုံးကို တာဝန်ယူရတဲ့အတွက် အခက်အခဲတွေတော့ အများကြီးကြုံလာတယ်။ အရင်ကတော့ ပြည်တွင်းက စိတ်ဝင်စားလာအောင် ပြောဆိုဖို့မဖြစ်နိုင်ခဲ့ပေမယ့် အခုပြည်တွင်းအလှူရှင်တွေ စိတ်ပါလှူဒါန်းနိုင်အောင် လုပ်ဖို့စီစဉ်နေပါတယ်"ဟု အိတ်ချ်အိုင်ဗီဝေဒနာရှင်များအား ကူညီစောင့်ရှောက်မှုပေးနေသည့် ဒေါ်ဖြူဖြူသင်းကပြောသည်။

ယင်းဂေဟာသည် ပြည်တွင်းအလှူရှင်များ၏ လှူဒါန်းမှုနှင့် အဓိကရပ်တည်နေပြီး ဆေးကုသပေးနေပြီး ပုံမှန်လှူဒါန်းသည့် အလှူရှင်နည်းပါးနေသည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။ ပြည်တွင်းကအလှူရှင်များ စိတ်ပါဝင်စားပါဝင်လာနိုင်ရန် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် အခက်အခဲများ၊ လိုအပ်ချက်များအား ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် အမြဲမပြတ်ရေးသားခြင်းဖြင့် လှူဒါန်းမှုများရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



# ကျောက်ကပ်ကို အဆိုးဆုံးထိခိုက်နိုင်သည့် ဆီးလမ်းကြောင်းပိုးဝင်ခြင်း

**ဝတ်ရည်အောင်**

ဆီးနှင့် ကျောက်ကပ်ရောဂါများတွင် အဖြစ်များပြီး ကာကွယ်ရ၊ စနစ်တကျ ကုသရုံဖြင့် ပျောက်ကင်းနိုင်သော ဆီးလမ်းကြောင်းပိုးဝင်ခြင်းသည် စနစ်တကျဆေးကုသမှုမရှိသည့်အခါ ကျောက်ကပ်ပျက်စီးသည်အထိဖြစ်ပွားနိုင်သည်။

ထိုဆီးလမ်းကြောင်း ပိုးဝင်ခြင်းသည် မြန်မာနိုင်ငံတွင် အဖြစ်များသော ရောဂါတစ်ခုဖြစ်ပြီး နေ့စဉ် သတိမပြုမှုသည့် နေထိုင်မှုပုံစံများကြောင့် ဆီးလမ်းကြောင်းအတွင်း ပိုးဝင်ရောက်သွားနိုင်ကာ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံအရ အမျိုးသမီးများတွင် ဆီးလမ်းကြောင်း ပိုးဝင်နိုင်သည့်အခြေအနေမှာလည်း ပိုမိုများပြားကြောင်း ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခဒေါက်တာတိုးလွင်ကပြောသည်။

အမျိုးသမီးများတွင်မူ အသက် ၂၀ နှင့် ၄၀ ကြားအရွယ်ဖြစ်ပွားမှုများပြီး ထိုအရွယ်သည် လုပ်ငန်းခွင်ဝင်ရောက်နေသည့် အရွယ်နှင့် ပညာသင်နေသည့်အရွယ်များဖြစ်သည့်အတွက် များသောအားဖြင့် ပုံမှန်ထက် ဆီးသွားနည်းလေ့ရှိကြသည်။ ဆီးအောင့်ထားခြင်းကြောင့် ဆီးကျန်လာခြင်းသည် ဆီးပိုးတွယ်ရန် အခြေအနေပေးသည်နှင့် ဆီးပိုးဝင်ရောက်လာချိန် တိုက်ဆိုင်သည့်အခါ ဆီးလမ်းကြောင်းပိုးဝင်ခြင်းဝေဒနာ ခံစားလာရကြောင်း ဒေါက်တာတိုးလွင်ကပြောသည်။

ထို့အပြင် ဝမ်းဟောင်းစွန့်သည့်နေရာမှလည်းကောင်း၊ အစာအိမ်ဟောင်းမှတစ်ဆင့်လည်းကောင်း၊ သားအိမ်မှ တစ်ဆင့်လည်းကောင်း ရောဂါပိုးများ ဆီးအိမ်ထဲ ဝင်ရောက်ရာမှ ကျောက်ကပ်သို့ ရောက်ရှိသွားခြင်းဖြစ်ကြောင်းသိရသည်။

"အိမ်သာသွားပြီး ရေသုံးတဲ့အခါ နောက်ကနေ ရှေ့ကို သန့်ရှင်းရင် အစာဟောင်းဘက်က ပိုးကို ဆီးလမ်းကြောင်းဘက်ကို ဖိတ်ခေါ်သလို ဖြစ်တတ်တဲ့အတွက် ဒါကို ဆင်ခြင်ရမယ်လို့ အထူးသဖြင့် အလေးအနက်ထပ်ပြီး ပြောချင်ပါတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

ရောဂါပိုးဝင်လာသည့်အခါ ဆီးအိမ်ရောင်လာသည့်အတွက် မကြာခဏဆီးသွားလိုခြင်း၊ ဆီးသွားပြီးပါက ဆီးကျင်ချောင်းကျဉ်ခြင်း၊ စပ်ခြင်း၊ အောင့်ခြင်း၊ ဆီးသွားပြီးပါက မကုန်သလို ခံစားရခြင်း၊ ဆီးထဲတွင် သွေးစများပါခြင်း စသည့်ရောဂါလက္ခဏာများ ခံစားကြရသည်။ ဆီးအိမ်ရှိ ဆီးပိုးများ ကျောက်ကပ်သို့ရောက်ရှိသွားသည့်အခါမှ ကျောက်ကပ်ရောင်ပြီး တင်းလာသဖြင့် ခါးနာခြင်းဝေဒနာအား စတင်ခံစားလာရပြီး ပိုးများ သွေးအတွင်း ပျံ့နှံ့သည့်အတွက် ချမ်းလာခြင်း၊ ဖျားခြင်းဝေဒနာများကိုပါ ခံစားလာရကြောင်း ဒေါက်တာတိုးလွင်ကပြောသည်။

**စာ(၁၄)သို့**






## ဝိတ်မခြင်းဖြင့် ဆီးချိုအန္တရာယ် လျှော့ချနိုင်

**ဘော်စတွန်၊ ဩဂုတ် - ၇**

ယောက်ျားများသည် အလေးမလေ့ကျင့်ခြင်းဖြင့် ဆီးချိုရောဂါ အမျိုးအစား(၂) အန္တရာယ်ကို လျှော့ချနိုင်သည်ဟု သုတေသနတစ်ရပ်တွင်ဖော်ပြသည်။

အမျိုးသား ၃၂,၀၀၀ ဦးအား လေ့လာမှုအရ ပုံမှန်အလေးမလေ့ကျင့်ခြင်းဖြင့် ဆီးချိုရောဂါ အန္တရာယ်ကို သုံးပုံတစ်ပုံလျှော့ချနိုင်သည်ဟု သုတေသီများက တွေ့ရှိခဲ့ပြီး ၎င်းတို့၏ တွေ့ရှိချက်များကို Archives of Internal Medicine ဂျာနယ်တွင် ဖော်ပြထားသည်။

လေ့ကျင့်ခန်း ပုံမှန်လုပ်ခြင်းဖြင့် ဆီးချိုရောဂါအား ကာကွယ်နိုင်သည်ကို သိရှိထားကြသော်လည်း ပြေးခြင်း၊ လမ်းလျှောက်ခြင်းစသော ကိုယ်လက်လှုပ်ရှားမှု လုပ်ရန် အခက်အခဲရှိသူများအတွက် အလေးမလေ့ကျင့်ခန်းကို သုတေသီများက ထည့်သွင်းစဉ်းစားခဲ့ခြင်းဖြစ်သည်။

အချို့လူများမှာ အိမ်ပြင်ပတွင် ပြေးပြေးလွှားလွှားလေ့ကျင့်ခန်းများ လုပ်ရန် ခက်ခဲနေတတ်ကြောင်း၊ ၎င်းတို့အနေဖြင့် အခြားရွေးချယ်စရာအဖြစ် အလေးမခြင်းကို စတင်လုပ်ဆောင်နိုင်ကြောင်း သုတေသနကိုဦးဆောင်ခဲ့သူ အန်းဒါးစ်ဂရွှန်ဗက်ဒ်ကပြောကြားသည်။ —Ref: BBC

# ဓာတုကုထုံးကြောင့် ကင်ဆာရောဂါ ပို၍ဆိုးနိုင်ဟုဆို

**ဆီယက်တဲလ်၊ ဩဂုတ် - ၇**

အမေရိကန်သိပ္ပံပညာရှင်များသည် ၎င်းတို့လုံးဝမမျှော်လင့်မထားသော ရှာဖွေတွေ့ရှိမှုတစ်ရပ်၌ ကင်ဆာဆဲလ်များကို ကြီးထွားလာစေပြီး တစ်ရှူးမျှင်များထဲသို့ထိုးဖောက်ဝင်ရောက်ကာ ဓာတုကုထုံးကို ခုခံနိုင်သော ပရိုတိန်းတစ်မျိုးကို တွေ့ရှိခဲ့ကြကြောင်းသိရသည်။

Chemotherapyကြောင့် ဓာတုကုထုံးနှင့်ထိတွေ့လိုက်သော နေရာတစ်ဝိုက်ရှိကင်ဆာဖြစ်မနေသည့်ဆဲလ်များတွင် WNT 16 Bဟုခေါ်သောပရိုတိန်းများ ထုတ်လုပ်ပေးကြောင်း လောရင့်ဘာကလေ အမျိုးသား ဓာတ်ခွဲခန်းအပါအဝင် အခြားသော ဆေးပညာသုတေသနများမှ ပညာရှင်များ ပါဝင်သော သုတေသီအဖွဲ့ကပြောကြားသည်။

ယင်းအမျိုးအစား ပရိုတိန်းများသည် အများအပြားဖြစ်လာပါက ကင်ဆာဆဲလ်များကို ကြီးထွားစေပြီး ဓာတုကုထုံးကို ခုခံကာကွယ်နိုင်သည်။ WNT 16B ပရိုတိန်းများ ၃၀ ဆအထိ များပြားလာသည်ကို ပညာရှင်များက တွေ့ရှိခဲ့ကြောင်း သုတေသီဒေါက်တာပီနယ်လင်က ပြောကြားသည်။

ဓာတုကုထုံးဖြင့်ကုသလိုက်သောအခါ DNA ပျက်စီးမှုများ ဖြစ်ပေါ်လာကြောင်း ယင်းဒီအင်န်အေ (DNA)ပျက်စီးမှုမှနေ၍ အခြားကျယ်ပြန့်သောကြီးထွားမှု အခြင်းအရာများ ပေါ်ထွက်လာပြီး ကင်ဆာကြီးထွားမှုကိုလှုံ့ဆော်ပေးကြောင်း ဒေါက်တာနယ်လ်ဆင်တို့က တွေ့ရှိခဲ့သည်။

WNT မိသားစုဝင်မျိုးဗီဇနှင့် ပရိုတိန်းများသည် လူ့ခန္ဓာကိုယ် ဖွံ့ဖြိုးမှုတွင် အရေးပါပြီး အချို့ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်သည်ကို ပညာရှင်များက သိရှိထားပြီးဖြစ်သော်လည်း ကင်ဆာရောဂါ ခုခံရာတွင်လည်း အရေးပါခြင်းကို ယခုကျမှသိရှိကြခြင်းဖြစ်သည်။ —Ref: UPI

## စာ-၁၃၊ ကျောက်ကပ်ကို အဆိုးဆုံးထိခိုက်နိုင်သည့် ဆီးလမ်းကြောင်းပိုးဝင်ခြင်း မှ

"တချို့အမျိုးသမီးတွေ ချမ်းပြီး ဖျားကြတဲ့အခါ မီးယပ်ချမ်းထတယ်ဆိုပြီး သက်သာမယ်ထင်တဲ့ ဆေးလေးတွေ သောက်သောက်ပြီး နေကြတာတွေအများကြီးတွေ့ဖူးတယ်။ တချို့ကျတော့လည်း မကြာခဏဖြစ်တာကနေ ဖြစ်တာများများလာတော့မှ ဆေးရုံလာပြရင်း စစ်ဆေးကြည့်ကြတာနည်းတယ်"ဟု သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ သားဖွားမီးယပ်ဆရာဝန်တစ်ဦးကပြောသည်။

ရာသီဥတုအေးသော အချိန်နှင့်ညအချိန်များတွင် ချမ်းပြီး ဖျားသည့် အမျိုးသမီးအများစုသည် မြန်မာအယူအဆဖြစ်လေ့ရှိသော မီးယပ်ချမ်းထသည့်ရောဂါဟုသာ ထင်မှတ်လေ့ရှိပြီး ခါးနာခြင်း၊ ချမ်းပြီးဖျားသောရောဂါလက္ခဏာများ၊ ဆီးတွင် သွေးပါလာသည့်လက္ခဏာများသည် ကျောက်ကပ်တွင် ပိုးတွယ်နေခြင်းဖြစ်ကြောင်း သတိပြုရန်လည်းလိုအပ်ကြောင်းသိရသည်။

"အဲဒီအဆင့်မှာ ဆေးကုရင် ပုံမှန်ပြန်ရောက်သွားမယ်။ မဟုတ်လို့ဆေးမြီးတိုလေးတွေနဲ့ကုလိုက်၊ သက်သာလိုက်၊ ပြန်ဖြစ်လိုက်နဲ့ ကြာလာရင် ကျောက်ကပ်မှာ အနာရွတ်လေးတွေ ပေါ်လာတယ်။ များလာရင် အနာရွတ်တွေက ကျောက်ကပ်သားကို နေရာယူလာပြီး အလုပ်လုပ်တဲ့ကျောက်ကပ်လုံးဝပျက်စီးသွားတဲ့ အဆင့်ရောက်သွားတဲ့အတွက် စောစောစီးစီး ဆေးကုသဖို့လိုပါတယ်"ဟု ဒေါက်တာတိုးလွင်ကပြောသည်။

အသက် ၂၀ နှင့် ၄၀ ကြားအမျိုးသမီးများသည် အဖြစ်များသည့်အုပ်စုဖြစ်သော်လည်း ထိုဆီးလမ်းကြောင်းပိုးဝင်ခြင်းသည် အမျိုးသား၊ အမျိုးသမီးအရွယ်စုံဖြစ်ပွားသည့်ရောဂါတစ်ခုလည်းဖြစ်သည်။

သွေးဆုံးပြီး အမျိုးသမီးများတွင်လည်း ခန္ဓာကိုယ်အတွင်းဟော်မုန်းဓာတ်နည်းပါးလာပြီး ဆက်စပ်သည့် အကြောင်းရင်းများကြောင့် ဆီးပိုးဝင်ခြင်းနှင့် အသက်၄၅နှစ်အထက် ဆီးချိုရှိပါက ဆီးပိုးဝင်နိုင်သည့်အခြေအနေများပြားကြောင်းသိရသည်။

အသက်ကြီးသောသူများ နာတာရှည်ရောဂါ ခံစားနေရသူများတွင်လည်း ဆီးပိုးဝင်လာနိုင်သည့်အခွင့်အရေးများသော လူများဖြစ်သည့်အတွက် ဆီးလမ်းကြောင်းပိုးဝင်ခြင်းသည် အဖြစ်များသည့်ရောဂါတစ်ခုလည်းဖြစ်လာသည်။

ကလေးများတွင် ဆီးလမ်းကြောင်းပိုးဝင်ခြင်းမှာ သက်ကြီးရွယ်အိုများ၊ အမျိုးသားများ၊ ဖြစ်ပွားမှုများသည့် အမျိုးသမီးများနှင့်ယှဉ်လျှင် မများသော်လည်း ဆီးပိုး တစ်ခါဝင်ရုံနှင့် အရေးကြီးလာပြီး ကလေးများတွင် အောက်ပါလက္ခဏာများပြသသည့်အချိန်တွင်မူ စနစ်တကျနှင့်ထိရောက်စွာကုသရန် အလေးအနက်ပြောချင်ကြောင်း ဒေါက်တာတိုးလွင်ကပြောသည်။

"အရမ်းငယ်တဲ့ကလေးတွေကတော့ ဆီးသွားရင် ဘယ်လိုဖြစ်တယ်ဆိုပြီး မဖော်ပြတတ်ပေမယ့် နည်းနည်းကြီးတဲ့ကလေးတွေမှာဆိုရင် ဆီးသွားရင် နာတယ်။ ပုံမှန်မဟုတ်တော့ဘဲ ဆီးသွားရင် ခဏခဏသွားတယ်၊ များတယ်။ ညဘက် ဆီးသွားတယ်၊ ဖျားတာတွေဖြစ်လာတယ်။ ဆီးပိုး ခဏခဏဝင်လာရင် ကလေးရဲ့ ကြီးထွားမှုရပ်သွားပြီး ပိုးတွယ်တဲ့ဒဏ်ကြောင့် ကလေးက လှီလာတယ်" ဟု ဒေါက်တာတိုးလွင်က ပြောသည်။

ကလေးများတွင် ဆီးပိုးဝင်ခြင်းသည် များသောအားဖြင့် မွေးရာပါအခြေအနေများကြောင့်ဖြစ်နိုင်ပြီး ပိုးဝင်သည့်အကြောင်းအရင်းကို သေချာရှာဖွေကုသလျှင် ကြီးသည့်အခါ ကျောက်ကပ်ပျက်စီးခြင်းအားကာကွယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

ဆီးနှင့် ကျောက်ကပ်ရောဂါအများစုသည် ကာကွယ်နိုင်သည့်ရောဂါများဖြစ်ပြီး ရောဂါလက္ခဏာများအား စောစီးစွာသိရှိခြင်းဖြင့် စောစောကုသလျှင် ကျောက်ကပ်ပျက်စီးခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

ဆီးပိုးဝင်ခြင်းရောဂါကို ကာကွယ်နိုင်ရန် ဘယ်လိုအကြောင်းကြောင့်ဖြစ်စေ ဆီးအောင့်ထားခြင်းအား ရှောင်ကြဉ်သင့်ပြီး ရေကဲ့သို့ကြည်သည့်ဆီးသွားနိုင်သည်အထိ နေ့စဉ် ရေများများသောက်သင့်ပြီး ကျောက်ကပ်ပျက်စီးခြင်းမှ ကာကွယ်ရန် ဆီးလမ်းကြောင်းပိုးဝင်သည့်လက္ခဏာများ ထပ်ခါထပ်ခါပြသလာပါက အကြောင်းအရင်းအား ရှာဖွေပြီး ဆေးကုသမှုခံယူသင့်ကြောင်း ပါမောက္ခ ဒေါက်တာတိုးလွင်က အကြံပြုပြောကြားထားသည်။

Myanmar Agribusiness Public Corporation (MAPCO) နှင့်
**ပူးပေါင်းဆောင်ရွက်လိုသော**
**ပြည်တွင်းလုပ်ငန်းရှင်များအား ဖိတ်ခေါ် ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်အမှတ် (၁၃၄/၂၀၁၂-၂၀၁၃)ဖြင့် Myanmar Agribusiness Public Corporation (MAPCO) အား အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ပါသည်။

၎င်းအများပိုင်ကုမ္ပဏီသည် မြန်မာနိုင်ငံမှ ထွက်ရှိသော ဆန်စပါးအပါအဝင် လယ်ယာပို့ကုန် သီးနှံအမယ်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ကုန်သွယ်နိုင်ရန်၊ စိုက်ပျိုးရေးအခြေခံသော တန်ဖိုးမြှင့်စက်မှုလုပ်ငန်းများ တည်ထောင်ရင်းနှီးမြှုပ်နှံနိုင်ရန်၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကိုအထောက် အကူပြုနိုင်သည့် အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

MAPCO အနေဖြင့် ဆန်စပါးဈေးကွက် ဖွံ့ဖြိုးရေးကို အဓိက ဦးစားပေးဆောင်ရွက်မည်ဖြစ်ပါသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသည့် လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လိုသော မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဆန်စပါးအထူးပြုကုမ္ပဏီများ၊ ဆန်ကုန်သည်ကြီးများနှင့် ဆန်စက်ပိုင်ရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်လိုသော ပူးပေါင်းဆောင်ရွက်မှုပုံစံကို အဆိုပြုလွှာ တင်ပြနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက MAPCO နှင့် ဆက်သွယ်နိုင်ပါသည်။

**Myanmar Agribusiness Public Corporation (MAPCO)**
**အခန်းအမှတ်-၀၃၀၃၊ Sakura Tower၊ အမှတ်-၃၃၉၊**
**ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၅၅၀၈၃၊ ၂၅၅၀၈၄၊ ၂၅၅၀၈၅၊ ၂၅၅၀၈၇**

**Jinan University မှ MBA ဘွဲ့လွန်သင်တန်း**
**ဩဂုတ်လ( ၃၁ )ရက်ဖွင့်မည်**

- မြန်မာနိုင်ငံအတွက် အကောင်းဆုံးအရည်အသွေးမြင့် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ရန် တာဝန်ယူသည်။
- (၁၉)နှစ်တာကာလအတွင်း နိုင်ငံတကာအသိအမှတ်ပြု MBA ဘွဲ့ရကျောင်းသား (၄၅၀၀)ကျော် မွေးထုတ်ပေးခဲ့သည်။
- အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဘာသာရပ်ပေါင်း(၁၅)ခုမှ (၂၀)ကျော် သင်ကြားပို့ချပေးမည်။
- **Jinan University** မှ **MBA** ပါမောက္ခကိုယ်တိုင် လာရောက်သင်ကြားပို့ချပေးမည်။
- ဝါရင့်ပါမောက္ခ ဒေါက်တာဒေါ်လှမြင့်နှင့်အဖွဲ့မှ အထောက်အကူပြု သင်ကြားပို့ချပေးမည်။
- ဘာသာရပ်အားလုံးသင်တန်းကြေး **FEC 12000** (သို့မဟုတ်) ၎င်းနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ပေးချေရမည်ဖြစ်ပြီး **First Batch** သင်တန်းသားများအားလုံးကို **Scholarship** အနေဖြင့် **FEC 1000** လျှော့ပေးမည်။
- **Jinan University** မှ နိုင်ငံတကာအသိအမှတ်ပြု **MBA** ဘွဲ့လက်မှတ်ချီးမြှင့်ပေးမည်။
- စာရင်းအပ်ရန်လက်ခံနေပြီး ပထမအသုတ် **Interview** ကို ဩဂုတ်လ(၂၁)ရက်နေ့တွင် ပြုလုပ်မည်။

**မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း**
**အမှတ်(၁/၅)၊ ရွှေတိဂုံဘုရားနှင့် ကမ်းနားလမ်းထောင့်၊**
**လသာမြို့နယ်၊ ရန်ကုန်မြို့။**
**Daw Thin Thin Khine, Ph: 01-246076, 01-371549**
**Email: mccoc5@gmail.com**

# ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ကျေးရွာအချို့တွင် ခွေးသားဈေးကွက်ဖြစ်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်-၉**

ချင်းတွင်းမြစ်အနောက်ဘက်ကမ်း တစ်လျှောက် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ် အတွင်း ကျေးရွာအချို့တွင် ခွေးသားစားသုံးသူများကြောင့် ခွေးဝယ်ယူသူများရှိပြီး ခွေးနှင့် ဒေသကြက် လဲလှယ်ဝယ်ယူသည့်စနစ် ကျင့်သုံးလျက်ရှိကြောင်း သိရှိရသည်။

"ချင်းတွင်းမြစ် အနောက်ဘက်ကမ်းမှာ ခွေးသားစားသုံးသူတွေရှိလာတဲ့အတွက် ခွေးတွေဝယ်ယူတဲ့အထိရှိတယ်။ ခွေးအဝယ်တော်က ငွေနဲ့ပေးဝယ်တာမဟုတ်ဘူး။ ဒေသကြက်တစ်ကောင်နဲ့ တိုက်ရိုက်လဲလှယ်ဝယ်တာ ပြီးခဲ့တဲ့လပိုင်းက ဆားလင်းကြီးမြို့နယ် ကံကုန်း၊ ဒုန်းတော၊ ရွာသာ ကျေးရွာတွေမှာ ခွေးရူးကိုက်ခံရတော့ ခွေးတွေရှင်းချင်တာနဲ့ အချို့ကကြက်တောင် မယူဘူး။ ခွေးကို အလကားပေးပစ်ကြတာ။ ခွေးဝယ်တဲ့သူတွေက ယင်းမာပင်မြို့နယ် ရေကြည်ပင် ကျေးရွာက လာဝယ်တာ"ဟု ဆားလင်းကြီးမြို့နယ် ရွာသာကျေးရွာဒေသခံတစ်ဦးက ပြောသည်။

"ခွေးသားစားတဲ့သူတွေက ခွေးတွေကို မွေးထားတာ။ ခွေးအဝယ်တော်က ခွေးသားစားတဲ့သူတွေကို တစ်ကောင်ခုနစ်ထောင်နဲ့ပြန်ရောင်းတယ်လို့ပြောသံကြားတယ်။ ရွာလာဝယ်တော့ ငွေမပေးဘူး။ ကြက်တစ်ကောင်နဲ့လဲတာ။ ရွာမှာကလည်း ခွေးရူးရောဂါကြောက်တော့ အချို့ခွေးကို အလကား ပေးသူတွေရှိသလို အချို့ကြက်နဲ့လဲလှယ်ကြတယ်။ မြောက်ယမားချောင်း ဘေးဝဲယာကျေးရွာတွေမှာ ခွေးရူးကြောက်လို့ ခွေးအဝယ်တော်တွေဆီ ရောင်းပစ်ကြတယ်"ဟု ယင်းမာပင်မြို့နယ် ရေကြည်ပင်ကျေးရွာ ဒေသခံတစ်ဦးကပြောသည်။

ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်ကျေးရွာအတွင်း ကံကုန်းကျေးရွာအုပ်စုအတွင်း ကံကုန်း၊ ဒုန်းတော၊ ဂုဏ်တော၊ ရွာသာစသည့် ကျေးရွာများတွင်နှစ်စဉ်ခွေးရူးကိုက်ခြင်းနှင့် ကြုံတွေ့ခဲ့ရပြီး ခွေးရူးရောဂါဖြင့် အသက်သေဆုံးမှုများ ရှိခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများတွင် ခွေးပိုင်ရှင်များအနေဖြင့် ခွေးရူးရောဂါ ကာကွယ်ဆေးများ ထိုးရန် သက်ဆိုင်ရာက နှိုးဆော်ခဲ့သည့်နောက်ပိုင်း ခွေးများအား သုတ်သင်ရှင်းလင်းလျက်ရှိရာ ခွေးဝယ်တော်များထံ ခွေးရောင်းချမှုများ ပိုများလာကြောင်း သိရှိရသည်။

# ကြေးစင်တောင် ကြေးနီတူးဖော်ရေး လုပ်ငန်းမှ ကြေးနီအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချဟုဆို

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ် - ၈**

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ စံပယ်တောင်နှင့် ကြေးစင်တောင် ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်းမှ ထုတ်လုပ်သော ကမ္ဘာ့အဆင့်အတန်းမီကြေးနီအား ဈေးပြိုင်စနစ်ဖြင့် ပြည်တွင်းဈေးကွက်နှင့်ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချပေးနေကြောင်း မြန်မာဝမ်ပေါင်ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"တရုတ်နိုင်ငံက ကုမ္ပဏီက လာရောက်လုပ်ကိုင်လို့ ကုန်ချောကြေးနီကို တရုတ်ကိုရောင်းတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ ဈေးကွက်စီးပွားရေးသဘောသဘာဝအရ ဈေးပြိုင်စနစ်နဲ့ ရောင်းချတာဖြစ်ပြီး ပြည်တွင်းဈေးကွက်ဝယ်လိုအားကို အဓိကထားရောင်းတယ်။ ပြည်ပနိုင်ငံတွေက ဝယ်ယူမှုကိုလည်း ဈေးပြိုင်စနစ်နဲ့ ဈေးပိုရတဲ့ ကုမ္ပဏီကိုပဲရောင်းပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

"စံပယ်တောင်၊ ကြေးစင်တောင်က ထွက်တဲ့ကြေးနီက ကမ္ဘာ့ဈေးကွက်မှာ အဆင့်-၁ လို့ ပြောလို့ရသလို မြို့ရွာတွေနဲ့ မြစ်ချောင်းနဲ့အနီးဆုံး သတ္တုသိုက်လို့လည်းပြောလို့ရတယ်။ အဲဒီကနေ သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုဆိုးကျိုးတွေကိုလည်း မကြာခဏ ရင်ဆိုင်ရနိုင်တယ်"ဟု ကြေးစင်တောင်ကြေးနီတူးဖော်ရေးလုပ်ငန်းနှင့် တစ်မိုင်ခန့်အကွာရှိ ရွာသာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ် စံပယ်တောင်မှထွက်ရှိသော ကြေးနီဓာတ်သတ္တုများသည် ကမ္ဘာ့ဈေးကွက်တွင် (LONDON METAL EXCHANGE GRADE-A) ကမ္ဘာ့အဆင့်မီဓာတ်သတ္တုများ ထုတ်လုပ်နိုင်ပြီး ISO-14001 ပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်၊ ISO-9001-2008 အရည်အသွေးထိန်းသိမ်းရေးစနစ် AS/NZ-4801 လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစနစ်စသည့်လက်မှတ်များဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ်အတွင်း စံပယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပန်းတောင်းတောင် သတ္တုသိုက်တည်ရှိမှုကို အိန္ဒိယနိုင်ငံ ဘူမိဗေဒတိုင်းတာရေးအဖွဲ့က ၁၉၃၄ ခုနှစ်တွင် The Mineral Resources of Burma စာအုပ်တွင် မှတ်တမ်းပြုစုခဲ့ကြောင်း သိရသည်။ Ivanhoe Cpital Corporation နှင့် ၁၉၉၆ ခုနှစ်တွင် ဖက်စပ်လုပ်ငန်းများ ထူထောင်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် စက်ရုံများစတင်တည်ဆောက်၍ ၁၉၉၈ ခုနှစ် နိုဝင်ဘာလအတွင်း ကမ္ဘာ့အဆင့်မီကြေးနီအား စတင်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ တရုတ်နိုင်ငံမှ မြန် မာဝမ်ပေါင်ကုမ္ပဏီက တာဝန်ယူထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ ကြေးနီထုတ်လုပ်ရေး စီမံကိန်းနယ်မြေအတွင်းစံပယ်တောင်ကြေးနီသတ္တုသိုက်မှာ တူးဖော်မှုလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ပြီး ယခုအခါ ကြေးစင်တောင်နှင့် လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန် အပေါ်ယံမြေသားတူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ရခိုင်တွင် ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့် နှစ်နာရီလျှော့

**မောင်တော၊ ဩဂုတ် - ၁၀**

ဇွန်လ ၈ ရက်က ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်အချို့ဖြစ်သော မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲနှင့် ရမ်းဗြဲမြို့များတွင် ညမထွက်ရအမိန့် ပုဒ်မ-၁၄၄ ထုတ်ပြန်ထားရာ ယခုလ ၉ ရက်က ယင်းအမိန့်အား နှစ်နာရီလျှော့ချလိုက်သည်ဟု သက်ဆိုင်ရာ အုပ်ချုပ်ရေးရုံးများ၏ ကြေညာချက်အရသိရသည်။



**အသွားအလာရှင်းနေသည့် ရခိုင်ပြည်နယ် စစ်တွေမြို့တစ်နေရာ**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့် အထက်ပါမြို့များတွင် ယခင်က ညမထွက်ရအမိန့်အား ညနေ ၆ နာရီမှ နံနက် ၆ နာရီ သတ်မှတ်ထုတ်ပြန်ခဲ့ပြီး ယခုအခါ ည ၇ နာရီမှ နံနက် ၅ နာရီအထိသို့ ပြောင်းလဲ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

လက်ရှိ အခြေအနေတွင် စစ်တွေ၊ ရမ်းဗြဲ၊ ကျောက်ဖြူနှင့် သံတွဲမြို့များ၏ အခြေအနေမှာ ပုံမှန်အတိုင်း ရှိနေပြီး မောင်တော၊ ဘူးသီးတောင်မြို့များ၏ အခြေအနေမှာလည်း ယခင်ကဲ့သို့တည်ငြိမ်အေးချမ်းလာပြီဖြစ်သည်။ သို့သော် ဩဂုတ် ၈ ရက်က ကျောက်တော်မြို့တွင် ဆူပူအကြမ်းဖက်မှု အချို့ ဖြစ်ပေါ်ခဲ့သဖြင့် ယင်းမြို့တွင်ညမထွက်ရအမိန့်ကို ဩဂုတ် ၈ ရက်က ထုတ်ပြန်ခဲ့ရကြောင်းသိရသည်။

ကျောက်တော်မြို့တွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားသော်လည်း မြို့ပေါ်တွင် ဈေးများ၊ ကျောင်းများ ပုံမှန်အတိုင်း ဖွင့်လှစ်ထားကြောင်း ကျောက်တော်မြို့ခံတစ်ဦးကပြောသည်။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့မှ ဒေသခံများမှာ ညမထွက်ရအမိန့်အား ရုပ်သိမ်းစေချင်သော်လည်း မောင်တော၊ ဘူးသီးတောင်မြို့နယ်များမှဒေသခံများအနေဖြင့် ညမထွက်ရအမိန့်ထုတ်ပြန်ထားခြင်းကို ပိုမိုကျေနပ်မှုရှိကြောင်း မောင်တောဒေသခံတစ်ဦးကပြောကြားသည်။



7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# မန်းကုန်စိမ်းဈေးသစ်သို့ ပြောင်းရွှေ့ပြီး ဝယ်သူမလာ၍ ဈေးသည်များအခက်တွေ့



ဓာတ်ပုံ-ညီညီဇော်

ညီညီဇော်

မန္တလေး၊ ဩဂုတ်-၁၁

မန္တလေးမြို့ ၄၁ လမ်းနှင့် မြို့ပတ်ကမ်းနားလမ်းဆုံရှိ ကုန်စိမ်းပျံကျညဈေးသို့ ကုန်စိမ်းသည်အများစု ပြောင်းရွှေ့ရောင်းချနေပြီဖြစ်သော်လည်း အဆိုပါ ဈေးနေရာသည် မူလကိုင်းတန်းဈေးတစ်ဝိုက်နှင့် အလှမ်းကွာခြင်း၊ နယ်ဝေးဝယ်လက်များ လိုက်မလာသေးခြင်းတို့ကြောင့် မူလနေရာသို့ အာဏာပိုင်များတားမြစ်သည့်ကြားမှပင် စားဝတ်နေရေးအတွက် အရဲစွန့်ကာ သွားရောက်ရောင်းချမှုများ ရှိနေသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက တားမြစ်ရာသို့ တောင်းပန်ကာ ဝင်ရောက်ရောင်းချခြင်းများ၊ မူလနေရာသို့သာ ပြန်ရောင်းချခွင့်ပေးရန် ဆန္ဒထုတ်ဖော်မှုများ ညတိုင်းနီးပါးဖြစ်ပွားခဲ့ပြီး မြို့တော်ဝန်ကိုယ်တိုင်လာရောက် ရှင်းလင်းပြောကြားသည့်အဆင့်သို့ ရောက်ရှိခဲ့သည်။

ဩဂုတ် ၆ ရက် ညပိုင်းတွင်မှု ကုန်စိမ်းဈေးသည်များသည် မန်းကျုံးတောင်ဘက်ရှိမန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မူလနေရာတွင် ပြန်လည်ရောင်းချခွင့်ပေးရန် တောင်းဆိုဆန္ဒပြုခဲ့ကြသည်။

နံနက် ၂ နာရီခန့်တွင် ကုန်စိမ်းသည်များထဲမှ သုံးဦးကို မြို့တော်ဝန်နှင့် ဒေသအာဏာပိုင်များက ခေါ်ယူတွေ့ဆုံခဲ့သည်။ ၁ နာရီကျော်ကြာ တွေ့ဆုံမှုတွင် ရဲအရာရှိတစ်ဦးမှယခုလိုလာရောက်တောင်းဆိုမှုသည် ဥပဒေနှင့်မညီသဖြင့် ဥပဒေအတိုင်း ဆောင်ရွက်ရန် အသိပေးခဲ့သည်။

မန်းမြို့တော်ဝန်က မူလနေရာတွင် ဈေးရောင်းချခွင့်ပေးမည်ဟု မဟုတ်ကြောင်း၊ မန်းမြို့တော်သာယာရေးအတွက်ဖြစ်ကြောင်း၊ ဈေးသည်များ အကျိုးအတွက်လည်း ဆောင်ရွက်ပေးမည့်လုပ်ငန်းများရှိကြောင်း ပြောကြားခဲ့သည်။

“ခုဈေးက မစည်ဘူးမဟုတ်ဘူး။ စည်တယ်။ လယ်လီသမားတွေစည်တာ။ ညီမတို့ကကျတော့ အဝေးသမားမျှော်တာလေ။ တစ်ရာဖိုး နှစ်ရာဖိုးနဲ့ကျမကိုက်ဘူး။ ညပိုင်း ၁၂နာရီကျော်ရင် လူမရှိတော့ဘူး” ဟု မင်းကွန်းဘက်မှ လာရောက်ရောင်းချနေသူ ကုန်စိမ်းသည်တစ်ဦးက ပြောသည်။

ဟင်းသီးဟင်း ရွက်ကုန်စိမ်းများကို ယင်းညဈေးမှ ဝယ်ယူပြီး ရပ်ကွက်၌ တစ်ဆင့်ပြန်လည်ရောင်းချနေသူ အမရပူရမြို့မှ အမျိုးသမီးတစ်ဦးက “ဈေးက ပြောင်းသွားပြီဆိုပေမယ့် သားငါးတွေ မပါသေးဘူး။ အဲဒီတော့ မူလနေရာ သွားဝယ်ရသေးတယ်။ ပြီးမှ ခုဈေးသစ်ကို ကူးရတော့ ဆိုက်ကားခတွေ ပိုကုန်တယ်။ ဈေးသစ်မှာပဲ အားလုံးစုံစေချင်တယ်” ဟု ပြောသည်။

မန္တလေးမြို့ရှိ ကုန်စိမ်းတန်းညဈေးသို့ မန္တလေးဝန်းကျင်မြို့များဖြစ်သော မတ္တရာ၊စဉ့်ကူး၊ပြင်ဦးလွင်၊ ကျောက်ဆည်၊ မြစ်သား၊ ပလိပ်၊စဉ့်ကိုင်၊စစ်ကိုင်းအစရှိသည့် မြို့များမှဈေးသည်များလာရောက် အရောင်းအဝယ်ပြုလုပ်ကြသည်။






# မှန်လုံကားကြီးများ စစ်တောင်းတံတားမှ ပြန်လည်ဖြတ်သန်းရေး မွန်ပြည်နယ်ဝန်ကြီးချုပ် စီစဉ်နေ

**ရဲခေါင်ဦး**
**ကျိုက်ထို၊ ဩဂုတ်-၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်စံပြကျေးရွာရှိစစ်တောင်းတံတား(သိမ်ဇရပ်)မှ ဟိုင်းလတ်ခရီးသည်တင်ကားများမှအပ မှန်လုံကားကြီးများ ကုန်တင်ယာဉ်ငယ်များ ဖြတ်သန်းခွင့် မပြုသည်မှာ လေးနှစ်ခန့် ကြာပြီဖြစ်၍ ဒေသခံများက ပြည်နယ်ဝန်ကြီးချုပ်ထံ စာရေးသားတင်ပြ အကူအညီတောင်းခဲ့ကြရာ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




စစ်တောင်းတံတား(မုပ္ပလင်)ကို ဖွင့်လှစ်ပြီးနောက်ပိုင်း စစ်တောင်းတံတား(သိမ်ဇရပ်)မှပဲခူး-ကျိုက်ထိုဟိုင်းလတ်ခရီးသည်တင်ကားများကိုသာ ဖြတ်သန်းသွားလာခွင့်ပြုတော့သဖြင့် စစ်တောင်းစက္ကူစက်နှင့် အခြားဌာနဆိုင်ရာများဖြင့် စည်ကားသော သိမ်ဇရပ်စံပြကျေးရွာနှင့် ဝန်းကျင်ဒေသရွာများ၊ စစ်တောင်းမြစ်ကမ်းဘေးရှိပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့မှ နေပြည်တော်၊ ရန်ကုန်၊ သထုံ၊ မော်လမြိုင်၊ ဘားအံ၊ ထားဝယ်နှင့် မြဝတီမြို့များသို့ မှန်လုံကားဖြင့် သွားလာရမည့် ခရီးသည်များ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ကြရသည်။ ထို့ကြောင့် ဒေသတွင်းစည်ကားမှု လျော့ကျခြင်း၊ စီးပွားရေး ကျဆင်းခြင်းများ ဖြစ်ပေါ်ခဲ့ရသည်ဟု သိရသည်။

ယခုနှစ် ဇွန်လနောက်ဆုံးအပတ်က မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအုန်းမြင့်ထံ လိပ်မူ၍ စာရေးသား တင်ပြခဲ့ကြရာ ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ကျိုက်ထိုမြို့နယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးက တံတားကြီးအား သွားရောက်စစ်ဆေးခဲ့ကြသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးကလည်း ဝန်ကြီးချုပ်ထံတင်ပြသူများအား ခေါ်ယူတွေ့ဆုံကာ သဘောဆန္ဒများကိုမေးမြန်း၍ ပြန်လည်တင်ပြခဲ့သည်။

"တံတားကြီးက Express ကားတွေပြန်သွားနိုင်ဖို့ဝန်ကြီးချုပ်က စီစဉ်နေပါတယ်။ လောလောဆယ် တံတားထိပ်က လမ်းတွေပျက်စီးနေတာပြုပြင်ဖို့ရယ်၊ တံတားကြီး ရေရှည်ကြံ့ခိုင်မှု ရှိ၊ မရှိ မော်လမြိုင်တိုင်း(၈)က လာရောက်စစ်ဆေးပြီး ခွင့်ပြုနိုင်ဖို့ရယ်ပဲ လိုပါတယ်။ ဒါတွေပြည့်စုံသွားပြီဆိုရင်တော့အဆင်ပြေဖို့သေချာသွားပါပြီ" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က ပြောကြားသည်။

# မိလ္လာကန်အပေါင်း တူးဖော်ရာမှ လူသေဆုံးမှုဖြစ်

**ဗိုလ်ပြည့်(တောင်တွင်းကြီး)**
**တောင်တွင်းကြီး၊ ဩဂုတ် - ၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် မိလ္လာကန်ထဲဆင်းပြီး အလုပ်လုပ်ရာမှ လူသေဆုံးမှု ဩဂုတ် ၅ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်အချိန်ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့ တောင်ပြင်(၁) ရပ်ကွက်နေ ဦးဝင်းကို၏ The Best ဘော်ဒါဆောင်ရှိအိမ်သာနှစ်လုံးတွဲနောက်ရှိ မိလ္လာကန်အား ဩဂုတ် ၄ ရက် ည ၁၁နာရီခန့်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သန့်ရှင်းရေးယာဉ်ဖြင့် အညစ်အကြေးများ စုပ်ထုတ်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေ့ (ဩဂုတ် ၅ရက်) နံနက် ၁၀ နာရီအချိန်ခန့်တွင် အဆိုပါ မိလ္လာကန်များအား ရွှေအိုး(၁)ရပ်ကွက်နေသူ ဦးစံငြိမ်း(၄၉ နှစ်)က အပေါက်ဆင်းဖောက်ရာမှ နေ့လယ် ၁၂နာရီအချိန်ခန့်အထိ ၎င်းအားမတွေ့ရသဖြင့် ပိုင်ရှင်ဦးဝင်းကိုနှင့်အတူ တစ်ရပ်ကွက်တည်းနေ ဦးမောင်ညွှန့်တို့က တုတ်နှင့်စမ်းသပ်ရှာဖွေရာ ဦးစံငြိမ်းအား အရည်ကန်အတွင်း နစ်မြုပ်နေသည်ကို တွေ့ရှိခဲ့ရသည်။ ဦးစံငြိမ်းအား ဘော်ဒါဆောင်ကျောင်းသားများနှင့် ဝိုင်းဝန်းဆယ်ယူခဲ့ရကြောင်း၊ ဦးဝင်းကိုမှာမူးဝေပြီး မိလ္လာကန်အတွင်းမှ မတက်နိုင်၍ ဆွဲတင်ခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ မြို့မရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်လှငွေနှင့် တာဝန်မှူးဒုတိယရဲအုပ်အောင်ခိုင်စိုး၊ တောင်ပြင်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှသောင်းနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ဦးစံငြိမ်းမှာ နှာခေါင်းနှင့်ပါးစပ်ဝဲထောင့်မှ သွေးအနည်းငယ်ထွက်နေပြီး အသားအရေဖြူရော်ကာ သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရသည်။ ဦးဝင်းကို(၅၇နှစ်)မှာ ခေါင်းမူး၍ မောပန်းနေသည်ကိုတွေ့ရှိရသဖြင့် တောင်တွင်းရဲတပ်ဖွဲ့စခန်းက သေမှုသေခင်းအမှတ်စဉ်၅/၂၀၁၂ဖြင့် ညနေ ၃နာရီ၄၅မိနစ်အချိန်တွင်အမှုတွဲဖွင့်လှစ်၍ မြို့မရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်လှငွေက ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊မဟုတ် လက်ခံစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ဓာတ်ဆီကို ရေသန့်ဘူးအတွင်းသို့ လောင်းထည့်ရာမှ မီးလောင်၍ လူတစ်ဦးသေဆုံး

**ရန်နိုင်ကျော်**
**မုံရွာ၊ ဩဂုတ် - ၈**

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ နယ်မြေ ၁၁ ကျောက္ကာလမ်းမကြီးပေါ်ရှိသိန်းစကြာကားပစ္စည်းအရောင်းဆိုင်တွင် ပလတ်စတစ်ပုံးအတွင်းမှ ဓာတ်ဆီအား ရေသန့်ဘူးအတွင်းသို့ လောင်းထည့်စဉ် သဘာဝတည်ငြိမ်လျှပ်စစ်ကြောင့် မီးတောက်လောင်ရာမှ မီးကူးစက်လောင်ကျွမ်းမှု ဩဂုတ် ၇ ရက် ည ၁၂နာရီခွဲ အချိန်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၇ ရက် ည ၁၂ နာရီခွဲ အချိန် မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ နယ်မြေ ၁၁ကျောက္ကာလမ်းရှိဦးရန်အောင်(၄၄ နှစ်)သည် သိန်းစကြာကားပစ္စည်းအရောင်းဆိုင်တွင် ပလတ်စတစ်ပုံးအတွင်းမှ ဓာတ်ဆီအား ရေသန့်ဘူးအတွင်းသို့ လောင်းထည့်ရာမှမီးလောင်ခြင်းဖြစ်သည်။

မီးလောင်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦး ဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၂၄ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ မီးသတ်ယာဉ် ၁၆စီး၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းငြှိမ်းသတ်မှုကြောင့် နံနက် ၁ နာရီခွဲအချိန်တွင် မီးငြိမ်းသွားခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့် အာရ်စီသုံးထပ်တိုက်နေအိမ်အတွင်း အင်ဂျင်ဝိုင်တစ်ဂါလန်ပုံး ၅၁ ပုံး၊ ဓာတ်ဆီငါးဂါလန်ခန့်၊ ကားပစ္စည်းမျိုးစုံနှင့် သုံးထပ်တိုက်၏ အောက်ထပ်တံခါးချပ်များ၊ ဝရန်တာများ ပျက်စီးခဲ့ပြီး ကာလတန်ဖိုးကျပ်၁၁သိန်းဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့သည်။

နေအိမ်ပိုင်ရှင် ဦးရန်အောင်၏ ဇနီးဖြစ်သူ ဒေါ်သိဂီလွင်(၃၂နှစ်) နှင့် သားမောင်ဝေယံအောင်(၁၆ နှစ်) တို့မှာ မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် မုံရွာပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေစဉ် မောင်ဝေယံအောင်မှာ ရရှိထားသော မီးလောင်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

မီးအား ပေါ့ဆစွာသုံးစွဲသူ ဦးရန်အောင်အား မုံရွာမြို့၊ အမှတ်(၂)ရဲစခန်းမှ (ပ)၃၅၀/၂၀၁၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၂၈၅/၃၀၄(က)ဖြင့် အမှုဖွင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ဆင်ဆာမဲ့အခွေရောင်းသူ ရှစ်ဦးကို ဖမ်းဆီးရမိ

**ကျော်ဇေယျ**
**နေပြည်တော်၊**
**ဩဂုတ်-၈**

နေပြည်တော် ကောင်စီနယ်မြေဖြစ်သော နေပြည်တော်ပျဉ်းမနားတွင် ဩဂုတ်လ ၃ ရက်က ဆင်ဆာမဲ့ ဇာတ်ကားခွေများ၊ ညစ်ညမ်းခွေများအား တစ်ချိန်တည်းတစ်ပြိုင်နက်ဆယ်ဦး ဖမ်းဆီးခဲ့ရာတွင် နှစ်ဦးမှာ အသက်အရွယ်မပြည့်သေးသောလူငယ်အဖြစ်ပါဝင်နေကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် ကောင်စီနယ်မြေဖြစ်သောနေပြည်တော် ပျဉ်းမနားတွင် ဩဂုတ်လ ၃ ရက် ညနေ ၄ နာရီအချိန်ခန့်က နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်းလှည့်ကင်းဆောင်ရွက်ရာတွင် ဆင်ဆာမဲ့ ညစ်ညမ်းခွေနှင့် ခိုးကူးခွေများ၊ ဆင်ဆာမဲ့ဇာတ်ကားခွေများအား ခေါင်းရွက်ရောင်းချသော လူရှစ်ဦးကို တစ်ချိန်တည်းမှာပင် တစ်ပြိုင်နက် ဖမ်းဆီးရမိခဲ့ပြီး အမှု ၁၀ ခုဖြင့် အမှုဖွင့်ထားကြောင်းနှင့် နှစ်ဦးမှာ အသက်အရွယ်မပြည့်သေးသည့် လူငယ်များဖြစ်ကြောင်း သိရသည်။

"တစ်ချိန်တည်းမှာပဲ တစ်ပြိုင်နက်လိုလိုမှာပဲ ဖမ်းမိတာရှစ်ဦးရှိတယ်။ တချို့သောသူတွေက ဆင်ဆာမဲ့ဇာတ်ကား ခိုးကူးခွေတွေအပြင် ဆင်ဆာမဲ့ ညစ်ညမ်းအပြာကားတွေပါ ပါနေလို့ ဗီဒီယိုအက်ဥပဒေ ပုဒ်မ ၃၀(ခ)အပြင်၊ ညစ်ညမ်း ဥပဒေပုဒ်မ ၂၉၂ ပါ ထပ်ဖွင့်ထားတယ်။ ရှစ်ဦးထဲမှာ ဥပဒေအရ အသက်မပြည့်သေးတဲ့ (၁၃)နှစ်အရွယ် တစ်ယောက်နဲ့ (၁၅)နှစ်အရွယ် တစ်ယောက်ပါတဲ့အတွက် နောက်ပိုင်းမှာ ကလေးသူငယ်ဥပဒေနဲ့ ပြောင်းလဲအမှုဖွင့်သွားမှာပါ"ဟု နေပြည်တော် ပျဉ်းမနား ရဲတပ်ဖွဲ့စခန်းမှ ရဲအရာရှိတစ်ဦးက ပြောဆိုသည်။

နေပြည်တော်ပျဉ်းမနားတွင် ခိုးကူးခွေများအား အဆက်မပြတ်ဖမ်းဆီးလျက်ရှိရာ ပြီးခဲ့သည့် ဇူလိုင်လ တစ်လလုံးအတွက် စုစုပေါင်းကိုးမှု ဖမ်းဆီးရမိပြီး ယခုလအတွင်း(၁၀)မှုအား တစ်ပြိုင်နက် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။







7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# တောင်သူစုဆောင်းငွေကို ၎င်းတို့ဆန္ဒအတိုင်း ခွင့်ပြုထားဟုဆို

**ထူးသန့်**
**နေပြည်တော်၊ ဩဂုတ် - ၆**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကတောင်သူများထံသို့နှစ်စဉ်ထုတ်ချေးလျက်ရှိသော ချေးငွေမှ ၁၀ ရာခိုင်နှုန်းကိုဖြတ်ကာ စုဆောင်းငွေအဖြစ် စုဆောင်းစေခြင်းကို သက်ဆိုင်ရာ တောင်သူများ၏ ဆန္ဒအတိုင်းသာ ခွင့်ပြုပေးထားကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်ကပြောကြားသည်။

"အခုတောင်သူတွေရဲ့ ဆန္ဒအလျောက် စုဆောင်းလိုက စုဆောင်းစေပြီး ဆန္ဒမရှိရင်လည်း စုဆောင်းခြင်းမပြုရန်ခွင့်ပြုထားပါတယ်"ဟု တောင်သူစုဆောင်းငွေနှင့်ပတ်သက်ပြီး ဦးခင်ဇော်က ရှင်းလင်းပြောကြားသည်။ စိုက်ပျိုးစရိတ်ချေးငွေကိုမူ အတိုးမဲ့ထုတ်ချေးမည့်အစီအစဉ်မရှိသေးကြောင်းလည်း ၎င်းကဆက်လက်ရှင်းလင်းသည်။

အဆိုပါတောင်သူစုဆောင်းငွေနှင့်ပတ်သက်ပြီး ကျင်းပခဲ့သည့် တတိယအကြိမ် ပုံမှန်အစည်းအဝေးတွင်လည်း ဆွေးနွေးခဲ့ရာ တောင်သူများ ရုန်းကန်နေရသည့်အချိန် စုဆောင်းငွေဖြတ်တောက်စုစေခြင်းသည် အဓိပ္ပာယ်မရှိကြောင်း၊ ယင်းစနစ် ဆက်လက်ကျင့်သုံးရန် သင့်၊ မသင့်သည် စဉ်းစားရမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပြောကြားသည်။

တောင်သူလယ်သမားများ တွက်ခြေကိုက်ပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် သီးနှံထုတ်လုပ်စရိတ်လျှော့ချနိုင်ရေး၊ အတိုးနည်းချေးငွေ ကာလရှည်သုံးစွဲနိုင်ရေး၊ သွင်းအားစု (မြေဩဇာ၊ ပိုးသတ်ဆေးစသည်)များ အထူးသက်သာစေရန် ဖန်တီးပေးရေး၊ လွတ်လပ်စွာ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်းလည်း ဒေါက်တာအေးမောင်က ဆိုသည်။

တောင်သူချေးငွေအတွက် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အတိုးနှုန်းကိုမူ အဆင့်ဆင့်လျှော့ချပေးခဲ့ကြောင်း၊ ယခင်က တစ်နှစ်အတွက် ၁၇ ရာခိုင်နှုန်း ပေးဆောင်ခဲ့ရာမှ ၂၀၁၁ စက်တင်ဘာလမှစ၍ ၁၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၁၂ ဇန်နဝါရီလမှစ၍ ၁၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ ယခု ဘဏ္ဍာရေးနှစ် ၂၀၁၂ ဧပြီလမှစတင်၍ ၈ ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း အဆင့်ဆင့်လျှော့ချပေးခဲ့ကြောင်းလည်းဦးခင်ဇော်က ရှင်းလင်းပြောကြားသည်။

# ကျောက်တော်ဒေသခံများ လုံခြုံရေး တိုးမြှင့်စေလို

**မြတ်စုမွန်**
**ရန်ကုန်၊ ဩဂုတ်-၉**

ပုဒ်မ ၁၄၄ ထပ်မံထုတ်ပြန်လိုက်သည့် ကျောက်တော်မြို့တွင် လုံခြုံရေး အင်အားနည်းသဖြင့် တိုးမြှင့်ပေးစေလိုကြောင်းဒေသခံရခိုင်လူမျိုးများက ပြောသည်။

ဆူပူအကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားခဲ့သည့် ကျောက်တော်မြို့တွင် ယခင်က ဒေသခံများ၏ အလှည့်ကျ ကင်းစောင့်ခြင်းကို ရပ်နားလိုက်ရသဖြင့် ညပိုင်းလုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိနေကြောင်း ကျောက်တော်မြို့ မြို့သစ်ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိ အခြေအနေတွင် မြောက်ဦးမြို့နယ်ရှိစစ်တပ်တစ်ခုက လုံခြုံရေးတာဝန်ဖြင့် ညစဉ်ကင်းလှည့်နေကြောင်း သူကဆိုသည်။

ကျောက်တော်မြို့နှင့် အနီးကျေးရွာအချို့တွင် ယခုလ ၅ ရက်က အကြီးစားဆန်စက်တစ်လုံးနှင့်လူနေအိမ်များ မီးရှို့ခံရပြီး အကြမ်းဖက်မှုများဖြစ်ပွားခဲ့သဖြင့် ညမထွက်ရအမိန့်ပုဒ်မ ၁၄၄ ကို ထုတ်ပြန်ကြေညာခဲ့သည်။

"အခြားနေရာတွေမှာ ဖြစ်နေတုန်းက ညဘက်ကိုယ့်ဘာသာကိုယ်ကင်းစောင့်ခဲ့ကြတယ်။ အခုကျတော့ ၁၄၄ ထုတ်လိုက်တော့ ကင်းမစောင့်ရဘူးလို့ညွှန်ကြားပါတယ်။ လုံခြုံရေးကို သူတို့တာဝန်ယူမယ်လို့ ပြောပါတယ်။ မြို့ကလူတွေစိတ်ထဲမှာ ညဘက်ခြုံခိုတိုက်ခိုက်ခံရမှာ စိုးရိမ်နေပါတယ်" ဟု ကျောက်တော်မြို့နေကိုကျော်ကျော်က ပြောသည်။

ရခိုင်ပြည်နယ်တွင် စစ်တွေမြို့၊ ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များ၌ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားလျက်ရှိသော်လည်း ကျောက်တော်မြို့ပေါ်တွင် မူယခုကဲ့သို့အကြမ်းဖက်မှုဖြစ်ပွားခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး လက်ရှိအခြေအနေ၌ ပြန်လည်တည်ငြိမ်လာကြောင်း၎င်းကပြောသည်။

ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်က "ကျောက်တော်က ၃၊ ၄ ရွာလောက်မှ ရေကန်တွေ အဆိပ်ချခံရတာမျိုးတွေ ဖြစ်နေတာကြာပြီ။ ဒေသခံတွေဘက်ကတော့ ဥပဒေအကြောင်းအရ အရေးယူပေးဖို့ကိုပဲ စောင့်ကြည့်နေတာ။ အခုလောက်ထိ ဖြစ်လာတာဟာ လုံခြုံရေးပိုင်းမှာ ကိုင်တွယ်မှုအပိုင်းကိုပွင့်ပွင့်လင်းလင်း မလုပ်လို့ဘဲ" ဟု ပြောသည်။

ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကိုယ်စားလှယ်မစ္စတာသောမတ်စ်အိုဟေးကင်တားနား ရခိုင်ပြည်နယ်သို့ လာရောက်လေ့လာပြီး ၄ ရက်မြောက်နေ့တွင် ကျောက်မြို့၌ ယခုကဲ့သို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်တွေမြို့ မောင်တောမြို့ ဘူးသီးတောင်မြို့နှင့် သံတွဲမြို့တို့တွင် ဇွန်လအတွင်းက စတင်၍ အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ပြီး ယခုအချိန်ထိ ပြန်လည်ရုပ်သိမ်းခြင်း မရှိသေးပေ။

သို့သော် အရေးပေါ် အခြေအနေထုတ်ပြန်ပြီး နှစ်လကြာမြင့်ခဲ့သည့်မြို့နယ်များကို မူလသတ်မှတ်ချိန်ထက် တစ်နာရီစီ လျှော့ချလိုက်ပြီးည ၆ နာရီမှ နံနက် ၆ နာရီအတွင်း လမ်းမထွက်ရ အမိန့်အစား ည ၇ နာရီမှ နံနက် ၅ နာရီဟု ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်ကြောင်း ရခိုင်ပြည်နယ် နယ်စပ်ရေးရာ လုံခြုံရေးဝန်ကြီး ဦးထိန်လင်းက ပြောကြားသည်။

One More

၂၀၁၂ ၊ ဇူလိုင်လ

၁၂,၇၅၇ ဦး
၁၂,၇၅၇,၀၀၀ ကျပ်

၁။ ပင်မအကျိုးဆောင်လူငယ်များအဖွဲ့ (Prime Promoters)၊ မြင်းခြံမြို့သို့ ကျပ်သိန်း(၃၀)။
၂။ အောင်တော်မူ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့သို့ ကျပ် (၂၅)သိန်း။
၃။ သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ညောင်ကုန်းကျေးရွာ၊ ကြက်လျှာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်သို့ ကျပ် (၁၅)သိန်း။
၄။ ဒေါ်ဖွားသီလရှင်ပညာရေးကျောင်း၊ ရှမ်းတဲကြီးရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ကျပ် (၁၅) သိန်း။
၅။ ဘားအံမြို့နှင့် မြိုင်ကလေးဒေသရှိ သံလွင်မြစ် ရေဘေးဒုက္ခသည်စခန်းများသို့ ၄,၂၅၇,၀၀၀ ကျပ်လှူဒါန်းသည်။

## ဝန်ထမ်းအလိုရှိသည်။

★ Marketing Executive ကျား / မ (၄) ဦး
- ကြော်ငြာအရောင်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။ Marketing Target ပြည့်မီအောင်စွမ်းဆောင်နိုင်ရမည်။
(အခြေခံလစာ ၁၂၀၀၀၀ ကျပ် + ရာခိုင်နှုန်းခံစားခွင့်= ၂၂၆၀၀၀ ကျပ်)

★ Junior Marketing Executive ကျား / မ (၆) ဦး
- ကြော်ငြာအရောင်းအတွေ့အကြုံ အနည်းဆုံး (၁) နှစ်ရှိရမည်။ Marketing Target ပြည့်မီအောင်စွမ်းဆောင်နိုင်ရမည်။
(အခြေခံလစာ + ရာခိုင်နှုန်းခံစားခွင့်= ၁၆၅၀၀၀ ကျပ်)

★ အထက်ဖော်ပြပါ ရာထူးများအတွက် ဂျာနယ်၊ မဂ္ဂဇင်း၊ လမ်းညွှန်စာအုပ်အတွေ့အကြုံရှိသူဦးစားပေးမည်။

စိတ်ပါဝင်စားသူများအနေဖြင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ စာရွက်စာတမ်းအပြည့်အစုံ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ အမှတ်(၅၉)စီ၊ ဒုတိယထပ်၊ ပိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၃၁၈၅၂၉၅ သို့ (၃၁-၈-၂၀၁၂) နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံး သယ်ယူပို့ဆောင်ရေးနှင့် အမြန်ချောပို့ကွန်ယက်



DTDC
Delivering Value

DTDC International Courier Services Golden Waso Promotion

Singapore, Thailand, Australia, Malaysia, Dubai, India, China, UK, USA အစရှိသော ပြည်ပနိုင်ငံများသို့ ပစ္စည်းပို့ဆောင်သူများအား (20% DISCOUNT) ဖြင့် အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးနေပါပြီ။ (Door to Door delivery services available)

** August 31 ရက်နေ့အထိသာ**

No.72, Ground Floor, 21st St, Lower Block, Latha Tsp, Yangon, Myanmar
www.dtdc.com Hot Line: 01- 374457, 09-43134095
Email: dtdcyangon@dtdc.com Sole proprietor: Aeropost Co.,Ltd

## ဝန်ထမ်းအလိုရှိသည်

**သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်)**တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများအား ခန့်ထားရန် လိုအပ်လျှက်ရှိပါသည်။

**၁။ လက်ထောက်မန်နေဂျာရာထူး (ကျား/မ) ၂၀ ဦး**
■ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
■ အင်္ဂလိပ်စာ ကျွမ်းကျင်သူဖြစ်ရမည်။
■ ကွန်ပျူတာကျွမ်းကျင်စွာ တတ်မြောက်အသုံးချနိုင်ရမည်။
■ အသက်(၃၀)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။

မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
၎င်းရာထူးတွင် ဘဏ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မိမိ၏ ကိုယ်ရေးရာဇဝင် ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ **သမဝါယမဘဏ်လီမိတက်၊ ရုံးချုပ်၊ စီမံခန့်ခွဲမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာန၊** အမှတ်(၃၄၀)၊ ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

# အလုပ်ရှင်၊ အလုပ်သမားနှင့် ဝန်ကြီးဌာနအရာရှိများ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဆက်တိုက်ပြုလုပ်လာ

သန်းဌေး

**ရန်ကုန်၊ ဩဂုတ်-၈**

အလုပ်ရှင်၊ အလုပ်သမားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ သုံးပွင့်ဆိုင်တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးပွဲများ ဆက်တိုက်လုပ်ဆောင်လာကြောင်း သတင်းရရှိသည်။

"အစိုးရ၊ အလုပ်ရှင်နဲ့ အလုပ်သမားရဲ့ သုံးဦးသုံးဖလှယ် ကောင်းမွန်တဲ့ ဆက်ဆံရေးရရှိပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြဖို့ဖြစ်ပါတယ်။ အခုဆွေးနွေးပွဲလိုလူမှုရေးဆွေးနွေးပွဲတွေဟာ မကြာခဏပြုလုပ်ရမှာ ဖြစ်ပါတယ်"ဟု အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသက်နိုင်ဦးက ပြောသည်။

၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်က ချက်ထရီယမ်ဟိုတယ်တွင် စက်မှုလုပ်ငန်းခွင်ဆက်ဆံရေး စနစ်တည်ဆောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ဆန်းမစ်ပ့ါခ်ဗျူးဟိုတယ်တွင် ဒုတိယအကြိမ် တွေ့ဆုံခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲများသို့အခြေခံအလုပ်သမား ၁၃၈ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်တစ်ဖွဲ့၊ အခြေခံအလုပ်ရှင် ၁၁ ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ်တစ်ဖွဲ့၊ စုစုပေါင်း ၁၅၁ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အလုပ်သမား ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

"အလုပ်ရှင်တွေက သူတို့တွေပေးထားတဲ့ နှုတ်ကတိစာချုပ်၊ လက်ကတိစာချုပ်တွေကိုပြန်ချိုးဖောက်နေတာတွေရှိတယ်။ မနေ့ကညကတော့ အာရှလူ့အခွင့်အရေးကောင်စီကို အွန်လိုင်းပေါ်ကနေ တင်ပေးထားတယ်"ဟု ဂျနီဗာသို့ သွားရောက်ခဲ့သော အလုပ်သမားကိုယ်စားလှယ် ဦးသန့်ဇင်ဦးက 7Day News သို့ ပြောသည်။

မန္တလေးမြို့ ပြည်ကြီးတံခွန် မြို့နယ်စက်မှုဇုန်(၁) ကနောင် ခန်းမတွင် စက်မှုလုပ်ငန်းခွင် ဆက်ဆံရေးစနစ်တည်ဆောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုဩဂုတ် ၁၆ ရက်(ကြာသပတေးနေ့)၌တတိယအကြိမ်မြောက်ကျင်းပမည်ဖြစ်ကြောင်း အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

---

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
Abacus/ Amadeus
ကျွမ်းကျင်သော ဝန်ထမ်းအလိုရှိသည်။
အသက် (၂၀-၃၀) အတွင်း
**ဖုန်း-၀၁-၃၉၃၂၀၅၊ ၃၇၁၃၈၂**
လပြည့်ဝန်းပလာဇာ၊ (၈) လွှာ၊ အခန်း (၈၀၄)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
သင်တန်းဆရာ/ဆရာမ အမြန်အလိုရှိသည်။ English (4 skills) (သို့မဟုတ်) Business English သင်ကြားပေးနိုင်သူအမြန်အလိုရှိသည်။
**ဖုန်း-၃၈၆၆၉၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Comics (နိုင်ငံတကာ အဆင့်မီကာတွန်းရုပ်ပြများ) ရေးဆွဲထုတ်ဝေရန် အတွက် ပုံဆွဲကျွမ်းကျင်သူများ အလိုရှိသည်။
**ဖုန်း-၀၉-၅၁-၈၆၄၇၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Bagan Royal Star Construction Co.,Ltd
Safety Officer ကျား (၁) ဦး
(ကျွမ်းကျင်လက်မှတ်၊ အတွေ့အကြုံ(၂) နှစ်နှင့်အထက်၊ နယ်တွင်သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။)
(၁၆-၈-၂၀၁၂)နောက်ဆုံးထားလျှောက်ရန်။ (၂၀-၈-၂၀၁၂) အင်တာဗျူးမည်။
**ဖုန်း-၀၁-၆၈၅၃၅၂**
အမှတ် (၁၀၆၊ ၁၀၇)၊ ရတနာလမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း ကျား (၂) ဦး
(Word, Excel ကျွမ်းကျင်)
အထွေထွေဝန်ထမ်း ကျား (၈) ဦး
(အသက် (၂၀-၃၅) နှစ်အတွင်း)
ယာဉ်မောင်းကျွမ်းကျင် ကျား (၄) ဦး
အမှတ် (၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
**ဖုန်း - ၀၉၇၃၀၂၇၇၃၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ကားအလှဆင်ပစ္စည်းရောင်းဝယ် တပ်ဆပ်ခြင်း လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန်
ကားအလှဆင်ကျွမ်းကျင်ဝန်ထမ်းကျား/မ (၂) ဦး
(ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်)
**ဖုန်း - ၀၁-၅၁၅၀၃၄၊ ၀၁-၅၀၂၃၄၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Myanmar Integrated Cargo Services Co.,Ltd
Accountant Female (1)
Age 20-23, Experience in handling accounting related duties for small businesses.
**ဖုန်း-၆၅၆၃၆၀**
အမှတ် - ၈၇/အေ၊ မြကန်သာလမ်းနှင့် ငြိမ်းချမ်းရေးလမ်းထောင့်၊ (၁၀) မိုင်၊ အင်းစိန်မြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Hall Music Band မှ စီစဉ်သော Group songs VCD Karaoke တွင် ပါဝင်သီဆိုလိုသော လူသစ်တန်း အဆိုရှင်များ အမြန်ဆက်သွယ်ပါ။
**ဖုန်း - ၀၉၇၃၀၇၇၃၀၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း ကျား (၁) ဦး
(အိမ်ကားမောင်းရန်၊ အသက် ၄၅-၅၀ ဝန်းကျင်၊ သုဝဏ္ဏမြို့တွင် နေထိုင်သူဦးစားပေးမည်) **ဖုန်း-၀၉-၅၀၉၃၀၁၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing ကျား/မ (၅) ဦးအလိုရှိသည်။ ရုပ်ရည်သန့်ပြန့်၍ သွက်လက်ချက်ချာရမည်။
**ဖုန်း-၀၉၄၃၀၉၄၆၄၇**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Tawwin centre တွင် ဖွင့်မည့် Honeybess ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် European Food ကျွမ်းကျင်စားဖိုးမှူး (၂) ဦး အလိုရှိသည်။ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
**ဖုန်း-၀၉-၄၃၀၇၄၆၃၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
မော်ဒယ်လ်ဖိတ်ခေါ်ပွဲ
သီချင်း၊ ဗီစီဒီ ရိုက်မည်ဖြစ်၍ မြန်မာပြည်အရပ်ရပ်မှ တိုင်းရင်းသားပေါင်းစုံ မော်ဒယ်လ် သရုပ်ဆောင်များ (ကျား-မ) မည်သူမဆို ဆက်သွယ်စာရင်းပေးပါဝင်သရုပ်ဆောင်နိုင်ပါသည်။
**ဖုန်း-၀၉-၄၃၁၀၆၅၆၇**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း တွင် တာဝန်ထမ်းဆောင်ရန်အတွက် ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်။ ကျွမ်းကျင်မှုရှိလျှင် လစာနှင့် ကော်မရှင်ကို ထိုက်တန်စွာ ခံစားခွင့်ရရှိမည်။
**ဖုန်း - ၀၉-၄၅၀၀၀၉၆၇၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ရွှေဒဂုံသွားဆေးခန်း တွင် ကွန်ပျူတာကျွမ်းကျင် မ(၃) ဦးအလိုရှိသည်။
Internet, Website ကျွမ်းကျင်သူ ဦးစားပေးမည်။ ညနေ (၅) နာရီနောက်ပိုင်း SSC (ရွှေဂုံတိုင်ဆေးရုံ) ရှိသွားဆေးခန်းသို့ လျှောက်ထားနိုင်ပါသည်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
(၁) အင်္ဂလိပ် ဘာသာပြန်၊ စကားပြန် ကျား/မ (၁) ဦး
(၂၅ မှ ၅၀ နှစ်အတွင်း၊ အင်္ဂလိပ်ဘာသာဖြင့် အထူးပြုဘွဲ့ရရှိပြီးသူ၊ အင်္ဂလိပ်စာ(ရေး၊ ဖတ်၊ ပြော) ကျွမ်းကျင်သူ၊ အင်္ဂလိပ်-မြန်မာကွန်ပျူတာကျွမ်းကျင်ရမည်)
(၂) တရုတ် ဘာသာပြန်၊ စကားပြန် ကျား/မ (၂) ဦး
(၂၅ မှ ၃၀ နှစ်အတွင်း၊ နိုင်ငံခြား ဘာသာတက္ကသိုလ်မှ (တရုတ်) အထူးပြုဘာသာဖြင့် ဘွဲ့ရသူ၊ တရုတ်စာ (ရေး၊ ဖတ်၊ ပြော) ကျွမ်းကျင်ရမည်။ တရုတ်-မြန်မာကွန်ပျူတာကျွမ်းကျင်ရမည်)
(၂၄-၈-၂၀၁၂) ရက်နေ့နောက်ဆုံး ထား၍လျှောက်ထားနိုင်သည်။
**ဖုန်း-၀၁-၂၁၈၄၅၁**
အခန်းအမှတ်(၉၀၂)၊ UMFCCI Office Tower၊ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
မူကြိုဆရာမအလိုရှိသည်။ သင်တန်းဆင်းလက်မှတ်ရထားသူကို ဦးစားပေးမည်။
**ဖုန်း - ၀၁-၃၉၄၈၁၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ရွှေဒီပါကုမ္ပဏီ
အရောင်းစာရေးမ မ (၅) ဦး
(၁၀ တန်းအောင်/ဘွဲ့ရရှိပြီးသူ၊ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း)
အမှတ် ၆၈ (ခ) ရေတမာလမ်း၊ ဘုရင့်နောင်
**ဖုန်း-၀၁-၆၈၂၁၄၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Office Staff (၁၀) ဦး
(စိတ်ပါဝင်စားသူများ CVနှင့်အတူ လာရောက်လျှောက်ထားနိုင်၊ ဆယ်တန်းဖြေဆိုသူများလည်း လျှောက်ထားနိုင်)
**ဖုန်း- ၂၉၉၁၉၆၊ ၀၉-၇၃၂၁၂၉၀၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
မန္တလေးရွှေရည်ကုမ္ပဏီလီမိတက်
ယာဉ်မောင်း ကျား (၅) ဦး
(အသက် ၂၀မှ ၄၀ နှစ်အတွင်း၊ ၁၀ တန်းအောင်/ဘွဲ့ရ)
အမှတ် (၃၄)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၀၉-၇၃၀၄၈၃၀၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Happy Cook Co.,Ltd
Marketing and Sales ကျွမ်းကျင် (၁) ဦး
(အသက် ၂၅ နှစ်နှင့် ၃၅ နှစ်အတွင်း၊ လုပ်သက်(၃)နှစ်၊ အခြေခံလစာ+ Incentive)
**ဖုန်း-၆၃၈၃၁၀၊ ၆၃၈၃၂၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ဆိပ်ကမ်းစားသောက်ဆိုင်
၁။ အကြော်ဆရာ (ကျွမ်းကျင်) ၁ ဦး
၂။ အကင်ဆရာ ကျား/မ (၁) ဦး
၃။ waiter (၅) ဦး
အမှတ် (၆၄၇)၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း - ၀၉၅၀၉၃၈၇၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
- GM M (1) Post
- Sales/ Marketing Manager M (1) Post
- B D Mgr/Assit Mgr M/F (1) Post
- Sr Exe: Mgr/Officer M/F (1) Post
- Admin Assit Mgr M (1) Post
- Senior Account F (2)Post
- Senior Exe: Commercial M/F (1) Post
- Admin/HR Executive M (1) Post
- Sale Executive M (1) Post
- Translator (Chinese) M/F (1) Post

No.B/7. Tawwin Road, 9 mile, Mayangone Township.
**Ph: 01-651888, 651999**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
HR Manager (၂) ဦး
Admin Manager (၁) ဦး
(အင်္ဂလိပ်စာ ရေးဖတ်ပြော ကျွမ်းကျင်ရမည်)
Accountant မ (၂) ဦး
(Accounting ဘွဲ့ရ သို့မဟုတ် CAT, ACCA အောင်မြင်ပြီး လုပ်ငန်းအတွေ့အကြုံရှိရမည်)
HR ဌာန၊ FMI Center အမှတ် (၃၈၀)၊ ၁၀ ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Amazing Dreams Travels & Tours
Tour Operation Manager ကျား/မ (၁) ဦး
(ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ (၃) နှစ်၊ အသက် ၄၅ နှစ်အောက်)
**ဖုန်း - ၀၉-၅၁၁၃၂၇၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing & Sales Manager ကျား/ မ (၅) ဦး
Office Staff မ (၃) ဦး
Ready Packing မ (၁၀) ဦး
၃၃၈ (အေ)၊ ပြည်လမ်း၊ မဟာမြိုင်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
English Teacher (5) Female
Physics Teacher (5) Female
Chemistry Teacher (5) Female
Biology Teacher (5) Female
Maths Teacher (5) Female
Science Teacher (5) Female
Geography Teacher (5) Female
History Teacher (5) Female
(31.8.2012) နောက်ဆုံးလျှောက်ထားရန်
No.5, Mahar Myint Moh St, U Chit Maung Lansone, Bahan.
**Ph: 01-400769**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ အဲကွန်း ကျွမ်းကျင် (၂) ဦး
(လုပ်သက် ၂ နှစ်နှင့်အထက်)
၂။ အဲကွန်း ကျွမ်းကျင် (၃) ဦး
(လုပ်သက် ၃ နှစ်နှင့်အထက်)
**ဖုန်း-၀၉-၅၀၆၉၀၄၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
တိုင်းရင်းသားစားသောက်ဆိုင်
1. Marketing Supervisor (1) F
2. 2nd Cook (Myanmar Food) (2) M
3. Bar Helper (2) P
4. Waiter/ Waitress (4) M/F
5. Kitchen Helper (3) M
6. Security (2) M
**ဖုန်း-၆၆၀၇၉၂**
အမှတ် (၅/အေ)၊ မေခလမ်းနှင့် ပါရမီလမ်းထောင့်၊ အေဒီမှတ်တိုင်အနီး၊ မရမ်းကုန်းမြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
စိုးစံ(လင်း) ကုမ္ပဏီ
-အိမ်၊ ခြံ၊ မြေ Marketing မ (၅) ဦး
(အသက် ၂၀-၂၅ နှစ်ကြား၊ ဘွဲ့ရအလုပ်ကြိုးစား လုပ်ကိုင်လိုသူဖြစ်ရမည်)
- ယာဉ်မောင်း ကျား (၂) ဦး
(အသက် ၂၅-၅၀ နှစ်ကြား၊ ရန်ကုန်မြို့တွင်ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်)
အမှတ် (၇၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ ကမာရွတ်မြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
UCS အမြန်ချောစာပို့လုပ်ငန်းမှ
စာရင်းကိုင်ကျွမ်းကျင် မ (၁) ဦး
(ဘွဲ့ရ၊ စာရင်းကိုင်အတွေ့အကြုံရှိသူ ဦးစားပေးမည်)
အမှတ် (၇၅)၊ အုတ်ပုံဆိပ်လမ်း၊ (၈) ရပ်ကွက်၊ မရမ်းကုန်း၊ တံတားကလေးလမ်းဝအနီး။
**ဖုန်း - ၀၉၇၃၀၇၃၀၉၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ကြော်ငြာ၊ ဇာတ်လမ်း၊ သီချင်းဗီစီဒီ၊ ဓာတ်ပုံတို့ရိုက်ကူးရန်အတွက် အနုပညာဝါသနာပါသော လူငယ်သရုပ်ဆောင်များအလိုရှိသည်။ (ကျား/မ)
**ဖုန်း - ၂၂၇၁၉၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ အင်ဂျင်နီယာ Civil (BE or GTI) ကျား/မ
၂။ စာစီစာရိုက် (ကျား/မ)
(လုပ်ငန်းကျွမ်းကျင်ဦးစားပေးမည်)
ပ/၆၊ ပုဗ္ဗသီရိဈေး၊ ပွဲရုံတန်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ဖုန်း - ၀၆၇-၅၀၀၀၅၁**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

နေပြည်တော် **စိုးစံ** လေ့ကျင့်ရေးစခန်း ပြင်ဦးလွင်



- ၁၉၈၃ ခုနှစ်တွင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) B.A.(DSA) D.V.M.C, D.R.M.C (USA) စတင်တည်ထောင်ပြီး ယနေ့အထိ သားဖြစ်သူ ဦးတင်လတ် B.E (RIT) M.B.A. (NUS) နှင့်အတူ စီမံခန့်ခွဲ လေ့ကျင့်ပေးနေသည်။
- တည်ထောင်ချိန်မှစ၍ ယနေ့အထိ စည်းကမ်းကို အခြေခံသည့် စနစ်ကျသော သင်ကြားလေ့ကျင့်မှုများဖြင့် ပြင်ဦးလွင်တွင် ဂုဏ်ထူး အများဆုံး ဆေးကျောင်း အဝင်ဆုံးTop Ten အဝင်ဆုံးအဖြစ် ခိုင်မာစွာ ရပ်တည်နေသည်။
- ၂၀၀၉ ခုနှစ်တွင် နေပြည်တော်စိုးစံကို ပထမဆုံး စမ်းသပ်ကိုယ်ပိုင်ပညာသင်ကျောင်းအဖြစ် စတင်ခဲ့ပြီး ပြင်ဦးလွင်စိုးစံနှင့် နေပြည်တော် စိုးစံတွင် Grade 9 မှ Grade 11 အထိ အချိန်ပြည့်၊ အချိန်ပိုင်း သင်ကြားလေ့ကျင့် ပေးနေသည်။
- ထူးချွန်ကြိုးစားသူများကို ပိုမို မြေတောင်မြှောက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပင်ကိုယ်ဉာဏ်မြင့်မားပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲ ထူးချွန်စွာအောင်မြင်ရေးအတွက် ဖြည့်စွက်သင်ကြားမှု ရယူလိုသူများအား ပညာသင်ဆုများကို နှစ်စဉ်ချီးမြှင့်ပေးနေသည်။

## SOESAN GOES INTERNATIONAL



နိုင်ငံတကာပညာရေးအခွင့်အလမ်းများအတွက် ၂၀၁၂/၂၀၁၃ ပညာသင်နှစ်မှစ၍အတွေ့.

အကြို့ရှိ ဆရာ/ ဆရာမ များမှအခြေခံပညာသင်ရိုးအပြင် International သင်ရိုးကိုပါပူးတွဲသင်ကြားပေးနေပါသည်။

www.facebook.com/soesanboardingschool



- နေပြည်တော် - ဥာဏအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး။ ဖုန်း - ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉
- ပြင်ဦးလွင် - အမှတ်(၂၀၆)၊ ဘီလမ်း။ ဖုန်း ၀၈၅-၂၂၁၂၈၊ ၂၁၃၉၉

Education

7 DAY NEWS JOURNAL

Vol.11, No.23 • AUGUST 16 , 2012

# မျက်မမြင်ကျောင်းသူတစ်ဦး ရန်ကုန်တိုင်းအတွင်း တက္ကသိုလ်ဝင်တန်း ဒုတိယအမှတ်အများဆုံးရရှိ

**ချယ်ရီမြင့်**

**ရန်ကုန်၊ ဩဂုတ်-၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်တက္ကသိုလ်ဝင်စာမေးပွဲတွင် အဆင့်တစ်မှ တစ်ဆယ်အတွင်း စာရင်းဝင်သူများ၌ဝိဇ္ဇာဘာသာတွဲ၊ အတွဲ(၂)ဖြင့် တစ်တိုင်းလုံး ဒုတိယဆုကို မျက်မမြင်ကျောင်းသူတစ်ဦး ရရှိသွားကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးကပြောကြားသည်။

ဒုတိယဆုရရှိသူ မဥမ္မာထွေးသည်အ. ထ. က(၂)အင်းစိန်တွင် ပညာသင်ကြားခဲ့သူဖြစ်ပြီး စုစုပေါင်းရမှတ် ၃၄၂မှတ်ဖြင့်အောင်မြင်ခဲ့သူဖြစ်သည်။

"ကျွန်မက ဆုတွေဘာတွေ အထိတော့ မဟုတ်ဘူး။ ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ ဖြေဆိုနိုင်အောင်တော့ လေ့ကျင့်ပါတယ်။ တက္ကသိုလ်ဆက်တက်ဖို့အတွက် ကိုရီးယားဘာသာ၊ အင်္ဂလိပ်ဘာသာနဲ့ဆိုက်ကိုလော်ဂျီဘာသာရပ်တွေ လျှောက်ထားပါတယ်" ဟု မဥမ္မာထွေးက ပြောသည်။

မဥမ္မာထွေးသည် ရန်ကုန်မျက်မမြင်ကျောင်းသို့ ၂၀၀၁ ခုနှစ်တွင် စတင်ရောက်ရှိခဲ့ပြီး လက်ရှိတွင် ၂၀၁၃ ဆီးဂိမ်းပြီးနောက်ကျင်းပမည့် မသန်စွမ်းပါရာလံပစ်ပြိုင်ပွဲအတွက်စစ်တုရင်ကစားနည်းကို လေ့ကျင့်နေကြောင်းမဥမ္မာထွေးကဆက်လက်ပြောကြားသည်။

"ဒီနှစ် မျက်မမြင်ကျောင်းသားသုံးဦးဝင်ဖြေတာ နှစ်ဦးအောင်သွားတယ်။ ကျွန်တော်တို့ကျောင်းက သင်ရိုးပုံစံတို့၊ သင်ပြတဲ့နေရာမှာလည်း ကူညီပေးရတယ်။ လမ်းညွှန်ပေးရတယ်။ မျက်မမြင်ကျောင်းက ဆရာမတွေလည်း သင်ပေးတယ်" ဟု အထက(၂)အင်းစိန်မှ ကျောင်းအုပ်ဆရာကြီးဦးကျော်မြင့်က ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုသူ ကိုးသောင်းကျော်အနက် သုံးသောင်းကျော်အောင်မြင်ခဲ့သည်။

ယခုနှစ်အတွက်အောင်ချက်အကောင်းဆုံးမြို့နယ်မှာ လသာမြို့နယ်ဖြစ်ပြီး အောင်ချက်အကောင်းဆုံးကျောင်းမှာအ. ထ. က (၁)ဒဂုံဖြစ်သည်။

ဝိဇ္ဇာဘာသာတွဲ အတွဲ(၂)ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး အနေဖြင့် သင်ကြားသူ ကျောင်းသားဦးရေ ၅ ဒသမ ၆၇ ရာခိုင်နှုန်းသာရှိ၍ သင်ကြားသူဦးရေနည်းပါးလျက်ရှိသည်။

# ထိုင်းနိုင်ငံရှိ ရှင်နာဝပ်ထရာတက္ကသိုလ်တွင် ပညာသင်ဆုလျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၆**




ထိုင်းနိုင်ငံတွင် ပညာသင်ကြားရန် စိတ်ဝင်စားသော ကျောင်းသားများသည်နိုဝင်ဘာလကျောင်းဝင်ခွင့်အတွက် ရှင်နာဝပ်ထရာတက္ကသိုလ်၌ ပညာသင်ဆုများ စတင်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း OESC ပညာရေး ဝန်ဆောင်မှုလုပ်ငန်းမှ သိရသည်။

အဆိုပါတက္ကသိုလ်တွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများအတွက် Interntaional Business, Professional Finance, Tourism and Hotel Management, Software Engineering, Management Information System, Web & Mobile Applications, Architecutral Innovation Management, Building & Facility Management, Energy & Environment management နှင့် English for International Communication ဘာသာရပ်များကို လျှောက် ထားနိုင်မည် ဖြစ်သည်။

ပညာသင်ဆုအတွက် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ထားသူများနှင့် ပြည်တွင်းဘွဲ့ရရှိထားသူများလည်း လျှောက်ထားနိုင်ပြီး အင်တာဗျူးခေါ်ယူစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်နာဝပ်ထရာတက္ကသိုလ်သည် အကယ်ဒမစ်နှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပို့ချလျက်ရှိပြီး မြန်မာတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူနေသော ကျောင်းသားများအနေဖြင့် ဘာသာရပ်ဆိုင်ရာကင်းလွတ်ခွင့်များ လျှောက်ထားနိုင်ကြောင်း သိရသည်။

# ဗြိတိန်တက္ကသိုလ်တစ်ခု နိုင်ငံတကာ ကျောင်းသားခေါ်ယူခွင့် ရပ်ဆိုင်းခံရ

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၈**

မြန်မာကျောင်းသားများသွားရောက် ပညာသင်လေ့ရှိသော ဗြိတိန်နိုင်ငံရှိ လန်ဒန်မက်ထရိုပိုလီတန်တက္ကသိုလ်သည် နိုင်ငံတကာ ကျောင်းသားခေါ်ယူခွင့် ရပ်ဆိုင်းခံထားရကြောင်း Crown ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ သိရသည်။

ကျောင်းသားပြည်ဝင်ခွင့်အတွက် Highly Trusted Sponsor အဆင့်သတ်မှတ်ခံထားရသော လန်ဒန်မက်ထရိုပိုလီတန် တက္ကသိုလ်သည် နိုင်ငံတကာ ကျောင်းသားများ၏ ကျောင်းသားပြည်ဝင်ခွင့်အား ယာယီရပ်ဆိုင်းခံထားရခြင်း ဖြစ်သည်။

"ဒီအချိန်က ကျောင်းလျှောက်တဲ့အချိန်ဆိုတော့ အဲဒီတက္ကသိုလ်ကို လျှောက်မယ့် မြန်မာကျောင်းသားတွေရှိရင် သတိထားသင့်ပါတယ်။ ကျောင်းဝင်ခွင့်ကိုတော့ လက်ခံလို့ရပြီး ပြည်ဝင်ခွင့်အတွက် ကျောင်းလက်ခံစာ (CAS)ကို ထုတ်ပေးနိုင်မှာမဟုတ်တဲ့အတွက် သံရုံးမှာ ကျောင်းသားပြည်ဝင်ခွင့် လျှောက်လို့ရနိုင်မှာ မဟုတ်သေးပါဘူး" ဟု Crown ပညာရေးဝန်ဆောင်မှုမှ မန်နေဂျင်းဒါရိုက်တာက ပြောသည်။

လန်ဒန်မက်ထရိုပိုလီတန် တက္ကသိုလ်သည်ပြည်တွင်းရှိကွန်ပျူတာဒီပလိုမာသင်တန်းများနှင့် ချိတ်ဆက်၍ ဘွဲ့ပေးအပ်ဖူးသော တက္ကသိုလ်တစ်ခုဖြစ်ပြီး မြန်မာကျောင်းသားများလည်း တက်ရောက်ပညာသင်ယူနေကြောင်း သိရသည်။

နိုင်ငံတကာ ကျောင်းသားခေါ်ယူခွင့် ရပ်ဆိုင်းခံရခြင်းမှာ ကျောင်းသားများ၏ ကျောင်းခေါ်ချိန်နှင့် အင်္ဂလိပ်စာ အရည်အသွေးစစ်ဆေးမှုများ ဖြေရှင်းရန် လိုအပ်ခြင်းကြောင့်ဖြစ်ပြီး မကြာမီတွင် နိုင်ငံတကာကျောင်းသား ခေါ်ယူခွင့်ပြန်လည် ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းတက္ကသိုလ်မှ တာဝန်ရှိသူက ပြောကြားထားသည်။

# ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့်တောင်ကုတ်မြို့များတွင် တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၈**

ယခုပညာသင်နှစ်မှစတင်၍ ရန်ကုန်၊မန္တလေး၊စစ်ကိုင်းနှင့်တောင်ကုတ်မြို့များတွင် တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှသိရသည်။

ရန်ကုန်မြို့တွင် ရွှေဂုံကောလိပ်၊ မန္တလေးမြို့တွင် မန္တလာကောလိပ်၊ စစ်ကိုင်းမြို့တွင် စစ်ကိုင်းတက္ကသိုလ်နှင့် တောင်ကုတ်မြို့တွင် တောင်ကုတ်ကောလိပ်တို့ကို ယခုနှစ်တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသော ကျောင်းသား များအတွက် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

မကြာမီက ပိတ်သိမ်းလိုက်သော သန်လျင်တံတားအဆင်း၊ တိုင်းရင်းသားကျေးရွာအနီးရှိပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကို ရွှေဂုံကောလိပ်အမည်သို့ပြောင်းလဲ၍ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် တက်ရောက်ရမည့် ကျောင်းသားအချို့ကို လက်ခံပညာသင်ကြားရန်စီစဉ်နေသည်။

"ဘယ်မြို့နယ်က ကျောင်းသားတွေကို လက်ခံမယ်ဆိုတာတော့ မသိသေးဘူး။ နီးစပ်ရာ မြို့နယ်က ကျောင်းသားတွေကို ထည့်ပေးဖို့ရှိပါတယ်။ အဲဒီမှာ ကျောင်းဝင်ခွင့်ရတဲ့ ကျောင်းသားတွေက ဟိုဘက်ကမ်းအထိ ကျောင်းသွားတက်စရာမလိုတော့ဘူးပေါ့"ဟု ရွှေဂုံကောလိပ်နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ကြောင့်ဝိဇ္ဇာနှင့်သိပ္ပံအထူးပြုဘာသာရပ်များ သင်ကြားသော တက္ကသိုလ်၊ ကောလိပ်များအဖြစ် ရန်ကုန်မြို့တွင် ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ရွှေဂုံကောလိပ်နှင့်မန္တလေးမြို့တွင် ရတနာပုံတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မြင်းခြံဒီဂရီကောလိပ်၊ မန္တလာကောလိပ်တို့ရှိလာမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ဝိဇ္ဇာနှင့်သိပ္ပံအထူးပြုဘာသာရပ်များ သင်ကြားသောတက္ကသိုလ်၊ ကောလိပ် စုစုပေါင်း ၃၉ခုထိရှိလာမည်ဖြစ်သည်။




GRANDWISH
GENERAL TRADING COMPANY LIMITED

VACANCY ANNOUNCEMENT

(For Local Service Only)

**Sales Manager** (M/F) 1 Post
Any Graduate, Age (27) years and above. Minimum (5) years experience in related field. Effective communication and leadership skill is a must.

**Cheif Accountant** (M/F) 1 Post
B.Com, CPA or ACCA, Minimum (5) years experience in related field. Proficiency in Excel and computerized accounting. Skill in management.

**Assistant Accountant** (M/F) 2 Posts
Any Graduate, LCCI Level III, (2) years experience in related field.

**Sales Staff** (M/F) 5 Posts
Any Graduate, Age (20) years and above. Must have good communication skill.

**Office Staff** (Any Graduate) (M/F) 3 Posts

Applicants should send the CV to info.grandwish@gmail.com or apply directly at our office not later than 31st August 2012.

Grandwish General Trading Co., Ltd
No.4, Tat Lann Housing, Thanthumar Road, Thuwana, Thingangyun T/S, Yangon. Tel: 01 8550610, 700692

7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# အစ္စရေးသို့ ပထမအကြိမ်လေ့လာရေးသွားရန် မြန်မာကျောင်းသား ခုနစ်ဦး ရွေးချယ်ခံရ

**နိုင်ချို၊ ငြိမ်းချမ်း**
**ရန်ကုန်၊ဩဂုတ်-၆**

အစ္စရေးနိုင်ငံ ဟီးဗရူးတက္ကသိုလ်သို့ ပထမဆုံးအကြိမ်လေ့လာရေးသွားရန် မြန်မာကျောင်းသားခုနစ်ဦးကို အစ္စရေးသံရုံးနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့ ပူးပေါင်းရွေးချယ်လိုက်ကြောင်း အစ္စရေးသံရုံးက သတင်းထုတ်ပြန်သည်။

(၆)ကြိမ်မြောက် Asian Science Camp 2012 ကို မြန်မာကျောင်းသားများ ရွေးချယ်ခံရခြင်းဖြစ်ပြီး ယခုရွေးချယ်ခံခြင်းခံရသော ကျောင်းသားခုနစ်ဦးသည် ၂၀၁၂ ခုနှစ် ဩဂုတ် ၂၆ ရက်မှ ဩဂုတ် ၃၁ ရက်ထိ အစ္စရေးနိုင်ငံ ဟီးဗရူးတက္ကသိုလ်၊ အက်ဒ်ပွန်ရေဆာဖရာနယ်မြေသို့ လေ့လာရေးသွားရောက်ရမည်ဖြစ်သည်။ ရွေးချယ်ခံရသူ ကျောင်းသားများမှာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ချင်းတွင်းကောလိပ်နှင့် PS Business School တို့မှ ဖြစ်သည်။

အစ္စရေးခရီးစဉ်တွင် သိပ္ပံဆိုင်ရာ နိုဗယ်ဆုရှင် ၁၀ ဦးနှင့် အခြားသိပ္ပံပညာရှင်များက ဟောပြောပို့ချပြီး အသိပညာများ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တက်ရောက်ရန်အတွက် ငွေကြေးတစ်စုံတစ်ရာ ပေးရန်မလိုဘဲ အစ္စရေးတွင် နေထိုင်သွားလာစရိတ်ကိုလည်း ထောက်ပံ့မည်ဖြစ်ကြောင်း အဆိုပါခရီးစဉ်ကို စီစဉ်ပေးနေသူ Myanmar Credent Technology မှ မန်နေဂျင်းဒါရိုက်တာဦးဇော်နိုင်ကပြောသည်။ သို့သော် မြန်မာနိုင်ငံမှ အစ္စရေးသို့ သွားသည့်ခရီးစရိတ်ကိုမူ ကျောင်းသားများဘက်က ကျခံရမည်ဖြစ်သည်။ ၎င်းခရီးစဉ်အတွက်လျှောက်လွှာတင်သွင်းသူ ကျောင်းသား ၁၆၀ ခန့် ရှိခဲ့သော်လည်း ခုနစ်ဦးသာ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးချယ်သည့်အခါ အသက် ၁၇ နှစ်မှ ၂၁ နှစ်အတွင်း သိပ္ပံပညာရပ်ကို စိတ်ဝင်စားပြီး အင်္ဂလိပ်ဘာသာစကား ကောင်းမွန်စွာပြောဆိုနိုင်သူများကိုသာ ရွေးချယ်ခြင်းဖြစ်ကြောင်း ယခုရွေးချယ်မှုနှင့် ပတ်သက်ပြီး ဦးဇော်နိုင်က ဆက်လက်ပြောကြားသည်။

အစ္စရေး သံအမတ်ကြီး မစ္စတာရာယွန်မေရာက "မတူညီတဲ့ တက္ကသိုလ်တွေက ကျောင်းသားခုနစ်ယောက်ကို ရွေးချယ်ထားပါတယ်။ နည်းပညာဆိုင်ရာ ပညာရေးဟာ အစ္စရေးမှာ အရမ်းအရေးကြီးတဲ့ကဏ္ဍမှာ ပါဝင်ပါတယ်။ သိပ္ပံပညာနဲ့ ပတ်သက်တဲ့ သုတေသနတွေကိုလည်း မြန်မာနိုင်ငံနဲ့ ပူးတွဲလုပ်ဆောင်သွားမှာဖြစ်တယ်။ အစ္စရေးနိုင်ငံအနေနဲ့ အခုလို ရွေးချယ်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်"ဟု ကျောင်းသားများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသွားခဲ့သည်။

ရွေးချယ်ခံရသည့် ကျောင်းသားတစ်ဦးဖြစ်သည့် ချင်းတွင်းကောလိပ်မှ မောင်ဟိန်းထက်အောင်က "ကျွန်တော် အက်ဆေးကောင်းကောင်းရေးလိုက်တယ်။ အဲဒီထဲမှာ သိပ္ပံပညာကို စိတ်ဝင်စားတဲ့အကြောင်း၊ အစ္စရေးနိုင်ငံကို လေ့လာရေး ဘာကြောင့်သွားချင်တဲ့ အကြောင်းတွေ ရေးပြီးတော့ တင်လိုက်ပါတယ်။ သူတို့ရွေးတာက အင်္ဂလိပ်စကားကောင်းကောင်းပြောနိုင်လို့လည်းပါတယ်။ ပြီးတော့ ကျွန်တော် အစ္စရေးနိုင်ငံအကြောင်းကိုလည်း အင်တာနက်ကနေတစ်ဆင့် အများကြီးလေ့လာထားရပါတယ်။ ကျွန်တော် ဒီခရီးစဉ်ကနေ အသိပညာဗဟုသုတတွေ၊ အတွေ့အကြုံသစ်တွေ အများကြီးရမယ်လို့ မျှော်လင့်ပါတယ်"ဟု ဆိုသည်။

Asian Science Camp ခရီးစဉ်ကို နှစ်စဉ်ရွေးချယ် စေလွှတ်လျက်ရှိရာ ယခုနှစ်သည် (၆)ကြိမ်မြောက်ဖြစ်ပြီး မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရွေးချယ်ခြင်းဖြစ်သည်။ အဆိုပါ Asian Science Camp ကို နိုဗယ်ဆုရှင် သိပ္ပံပညာရှင် ပါမောက္ခ Y.T.Lee နှင့် ပါမောက္ခ M.Koshiba တို့က ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။

# ရန်ကုန်မြို့ရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များမှ တက္ကသိုလ်ဆရာ၊ ဆရာမများ အသင်းဖွဲ့မည်

**နေလင်းထွန်း**
**ရန်ကုန်၊ ဩဂုတ်-၁၀**

ရန်ကုန်မြို့ရှိဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ ပါဝင်ဖွဲ့စည်းထားသော တက္ကသိုလ် ဆရာ၊ ဆရာမများအသင်းကို ယခုလအတွင်း တရားဝင်မှတ်ပုံတင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်တက္ကသိုလ်၊ဒဂုံတက္ကသိုလ်၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်များမှ ဆရာ၊ ဆရာမများသည်တက္ကသိုလ်ဆရာ၊ဆရာမများအသင်း ဖွဲ့စည်းတည်ထောင်ရေးအတွက် ယခုလ ၁၀ရက်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တို့သည်တက္ကသိုလ်ဆရာ၊ဆရာမများ အသင်းဖွဲ့စည်းရန် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖွဲ့စည်းပြီး မှတ်ပုံတင်ရန်အသင့်ဖြစ်နေသော်လည်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့မှာ တက္ကသိုလ်ဆရာ၊ဆရာမများ အသင်းဖွဲ့စည်းရန် အခက်အခဲအချို့ ကြုံတွေ့နေရကြောင်း အဆိုပါအသင်းဖွဲ့စည်းရန် ကြိုးပမ်းနေသော တက္ကသိုလ်ဆရာများက ပြောသည်။

"သတင်းစာရှင်းလင်းပွဲ လုပ်လိုက်တဲ့ ရည်ရွယ်ချက်က အသင်းဖွဲ့စည်းဖို့အခက်အခဲရှိနေတဲ့ကျောင်းတွေ လုပ်ရဲ ကိုင်ရဲရှိအောင် လမ်းဖွင့်ပေးလိုက်တာဖြစ်ပါတယ်။ အသင်းဝင်ဖို့ စိုးရွံ့နေတဲ့သူတွေကိုလည်း ဒါကတရားဝင်ဖြစ်တယ်ဆိုတာသိအောင် ဒီပွဲကို မဖြစ်ဖြစ်အောင်လုပ်တာပါ"ဟု ရန်ကုန်တက္ကသိုလ်မှ တက္ကသိုလ်ဆရာ၊ ဆရာမများ အသင်း၊ အတွင်းရေးမှူးတာဝန်ယူထားသော လက်ထောက်ကထိကဆရာက ပြောသည်။

တက္ကသိုလ်ဆရာ၊ ဆရာမများ အသင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက်မှာ တက္ကသိုလ်ဆရာ၊ ဆရာမများ၏ သာရေး၊ နာရေး၊ လူမှုရေးနှင့် ရသင့်ရထိုက်သော အခွင့်အရေး၊နစ်နာမှုများကိုတရားဥပဒေနှင့်အညီ စောင့်ရှောက်ကူညီပေးရန်၊တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများတွင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်၊ တက္ကသိုလ်ဆရာ၊ ဆရာမများ၏ တူညီသော သဘောထားဆန္ဒများကို လွတ်လပ်စွာဖော်ထုတ်ရာတွင် အသင်းမှ ကူညီပေးရန်၊ ကျောင်းသားကျောင်းသူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာကူညီပေးရန် စသည့် အချက်များ ပါဝင်ကြောင်း သိရသည်။

တက္ကသိုလ်များဆရာ၊ဆရာမအသင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ ၂၀၁၁ ခုနှစ် ပါ ပုဒ်မ ၄ (က)နှင့်အညီ ဆရာ၊ ဆရာမများ၏ လွတ်လပ်သော သဘောဆန္ဒအရ ဖွဲ့စည်းခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်းတည်ထောင်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

INFO DAY
YIUS
Pre-University Level Studies




University Foundation Program
(Commerce, Engineering, IT & Health Science)
တက္ကသိုလ်ဝင်တန်း/ IGCSE ဖြေဆိုပြီးသူများအတွက် မြန်မာနိုင်ငံ၌ တစ်ခုတည်းသော Australia နိုင်ငံ Navitas ၏ University Foundation Program ကို YIUS တွင် တက်ရောက်ပြီး Australia, USA, UK, Canada နှင့် Singapore နိုင်ငံများရှိ တက္ကသိုလ်များ၏ပထမနှစ်သို့ တိုက်ရိုက်ဆက်လက်ပညာသင်ကြားနိုင်ပါသည်။
နိုင်ငံတကာရှိတက္ကသိုလ်များသို့ တက်ရောက်ရန် စိတ်ဝင်စားသူတိုင်းလာရောက်ဆွေးနွေးနိုင်ပါသည်။

19th August, 2012
Time: 12:00 pm - 5:00 pm

For More infomation,
contact 652311, 652297
Website: www.yius.com.mm
Email: ask@yius.com.mm

Place: PARKROYAL Hotel (Padamyar Room 5), Dagon Township.

REDLINK

**Vacancy Announcement**
**(Local Service Only)**

We are one of the leading companies in Information & Communications Technology sector in Myanmar. Now we are searching new staff for REDLINK and its subsidiaries that are looking to join a dynamic company with excellent growth respect. We offer right candidate with good remuneration package and have a chance for future career development. We are looking for qualified and talent applicants to fill the following positions which work located at Yangon. Applicant who is qualified to selection will be reward **by Attractive Salary.**

**MANAGER (ADMINISTRATION DEPARTMENT)**
**M(1)Post**
Must be any graduate, M.B.A or M.P.A or D.M.A. At least 5 years' experience in related field, Fluent in English (4) skills, Age above 35. Good leadership and Communication skill. Experienced in all Administration function like Office Administration, Vehicle Management. Can operate well in MS Office, internet, E. mail, etc,

**WEB DEVELOPER**
**M/F (3) Posts**
B.E(IT), B.C.Sc., B.C.Tech or Equivalent Diploma or Certificate. Experience in **TWO OR THREE Years** of Web Development in PHP / Java script / J Query / AJAX / CSS, HTML and Joomla. Design, develop and manage web projects Liaise with external vendors to ensure the quality of work for outsourced projects. Manage internal web projects Design Applications in Photoshop, Image Ready, Illustrator, Flash, Home Site, Dream Weaver, In Design. Strong technical writing background, interpersonal, team, and project management skills. Ability to adapt to new technologies and applications rapidly.

**WEB DESIGNER**
**M/F (2)Posts**
B.E(IT), B.C.Sc., B.C.Tech or Equivalent Diploma or Certificate. Experience in **TWO OR THREE Years** of Wed Design. Design Applications in Photoshop, Image Ready, Illustrator, Flash, Home Site, Dream Weaver,HTML and CSS In Design. Deliver the design requirements of dynamic pool of clients. Maintain & update clients' websites efficiently and quickly. Design websites and social media pages that are visually effective and easy to access.

**PROJECT COORDINATOR (IT)**
**M/F (2) Posts**
Diploma/Degree in Information Technology or equivalent certificate. At least 3 years of experience in similar job capacity. Candidate must have good experience in Project Coordinator/Management. Knowledge in IT systems, Software Development Projects, Networking Projects. Excellent communication skill required.

**Applicant who is interested in above mentioned positions should submit detail experience with recent photo, a copy of NRC, labor registration card, necessary certificates, expected salary to HR Department, RedLink Communications Co., Ltd. NO. (20) ,Building (B), Mya Yeik Nyo Royal Hotel, Pale Road, Bahan Township, Ph: 551162-64 within 2 weeks. Only those who meet above mentioned requirements will be called for interview.**

7DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

## ပြည်တွင်းမိုဘိုင်းဖုန်းများ Outbound Roaming စနစ် ၂၀၁၃ တွင် အသုံးပြုနိုင်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ဩဂုတ်-၁၁**

မြန်မာနိုင်ငံမှ မိုဘိုင်းဖုန်းများ ပြည်ပနိုင်ငံများသို့ သယ်ဆောင်အသုံးပြုနိုင်မည့် Outbound Roaming စနစ်ကို ၂၀၁၃ ခုနှစ်အတွင်း အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ Outbound Roaming စနစ်ကို အာဆီယံနိုင်ငံများအပြင် ကိုရီးယား၊ ဂျပန် အစရှိသည့်နိုင်ငံများနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ရန် မြန်မာနိုင်ငံ အစိုးရနှင့် သက်ဆိုင်ရာနိုင်ငံများအချင်းချင်း ညှိနှိုင်းမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဌာန၏ တာဝန်ရှိသူက ပြောသည်။

ပြည်တွင်းမှ မိုဘိုင်းဖုန်းများ ပြည်ပသို့ သယ်ဆောင်အသုံးပြုမည့် ယင်းစနစ်အတွက် လက်ရှိအချိန်တွင် အထက်ပါနိုင်ငံများနှင့် အပြန်အလှန် ငွေပေးချေမှုကိစ္စများကို ညှိနှိုင်းနေသည့် အဆင့်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"အောက်ဘောင်းစနစ်ကို လုပ်ရင်တော့ နိုင်ငံခြားထွက်ရင် တော်တော်အဆင်ပြေမယ်။ အခုက မြန်မာပြည်က ဖုန်းတွေက အပြင်မယူသွားနိုင်သေးတော့ ကိုယ်သွားတဲ့ နိုင်ငံရောက်မှ အဲဒီနိုင်ငံရဲ့ ဆင်းမ်ကတ်တွေကို ဝယ်သုံးရတယ်။

**စာ(၂၄)သို့**




## လီနိုဗိုက ပေါ့ပါးလျင်မြန်သော Thinkpad X1 Carbon ကို ထုတ်ဖော်ပြသ

**ဘေဂျင်း၊ ဩဂုတ် - ၇**

တရုတ်ကွန်ပျူတာကုမ္ပဏီ လီနိုဗိုသည် သင်ပုန်းကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများနှင့် ပိုမိုယှဉ်ပြိုင်နိုင်မည့် အလေးချိန်ပေါ့ပါး၍ စွမ်း ဆောင်ရည်လျင်မြန်သော Thinkpad နုတ်ဘုတ်ကွန်ပျူတာတစ်မျိုးကို ထုတ်ဖော်ပြသခဲ့သည်။ ယင်းကွန်ပျူတာမှာ Thinkpad X1 Carbon ဖြစ်ပြီး ယခုလကုန်တွင် ဈေးကွက်တင်ရောင်းချမည်ဟု သိရသည်။ လီနိုဗို ဒုတိယဥက္ကဋ္ဌ ဒီလစ်ပ်ဘီတီယာက နုတ်ဘုတ် carbon သည် ဘက်ထရီ သက်တမ်းပိုကြာကာ အလေးချိန်လည်းပိုပေါ့ပါးမည်ဟုဆိုသည်။

ယင်းနုတ်ဘုတ်မှာ သင်ပုန်းကွန်ပျူတာများ၏ ကိုင်တွယ်ရလွယ်ကူပေါ့ပါးမှုနှင့် နုတ်ဘုတ်ကွန်ပျူတာများ၏ ဖန်ရှင်စုံ အသုံးပြုနိုင်မှုတို့ကို ပေါင်းစပ်ကာ လိုချင်သော ဖောက်သည်များအတွက်ဖြစ်ကြောင်း ဆိုသည်။ လီနိုဗိုသည် ThinkPad ကွန်ပျူတာအမှတ်တံဆိပ်ကို ၂၀၀၅ တွင် IBM ကုမ္ပဏီထံမှ ဝယ်ယူခဲ့သည်။ လီနိုဗိုသည် ယမန်နှစ်က XP ကုမ္ပဏီကို ကျော်ဖြတ်ကာ ကမ္ဘာ့ဒုတိယအကြီးဆုံး ကွန်ပျူတာထုတ်လုပ်သည့် ကုမ္ပဏီဖြစ်လာသည်။

*—Ref: AP*

အရောင်း၊အကြွေးနှင့် ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် *iLedger®* ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ **01-703625, 09-73085653**



7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

**စာ(၂၃) - ပြည်တွင်း မိုဘိုင်းဖုန်းများ မှ**

ဆက်သွယ်ရေးက အခုလို လုပ်ပေးတော့မယ်ဆိုတော့ နိုင်ငံသားတွေအတွက် အဆင်ပြေလာမှာပေါ့”ဟု မြန်မာနိုင်ငံသားအမျိုးသားတစ်ဦးကဆိုသည်။

ယခုလက်ရှိအချိန်တွင် အစိုးရအနေဖြင့် အာဆီနိုင်ငံများနှင့် အာရှဒေသတွင်း နိုင်ငံအချို့မှ မိုဘိုင်းဖုန်းများကို ပြည်တွင်းသို့ သယ်ဆောင်လာကာ အသုံးပြုနိုင်သည့် Inbound Roaming စနစ်ကို ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း စတင်ကာ အသုံးပြုနိုင်ခဲ့သည်။




## ရွှေတိဂုံတွင် နိုင်ငံခြားသားများအား အင်တာနက်အခမဲ့ မိနစ် ၃၀ ခွင့်ပြု

**ရန်ကုန်၊ ဩဂုတ် - ၉**

ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဩဂုတ် လ ၁၅ ရက်မှစ၍ ဘုရားဖူးလာ နိုင်ငံခြားသားများကို အင်တာနက်အခမဲ့ သုံးစွဲခွင့် မိနစ် ၃၀စာသုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း ရွှေတိဂုံဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကြိုင်က ပြောသည်။

“ဘုရားကိုလာတဲ့ နိုင်ငံခြားသားတွေက ဘုရားပေါ်မှာ အလွန်ဆုံး ၄၅ မိနစ်လောက်ပဲနေကြတာကို ကျွန်တော်တို့ အတွေ့အကြုံအရ သိထားတယ်။ ဒါ့ကြောင့် မိနစ် ၃၀ အင်တာနက်အခမဲ့အသုံးပြုခွင့်ကို ဆောင်ရွက်ပေးထားတာပါ။ ဒီအစီအစဉ်က လောလောဆယ်နိုင်ငံခြားသား ဘုရားဖူးအတွက်ပဲ သီးသန့်ဆောင်ရွက်ပေးထားမှာပါ” ဟုရင်းကပြောသည်။

အင်တာနက်အသုံးပြုခွင့်အတွက် Password ပါဝင်သောနာရီဝက်စာ Acess Card များကို နိုင်ငံခြားသားဘုရားဖူးများအတွက် ကောက်ခံသောအလှူငွေကောင်တာတွင် သွားရောက်ထုတ်ယူနိုင်ပြီး လွတ်လပ်စွာသုံးစွဲခွင့်ပြုထားသော်လည်း ထုတ်ယူသွားသည့် ကတ်နံပါတ်နှင့် နိုင်ငံခြားသားအမည်ကို တွဲလျက်မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း သိရသည်။

“ဒါက ရွှေတိဂုံဘုရားပေါ်မှာ အင်တာနက်သုံးပြီးမဟုတ်တရုတ်သတင်းတွေ တင်သွားရင် ဘယ်သူလုပ်သွားတာလဲဆိုတာ ခြေရာကောက်လို့ရအောင် ကန့်သတ်ကာကွယ်တဲ့ သဘောပါ။ သုံးစွဲရာမှာတော့ တစ်စုံတစ်ရာ ကန့်သတ်ချက်မရှိပါဘူး” ဟုဦးဝင်းကြိုင်က ဆက်လက်ပြောသည်။

စေတီတော်ရင်ပြင်တွင်ယင်းသို့ အင်တာနက်အခမဲ့ အသုံးပြုခွင့်အတွက် ခရစ္စတယ်ရှိုင်းကုမ္ပဏီက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့လှူဒါန်းထားခြင်းဖြစ်ပြီး ပြည်တွင်းဘုရားဖူးများအတွက်မူ ဆက်လက်ချဲ့ထွင်ဝန်ဆောင်မှုပေးရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။ ရွှေတိဂုံစေတီတော်သို့ နှစ်စဉ်နိုင်ငံခြားသား ဘုရားဖူးများ လာရောက်ဖူးမြော်လျက်ရှိပြီး ထိုင်း၊ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ကိုရီယားနိုင်ငံတို့မှ အများဆုံး လာရောက်ဖူးမြော်ကြကြောင်း ရွှေတိဂုံစေတီတော် နိုင်ငံခြားသားဧည့်ဝင်ရောက်မှုစာရင်းအရ သိရသည်။

## အွန်လိုင်း Payment Gateway တစ်ခု ရတနာပုံတယ်လီပို့ စီစဉ်



**ယုဇနကိုကို**

**ရန်ကုန်၊ဩဂုတ်-၁၁**

အွန်လိုင်းပေါ်မှ ငွေပေးချေခြင်းများနှင့် ငွေလက်ခံမှုများကို ပြုလုပ်နိုင်မည့် Online Payment Gateway တစ်ခုကို မကြာမီ အသုံးပြုနိုင်ရန် ရတနာပုံတယ်လီပို့ကုမ္ပဏီမှ စီစဉ်နေပြီဖြစ်ကြောင်း ယင်းကုမ္ပဏီမှ သတင်းရရှိသည်။

ငွေကြေးဆိုင်ရာကိစ္စရပ်များအား အွန်လိုင်းပေါ်မှတစ်ဆင့် ဆောင်ရွက်နိုင်မည့် အဆိုပါ ဂိတ်ဝေးသည် Y-Pay ဟူသောအမည်ဖြင့် ကုန်ပစ္စည်းအရောင်းအဝယ်များကို ပြည်တွင်းရှိ ဈေးဝယ်စင်တာများ၊ စီးပွားရေးလုပ်ငန်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

Y-Pay ဟူသော Account ဖြင့် ရတနာပုံတယ်လီပို့နှင့် ချိတ်ဆက်ထားသည့် စီးပွားရေးလုပ်ငန်းများမှ ရောင်းချသည့်ကုန်ပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ e-Commerce စနစ်တိုးတက်လာစေရန်နှင့် အွန်လိုင်းပေါ်မှ အရောင်းအဝယ် ပြုလုပ်ခြင်းများကို လွယ်ကူစွာ အသုံးပြုလာနိုင်ကြစေရန် ရည်ရွယ်ပြီး Y-Pay စနစ်ကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးအောင်စံမြတ်က ပြောသည်။

အဆိုပါ Y-Pay Account ဖြင့် အွန်လိုင်းပေါ်တွင် အရောင်းအဝယ်ဆိုင်ရာ ငွေပေးချေမှုများကို ပြုလုပ်လိုသူများသည် ရတနာပုံတယ်လီပို့နှင့် ချိတ်ဆက်ထားသည့်ဘဏ်များ၏ Bank Account တစ်ခုရှိထားရန်လည်း လိုအပ်သည်။



7DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012



အခွန်ကောက်ခံသည့် စနစ်နှင့်ပတ်သက်၍ အခွန်ဥပဒေပြဋ္ဌာန်းပြီးလျှင် ထိုအခွန်ဥပဒေအတိုင်း ပြည်တွင်းအခွန်ဦးစီးဌာနက အခွန်ကောက်ခံရမည်ဖြစ်ရာ အခွန်ထမ်းပြည်သူများအနေဖြင့်လည်း အခွန်ဥပဒေအတိုင်းပေးဆောင်ရမည်ဖြစ်ပါသည်။ ဤသို့ဆိုရာတွင် ပြည်တွင်းအခွန်ဦးစီးဌာနမှ ဝန်ထမ်းများသည် သတ်မှတ်သည့်အခွန်ဥပဒေအတိုင်း ဥပဒေနှင့်အညီ ကောက်ခံရမည်ဖြစ်ရာ အခွန်ထမ်းပြည်သူများက ဥပဒေအတိုင်း အခွန်ပေးဆောင်ခြင်း ရှိ၊ မရှိ မှန်၊ မမှန်ကို သက်သေသက္ခာရ အထောက်အထားခိုင်လုံစွာဖြင့် စစ်ဆေးရတော့မည်ဖြစ်သည်။

ယခင်အခါက အခွန်ကောက်ခံရာတွင် အခွန်ထမ်းပြည်သူများသည် အခွန်ဆောင်ရန်အတွက် သီးသန့်စာရင်းများပြုလုပ်၍ အခွန်ကြေညာလွှာများတင်ပြကြပါသည်။ မိမိလုပ်ငန်း၏ ဆောင်ရွက်မှုကိုမှတ်တမ်းပြုသော အထောက်အထားခိုင်မာစွာရပါရှိသည့်စာရင်းများကို ပြုစုတင်ပြလေ့မရှိပါ။ အခွန်မှူးများကလည်းအထောက်အထား မည်သို့ပင်တင်ပြစေကာမူ ၎င်းတို့၏ ဆုံးဖြတ်ချက်အတိုင်းသာ အခွန်ထမ်းဆောင်စေခဲ့ပါသည်။

ကိုကိုထွေး(တော်ဝင်)

# တရားဥပဒေနှင့် ညီညွတ်သော အခွန်ကောက်ခံခြင်း

ထိုကဲ့သို့ အခွန်ကောက်ခံမှုသည် အခွန်ထမ်းများကလည်း မိမိတို့ထမ်းဆောင်ရမည့် အခွန်ကို အပြည့်အဝ ထမ်းဆောင်လိုစိတ်မရှိခြင်း၊ မိမိကအမှန်အတိုင်းကြေညာလိုက်ပါကလည်း အခွန်ဝန်ထမ်းက တိုး၍ သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်ကို စိုးရိမ်သောကြောင့် အခွန်ကြေညာလွှာကို မည်သူတစ်ဦးတစ်ယောက်မျှ အမှန်အတိုင်းမကြေညာခဲ့ကြပေ။ ထိုသို့လိမ်ညာမှုကို အကြောင်းပြု၍ အခွန်ဝန်ထမ်းများသည် အခွန်ထမ်းများထံမှ လာဘ်လာဘ မြောက်မြားစွာယူ၍ အခွန်ပမာဏကို လျှော့ချသတ်မှတ်ပေးကြသည်။

ထိုကဲ့သို့စည်းစနစ်မရှိသော အခွန်စည်းကြပ်မှုကြောင့် တိုင်းပြည်၏ အခွန်ဘဏ္ဍာငွေများ လျော့နည်းရရှိခဲ့သည်။ ထို့အပြင် ဝင်ငွေခွန်ကောက်ခံရာ၌ အခွန်ထမ်းဆောင်သင့်သော ဝင်ငွေရှိသူအားလုံးအပေါ် ဥပဒေအရအညီအမျှကောက်ခံခြင်း၊ တစ်ပြေးညီသတ်မှတ်ခြင်းမျိုး မဟုတ်ဘဲ ဝင်ငွေအမြောက်အမြားရှိသော်လည်း အခွန်ကောက်ခံမှု ကင်းလွတ်နေသူများ၊ ပေးဆောင်သင့်သည်ထက် များစွာလျော့နည်း၍ ပေးဆောင်နေသူများ၊ တစ်ချိန်က အခွန်စည်းကြပ်မှုကြောင့်လုပ်ငန်းပြုတ်၊ အရင်းပြုတ်သွားသူများ တွေ့ရှိခဲ့ကြရပြီး ရှုံးသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ နှစ်စဉ်တိုးကောက်သည့်စနစ်ကြောင့် အခွန်ထမ်းပြည်သူအများစုမှာ အခွန်ပေးဆောင်ခြင်းကိစ္စကို ကြောက်ရွံ့နေခြင်း၊ လာဘ်ပေးလာဘ်ယူဖြင့် အခွန်လျှော့၍ ရနေသဖြင့် လာဘ်ထိုး၍ အခွန်ရှောင်ခြင်း၊ လျှော့ပေါ့၍ အခွန်ဆောင်ခြင်း စသည်တို့မှာ အခွန်ကောက်ခံမှုစနစ်ကြောင့် ဖြစ်နေရပါသည်။

ယခုနှစ် ကျွန်တော်စင်ကာပူသို့ သွားရောက်စဉ်ကကျွန်တော်၏လုပ်ငန်းအတွက် ကိုယ်စားလှယ်နှင့် လုပ်ငန်းဆွေးနွေးခဲ့ရာဗင်းရရှိမည့် လခကိုသာ ဝင်ငွေအဖြစ် ဖော်ပြ၍ ကော်မရှင်ခမှာ စင်ကာပူနိုင်ငံပေါ်တွင် ဆောင်ရွက်သည့် လုပ်ငန်းမဟုတ်သဖြင့် ဝင်ငွေစာရင်းတွင်မဖော်ပြရန်ပြောသောအခါ ထိုသူက စင်ကာပူနိုင်ငံသားတိုင်း မိမိတို့၏ ဝင်ငွေအားလုံးကို ဖော်ပြရန် တာဝန်ရှိကြောင်း၊ မည်သည့်ဝင်ငွေကိုမဆို ဖော်ပြရမည်ဖြစ်ကြောင်း ထိုသို့ဖော်ပြခြင်းမှာ နိုင်ငံသား၏ တာဝန်ဖြစ်ကြောင်း ထိမ်ချန်မှု မပြုလိုကြောင်း ကျွန်တော့်ကို ပြန်လည်ပြောကြားခဲ့ပါသည်။

ထိုအချင်းအရာကိုကြည့်ခြင်းအားဖြင့် နိုင်ငံသားတိုင်းမှာ မိမိရရှိသည့် ဝင်ငွေအားလုံးကို ကြေညာရမည့် တာဝန်ရှိသည်ဟု လူတိုင်းလူတိုင်း၏ ခံယူချက်တွင် အသိတရားကိန်းအောင်းနေစေရန်အတွက် အလေးပေးဆောင်ရွက်ရမည်မှာ ပေါ်လွင်နေပါသည်။ ထိုသို့ဆောင်ရွက်သည့်နေရာတွင်လည်း အရေးကြီးသည့် လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါ ဆောင်ရွက်ချက်တွင် အခွန်ထမ်းပြည်သူအားလုံး လက်ရှိနေရာမှ တရားမျှတမှန်ကန်သော အခွန်ဥပဒေဖြင့်မည်သို့ မည်ပုံကောက်ခံနေကြောင်း ရှင်းလင်းလွယ်ကူစွာ သိရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

နိုင်ငံတော်မှ အခွန်ထမ်းပြည်သူများပေးဆောင်ထားသည့် အခွန်ဘဏ္ဍာငွေကို အခွန်ထမ်းပြည်သူများအပါအဝင် တိုင်းသူပြည်သားအားလုံး၏ အကျိုးအတွက် အပြည့်အဝ ဆောင်ရွက်ကြောင်း လွှတ်တော်မှတစ်ဆင့် အခွန်ထမ်းပြည်သူများအား ပြန်လည်တင်ပြရန်လိုအပ်ပါသည်။

ထိုကဲ့သို့ အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့ရရှိသည့်ဝင်ငွေအပေါ် သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့်ထမ်းဆောင်လိုက်သော ဝင်ငွေခွန်သည် မိမိတို့မစွမ်းနိုင်သော၊ လိုအပ်သော ကိစ္စရပ်များကိုမိမိတို့အတွက်ပြန်လည်လုပ်ဆောင်ပေးနေပါကလားဟု ယုံကြည်မှုရှိသော အချိန်တွင် အများစုမှာ လိုလိုလားလား ထမ်းဆောင်လာကြမည်ဖြစ်ပါသည်။

အခွန်ကောက်ယူသည့် ဝန်ထမ်းများကလည်း မိမိတာဝန်ကျထမ်းဆောင်နယ်မြေအတွင်း အိမ်ပေါက်စေ့ လူအားလုံးမည်သည့်အလုပ်ကိုလုပ်သည်။ မည်သည့်လုပ်ငန်းလုပ်သည်။ မည်သို့ဝင်ငွေရရှိနေသည်စသည်ဖြင့် သိရှိနေရမည်ဖြစ်ပါသည်။ ထင်သာမြင်သာရှိသည့်လုပ်ငန်းများ၌သာကောက်ခံရခြင်းမဟုတ်ဘဲ လမ်းတိုင်းလမ်းတိုင်းရှိ အိမ်တိုင်း၏ အနေအထားကို စနစ်တကျပြုစု၍ ကောက်ခံသင့်သူများကို ကောက်ခံခြင်းပြုမှသာလျှင် အခွန်ထမ်းစုံလင်စွာရရှိမည့်အပြင် မျှတသောအခွန်ကောက်ခံမှုမျိုးလည်းဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်သူများ၊ လုပ်ငန်းအမျိုးအစားအလိုက်ထားရှိရမည့် စာရင်းဇယားနှင့် အထောက်အထားများကို ဥပဒေပြုသတ်မှတ်၍ ထားရှိသော စာရင်းဇယားများအတိုင်း၊ လုပ်ငန်းတိုင်းတွင် စနစ်တကျပြုစုထားရှိမှသာ လုပ်ငန်းတိုင်း၏ ဝင်ငွေအမှန်တိကျစွာသိရှိနိုင်မည်ဖြစ်ပြီး ကောက်ခံသင့်သည့် အခွန်ကိုလည်း မှန်မှန်ကန်ကန် တိတိကျကျ ကောက်ခံနိုင်မည် ဖြစ်ပါသည်။ တရားဥပဒေအရ အခွန်ကောက်ခံခြင်းမှာ ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသော စာရင်းဇယားအရသာ အခွန်ကောက်ခံခွင့်ရှိမည် ဖြစ်ပါသည်။ စာရင်းဇယားပြုစုနိုင်ခြင်းမရှိသော လုပ်ငန်းမှအပ ကျန်လုပ်ငန်းအားလုံးကို ပြဋ္ဌာန်းချက်ပါ စာရင်းဇယားအတိုင်း ပြုစုဆောင်ရွက်၍ ဝင်ငွေခွန်ကြေညာပြီး ထိုကြေညာသည့်စာရင်းအပေါ်မှသာ ဥပဒေပါ အချိုးအစားရာခိုင်နှုန်းအတိုင်း အခွန်စည်းကြပ်ရမည် ဖြစ်ပါသည်။ ထိုကဲ့သို့မဆောင်ရွက်ဘဲ အခွန်ထမ်းက စာရင်းလိမ်လည်ဖော်ပြခဲ့သည်ရှိသော် ယင်းအခွန်ထမ်းသည် ထိုအချိန်၌ ဥပဒေချိုးဖောက်သူဖြစ်သွားပြီး ဥပဒေအရ အရေးယူနိုင်မည်ဖြစ်ပါသည်။ ထိုအခါ စာရင်းလိမ်တင်ပြသူ အခွန်ထမ်းများ များစွာလျော့နည်းသွားမည်ဖြစ်ပါသည်။

အခွန်ထမ်း ပြည်သူများအနေဖြင့် ဥပဒေပါအတိုင်းအခွန်ကြေညာလွှာကို မှန်မှန်ကန်ကန်တင်ပြပြီးဖြစ်သည့်အတွက်လာဘ်ထိုးရန်မလိုခြင်း၊ အခွန်မှူး၏စိတ်ဆန္ဒအရအခွန်စည်းကြပ်မခံရခြင်းတို့ကြောင့် အခွန်ပေးဆောင်နေခြင်းကို ကြောက်ရွံ့မှု ကင်းဝေးမည့်အပြင် လာဘ်ပေးလာဘ်ယူမှုများလည်း ပပျောက်သွားနိုင်ပြီး Clean Government ကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါသည်။

အခွန်ထမ်းပြည်သူများအပေါ် မျှတစွာကောက်ခံသည့် အခွန်ဥပဒေများပေါ်ထွန်းရေးမှာ အရေးကြီးလှပါသည်။ ယခုအခွန်ဥပဒေတွင် ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်သူသည် တစ်နှစ်ဝင်ငွေ ငါးသိန်းတစ်သောင်းရရှိလျှင် အခွန်စဆောင်ရမည်ဖြစ်သည်။ သို့သော် လခစားဝန်ထမ်းများမှာမူ တစ်နှစ်ဝင်ငွေ ဆယ့်လေးသိန်းလေးသောင်းကျော်မှသာ အခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

ပြည်တွင်းလုပ်ငန်းရှင်များမှာ ယခုခေတ်ကာလအရ အားလုံးနီးပါး၏ တစ်နှစ်ဝင်ငွေမှာ သိန်း ၃၀၀ ကျော်သူများသာ ဖြစ်နိုင်ပါသည်။ ဧကများစွာလုပ်သည့် သီးထပ်သီးညှပ်စိုက်သည့် တောင်သူလယ်သမားပင်လျှင် တစ်နှစ်ဝင်ငွေသိန်း ၃၀၀ ကျော်နိုင်ပါသည်။ ၎င်းအတွက် အခွန်ကို ၃၀ ရာခိုင်နှုန်း အခွန်ဆောင်ရမည်ဖြစ်သည်။ သို့သော် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများလာရောက်သည့်အခါ အဆိုပါရင်းနှီးမြှုပ်နှံသူများသည် ပြည်တွင်းလုပ်ငန်းရှင်များကဲ့သို့ ဘဏ္ဍာတိုး ၁၃ ကျပ်တိုးဖြင့် မပေးရဘဲ ၃ ကျပ်တိုးဖြင့် ရရှိသူများဖြစ်ပါသည်။ နည်းပညာ၊ နည်းစနစ်များလည်း ပိုမိုကောင်းမွန်သူများဖြစ်ကြပါသည်။ ထိုသူများမှာ အခွန် ငါးနှစ်မဆောင်ရဘဲ ပြည်တွင်းလုပ်ငန်းရှင်များမှာ ၃၀ ရာခိုင်နှုန်းဆောင်ရမည်ဆိုပါက အင်အားကြီးမားသော နိုင်ငံခြားကုမ္ပဏီများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်း မရှိတော့သကဲ့သို့ ဖြစ်နေပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ ပျောက်ကွယ်သွားနိုင်ပါသည်။ ထိုကဲ့သို့နမူနာကိုကြည့်၍ တရားမျှတသည့် သင့်တင့်မျှတသည့် အခွန်ဥပဒေများ ပြဋ္ဌာန်းသင့်ပါသည်။

အခွန်ထမ်းပြည်သူများ တာဝန်သိသိ အခွန်ထမ်းလာစေနိုင်စေရန်အတွက် အခွန်ဥပဒေကို လူတိုင်းစွဲကိုင်နိုင်ရန် ဆောင်ရွက်ခြင်း၊ နားလည်ရှင်းလင်း၍ အခွန်ထမ်းဆောင်ချင်အောင် စည်းရုံးခြင်းများကို တိုင်းပြည်နှင့်အဝန်းကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်ပါသည်။ အခွန်ဥပဒေကို မည်သည့်လုပ်ငန်း၌ မည်သည့် စာရင်းမျိုးထားရှိရမည်ကို ဥပဒေပြဋ္ဌာန်း၍ နိုင်ငံတော်အနေဖြင့် စာရင်းကိုင်၊ စာရင်းစစ်များ သင်တန်းပေးခြင်း၊ စာရင်းအထောက်အထားများဖြစ်စေသည့် ဘောက်ချာများကို သတ်မှတ်ပေးခြင်း၊ ရေးသွင်းခြင်းစနစ် သတ်မှတ်ခြင်း၊ စာရင်းကိုင်၊ စာရင်းစစ်များ လိုအပ်နေမှုကို နိုင်ငံတော်မှ ဖြည့်တင်းပေးခြင်း၊ စာရင်းကိုင်၊ စာရင်းစစ်ကျွမ်းကျင်သည့် အခွန်ဝန်ထမ်းများ ခန့်ထားခြင်း စသည်တို့ကိုလည်း ဆောင်ရွက်သင့်ပါသည်။ အထက်ပါကိစ္စရပ်များကို နိုင်ငံတော်မှ စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် အခွန်ထမ်းများကို နိုင်ငံတော်က အားသွန်ခွန်စိုက်စည်းရုံးဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။

နိုင်ငံတော်သည် အခွန်အခအမျိုးမျိုးကိုကောက်ခံ၍ တိုင်းသူပြည်သားများ၏ အကျိုးဖြစ်ထွန်းရေးအတွက် လိုအပ်သော လုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်ရသည်ဖြစ်ပါသည်။ သို့သော် အခွန်ကောက်ခံရာတွင် ပုံသေကားကျကောက်ခံသည့်စနစ်ကို နိုင်ငံအများစုမှာ ယခုအခါ မကျင့်သုံးကြတော့ပါ။ အခွန်အခရရှိအောင် ဆောင်ရွက်သည့် လုပ်ငန်းမှာ ဥပဒေနှင့်အညီ ဆောင်ရွက်ရသည့်အပြင် စီးပွားရေးအမြင်ရှိသော ရေရှည်အကျိုးစီးပွားကို ကြည့်တတ်သော အခြေခံတို့ဖြင့်သာ တီထွင်ကြံဆဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ထို့ကြောင့် အခွန်ဥပဒေသည် လူတိုင်းလူတိုင်း မိမိ၏ဝင်ငွေဝင်လမ်းရရှိသမျှအားလုံးကို ဖော်ပြကြေညာရမည်ဟု ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ဝင်ငွေဝင်လမ်းဟုဆိုရာတွင် အမြတ်အစွန်း၊ အတိုးအပွား၊ ဝန်ဆောင်မှု၊ ပေးကမ်းမှုအစရှိသည်ဖြင့် မည်သည့်ဝင်ငွေမှ ရရှိသည်ဖြစ်စေ ဖော်ပြရန် တာဝန်ရှိသည်ဖြစ်ရပေမည်။ သို့ရာတွင် ထိုသို့ဝင်ငွေရရှိရန်အတွက် အမှန်တကယ် ကုန်ကျခြင်းစရိတ်များဖြစ်သော ကုန်ကျစရိတ်များကို အသုံးစရိတ်များအဖြစ် သတ်မှတ်ရန် လိုအပ်ပါသည်။ ဥပမာ-လုပ်ငန်းရှင်တစ်ယောက်အတွက် အသုံးစရိတ်များဆိုရာတွင် လုပ်ငန်းနှင့်ပတ်သက်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆောင်ရွက်ရသည့် ခရီးစရိတ်၊ ကားစရိတ်၊ ဧည့်ခံစရိတ်၊ လှူဒါန်းစရိတ်၊ ကျန်းမာရေးစရိတ်၊ အိမ်သုံးစရိတ်၊ အသုံးအဆောင်စရိတ်၊ အဝတ်အစားစရိတ် စသည်တို့အားလုံးကို အသုံးစရိတ်များအဖြစ် ခွင့်ပြုရမည်ဖြစ်ပါသည်။ အချို့သော ပုဂ္ဂလိကလုပ်ငန်းများနှင့် အစိုးရဝန်ထမ်းများအတွက် လုပ်အားခ လစာအပြင် ဝတ်စုံ၊ အဝတ်အစားစရိတ်၊ စားစရိတ်၊ ခရီးစရိတ်၊ ဝန်ထမ်းအသုံးပြု ယာဉ်များစရိတ်၊ ဝန်ထမ်းနေအိမ်များစရိတ်၊ ကျန်းမာရေးထောက်ပံ့စရိတ်၊ ပညာရေးထောက်ပံ့စရိတ် အစရှိသည်တို့ကို အမှန်တကယ်အသုံးပြုနေရသဖြင့် အသုံးစရိတ်အဖြစ် ခွင့်ပြုထားပါသည်။ ဝန်ထမ်းများအတွက် အထက်ပါအသုံးစရိတ်များကို ခွင့်ပြုသကဲ့သို့ လုပ်ငန်းရှင်အတွက်လည်း ခွင့်ပြုရမည် ဖြစ်ပါသည်။

အထက်ပါ ဖော်ပြပါ အသုံးစရိတ်များမှာ လုပ်ငန်းတစ်ခု အောင်မြင်ပြီးမြောက်အောင် မဖြစ်မနေ သုံးစွဲရခြင်းဖြစ်ပါသည်။ လုပ်ငန်းအတွက် ဂုဏ်သိက္ခာအရလည်းကောင်း၊ အသုံးဝင်မှုအရလည်းကောင်း၊ ဆက်ဆံရေးအရလည်းကောင်း၊ နည်းလမ်း ရှာဖွေကြိုးပမ်းမှုအရလည်းကောင်း၊ လုပ်ငန်း၏ ဖြစ်စဉ်တွင် ပါဝင်အသုံးပြုရသည့် အစိတ်အပိုင်းအဖြစ် ရှုမြင်ရမည် ဖြစ်ပါသည်။

ဗေဒင်ဆရာတစ်ယောက်အနေဖြင့် ဗေဒင်ဟောခအားလုံးကိုဝင်ငွေအဖြစ် အသုံးမပြုနိုင်ပါ။ ဗေဒင်မေးလိုသူများကို ဆွဲဆောင်ရန်အတွက် ကြော်ငြာရပေမည်။ မိမိအား အထင်ကြီးစေရန်အတွက် အဝတ်အစား ကောင်းမွန်သပ်ရပ်ရမည်။ အသုံးအဆောင်၊ ပရိဘောဂများနှင့် ဗေဒင်ဟောခန်းများကိုလည်း အထင်ကြီးစေရန်အတွက် တင့်တင့်တယ်တယ်ဖြစ်အောင် ဆောင်ရွက်ရမည်။ ဗေဒင်ဟောနိုင်ရန်အတွက်လည်း ဗဟုသုတနှင့် သတင်းစုံသိရှိရန် ဆောင်ရွက်ရမည်။ ကျန်းမာရေးကောင်းရန်လည်း နေထိုင်စားသောက်မှုအပြင် ဆေးဝါးဖိုး ကုန်ကျစရိတ်လည်း အသုံးပြုနိုင်ရမည်။ ထိုကုန်ကျစရိတ်များမှာ ဗေဒင်ဟောခြင်းလုပ်ငန်းအတွက် မကုန်မဖြစ် ကုန်ကျခြင်းဖြစ်ပါသည်။ ထို့ပြင် မိမိအား ပညာသင်ကြားပေးသောဆရာသမားများအတွက်လည်း ကျေးဇူးသိတတ်သည့်အနေဖြင့် ကန်တော့ရပေမည်။

စာ(၃၁) သို့

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
No.23 • AUGUST 16 , 2012



# ပြုပြင်ပြောင်းလဲရေးအတွက် အစီရင်ခံစာဟူသည်

မြင့်မိုရ်ဆွေ

စာရေးသူသည် လွန်ခဲ့သော ဇွန်လအတွင်းက မိတ်ဆွေတစ်ဦးနှင့်အတူ နေပြည်တော်မှ ရန်ကုန်မြို့သို့ပြန်လာခဲ့ကြ၏။သွားစဉ်က အတူမဟုတ်သော်လည်း နေပြည်တော်၌ ဆုံမိပြီးနောက် အပြန်ခရီးတွင် နှစ်ဦးသားချိန်းဆို၍ အတူတကွ ပြန်လာခဲ့ကြခြင်း ဖြစ်ပါသည်။

မိတ်ဆွေ၏ သားဖြစ်သူမှာ နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရဌာနကြီးတစ်ခုမှ အလယ်အလတ်အဆင့် အရာရှိတစ်ဦးဖြစ်ပါသည်။ အပြန်ခရီး၌ မိတ်ဆွေဖြစ်သူက ယခုတစ်ကြိမ် နေပြည်တော်ခရီးတွင် သူ၏သားနှင့် ကောင်းစွာ စကားမပြောခဲ့ရကြောင်း၊ သားဖြစ်သူသည် သူ၏ဌာနပြုပြင်ပြောင်းလဲရေး (Reform) လုပ်ငန်းများနှင့်ပတ်သက်၍ အစီရင်ခံစာများ မနားမနေပြုစုနေရကြောင်း နေ့စဉ်အစည်းအဝေးများ၊ ဆွေးနွေးပွဲများ တက်ရောက်ရကြောင်း ပုံမှန်ရုံးလုပ်ငန်းများကို အကြွေးမတင်စေရန် နေအိမ်တိုက်ခန်းသို့ယူဆောင်၍ညဥ့်နက်သည်အထိ အလုပ်လုပ်နေရသဖြင့် ယခင်အခေါက်များကဲ့သို့ သားအဖနှစ်ဦး အေးအေးဆေးဆေး စကားလက်ဆုံ မပြောဖြစ်ခဲ့ရပါကြောင်းညည်းတွားရင်း ပြောကြားရှာပါသည်။

စာရေးသူမှာ အငြိမ်းစားအရာထမ်းတစ်ဦးဖြစ်၍ ဌာနကြီးတစ်ခု၏ လုပ်ငန်းဆိုင်ရာ အစီရင်ခံစာများကို တာဝန်ယူရေးသားပြုစုရသည့် အရာထမ်း၏ လုပ်ငန်းအတိမ်အနက်ကို ကောင်းစွာသဘောပေါက် နားလည်မိပါသည်။ ဌာနအကြီးအကဲတစ်ဦး၏ အတွေးမှန်၊ အလုပ်မှန်ရေးကို ဓမ္မဓိဋ္ဌာန်ကျသောသူ၏အစီရင်ခံစာများက ထိန်းကျောင်းပေးနိုင်စွမ်းရှိ၏။ လုပ်ငန်းဆိုင်ရာမူဝါဒများ မှန်ကန်ရေးအတွက်လည်းကောင်း၊ သုတေသန လုပ်ငန်းများအတွက်လည်းကောင်း၊ စီမံကိန်းရေးဆွဲရေးအတွက်လည်းကောင်း၊ အစီရင်ခံစာများက ကြီးမားစွာ အထောက်အကူပြုလျက်ရှိလေသည်။ မျက်မှောက်ကာလ ဒီမိုကရေစီခေတ်သစ်တည်ဆောက်ရာတွင် ပါဝင်ကြသော ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားလေ အစီရင်ခံစာများက အနှစ်သာရရှိလေဖြစ်ပေမည်။

စာရေးသူအနေဖြင့် ဝန်ထမ်းဘဝတွင် လေ့လာမှတ်သားခဲ့ရသည့် အစီရင်ခံစာရေးနည်းမျိုးစုံကို ထပ်ဆင့်ဖောက်သည်ချလို၍ ဤဆောင်းပါးကို ရေးသားထားခြင်းဖြစ်ပါသည်။

စာရေးသူ၏ဘဝတွင် မြို့နယ်အဆင့် တာဝန်ခံအရာထမ်းတစ်ဦးဖြစ်သည့်အချိန်မှစ၍ လုပ်ငန်းဆိုင်ရာ အစီရင်ခံစာများကို အထက်အဆင့်ဆင့်သို့မကြာခဏရေးသားတင်ပြခဲ့ရပေသည်။ကျွမ်းကျင်မှု မရှိသေး၍ ဝါရင့်အရာထမ်းအချို့ထံ ချဉ်းကပ်လေ့လာခဲ့ရ၏။ ထိုအခါ ကံရာဇငယ်နည်း၊ မဂဒူးနည်း၊ ဆင်ဖြူတော်နည်း၊ မတစ်လုံးရှောင်ရေးနည်း၊ ရှောက်သံပရာ နည်းစသော နည်းမျိုးစုံကြားသိခဲ့ရပုံကို အကျဉ်းချုံး၍ တင်ပြပါမည်။

ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့အား ခမည်းတော် တကောင်းပြည့်ရှင်ဘုရင်ကြီးက တစ်ညအတွင်းနန်းတော်အပြီးဆောက်နိုင်သူကို ထီးနန်းအပ်နှင်းမည်ဟု အမိန့်ရှိ၏။ ကံရာဇာငယ်က သစ်ငယ်ဝါးငယ်ဖြင့် ထီးနန်းဆောက်ရာ နံနက်မိုးသောက်သောအခါ ပြီးစီး၍ ထီးနန်းစံရ၏။ ကံရာဇာကြီးကမူ သစ်ကြီးဝါးကြီးဖြင့် ဆောက်လုပ်ခြင်းကြောင့်အချိန်မီ မပြီးစီးနိုင်ရှာပေ။ ထို့ကြောင့် အစီရင်ခံစာရေးရာတွင် ကံရာဇာငယ်ထုံးအတိုင်း အချိန်မီပြီးစီးတင်ပြနိုင်ဖို့သာ အဓိက၊ ကြီးကြီးကျယ်ကျယ် ရေးနေပါက အချိန်မီ ပြီးစီးခြင်းမရှိသဖြင့် ကံရာဇာကြီး ထီးနန်းနှင့် လွဲရကဲ့သို့ အထက်က ပြစ်တင်ခံရမည်ဟု ပုဂ္ဂိုလ်ကြီးတစ်ဦးက ဩဝါဒချွေခဲ့ပါသည်။

တစ်ဦးသော ပုဂ္ဂိုလ်က မဂဒူးနည်းကို ပို့ချလေသည်။ ဝါရီဂူမင်းဖြစ်လာသည့် မဂဒူးအမည်ရှိ မွန်အမျိုးသားသည် အဖော်များနှင့် ကုန်ရောင်းသွားစဉ် ပခုံးထက်ရှိ ထမ်းပိုးကို မိုးကြိုးပစ်ခံရ၏။ ထိုအခိုက်တိမ်တိုက်ထဲ၌ပြာသာဒ်ကို မြင်လိုက်ရ၏။ ထိုအခြင်းအရာကို နိမိတ်ဖတ်တော်သောစောပဏ္ဏိတ်ဆိုသူအား နိမိတ်ဖတ်ပေးရန် ပန်ကြားလေသည်။ စောပဏ္ဏိတ်က မဂဒူးအား ၎င်း၏အရပ်နှင့် အမျှရှိသော ငွေကိုပေးမှ ဖတ်နိုင်မည်ဟု ပြောကြား၏။ မဂဒူးက အနီးရှိ သူ၏ အရပ်နှင့်ညီသော တောင်ပို့တစ်ခု၏ထိပ်တွင် ရှိစုမဲ့စုငွေကို တင်ထားပြီး အဆိုပါတောင်ပို့နှင့် ယှဉ်၍ရပ်ကာ "မိမိအရပ်နှင့် အမျှရှိသော ငွေကိုပေးပါပြီ။ နိမိတ်ဖတ်လော့" ဟုတောင်းဆို၏။ စောပဏ္ဏိတ်က မဂဒူး၏ ဉာဏ်သွားပုံကို သဘောကျပြီး မင်းဧကရာဇ်ဖြစ်မည့်အကြောင်း နိမိတ်ဖတ်ခဲ့လေသည်။ အောက်က တောင်ပို့အပေါ်ကငွေ မဂဒူးဉာဏ်မွေသလို အစီရင်ခံစာတစ်စောင်သည် အပေါ်ယံကြည့်လိုက်လျှင် ဖတ်သူတို့ ကြိုက်သွားစေဖို့သာ အဓိက၊ အတွင်းပိုင်း(သို့မဟုတ်)အနှစ်သာရက သာမည ဟူသော အမြင်ဖြင့် ရေးနည်းကို ဆိုလိုပေသည်။

တစ်ခါက ဌာန၏လုပ်ငန်းဆိုင်ရာ အစီရင်ခံစာ တစ်စောင်တွင် ရှေ့အလားအလာကို သုံးသပ်ပြဆိုရာ၌ အကောင်းမြင်ရှုဒေါင့်မှ အလွန်အကျွံတင်ပြချက်များ ပါဝင်နေသည်ဟု ထင်မြင်မိ၍ ယုတ္တိတန်အောင် တစ်ပတ်လောက်လျှော့သင့်ကြောင်း မိမိအထက်အရာရှိကြီးများအား ဆင်ခြေပေးမိ၏။ ၎င်းက ဒီအတိုင်းထားပါ။ ဘာမျှမစိုးရိမ်ပါနဲ့ဟုဆိုပြီး ဦးပေါ်ဦးလျှောက်ထုံးကို ပြောပြ၏။ ဘိုးတော်ဘုရားထံ ဆက်သသော ဆင်ဖြူသည် တကယ်တမ်းမဖြူသေးဘဲ နီကြန့်ကြန့်အရောင်ဖြစ်လာ၏။ ဘုရင်က ဦးပေါ်ဦးအား ဘယ်တော့ဖြူမည်နည်းဟု မေး၏။ ဆင်ဖြူအစစ်မဟုတ်၍ ဘယ်တော့မှဖြူမည်မဟုတ်ကြောင်း ဦးပေါ်ဦးသိသည်။ သို့သော် အမှန်အတိုင်းလျှောက်လျှင်ပြဿနာပေါ်ပြီး ဘုရင်လည်း သိက္ခာကျ၊ ဆက်သသူလည်းအပြစ်ရပေမည်။ ထို့ကြောင့် ဦးပေါ်ဦးက နောင်အနှစ်လေးဆယ်ကြာလျှင် ဖြူပါမည်ဟု ဘုရင်ကြီးအား လျှောက်လေသည်။

ထိုအခါ အခြားသူများက နောင်အနှစ်လေးဆယ်ပြည့်သောအခါ ဆင်ဖြူဖြစ်မလာလျှင် ဘုရင်သတ်မှာ မကြောက်လောဟု ဦးပေါ်ဦးအား မေး၏။ ဦးပေါ်ဦးက နောင်အနှစ်လေးဆယ်ကြာလျှင် ဆင်လည်းမရှိ၊ ဘုရင်လည်းမရှိ၊ ဆက်သူလည်းမရှိ၊သူလည်းမရှိတော့သဖြင့် ဘာမျှစိုးရိမ်စရာမလိုကြောင်းအချက်ကျကျ ဖြေကြားခဲ့ပုံကို ပြောပြ၏။မိမိအထက်အရာရှိကြီးကား ဦးပေါ်ဦးလျှောက်ထုံးကိုနှလုံးမူ၍ အစီရင်ခံစာတွင်လုပ်ငန်း၏အနာဂတ်သည် ဖြူသည်ထက်ဖြူမည်ဟု ရဲရဲဝံ့ဝံ့ရေးနိုင်ခဲ့ခြင်းပေပဲဟုသာ ကောက်ချက်ချခဲ့မိပါသည်။

မိတ်ဆွေအရာရှိတစ်ဦးက ဆိုပြန်ပါသည်။ သူအစီရင်ခံစာရေးသည့်အခါတွင် မ, မရှိ, မလုပ် ဟူသော အသုံးအနှုန်းကို ရှောင်၍ရေးကြောင်း၊ လုပ်ငန်းမအောင်မြင်ဟု ရေးမည့်အစား ပိုမိုအောင်မြင်အောင် ကြိုးပမ်းနေပါသည်ဟုသာ ရေးသားကြောင်း၊ တိုးတက်မှုမရှိဟူ၍မရေး ပိုမိုတိုးတက်အောင်ဆောင်ရွက်နေသည်ဟုသာ ရေးကြောင်း၊ ကိုယ်မလုပ်ရသေးသောလုပ်ငန်းကို မဆောင်ရွက်ရသေးဟု တိုက်ရိုက်မရေးဘဲ စတင်လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်ဟုရေးကြောင်း စာရေးသူအား ပညာပေးခဲ့ပါသည်။

အလွန် ပညာသားပါသော ရေးနည်းမှာ "ရှောက်သံပရာနည်း" ဖြစ်၏။ အထက်အကြီးအကဲက ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးရတော့မည့် ကိစ္စရပ်တစ်ခုနှင့် ပတ်သက်၍ အစီရင်ခံစာ တင်ပြရာတွင် မိမိ၏အတွေ့အကြုံကို အခြေခံ၍ အကြံပြုချက်တစ်ရပ် ရဲရဲဝံ့ဝံ့တင်ပြသင့်၏။ သို့သော် ထိုကဲ့သို့တင်ပြလိုက်လျှင် ဆရာလုပ်သည်ဟု အထင်ခံရမှာလည်း ကြောက်၏။ မှားသွားရင်လျှင် မိမိတာဝန်ဖြစ်မည်ကိုလည်း စိုးရိမ်၏။ ဤအခြေအနေမျိုး၌ ဝါရင့်အရာရှိတစ်ဦးက ဩဝါဒပေး၏။ "ကိုယ်က ဘယ်တော့မှ လက်ဝင်မလျှိုနဲ့။ Commit မလုပ်နဲ့။ အထက်အရာရှိက သူ့ဘာသာသူ ဆုံးဖြတ်ပါစေ။ မောင်ရင်က ရှောက်သီးလည်းချဉ်ပါ၏။ သံပရာသီးလည်း ချဉ်ပါ၏။ မကျည်းသီးလည်း ချဉ်ပါ၏ဆိုပြီး Alternative တွေပေးလိုက်ရင် သူ့ဘာသာ ဘယ်အချဉ်ကြိုက်လဲဆုံးဖြတ်၊ဝမ်းလျှောလည်း သူ့ထိုက်နဲ့သူကံပဲ။ ဒီလိုပဲ အချိုဆိုရင် သကြားလည်း ချိုပါ၏။ ထန်းလျက်လည်းချိုပါ၏။ ကြံသကာလည်း ချိုပါ၏လို့ စုံအောင်ဖော်ပြ။ သူ့ဘာသာသူ ဆုံးဖြတ်ပြီးရွေး၊ ရင်ကြပ်ရင်လည်း မတတ်နိုင်ဘူး။ ကိုယ်ကအလိုတူအလိုပါ တရားခံမဖြစ်စေနဲ့" ဟူသတည်း။

မျက်မှောက်အချိန်ကာလသည် စာရေးသူမိတ်ဆွေ၏ သားအပါအဝင် အားလုံး ဒီမိုကရေစီခေတ်နှင့် လျော်ညီစွာ ပြုပြင်ပြောင်းလဲရေး စီမံကိန်းများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများဖြင့် ပြည်သူကို အလုပ်အကျွေးပြုနေကြသောကာလဖြစ်၏။ စီမံကိန်းအကောင်အထည်ဖော်မှုဆိုသည်မှာ အလုပ်ဖြင့် သင်ယူခြင်းပင်ဖြစ်သည်ဟုစီမံကိန်းပညာရှင်တို့က ဖွင့်ဆိုကြပါသည်။ လုပ်ရင်းသင်၊ သင်ရင်းလုပ် ဟု ဆိုအပ်ပေသည်။ ပစ္စက္ခအခြေအနေကို မှန်ကန်စွာ အစီရင်ခံနိုင်စွမ်းရှိခြင်းသည် လုပ်ငန်းကို ယခုထက် ပို၍တိုးတက်အောင် ဆောင်ရွက်ရေးအတွက် မိမိသည်မည်မျှလက်တွေ့ သင်ကြားတတ်မြောက်ခဲ့ပြီး မည်မျှအသင့်ရှိနေပြီဆိုခြင်းကို အတိအကျပြဆိုခြင်းဖြစ်၏။

အထက်တွင် တင်ပြခဲ့သော အစီရင်ခံစာများ၏ အဓိကလည်ပတ်သော အကြောက်တရား (သို့မဟုတ်) ဘယာဂတိပင်ဖြစ်၏။ အာဏာဖြင့် စိုးမိုးအုပ်ချုပ်မှု အောက်၌ ထိုကဲ့သို့ အနှစ်မရှိသော အစီရင်ခံစာများက ကြက်ဆူပင်ကဲ့သို့ မင်းမူလေ့ရှိ၏။ ယနေ့အချိန်တွင် ဝန်ထမ်းသည် အစီရင်ခံစာတစ်စောင် ရေးသားရာ၌ ပြည်သူတို့ အကျိုးစီးပွားမျက်နှာကိုသာကြည့်၍ အရေးအသားကျစ်လျစ်မှု ရှိရမည်။ အချက်အလက်ကိန်းဂဏန်း ပြည့်စုံမှန်ကန်မှုရှိရမည်။ အချိန်မီ (သို့မဟုတ်) ထိုက်သင့်သည့်အချိန်တွင် တုံ့ဆိုင်းခြင်း မရှိ တင်ပြနိုင်ရမည် ဖြစ်သည့်အပြင် လုပ်ငန်းအခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျပိုင်းခြားဝေဖန်၍ အကြံပြုချက်များကိုပါ ထည့်သွင်းရေးသားရန် လိုအပ်ပေသည်။ နိဂုံးချုပ်အားဖြင့် "ကျစ်လျစ်မှန်ကန်၊ အချိန်တန်၍၊ ဝေဖန်ပိုင်းဆစ်၊ အနှစ်ပြည့်စွာ၊ ရေးသားပါလော့၊ ရေးပါလော့" ဟု တိုက် တွန်းနှိုးဆော်လိုက်ရပါသတည်း။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.23 • AUGUST 16 , 2012

# ရခိုင်အရေး နိုင်ငံတကာ၏ရှုမြင်မှုက ခြိမ်းခြောက်မှုများအပေါ် သက်ရောက်မှုရှိ




**အိဖြူလွင်၊ မင်းဟိန်းကျော်**

အစ္စလာမ်နိုင်ငံအချို့နှင့် နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းများမှ မြန်မာနိုင်ငံအပေါ် ခြိမ်းခြောက်မှုများ ရှိလာချိန်တွင် ကမ္ဘာပေါ်၌အစ္စလာမ်ဘာသာဝင်အများဆုံးနေထိုင်သော အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုတို့က ရခိုင်ဒေသတွင် မြန်မာအစိုးရက လူမျိုးသုဉ်းသတ်ဖြတ်မှုများ ရှိနေသည်ဟု စွပ်စွဲမှုများမှာ မဟုတ်မှန်ကြောင်း မကြာမီရက်ပိုင်းအတွင်းက ပြောကြားသည်။

ယင်းကဲ့သို့ ပြောဆိုမှုများ ထွက်ပေါ်လာပြီးချိန်တွင် ယခင်ရက်များက နိုင်ငံလုံခြုံရေးအပေါ် စိုးရိမ်မှုရေချိန်များ ကျဆင်းလာခဲ့ကြောင်း နိုင်ငံရေးသုံးသပ်သူတို့ကဆိုသည်။

"ဒီပြဿနာနဲ့ ပတ်သက်လို့ နိုင်ငံကြီးနှစ်နိုင်ငံက ရှေ့ဆင့်နောက်ဆင့် ထုတ်ပြန်ပြောကြားမှုတွေကြားတဲ့အချိန်မှာ တော်တော်လေး စိတ်သက်သာရာ ရသွားတယ်။ မဟုတ်ရင် ဒီပြဿနာက ထင်တာထက် ပိုခက်ပါတယ်" ဟု ဝါရင့် နိုင်ငံရေးသမားတစ်ဦးက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဆူဆီလိုဘန်ဘမ်းယူဒိုယူနိုက ရခိုင်-ရိုဟင်ဂျာ ပြဿနာသည် ဘာသာရေးပဋိပက္ခ မဟုတ်ဘဲ ဒေသတွင်း လူအုပ်စုကြားဖြစ်ပွားသည့်ပဋိပက္ခသာဖြစ်ပြီးအကြောင်း တိုက်ဆိုင်၍ ရိုဟင်ဂျာများက မွတ်ဆလင်များဖြစ်ကာ ရခိုင်များက ဗုဒ္ဓဘာသာဖြစ်နေခြင်းသာရှိကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုများရှိနေသည်မှာ မမှန်ကြောင်း ဩဂုတ်လ၄ရက်က ၎င်း၏နေအိမ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

အင်ဒိုနီးရှားသမ္မတက ထိုသို့ပြောကြားပြီး ရက်ပိုင်းအတွင်းမှာပင် အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ Patrick Ventrell က ရခိုင်ပြည်နယ်အတွင်းရှိလူမျိုးရေးတင်းမာမှုများကို အထူးစိုးရိမ်မိသော်လည်း OIC (Organization of Islamic Coroperation) အစ္စလာမ်မစ်နိုင်ငံများအဖွဲ့က စွပ်စွဲသကဲ့သို့ ရခိုင်ဒေသတွင် မြန်မာအစိုးရက လူမျိုးသုဉ်းသတ်ဖြတ်နေမှုများမှာ မဟုတ်မှန်ကြောင်း ပြောဆိုခဲ့သည်။

"ဒီနိုင်ငံအနေနဲ့ကတော့ လုပ်စရာရှိတာ လုပ်ရမှာပဲ။ ဒီမှာဖြစ်နေတဲ့ အဖြစ်အပျက်မှန်တွေကို သိတဲ့အတွက် ဒီနိုင်ငံတွေက အမှန်တရားကို ကြေညာတာဖြစ်တယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့နောက်မှာ ဒီနိုင်ငံတွေရှိတယ်ဆိုတာပြတဲ့သဘောပဲ" ဟု စာရေးဆရာဦးကြည်မင်းက ၎င်း၏အမြင်ကိုပြောသည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေရမှုအပေါ် ပါကစ္စတန်အစိုးရနှင့်ပြည်သူများက အလေးအနက်စိုးရိမ်ပူပန်ကြောင်း ပါကစ္စတန်သမ္မတ အလီဇာဒါရီက နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံသို့ ယခုလ ၇ ရက်နေ့က စာရေးသားပေးပို့ခဲ့သည်။

အဆိုပါခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ "ကျွန်တော် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ပြောရရင် အကြမ်းဖက်ဝါဒကို လက်ခံနိုင်စရာမရှိဘူး။ ဒါကို ကန့်ကွက်တယ်။ ဖြစ်လာရင်လည်း ခုခံသွားဖို့ အစီအစဉ်ရှိတယ်။ ဒီလို ပြည်ပက အဖွဲ့တွေက တောင်ပြောမြောက်ပြော ပြောနေတာဟာ ပြည်တွင်းမှာနေထိုင်တဲ့ အစ္စလာမ်တွေအတွက် တော်တော်ကို အနေအထိုင်ကျပ်တည်းစေတယ်" ဟု ၈၈ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ အစ္စလာမ်ဘာသာဝင်ကိုမြအေးက ပြောဆိုသည်။

ယခုနှစ် မေလနှောင်းပိုင်းတွင် ဇွန်လဆန်းပိုင်းက ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်နှင့်တောင်ကုတ်မြို့နယ်များ၌ ဖြစ်ပွားခဲ့သော ကိစ္စရပ်များကို အကြောင်းပြု၍ ဇွန်လဆန်းပိုင်းကစတင်ကာ ဘူးသီးတောင်၊ မောင်တောမြို့နယ်များမှစတင်၍ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပြီး ပြည်နယ်မြို့တော် စစ်တွေမြို့တွင်ပါ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ကာ အခြားဒေသများသို့ပါ ပျံ့နှံ့ရန် အခြေအနေပေါ်ပေါက်လာသဖြင့် ဇွန်လ ၁၂ရက်မှစတင်ကာ ပြည်ထောင်စုအစိုးရအဖွဲ့က ရခိုင်ပြည်နယ်တွင် အရေးပေါ်အခြေအနေကြေညာခဲ့သည်။ ရခိုင်တိုင်းရင်းသား ၃၁ ဦးနှင့် ဘင်္ဂါလီလူမျိုး ၄၆ ဦး စုစုပေါင်း ၇၇ ဦး သေဆုံးခဲ့ပြီး ၁၀၈ ဦးဒဏ်ရာရရှိခဲ့ကာ အိမ်ပေါင်း ၄၈၂၂လုံး၊ ဗလီ၁၇ခု၊ ဘုန်းတော်ကြီးကျောင်း၁၅ကျောင်း၊ စာသင်ကျောင်းသုံးကျောင်း ပျက်စီးခဲ့ပြီး နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှုကြောင့် လူ ၆၀,၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတကာမှ ရခိုင်ဒေသဖြစ်စဉ်အပေါ် အထင်လွဲမှားရှုမြင်မှုများသည် နိုင်ငံခြားမီဒီယာအချို့မှ မှားယွင်းဖော်ပြခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်လာသည်ဟု လေ့လာသုံးသပ်သူအချို့ကဆိုသည်။

ယနေ့ သတင်းမီဒီယာများတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များထက် ပုံကြီးချဲ့ဖော်ပြမှုများအတွက်စိတ်မကောင်းဖြစ်မိကြောင်း အင်တာနက်တွင် အစုလိုက်အပြုံလိုက် သေဆုံးမှုကို ဖော်ပြနေမှုများသည် မိမိနိုင်ငံမှ ဖြစ်စဉ်များမဟုတ်ဘဲ အခြားနိုင်ငံမှ သေဆုံးမှုများကို မိမိနိုင်ငံတွင် ဖြစ်ပွားသည့်သဖွယ်ဖော်ပြနေကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယခုလ ၉ ရက်တွင် တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများက အင်တာနက်ကို အသုံးပြု၍ မြန်မာနိုင်ငံနှင့်အစိုးရအပေါ် ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည်။

ဇူလိုင် ၂၀ ရက်တွင် တာလီဘန်အဖွဲ့မှလည်းကောင်း၊ ဇူလိုင် ၂၃ ရက်တွင် လက်ဘနွန်နိုင်ငံရှိ ဟစ်ဘိုလာပျောက်ကျားတပ်ဖွဲ့မှလည်းကောင်း၊ ဇူလိုင်လအတွင်းမှာပင် အယ်လ်ကိုင်ဒါစစ်သွေးကြွအဖွဲ့မှလည်းကောင်း မြန်မာနိုင်ငံရှိ ပစ်မှတ်နေရာများကို ဖော်ပြ၍ ပစ်မှတ်ထားတိုက်ခိုက်ရန် ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်း Asia Time သတင်းဝက်ဘ်ဆိုက်တွင်ဖော်ပြခဲ့သည်။ ထို့အပြင် Islamic Defenders Front (FPI) နှင့် Jemaah Ashorut Tauhd (JAT) အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၃၀၀ ခန့်က အင်ဒိုနီးရှားနိုင်ငံရှိမြန်မာနိုင်ငံသံရုံးအား တိုက်ခိုက်မည်ဟု ခြိမ်းခြောက်စာပို့ခဲ့သည့်နည်းတူ ပါကစ္စတန်အခြေစိုက် တာလီဘန်အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် TTP မှ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ကလဲ့စားချေတိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၆ ရက်ကထုတ်ပြန်ကြေညာခဲ့သည်။

"ဘယ်သူကပဲ ခြိမ်းခြောက်ခြိမ်းခြောက် ဒါက မဖြစ်သင့်ဘူး။ လူမှုရေးကြောင့်ဖြစ်တဲ့ ပြဿနာက ဘာသာရေး၊ လူမျိုးရေးတွေကို ဘာမှမပတ်သက်ဘဲနဲ့ ဘင်္ဂါလီတွေ ကိုးကွယ်တဲ့ဘာသာဟာ အစ္စလာမ်ဖြစ်နေတာ။ ဒါကြောင့်ပဲ အရေးကိစ္စက အများအမြင်မှာ ပြောင်းလဲသွားတာ" ဟု မြန်မာမွတ်ဆလင်အမျိုးသားရေးရာအဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဦးကျော်ခင်ကပြောသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ စာတမ်းတင်သွင်းသူ မစ္စတာကင်တားနားက ရခိုင်ပြည်နယ်၌ ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဟူသောစွပ်စွဲချက်များကို မိမိရရှိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာက ရှင်းရှင်းလင်းလင်းဖော်ထုတ်ရန်လိုပြီး တာဝန်ယူမှုရှိရန် လိုကြောင်း၊ ထို့ကြောင့် ယင်းစွပ်စွဲမှုများကို အရေးတကြီးကိစ္စရပ်အနေဖြင့် အမှီအခိုကင်းသော၊ စိတ်ချယုံကြည်ရသော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်တောင်းဆိုကြောင်း မြန်မာနိုင်ငံမှ မထွက်ခွာမီ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ရခိုင်မှာ ဖြစ်တဲ့ကိစ္စမှာ ဘာမှမသိတဲ့သူတွေက ရခိုင်နဲ့ တစ်ဖက်က ဝင်လာတဲ့သူတွေ ဘာသာရေးအကြောင်းပြပြီး ဖြစ်တဲ့ပြဿနာလို့ပြောတယ်။ အဲဒါနဲ့ပတ်သက်ပြီး တချို့နိုင်ငံတွေက အဖြစ်မှန်ကို ဖုံးကွယ်ပြီး တစ်ဖက်စောင်းနင်းပြောတယ်။ အစ္စလာမ်မစ်အစွန်းရောက် အကြမ်းဖက်အုပ်စုတွေကလည်း မြန်မာနိုင်ငံအပေါ် ခြိမ်းခြောက်တောင်းဆိုမှုတွေလုပ်လာတာတွေကိုအွန်လိုင်းကတစ်ဆင့် တွေ့လာရတယ်" ဟု ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးသာအောင်က ၎င်း၏အမြင်ကိုပြောသည်။

ယင်းကဲ့သို့ ခြိမ်းခြောက်မှုများရှိနေသည်ကို မိမိတို့အစိုးရအဖွဲ့က သိရှိထားပြီး သံတမန်ရေးအရလည်းကောင်း၊ လုံခြုံရေးအရလည်းကောင်း လုပ်ဆောင်သင့်သည့်အရာများကိုဆက်လက်လုပ်ဆောင်နေကြောင်းနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာများကို ခေတ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်သမ္မတရုံးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက မိမိတို့နိုင်ငံတွင်လုံခြုံရေးအင်အားလုံလောက်စွာရှိပါကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောထားသည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေမည့် လုပ်ရပ်များကို တားဆီးနှိမ်နင်းရန်ကမ်းခြေနှင့် မြစ်ကြောင်းလုံခြုံရေးဆောင်ရွက်ရန်အတွက် ရေကြောင်းတပ်ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နေပြီး ရန်ကုန်မြို့နှင့် အခြားဒေသများတွင်ပါ လုံခြုံရေးအဖွဲ့များ တိုးမြှင့်ဖွဲ့စည်းနေသည်ဟု သိရသည်။ ရန်ကုန်မြို့ရှိ လုံခြုံရေးဝန်ဆောင်မှုအေဂျင်စီများကိုလည်း မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးကပြောသည်။

ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာအေးမောင်က "ခြိမ်းခြောက်တိုင်းသာ ကြောက်နေရရင်နေစရာရှိမှာမဟုတ်ဘူး။ အမှန်တရားကိုပဲ လိုလားတယ်။ အစွန်းရောက်မှုတွေကို ရှောင်ရှားသင့်တယ်"ဟုဆိုသည်။

နိုင်ငံတိုင်းတွင် လူမျိုးစုများ၊ ဘာသာကွဲများ တစ်ခါတစ်ရံ ပဋိပက္ခဖြစ်လေ့ရှိကြောင်း၊ မိမိတို့သည် ယခုဖြစ်စဉ်အား လူသားချင်းစာနာထောက်ထားမှုဖြင့် ရှုမြင်ပါကြောင်း၊ မြန်မာနိုင်ငံသည်အစ္စလာမ်သာမကအခြားဘာသာဝင်များပါ ချစ်ခင်ရင်းနှီးစွာနေထိုင်နိုင်သောနိုင်ငံဖြစ်ကြောင်းကိုပြသနိုင်သည့်နိုင်ငံဖြစ်သည်ဟု မိမိယူဆပါကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး Mr. Ahmet Davutoglu က ယခုလ ၉ ရက်တွင် နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

"အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအနေနဲ့ ကျွန်တော်တို့ တရားနည်းလမ်းတကျ ဆောင်ရွက်နေတာကို ဘယ်သူမှ ဘာမှပြောလို့မရပါဘူး။ နိုင်ငံတကာက ဖိအားမပေးနိုင်လောက်တဲ့အခြေအနေမျိုး ဖြစ်အောင်တော့ သံတမန်ရေးအရ လုပ်ရပါမယ်" ဟု နိုင်ငံတကာ ဖိအားပေးမှုများကို ရင်ဆိုင်နေရသည့်အပေါ် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင် ဦးသိန်းညွှန့်ကပြောသည်။

"နိုင်ငံတကာအဖွဲ့အစည်းတွေ ဝင်လာတာကို လက်ခံလိုက်ရင်တော့ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီလမ်းကြောင်းကို သွားနေတဲ့အချိန်မှာ ထင်သာမြင်သာတဲ့ အနေအထားကို ပြနိုင်မယ်လို့ ထင်တယ်" ဟုလည်း OIC ကဲ့သို့ အဖွဲ့အစည်းများ လာရောက်လေ့လာမည်ဟု သတင်းထွက်ပေါ်နေခြင်းနှင့်ပတ်သက်၍ ဦးကျော်ခင်ကပြောသည်။

ယခုဖြစ်စဉ်များမှာ နိုင်ငံအချို့နှင့် အကြမ်းဖက်အဖွဲ့အစည်းများက စွပ်စွဲပြောဆိုသကဲ့သို့ ဘာသာရေးပဋိပက္ခမဟုတ်ဘဲ တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများနှင့် ဒေသခံတို့အကြား ဖြစ်ပွားသည့်ပဋိပက္ခဖြစ်စဉ်တစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် ယင်းဖြစ်ရပ်များကို လူ့အခွင့်အရေးရှုထောင့်တစ်ခုတည်းမှ ရှုမြင်ခြင်းမပြုဘဲ နိုင်ငံ၏ သမိုင်းကြောင်းနှင့် အမျိုးသားအကျိုးစီးပွားများကိုကြည့်၍ သိမ်မွေ့စွာဖြေရှင်းရမည်ဖြစ်ကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူနိုင်ငံရေးသမားများက သုံးသပ်ပြောဆိုသည်။

7 DAY NEWS JOURNAL
Vol.11, No.23 ▪ AUGUST 16 , 2012

## မျက်နှာဖုံး-အပြောင်းအလဲများ ဘယ်ခရီးရောက်ပြီလဲ မှ

ဦးကျော်လှိုင်မှာ အသက်၁၆ နှစ်အရွယ်ကတည်းက လယ်ယာအလုပ်စတင်လုပ်ကိုင်ခဲ့ပြီး လယ်ယာအလုပ်မှလွဲ၍ အခြားအလုပ် မလုပ်တတ်။ သို့သော် သူ၏မိဘများလက်ထက်ကတည်းက နှစ်ရှည်လများ လုပ်ကိုင်ခဲ့သောလယ်ယာမြေများမှာ စီမံကိန်းများရှိသည်ဆို၍ သက်ဆိုင်ရာက လယ်လုပ်ခွင့် မပြုတော့သောကြောင့် အရွယ်ကြီးခါမှ သူသောကပွားနေရပြီ။

ဦးကျော်လှိုင် အပါအဝင် အလွမ်းဆွတ်ကျေးရွာမှ လယ်သမား ၂၀ ဦး နှစ်ရှည်လများ လုပ်ကိုင်ခဲ့သော လယ်ဧက ၃၀၀ မှာလွန်ခဲ့သော ၁၅ နှစ်က တပ်မတော်ပိုင်အဖြစ် သတ်မှတ်အသိမ်းခံခဲ့ရသည်။ နစ်နာကြေးအဖြစ် လယ်သမားတစ်ဦး ပေ ၄၀ × ပေ ၆၀ မြေတစ်ကွက်စီနှင့် လယ်တစ်ဧကရွှေ့ပြောင်းစရိတ် ၅,၀၀၀ ကျပ်ရခဲ့သည်။

ထို့နောက်ပိုင်းတွင်လည်း အဆိုပါ လယ်ယာများ မည်သည့်စီမံကိန်းမှ မဆောင်ရွက်၍ အသိမ်းခံရသော လယ်သမားများက သီးစားခပေး၍ လယ်ပြန်လုပ်ခဲ့ကြသည်။ သို့သော် ယခုမိုးစပါးမစိုက်မီပြေလက ထိုလယ်မြေများပေါ်တွင် စီမံကိန်းစတော့မည်ဆိုသည့်အတွက် အမှတ်(၁) စစ်ဗျူဟာရေယာဉ်ကလယ်လုပ်ခွင့်မပေးတော့၍ ဦးကျော်လှိုင်နှင့် အလွမ်းဆွတ်ရွာမှတောင်သူ၂၀ဦးစပါးစိုက်ရန်လယ်မြေလက်မဲ့ဖြစ်သွား၏။

"အောက်ခြေမှာ ဘာမှမပြောင်းဘူး။ ကိုယ်နားလည်တာ ကိုယ့်ရဲ့ လယ်၊ ယာတွေနဲ့ ပတ်သက်ပြီး ဘာမှမပြောင်းဘူး" ဟု နိုင်ငံရေးတွင် ပြုပြင်ပြောင်းလဲမှုများစွာဖြစ်ပေါ်သော်လည်း သူကဲ့သို့ အောက်ခြေပြည်သူလူထုထံ မရောက်သေးကြောင်း ဦးကျော်လှိုင်ကပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၏အစိုးရအဖွဲ့ တက်လာပြီး သက်တမ်း တစ်နှစ်နှင့် လေးလကျော် ကာလအတွင်း မြန်မာနိုင်ငံတွင် အပြောင်းအလဲများစွာ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် အပြောင်းအလဲဆိုသော စကားရပ်မှာ ၁၆ လတာကျော် ကာလအတွင်းပြည်တွင်းနှင့်ပြည်ပမှာပါအများဆုံးကြားရသောစကားရပ်ဖြစ်သည်။ သို့သော် မပြောင်းလဲသော အရာအချို့လည်းရှိပါသေးသည်။ ယခု ဆောင်းပါးမှာ အစိုးရသစ်စတင်တာဝန်ယူသော ၂၀၁၁မတ်လ ၃၁ရက်မှ ၂၀၁၂ ဇူလိုင်လကုန်ထိ ၁၆လတာ ကာလအတွင်း မြန်မာနိုင်ငံ၏ ပြောင်းလဲမှုများကို လေ့လာဆန်းစစ်ချက်ဖြစ်ပါသည်။

### နိုင်ငံရေး

နိုင်ငံရေး လေ့လာစောင့်ကြည့်သူများ၊ နိုင်ငံရေးသမားများ၊ ပြည်သူအများစုက ၁၆ လတာကာလအတွင်း အများဆုံးပြောင်းလဲခဲ့သော ကဏ္ဍမှာ နိုင်ငံရေးပင်ဖြစ်ကြောင်း တညီတညွတ်တည်း သုံးသပ်ကြသည်။

"သမ္မတမိန့်ခွန်း စပြောကတည်းက ထူးတယ်။ ပထမဦးဆုံးမိန့်ခွန်းကတည်းက ဒီအခြေခံဥပဒေကို လက်မခံဘူးဆိုရင် မပါဝင်နိုင်သေးတဲ့ လူတွေလည်း ပါဝင်နိုင်အောင် အားမွေးထားပါဦးလို့ပြောတယ်။

တစ်ဆက်တည်းမှာပဲ သိပ်မကြာခင်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့တယ်။ အင်န်အယ်လ်ဒီလွှတ်တော်ဝင်ရေးမှာ အဟန့်အတားဖြစ်နေတဲ့ နိုင်ငံရေးပါတီတွေဆိုင်ရာ ရွေးကောက်ပွဲဥပဒေကိုပြင်ပေးတယ်။ ဒေါ်အောင်ဆန်းစုကြည်လည်းကြားဖြတ်ရွေးကောက်ပွဲဝင်ဖြစ်တယ်။ ထောင်ထဲရောက်နေတဲ့ အကျဉ်းသားတွေ လွှတ်ပေးတယ်။ နောက်မြင်သာတဲ့တစ်ခုကတော့ နိုင်ငံခြားရောက်နေတဲ့သူတွေကို ပြန်လာဖို့ဖိတ်ခေါ်တယ်။

နိုင်ငံရေးအဆင့်မှာ ပထမဆုံးအဆင့်ကတော့ အမျိုးသားရင်ကြားစေ့ရေးပါပဲ။ ကျွန်တော်တို့မျှော်လင့်ထားတာထက် အများကြီးပိုလုပ်နိုင်တယ်။ ဒါကတော့ အသိအမှတ်ပြုရမယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဘောင်တွေထဲမှာပဲ ဥပဒေကြောင်းအရ လွှတ်တော်ကတစ်ဆင့်သွားတာရယ်၊ အဲဒါကတော့ အလုပ်သမားသမဂ္ဂပေါ့။ လွတ်လပ်တဲ့ အလုပ်သမားအဖွဲ့အစည်းတွေ ထူထောင်ခွင့်ပေးလိုက်တာ၊ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်၊ စုရုံးခွင့်နဲ့ လမ်းပေါ်ထွက်ခွင့်ကို ဥပဒေအဖြစ် ထွက်လာတယ်။ ဥပဒေကြောင်းအရ ဒီဟာတွေတော်တော်များများ လုပ်နိုင်လာတယ်။

နောက်တစ်ခုကတော့ လက်နက်ကိုင်တိုက်ပွဲဖြစ်နေတဲ့အဖွဲ့တွေနဲ့ငြိမ်းချမ်းရေးတည်ဆောက်နိုင်တယ်။ ကေအိုင်အေကလွဲလို့ကျန်တဲ့အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲရေးရသွားပြီ။ ချုပ်လိုက်ရင်တော့ နိုင်ငံရေးက သိသာထင်ရှားတဲ့ အပြောင်းအလဲတွေဖြစ်လာပါပြီ။ ကျွန်တော်အပါအဝင် ဘယ်သူမှလည်း ဒီလောက်မြန်လိမ့်မယ်လို့ မျှော်လင့်မထားဘူး" ဟု နိုင်ငံရေးဆောင်းပါးရှင် စာရေးဆရာကျော်ဝင်းက သုံးသပ်သည်။

အပြောင်းအလဲအများစုမှာ သမ္မတ၏ ရဲဝံ့သော ဆုံးဖြတ်ချက်များမှစတင်ထွက်ပေါ်လာခြင်းဖြစ်သည်။ နှစ် ၂၀ ကျော်ကြာ အစိုးရနှင့် အတိုက်အခံအဖြစ် ရှိခဲ့သော နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပါတီတရားဝင်ပြန်လည်မှတ်ပုံတင်ကာ ရွေးကောက်ပွဲဝင်ပြိုင်၍ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာခြင်းမှာလည်းတစ်နှစ်ကျော်ကာလအတွင်းထူးခြားသော အပြောင်းအလဲတစ်ခုဖြစ်သည်။ ထို့အပြင် တစ်နှစ်ကျော်ကာလအတွင်း အလုပ်ဖြင့် သက်သေပြကာ ဥပဒေပြုရေးမဏ္ဍိုင်ကိုအသက်ဝင်လာစေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်းဒီမိုကရေစီကျင့်သုံးစနိုင်ငံတွင်ပြည်သူများအတွက် မျှော်လင့်စရာ၊ အားထားစရာဖြစ်လာခဲ့သည်။

ပြည်တွင်းနိုင်ငံရေး အပြောင်းအလဲများကို နိုင်ငံတကာက ကြိုဆိုပြီး၊ နှစ်ပေါင်းများစွာအတွင်း အမေရိကန်အပါအဝင် နိုင်ငံတကာနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်လာကာ မြန်မာနိုင်ငံ အပေါ်ပိတ်ဆို့အရေးယူမှုများကို အမေရိကန်၊ ဥရောပနှင့် အင်အားကြီးနိုင်ငံတို့မှ ဖြေလျှော့ပေးမှုမှာလည်း မြန်မာ့အပြောင်းအလဲကို ပိုမိုအားကောင်းစေခဲ့သည်။

"ဒေါ်အောင်ဆန်းစုကြည်က ၂၄ နှစ်လုံးလုံး အစိုးရနဲ့အတိုက်အခံလုပ်ခဲ့တယ်။ ဒီတော့ ပြည်သူတွေကို Hope (မျှော်လင့်ချက်) ပဲ ပေးနိုင်တယ်။ ကိုယ်တိုင် Contribute မလုပ်နိုင်ခဲ့ဘူး။ အခု New Institution မှာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က New Player အနေနဲ့ပါလာတော့ အရင်လုပ်မပေးနိုင်ခဲ့တဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို ဘယ်လောက်အကောင်အထည်ဖော်နိုင်မလဲဆိုတာ အင်မတန်အရေးကြီးတယ်။ စောင့်ကြည့်ရပါမယ်။ နိုင်ငံရေးမှာ ဘယ်လောက်ပြောင်းလဲတယ်ဆိုတော့ ဒါကိုသာ ကြည့်တော့" ဟု မြန်မာ့နိုင်ငံရေး လေ့လာစောင့်ကြည့်သူတစ်ဦးကလည်း သူ၏အမြင်ကိုပြောသည်။

အစိုးရသစ်လက်ထက်တွင် နိုင်ငံရေးနှင့်ပတ်သက်၍ သက်ဆိုင်သူ (Stakeholder) အားလုံး မြန်မာ့နိုင်ငံရေးတွင် ပါဝင်လာနိုင်ရန် အစိုးရက ဆောင်ရွက်ပေးခဲ့ခြင်းနှင့် လွှတ်တော်နိုင်ငံရေး အသက်ဝင်လာခြင်းတို့မှာထူးခြားမှုများဖြစ်ကြောင်းလည်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြောသည်။

"ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်ပြီးလုပ်ဆောင်နေတာဟာ လုပ်ဆောင်ချက်အားလုံးရဲ့ သုံးပုံတစ်ပုံလောက် ခရီးရောက်နေပြီ။ စီးပွားရေးပြုပြင်ပြောင်းလဲဖို့ အတွက်ကတော့ ဥပဒေပြုရေးကို သေချာလုပ်ဖို့ လိုတယ်။ အကျိုးရှိမယ့် ဥပဒေတွေကို ချမှတ်ပြီး ဖြေလျှော့မှုတွေ ပိုလုပ်နိုင်ရင် စီးပွားရေးဖွံ့ဖြိုးပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာမယ်။ နိုင်ငံရေးနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့နိုင်ငံမှာ အရွေ့တစ်ခုဖြစ်သွားပြီ။ အရင်လိုစစ်အုပ်ချုပ်ရေးစနစ် မဟုတ်တော့ဘူးဆိုတာ ဘယ်သူမှငြင်းလို့မရတဲ့ အချက်ပဲ။ လွှတ်တော်တွေဟာ ဒီမိုကရေစီအလေ့အထကျင့်သုံးမှု တဖြည်းဖြည်းနဲ့ပုံပေါ်လာပြီ။ သမ္မတနဲ့ပြည်သူတွေကြားမှာလဲ ဆက်ဆံရေးတွေ ယုံကြည်မှုတွေဟာ ပိုမိုအားကောင်းလာတယ်။ ဒါပေမဲ့ ကြိုးနီစနစ်ကတော့ ကျန်နေသေးတယ်။

**တစ်ဖက်သို့**






၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

စာ(၂၈)မှအဆက်

ပြုပြင်ပြောင်းလဲမှုတွေ အောက်ခြေအထိမရောက်သေးဘူး။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနဲ့ငြိမ်းချမ်းရေးကဏ္ဍတွေမှာ အကောင်းဘက်ကို ဦးတည်ပြောင်းလဲနေတယ်လို့ သုံးသပ်ပါတယ်။ နောက်အပြောင်းအလဲတစ်ခုက NLD နဲ့ဒေါ်အောင်ဆန်းစုကြည်တို့ လွှတ်တော်ထဲရောက်လာတာဟာ ထင်ရှားတဲ့ အပြောင်းအလဲတစ်ခုပါပဲ” ဟုဦးခင်မောင်ဆွေက ဆက်လက်ပြောသည်။

**စီးပွားရေး**

စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီစနစ်သို့ကူးပြောင်းချိန်တွင် အစိုးရက နိုင်ငံအတွက် အရေးကြီးဆုံးဖြစ်သော နိုင်ငံရေး၊ စီးပွားရေးနှစ်ခုစလုံးကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ သို့သော် စီးပွားရေးကဏ္ဍတွင် အထက်တွင် ဆိုခဲ့သည့်အတိုင်း အပြောင်းအလဲများမှာ အောက်ခြေလူထုမခံစားရသေးပေ။ “စီးပွားရေးက တန့်နေသလား၊ ကောင်းနေသလား၊ ကျသွားသလား မေးရင် သေချာတာကတော့ ပြည်တွင်း ဝယ်လိုအား သိသိသာသာကျဆင်းသွားတယ်” ဟု ရောဟသ်ာကုမ္ပဏီများ အုပ်စုမှတာဝန်ရှိသူတစ်ဦးကပြောသည်။

“အရောင်းအဝယ်က မထူးခြားဘူး။ ပိုဆိုးသွားတယ်။ တက်မလာဘူး။ မြန်မာငွေတန်ဖိုးမာပေမယ့်တက်မလာဘူး။ ၅၀ ရာခိုင်နှုန်းလောက်ကျသွားတယ်” ဟုယုဇနပလာဇာတွင် လူသုံးကုန်ပစ္စည်းများ လက်လီလက်ကားရောင်းချနေသော ကိုသီဟက ပြောသည်။

နေထိုင်စားသောက်စရိတ်များ တက်လာသော်လည်း ဝင်ငွေတိုးမလာသဖြင့်ဝယ်လိုအားနှင့် လူတစ်ဦးချင်းဝယ်နိုင်စွမ်း ကျဆင်းလာခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

မြောင်းမြမြို့ရှိ စတိုးဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သော မခိုင်ဇင်က “စပါးဈေးမကောင်းတော့ အရောင်းအဝယ်တွေတန့်သွားတယ်။ အရင်တုန်းက မင်္ဂလာဆောင်တဲ့လူက ဗီရိုတစ်လုံးဝယ်ရင် အခုသေတ္တာတစ်လုံးပဲ ဝယ်တော့တယ်” ဟုဆိုသည်။

နိုင်ငံ၏ကုန်သွယ်ရေးပမာဏနှင့်ပြည်ပရင်းနှီး မြှုပ်နှံမှုများတိုးလာသော်လည်း မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသောတောင်သူများမှာ ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံ ဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် နှစ်ဆက်အရှုံးပေါ်နေသည်။ ထိုကြားထဲလယ်သမားအချို့မှာ ဦးကျော်လှိုင်တို့ကဲ့သို့ လယ်ယာမြေအသိမ်းခံရ၍ မြေပြုရာကင်းမှောင့်ဆိုသလို ဖြစ်ကုန်သည်။

“နှစ်နှစ်၊ သုံးနှစ်ဆက်တိုက်ရှုံးလာတော့ အိမ်ကလည်း သိပ်မကြည်တော့ဘူး။ လယ်ယာမြေကိုစွန့်ခွာရမလား။ အိမ်ကဆင်းရမလားအခြေအနေမျိုးဖြစ်နေပြီ” ဟုဧရာဝတီတိုင်းဒေသကြီး ကဝမြို့မှ တောင်သူကိုအောင်သိုက်က ရင်ဖွင့်သည်။

ယခင် လူတစ်စုက လက်ဝါးကြီးအုပ်ထားသော စားအုံးဆီတင်သွင်းမှုကို လုပ်ကိုင်လိုသူအားလုံး အားစည်းကမ်းနှင့် အညီ လုပ်ကိုင်ခွင့်ပေးခြင်း၊ ကုမ္ပဏီနှင့် လုပ်ငန်းများတည်ထောင်ရန် ပိုမိုလွယ်ကူစေရန် ပြုလုပ်ပေးခြင်း၊ တစ်ခုတည်းသောငွေလဲနှုန်း သတ်မှတ်ပေးကာပုဂ္ဂလိက ဘဏ်များကို လုပ်ပိုင်ခွင့် ပိုမိုပေးလာခြင်း၊ ကားတင်သွင်းမှုကို ယခင်လူနည်းစုကသာအကန့်အသတ်ဖြင့် တင်သွင်းနိုင်ရာမှ ကားဟောင်းကားသစ်လဲလှယ်ပေးသော စီမံကိန်း၊ ကားဝယ်ရန်လုံလောက်သော ငွေရှိသည့်နိုင်ငံသားတိုင်း ကားသွင်းခွင့်ပြုခြင်း စသော စီးပွားရေးနှင့် ပတ်သက်သော ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့သည့်ကြားမှ ပြည်သူအများစုဝင်ငွေလျော့ကျကာမြန်မာ့စီးပွားရေးမှာ ထင်သလိုတက်မလာသေးခြင်းဖြစ်သည်။

**တရားစီရင်ရေး**

အထူးသဖြင့် တရားစီရင်ရေး လောကတွင် လူပြောအများဆုံး၊ ဝေဖန်မှုအများဆုံးဖြစ်သည့် အမှုများကြာမြင့်သည့် ဖြစ်ရပ်များမှာ ယခင်အစိုးရလက်ထက်နှင့် နှိုင်းယှဉ်ပါက ကြန့်ကြာမှုများ တဖြည်းဖြည်းလျော့နည်းလာပြီး အကောင်းဘက်ကို ဦးတည်လာကြကြောင်း ရှေ့နေများက ပြောကြားသည်။

“အဓိကက တရားသူကြီးတွေက ပြောင်းရတာ။ သူတို့မပြောင်းလို့ ဘယ်ရမလဲ။ အခုဆို သိပ်ကြန့်ကြာလို့ မရတော့ဘူး။ တရားသူကြီးတွေ ကိုယ်တိုင်ကိုက ရုံးချိန်းအကြာကြီး ခြားချိန်းတာကို လက်မခံတော့ဘူး။ ရက်အရမ်းဝေးဝေးကြီး မပေးဘူး” ဟု ရှေ့နေဦးတင်ယု(ဆကာကြီး)က တရားခွင်အခြေအနေ ကြုံတွေ့ရမှုများကို ပြောပြသည်။

ထို့ပြင် သက်ဆိုင်ရာ တိုင်း၊ ခရိုင်မြို့နယ်အလိုက် တရားရုံးများကလည်း ခြောက်လနှင့် ခြောက်လအထက်ကြာသော အမှုများကို စာရင်းကောက်ခြင်းများ ပြုလုပ်လာရာ ယခင်ခေတ်ကာလကဲ့သို့ အမှုများကြာရှည်အချိန်ဆွဲစစ်ဆေးခြင်း ပြုလုပ်၍ မရတော့ကြောင်း ၎င်းကဆိုသည်။

အစိုးရသစ်လက်ထက်တွင် ရာထူး၊ အာဏာ၊ ဩဇာ၊ အရှိန်အဝါကိုသုံးကာ ငွေများတရားနိုင်မှုများ လျော့ပါးလာကြောင်း၊ သက်ဆိုင်ရာ တရားသူကြီးများအနေဖြင့် မိမိစစ်ဆေးရသော အမှုများပေါ် တရားဥပဒေအရလွတ်လွတ်လပ်လပ်လုပ်ကိုင်ရမှု အနည်းငယ်စီရလာကြောင်း ရှေ့နေဦးတင်ယု(ဆကာကြီး)က ပြောသည်။

“တရားရေးဝန်ထမ်းတွေဥပဒေအတိုင်း လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်လေးတွေ နည်းနည်းပါးပါး ရလာတယ်။ တခြားဆိုင်ရာဆိုင်ရာ လာပြီးအမိန့်ပေးစေခိုင်းတာမျိုး၊ အထက်ကညွှန်ကြားချက်ဆိုတာမျိုးတွေ သိပ်မကြားရတော့ဘူး” ဟု ၎င်းကပြောသည်။

လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်၍မူ တရားရေးဝန်ထမ်းများသာမက ပြည်သူများဘက်ကပါ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေကြောင်း အမှုသည်များနှင့် ထိတွေ့ဆက်ဆံနေကြ သည့် ပုဂ္ဂိုလ်တို့ကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်တွင်းနှင့် နိုင်ငံတကာမှ ထောက်ပြနေသော အဓိကအကြောင်းရင်းမှာ တရားဥပဒေစိုးမိုးရေးပင် ဖြစ်သည်။ 7Day News ဂျာနယ်က အလွှာပေါင်းစုံမှ လူ ၅၀ ဦးကို တွေ့ဆုံမေးမြန်းသဘောထား တောင်းခံခဲ့ရာ ပြောင်းလဲမှုမရှိဘဲ တန့်နေသောကဏ္ဍမှာ တရားစီရင်ရေး ဖြစ်ကြောင်းလည်း ဖြေဆိုသူ အများစုက ဖြေကြသည်။

“တရားရေးကတော့ ဘာမှထူးမခြားနားဘူး။ တရားရေးနဲ့ အောက်ခြေဗျူရိုကရေစီ ယန္တရားပေါ့။ ဒါတွေကတော့အရင်အတိုင်းပဲ။ အဓိပ္ပာယ်ကတော့ မပြောင်းလဲချင်လို့ပေါ့။ အဲဒါကြောင့် သူတို့ပြောင်းလဲနိုင်အောင် ကျွန်တော်တို့လွှတ်တော်ကဥပဒေပြုခြင်းဖြင့် အပြန်အလှန် ထိန်းကျောင်းရမှာပေါ့” ဟု ပြည်သူ့လွှတ်တော်အမတ်ဦးသိန်းညွန့်ကလည်း သုံးသပ်သည်။

**မီဒီယာ**

ပုံနှိပ်မီဒီယာနှင့် ပတ်သက်သည့် အထူးခြားဆုံး ပြောင်းလဲမှုမှာ ၂၀၁၁ ဇွန် ၁၀ ရက်မှ စတင်၍ ဂျာနယ်အမျိုးအစားငါးမျိုးဖြစ်သည့် အနုပညာ သုတရသ၊ ကျန်းမာရေး၊ ကလေး၊ နည်းပညာ၊ အားကစား အစရှိသည့် ဘာသာရပ်များမှ ဂျာနယ်မဂ္ဂဇင်းများအား စာပေစိစစ်ရေးတင်ပြခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည်။ ခြောက်လအကြာ နှစ်ကုန်ခါနီး ဒီဇင်ဘာ၉ တွင် စီးပွားရေး၊ မှုခင်းနှင့် ဥပဒေဆိုင်ရာ ဂျာနယ်မဂ္ဂဇင်းများအား စာပေစိစစ်ရေးတင်ပြခြင်းမှ ကင်းလွတ်ခွင့်ထပ်မံရရှိခဲ့သည်။

ထို့အပြင် စီးပွားရေး၊ ပညာရေးနှင့် စာပေများတို့ကိုပါ ထုတ်ဝေပြီးမှ တင်ပြရသော ထုတ်တင်စနစ်သို့ ပြောင်းခဲ့သည့်အတွက် ယခုအခါ သတင်း နိုင်ငံရေးနှင့် ဘာသာရေးတို့သာ ထုတ်တင်စနစ်သို့ ပြောင်းရန်ကျန်တော့သည်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်သည့်သတင်းအားဂျာနယ်များက အကျယ်တဝင့်ဖော်ပြခဲ့ကြရာတွင် ဂျာနယ်ကိုးစောင်မှာ တစ်ပတ် (သို့မဟုတ်) နှစ်ပတ်အထိ ထုတ်ဝေခွင့်ပိတ်သည်အထိ အရေးယူခံခဲ့ရသည်။

သို့သော် ယခုနှစ်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ပထမဆုံးတွေ့ဆုံခဲ့သည့် ဩဂုတ်လ နောက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံများအား လွတ်လပ်စွာ ဖော်ပြခွင့်ရလာသည်။

စာ(၃၀)သို့



7DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

## မျက်နှာဖုံး–အပြောင်းအလဲများ ဘယ်ခရီးရောက်ပြီလဲ မှ

“နံပါတ်တစ်က စာပေစိစစ်ရေးနဲ့ပတ်သက်ပြီး ဖြေလျှော့မှုတွေလုပ်နေတာက နောက်ကြောင်းပြန်လှည့်သွားဖို့မရှိပါဘူး။ နံပါတ်နှစ်က အခုအရေးယူမှုတွေပြုလုပ်ရတယ်ဆိုတာကလည်း ခွင့်ပြုထားနိုင်တဲ့ အတိုင်းအတာထက်ကျော်တဲ့ ကိစ္စတွေကို လုပ်လာတဲ့အခါမှာ အရေးယူရတာပါ။ ကျွန်တော်တို့ မပေးနိုင်တဲ့ဟာတွေကို ပြောထားတယ်”ဟု ဂျာနယ်နှစ်စောင်ပိတ်သိမ်းမှုနှင့် ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်ကဆိုသည်။

“ဒီလို အရေးယူလိုက်ရင် ဝန်ကြီးဌာနအပေါ် အထင်အမြင်လွဲမှားမှုတွေ ဖြစ်လာနိုင်တာကိုကျွန်တော်တို့သိပါတယ်။ ဥပဒေသစ်မပေါ်လာခင်မှာဥပဒေဟောင်းရှိနေသေးတယ်။ ကျွန်တော်တို့ညင်သာသိမ်မွေ့တဲ့ အကူးအပြောင်းကာလကို လုပ်ကိုင်နေတဲ့အချိန်မှာ သိပ်ပြီးတော့ ထိလွယ်ရှလွယ်တဲ့ကိစ္စတွေကိုနှစ်ဖက်ကိုင်တွယ်ပြီးတော့ ထိန်းထိန်းသိမ်းသိမ်းရေးစေချင်တယ်” ဟု ဦးရဲထွဋ်ကပြောသည်။

ယခုနောက်ဆုံး စာနယ်ဇင်းအမြဲတမ်းကောင်စီကို အစိုးရကသတင်းထောက်များ၏ ဆန္ဒကိုမေးမြန်းမှုမရှိဘဲ ဖွဲ့စည်းခဲ့ခြင်းနှင့် ထိုကောင်စီ ဆောင်ရွက်ရမည့် အချက်များမှာ သတင်းထောက်များကို ကာကွယ်ရန်ထက် သတင်းထောက်များကို ကန့်သတ်ရန်အချက်များက ပိုများနေ၍ မြန်မာ့မီဒီယာအရွေ့ ဘယ်ခရီးရောက်မည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာနက မီဒီယာ ဥပဒေအား သတင်းထောက်များ၏ ဆန္ဒနှင့် သဘောထားတောင်းခံမှု မရှိသေးဘဲ ဌာနက ကိုယ်တိုင်ရေးဆွဲပြီး ပြဋ္ဌာန်းရန် စီစဉ်နေသည်။ ဥပဒေတွင် ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းထွက်လာပြီးနောက် လက်တွေ့လုပ်ကိုင်နေသော မီဒီယာလောကသားများ၏ ဆန္ဒနှင့် သဘောထားကို တောင်းခံခြင်း ရှိမရှိနှင့် မီဒီယာလောကသားများ၏ လိုလားချက်များကို ထည့်သွင်းပြဋ္ဌာန်း၊ မပြဋ္ဌာန်းဆိုသည်ကို မြန်မာ့မီဒီယာလွတ်လပ်ခွင့် ဘယ်ခရီးရောက်ပြီလဲဆိုသော အမေး၏ အဖြေပင်ဖြစ်ပါလိမ့်မည်။

**လူမှုရေး**

နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးကျော်သူက “သိသာတဲ့အပြောင်းအလဲကတော့ အသင်းအဖွဲ့တွေ မှတ်ပုံတင်ခွင့်ရလာတာပါ။ နောက်တစ်ခုက နာရေးလမ်းကြောင်းတွေသွားတာ။ အလှူအတန်းကိစ္စတွေသွားတဲ့အခါမှာ အရင်လို ကန့်သတ်ချုပ်ချယ်တာမျိုး မရှိတော့ဘူး” ဟု ၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်းအတွက်လှူဒါန်းမှုခရီးစဉ်များတွင် ကန့်သတ်ချက်များရှိခဲ့သော်လည်း ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ ကူညီလှူဒါန်းမှု လုပ်ငန်းများ မကြာမီ သွားရောက်လုပ်ကိုင်ရာတွင် လွတ်လွတ်လပ်လပ်လုပ်ကိုင်လာနိုင်မှုများကို နှိုင်းယှဉ်ပြောကြားသည်။

“ကျွန်တော်တို့အရပ်ဘက်လူ့အဖွဲ့အစည်းတွေအနေနဲ့အရင်ကဆိုရင် အသင်းအဖွဲ့မှတ်ပုံတင်ရှိမှ လုပ်ကိုင်ရတာ အဆင်ပြေတယ်။ အခုနောက်ပိုင်းတော့ လျှောက်ထားဆဲဆိုရင်မှတ်ပုံတင်မရသေးလည်း လုပ်လို့ရတယ်။ အရင်ကဆို လူ့အခွင့်အရေးဆိုတာမျိုး၊ အစိုးရကိုဝေဖန်တာမျိုး ပြောလို့မရခဲ့ဘူး။ အခုပြောလို့ရလာတယ်”ဟုလူထုအခြေပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့်အဖွဲ့တစ်ခုမှ တာဝန်ရှိသူကပြောသည်။

ထို့ပြင် လူမှုရေးအဖွဲ့အစည်းများသည် ယခင်ကထက်ပွင့်လင်းသာစွာလုပ်ကိုင်နိုင်လာပြီး အစိုးရဘက်ကလည်း ပိုမိုအသိအမှတ်ပြုလာကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများရှိလာကြောင်း Soical Care Volunteer Group (NCVG)၏ဥက္ကဋ္ဌ ဦးအောင်ထိုက်မင်းကပြောသည်။

သို့သော် ပြည်တွင်းအင်န်ဂျီအိုများမှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအချို့ကို အစိုးရကပြန်လည်စဉ်းစားပေးရန်လိုအပ်ကြောင်း ၎င်းကပြောသည်။

“အထူးသဖြင့် အဖွဲ့အစည်းငယ်လေးတွေအတွက် မှတ်ပုံတင်ကြေးပေးသွင်းရတဲ့ ငွေကြေးပမာဏကများနေတယ်။ ပြည်တွင်းအဖွဲ့အစည်းတွေဟာ အလှူရှင်တစ်ဦးချင်းစီ ကိုယ်တိုင်ထည့်ဝင်ကြတဲ့ငွေအပေါ်မှာ ရပ်တည်နေရတာဖြစ်တဲ့အတွက် အစိုးရအနေနဲ့ ပြန်စဉ်းစားသင့်တယ်လို့ ယူဆပါတယ်” ဟု ဦးအောင်ထိုက်မင်းကပြောသည်။

ပြည်ပအလှူရှင်များနှင့်အတူ ရပ်ကွက်များထဲသို့ ဝင်ထွက်မည်ဆိုပါက သက်ဆိုင်ရာကိုကြိုတင်၍ အကြောင်းကြားရသည့် အခက်အခဲများ ကြုံခဲ့ရသော်လည်း ယခုနောက်ပိုင်းတွင် ယင်းကန့်သတ်ချက်မျိုးမရှိတော့သဖြင့် အဆင်ပြေကြောင်း အိတ်ချ်အိုင်ဗီရောဂါပိုးကူးစက်ခံထားရသူများအတွက်ကူညီဆောင်ရွက်ပေးနေသည့်အဖွဲ့တစ်ခုမှ တာဝန်ခံတစ်ဦးကပြောသည်။

**ပညာရေး**

ဘတ်ဂျက်ရေးဆွဲရာတွင် ပညာရေးအသုံးစရိတ်ပိုသုံးလာခြင်း၊ ၂၀၁၁ ဒီဇင်ဘာ ၂ရက်တွင် ကိုယ်ပိုင်ကျောင်း ဥပဒေကို ပြဋ္ဌာန်းခြင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်၍ အခမဲ့နှင့် မသင်မနေရ မူလတန်းပညာရေးစနစ်ကို စတင်ဆောင်ရွက်ခြင်း၊ အဆင့်မြင့်ပညာရေးအတွက် နိုင်ငံခြားတက္ကသိုလ်များနှင့် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနများ တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လာခြင်း၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ကျောင်းဝင်ခွင့် အမှတ်သတ်မှတ်ချက်ကို တိုးမြှင့်လိုက်ပြီး ကျောင်းသားလက်ခံမှုများကို လျှော့ချခဲ့ခြင်းတို့မှာ ပညာရေးနှင့်ပတ်သက်၍ ထူးခြားမှုများဖြစ်သည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနက မူလတန်းအောက်အဆင့်အတွက်တိုင်းရင်းဘာသာသင်ခန်းစာများကို ကျောင်းချိန်ပြင်ပတွင် သင်ကြားပေးရန် သင်ခန်းစာနှင့် ဆရာလက်စွဲများ ရေးဆွဲပြုစုရန် စီစဉ်နေသည်။

နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်များ ပြည်တွင်း၌လာရောက်၍ ကျောင်းခွဲတည်ထောင်ဖွင့်လှစ်ရန် စိတ်ဝင်စားလာမှုနှင့် မြန်မာကျောင်းသားများကို နိုင်ငံတကာမှ ပညာသင်ဆုများ တိုးမြှင့်ပေးအပ်ရန်စီစဉ်လာကြသည်ကိုလည်း တွေ့ရသည်။

သို့သော် စနစ်အမှားများကြောင့် နှစ်ပေါင်းများစွာ ယိုယွင်းနေသော ပညာရေးမှာ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် လုပ်ဆောင်ရန် များစွာလိုသေးသည်။ စနစ်တစ်ခုလုံး ပြုပြင်ရမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများကပြောသည်။

မြန်မာနိုင်ငံပညာရေးမှာ နိမ့်ကျလျက်ရှိပြီး၊ အခြားနိုင်ငံများ၌ မျိုးဆက်သစ်များမှာ ကောင်းမွန်သောပညာရေးသင်ကြားနေချိန်တွင် မြန်မာနိုင်ငံ၌ ဆန့်ကျင်စွာမျိုးဆက်သစ်များလက်ထက်ရောက်လာလေလေ ပညာရေးစနစ် ပိုဆိုးလာလေဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အော်စလိုငြိမ်းချမ်းရေးဖိုရမ်အပြီး ရှင်းလင်းပွဲတွင် ပြောသည်။

**ကျန်းမာရေး**

ရာစုနှစ်နှစ်စုအတွင်း ကျန်းမာရေးအသုံးစရိတ်အား တရားဝင် ကြေညာခဲ့ပြီး ကျန်းမာရေးဘတ်ဂျက်အားယခင်ကျန်းမာရေးအသုံးစရိတ်ထက် လေးဆကျော် (၇ ဒသမ ၆ ထရီလီယံကျပ်)သုံးစွဲရန် သတ်မှတ်လိုက်သည်။

ထိုကဲ့သို့ ဘတ်ဂျက်တိုးမြှင့်လိုက်သည့်ခြင်းသည် ပြည်သူများကြုံတွေ့နေရသည့် စရိတ်မျှပေးကျန်းမာရေးစနစ်၊ ဆေးရုံများတွင် လိုအပ်နေသည့် ဆေးဝါးများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ စသည့်လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း ယခုချိန်ထိ ထိုလိုအပ်ချက်များ ပြောင်းလဲမှုများမရှိသေးကြောင်း အဖွဲ့အစည်းများမှ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၊လွှတ်တော်အမတ်များ၊ တာဝန်ထမ်းဆောင်နေဆဲ ကျန်းမာရေးဝန်ထမ်းများက ပြောသည်။

“ဆေးရုံတွေမှာ နဂိုအတိုင်းပဲ။ ဂိတ်မှာပိုက်ဆံပေးနေရတုန်းပဲ။ လိုတဲ့ဆေးဝါးကနေ ပတ်တီး၊ လက်အိတ်အထိ ပြည်သူတွေဝယ်နေရတုန်းပဲ။ ဘတ်ဂျက်တိုးလာတဲ့အခါ ဆေးရုံတွေရဲ့ ဝန်ဆောင်မှုတွေနဲ့ ပတ်သက်ပြီး ချီးကျူးမှုဆိုတာမျိုးတော့ ကြားတာမျိုးမရှိသေးဘူး”ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက်တွင် လှုပ်ရှားနေသူတစ်ဦးက မှတ်ချက်ပေး ပြောကြားသည်။

“ကျန်းမာရေး ဘတ်ဂျက်တိုးလာပေမယ့် အဲဒီပိုက်ဆံတွေဘယ်ထဲကိုရောက်သွားလဲဆိုတာတော့ မသိဘူး။ ပြီးတော့ တိုးလာတယ်ဆိုပေမယ့် အများကြီး လိုအပ်ချက်တွေ ရှိနေသေးတယ်။ လိုအပ်ချက်နဲ့ယှဉ်ရင် ဆင်ပါးစပ်နှမ်းပက်ဆိုသလိုပဲ။ ကျန်းမာရေးဘတ်ဂျက်က ဒီလောက်နဲ့မရဘူး” ဟုပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ်ဒေါက်တာသန်းဝင်းက ပြောသည်။

သူနာပြုဆရာမနှင့်ကျန်းမာရေးဝန်ထမ်းအချို့၏ လူနာအပေါ်ဆက်ဆံရေးပိုကောင်းလာရန်၊ စံချိန်မီဆေးဝါးများ ရရှိမှု၊ တရားမဝင်ရောင်းချနေသည့် စပ်ဆေးများကြောင့် ဆေးယဉ်ပါးမှုနှင့် ဘေးထွက်ဆိုးကျိုးများအား ကာကွယ်ပေးနိုင်မှုစသည်တို့ကို ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း ဒေါက်တာသန်းဝင်းကပြောသည်။

ကျန်းမာရေးကဏ္ဍတွင် ဆရာဝန်နှင့် လူနာများအကြား ယုံကြည်မှုလျော့နည်းလာခြင်းများ၊ လူငယ်ဆရာဝန်များ၏ အရည်အသွေးမြင့်တင်ပေးမှု အားနည်းခြင်းများက ဆုတ်ယုတ်မှုများဖြစ်ကြောင်း ပညာရှင်များက သုံးသပ်သည်။

အခြေခံလူတန်းစားအား အခြေပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ပေးရန် ဝန်ထမ်းများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာများ၊ စည်းကမ်းများနှင့် လာဘ်ပေးလာဘ်ယူ ပပျောက်ရေးများမှာလည်း အရေးတကြီး ပြုလုပ်ရမည့်အရာများဖြစ်ကြောင်း ပညာရှင်များမှ အကြံပြုပြောကြားသည်။

**သဘာဝပတ်ဝန်းကျင်**

သမ္မတက မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းခဲ့ခြင်း၊ မပြည့်စုံသေးသော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ထွက်ရှိလာခြင်း၊ မြေယာအသုံးချမှု ပေါ်လစီချမှတ်ရန် ဆုံးဖြတ်ခြင်းစသည်တို့မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အားတက်စရာများဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကပြောသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နည်းဥပဒေရေးဆွဲရာတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ ဖိတ်ခေါ်လာခြင်းသည်လည်း ကောင်းသောပြောင်းလဲခြင်းဖြစ်ကြောင်း ဂေဟဗေဒစနစ်ဖွံ့ဖြိုးရေးအဖွဲ့ (Eco-dev) မှဥက္ကဋ္ဌဦးဝင်းမျိုးသူက ပြောသည်။

တိုင်းပြည်ဖွံ့ဖြိုးရေးကို ဦးစားပေးအဆင့်အနေဖြင့် စဉ်းစားလာခြင်းကြောင့်ပတ်ဝန်းကျင်ညစ်ညမ်းမည့် ပြဿနာများကြုံလာကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ငွေကြေးသုံးစွဲမှုမှာ ကျေနပ်အားရစရာ မရှိကြောင်း၊ ထို့ပြင် တစ်ဖက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများ ထွက်ရှိလာသလို တစ်ဖက်တွင်လည်း စက်မှုနိုင်ငံသို့ ဦးတည်သွားနေသောကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်လာမည်ကို စိုးရိမ်ကြောင်းလည်း ၎င်းကပြောသည်။

**နည်းပညာ**

အိုင်စီတီကဏ္ဍတွင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းလာသောနည်းဥပဒေများ မရှိသေးခြင်း၊ အိုင်စီတီကဏ္ဍ၏ အရေးကြီးဆုံးသော လူ့စွမ်းအားအရင်းအမြစ်များလုံလောက်စွာ ပြည်တွင်း၌ ရှိမနေခြင်းများက နည်းပညာကဏ္ဍ၏ အဓိကပြဿနာများဖြစ်သည်ဟု ပြည်တွင်းကွန်ပျူတာပညာရှင်အချို့ကပြောသည်။

“တင်းကျပ်တဲ့ ထိန်းချုပ်မှုတစ်ခုလျော့လာတာပဲရှိတယ်။ Business Model တစ်ခုအနေနဲ့ ပြောင်းလဲလာတာမရှိဘူး။ ဥပမာ အရင်ကပိတ်ခဲ့တဲ့ ဝက်ဘ်ဆိုက်တွေပြန်ဖွင့်ပေးတာမျိုးလောက်ပေါ့။ လူ့စွမ်းအားအရင်းအမြစ်တွေ အပြင်ရောက်နေတာလည်းပါတယ်။ သူတို့က ပြန်လာချင်ရင်တောင် သူတို့အတွက် ဘာလုပ်ပေးမှာလဲဆိုတာရှိသေးတယ်။ လိုအပ်ချက်များနေသေးတယ်။ မဆိုသလောက်လေးပြောင်းလဲလာတာပဲရှိပါသေးတယ်။ အိုင်စီတီကဏ္ဍအတွက် အစိုးရအများကြီး လုပ်ဖို့လိုသေးတယ်” ဟုကွန်ပျူတာလုပ်ငန်းရှင်နှင့် ပညာရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက ဆိုသည်။

မိုဘိုင်းဖုန်းများကို ကျပ်နှစ်သိန်းခွဲ၊ သုံးသိန်းဖြင့် အရေအတွက်များစွာချပေးခဲ့ခြင်းမှာ ဆက်သွယ်ရေးနှင့်နည်းပညာကဏ္ဍအတွက် ကောင်းမွန်သော်လည်း အင်တာနက်လိုင်းများ နှေးကွေးမှုမှာ သုံးစွဲသူများ စိတ်ပျက်စေသည်။

**စိန်ခေါ်ချက်များ**

7Day News ၏ စစ်တမ်းငယ်အရ လူပြောအများဆုံး မပြောင်းလဲသောအရာမှာ အောက်ပိုင်းအုပ်ချုပ်ရေး ယန္တရားများဖြစ်သည်ဟု ဖြေကြသည်။

“အောက်ခြေတွေ သိပ်မကောင်းသေးဘူး။ မြို့နယ်တွေ၊ တိုင်းတွေ၊ ကျေးရွာအဆင့်တွေမှာ သိပ်မကောင်းသေးဘူး။ လာဘ်စားမှုတွေ မကင်းသေးဘဲ ကျန်နေတုန်းပဲ” ဟု လုပ်ငန်းရှင်တစ်ဦးကလည်းပြောသည်။

“မပြောင်းလဲဘဲ တန့်နေတဲ့ကိစ္စတွေက ဥပမာ ရပ်ကွက်အုပ်ချုပ်ရေးကိစ္စတွေမှာဥပဒေပြဋ္ဌာန်းပေးပြီး ဒါပေမဲ့ လူဟောင်းတွေပဲဖြစ်နေတယ်။ ပြည်သူလူထုကတော့ ဒါကို မပြောင်းလဲဘူးလို့ပဲမြင်တာပဲ”ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းကြိုင်ကလည်းပြောသည်။

အုပ်ချုပ်ရေးပိုင်းနှင့် အစိုးရဌာနအချို့ မပြောင်းလဲသေးဘဲ ကြိုးနီစနစ်ကျန်နေရခြင်း၏ အကြောင်းရင်းကို ဆရာကျော်ဝင်းကလည်း အောက်ပါအတိုင်း သုံးသပ်သည်။ “မူဝါဒပြောင်းလဲမှုကတော့ သေချာပေါက်ဖြစ်သွားပြီ။ ဒါပေမဲ့ အဲဒီပေါ်လစီကို အကောင်အထည်ဖော်ရမယ့် လူပုဂ္ဂိုလ်တွေက မပြောင်းတာတော့ သေချာတယ်။ မပြောင်းသေးဘူးဆိုတာလည်း အကြောင်းရှိပါတယ်။ သူတို့ကိုယ်တိုင်က မိုင်းဆက်တွေ မပြောင်းနိုင်တာပါတယ်။ ဒါကတော့ အချိန်ယူရမှာပဲ။ နောက်တစ်ခုက အင်စတီကျူရှင်းလို့ခေါ်တဲ့ကျင့်ထုံးဆိုင်ရာမူဘောင်တွေ ချထားပြီး သိပ်မလုံလောက်သေးဘူး။ ဒီနှစ်ခုကြောင့် မပြောင်းသေးတာ။ . . . ပိုဆိုးတာလူတွေရဲ့မိုင်းဆက်။ နှစ်ပေါင်းငါးဆယ်လောက်က အမိန့်နာခံလုပ်နေတာ၊ အမိန့်မရှိရင် မလုပ်တတ်တော့ဘူး။ အမိန့်ပေးတာတောင်မှ ဟုတ်မှဟုတ်ရဲ့လားဆိုပြီးတော့ မလုပ်၊ မရှုပ်၊ မပြုတ်ဆိုတဲ့ဟာတွေက ရှိသေးတယ်။ ထင်သာတဲ့ ဥပမာ ပြောရရင်တော့ ကေအိုင်အေနဲ့ ဖြစ်နေတဲ့စစ်ပွဲမှာ သမ္မတက အပစ်အခတ်ရပ်ဖို့ ကိုယ့်ဘက်က တစ်ဖက်သတ် အပစ်အခတ်ရပ်ဖို့ အမိန့်ပေးတာ။ ဟိုမှာက သေနတ်သံကြားနေရသေးတယ်”

နိုင်ငံရေး လေ့လာစောင့်ကြည့်သူများက နှစ်ပေါင်းငါးဆယ်အတွင်း မြန်မာနိုင်ငံအတွက် လက်ရှိကာလမှာ အလားအလာအကောင်းဆုံးကာလဟု သတ်မှတ်ထားကြသည်။ ထို့အပြင် ပြည်သူများ၏ မျှော်လင့်ချက် ပိုမိုရှင်သန်လာစေခဲ့သော ဦးသိန်းစိန်၏ အစိုးရအတွက် လက်ကျန်သက်တမ်း သုံးနှစ်ကျော်အတွက် လုပ်ဆောင်ရန်နှင့် စိန်ခေါ်ချက်များစွာ ရှိနေပါသေးသည်။ ကေအိုင်အေအပါအဝင်လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး အမြန်တည်ဆောက်ပြီး အမျိုးသားရင်ကြားစေ့ရေး အောင်မြင်စွာဆောင်ရွက်နိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှုကို တိုက်ဖျက်ရန်၊ မူဝါဒအပြောင်းအလဲတွင် နစ်နာသူများကို ကူညီရန်၊ အုပ်ချုပ်ရေးအောက်ခြေအဆင့်တွင် ကျန်ရှိနေသေးသော ကြိုးနီစနစ်ကိုတိုက်ဖျက်ရန်၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသောအရေးကြီးသည့်ကဏ္ဍများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်၊ အဖွဲ့အစည်းများအားကောင်းလာအောင်ဆောင်ရွက်ရန်၊ ပလေယာများ၏စွမ်းဆောင်ရည်မြင့်မားလာအောင် ဆောင်ရွက်ရန်၊ တရားဥပဒေစိုးမိုးရေးနှင့် ဦးကျော်လှိုင်ကဲ့သို့ လယ်မြေအသိမ်းခံရသောတောင်သူများအရေး ဆောင်ရွက်ပေးရန် စသည်တို့ဖြစ်သည်။

နိုဗယ်ဆုရ စီးပွားရေးပညာရှင် စတစ်ဂလစ်က ငွေလဲနှုန်းပြုပြင်ပြောင်းလဲရန်နှင့်လယ်ယာမြေပိုင်ဆိုင်မှု ဥပဒေပြဋ္ဌာန်းပေးရန် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် မြန်မာ့စီးပွားရေးအတွက် အကြံပြုခဲ့သည်။

အကြံပြုချက် နှစ်ချက်ထဲမှ ငွေလဲနှုန်းပြုပြင်ရန် အချက်ကိုဆောင်ရွက်ပြီးဖြစ်သော်လည်း၊ လယ်ယာမြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ကျန်ရှိနေသေးသည်။ ကမ္ဘာသိမြန်မာ့စီးပွားရေးပညာရှင် ဒေါက်တာလှမြင့်ကလည်း လူမှန်၊ နေရာမှန်ဖြစ်ရန် အကြံပြုချက်မှာလည်း အထူးသတိပြုစရာဖြစ်သည်။

“နံပါတ်တစ် စိန်ခေါ်ချက်ကတော့ စီးပွားရေးပဲ။ စီးပွားရေးမှာ စောစောက ပြောသလို သာမန်လူထုအတွက် ထင်သာမြင်သာ အကျိုးအမြတ်တွေ သိပ်မဖန်တီး ပေးနိုင်တာကြာရင် လူထုထောက်ခံမှု ကျဆုံးသွားလိမ့်မယ်။ ဒါမကောင်းဘူး။ အဲဒီကနေ သိပ်ပြီးတော့ အကျပ်အတည်းတွေ များလာရင် မတည်မငြိမ်မှုတွေပါ ကူးစက်လာမယ်။ အဲဒီတော့ စီးပွားရေးအရမြင်သာထင်သာရှိတဲ့ အပြောင်းအလဲတွေ ရှိရမယ်။ အခက်အခဲတွေတော့ အများကြီးရှိတယ်လေ”ဟု ဆရာကျော်ဝင်းကပြောသည်။

ယခုနှစ် စပါးမစိုက်ရ၍ အလွမ်းဆွတ်ကျေးရွာမှ တောင်သူဦးကျော်လှိုင်တို့ ဝင်ငွေမရှိသောကြောင့် အသုံးစရိတ်ပိုမိုချွေတာနေရသည်။ သံယောဇဉ် မပြတ်သော်လည်း အသုံးစရိတ်အတွက် အိမ်ရှိ ကျွဲလေးကောင်ကို ရောင်းလိုက်ရပြီဖြစ်သည်။ ။

7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# ဘယ်စာကို ဘယ်အခါကစလို့ ဘယ်နှဝါမောင်သင်မတုံး

မောင်သာချို



(တစ်)

ကျွန်တော်နယ်မြို့ကြီးတစ်မြို့၌ နေထိုင်ခဲ့စဉ် တစ်နေ့ဈေးထဲသို့ ဖြတ်အလျှောက် ဈေးတန်းတစ်နေရာ၌ အိမ်ထောင်သက်တစ်နှစ်ဝန်းကျင်ကျော်ကျော် သက်တမ်းလောက်ရှိသည့် ဇနီးမောင်နှံနှစ်ယောက်နှင့် ဆုံပါသည်။ ဇနီးသည်က မွေးခါနီးဖွားခါနီး ကိုယ်ဝန်အရင့်အမာကြီးနှင့် ဖြစ်ပါသည်။ စီးပွားရေးကလည်း အသင့်အတင့်အဆင်ပြေ ပညာကလေးကလည်း အထိုက်အလျောက်တတ်ထားသည့် ဇနီးမောင်နှံဖြစ်ရာ တော်တော့ကိုကျက်သရေရှိသည့် အစပ်အဟပ်ကလေးဟုပဲ ဆိုကြပါစို့။

ကျွန်တော်နှင့် သူတို့လူသွားလူလာများသည့်ဈေးလမ်းကြောင်းနှင့် နည်းနည်းကလေး လွဲသွားအောင် ဘေးနားသို့ ကပ်နိုင်သမျှကပ်လျက် စကားစမြည် ပြောကြစဉ်ပညာရေးကိစ္စပါလာပါသည်။ မူကြိုကျောင်းကောင်းကောင်းတဲ့။ ရန်ကုန်မှာ ရှိလျှင်လည်း ရန်ကုန်ကို ညွှန်ပေးပါတဲ့။ ရန်ကုန်တွင် တိုက်ခန်းလည်းရှိ၊ ဆွေရင်းမျိုးလည်းရှိမို့အဆင်ပြေပါလေသတဲ့။

ကျွန်တော်က ကျောင်းထားမည့် ကလေးကို မေးရပါသည်။ အဖြေကို ကြားတော့ ရယ်သာရယ်လိုက်ကြရသော်လည်း စိတ်မသက်မသာကြီး။ ဇနီးမောင်နှံနှစ်ယောက်စလုံးက သူတို့၏ မွေးလုလု ဖွားလုလု ကိုယ်ဝန်အရင့်အမာကြီးဆီသို့ လက်ညှိုးထိုးပြကာ ကျွန်တော့ရယ်သံ၏နောက်တွင် ရှက်ကိုးရှက်ကန်း လိုက်ရယ်နေကြခြင်းပင်ဖြစ်ပါသည်။ သူတို့၏ မျက်နှာများက မမွေးသေးသည့် သူတို့ရင်သွေး၏ မူကြိုထားရေး ကိစ္စကို တကယ့်ကို စဉ်းစားနေပြီဖြစ်ကြောင်း ပေါ်လွင်နေပါသည်။ ကျွန်တော်က "သော" တတ်သည့် ဝါသနာရှိသူဖြစ်ရာ အခြေအနေအဆင်ကောင်းစွာဖြင့် အခုမမွေးခင်ကတည်းက ဆရာမကိုဗိုက်ထဲသွင်းပြီး စာ,စသင်နေရင် ကလေးပညာတတ်တာပေါ့ဟုဆိုတော့ သူတို့ထပ်ဆင့်ရယ်ကြပြန်ပါသည်။ ဆရာဦးအောင်သင်း ပြောသလို "ရယ်စရာနောက်မှာ မောစရာပါတယ်ကွ" ဟူသည့် စကားအတိုင်း ရယ်ပြီးတော့လည်း မောစရာကြီးပါ။

(နှစ်)

မိခင်များ ဖခင်များက အလုပ်လုပ်ကြရလို့၊ သို့မဟုတ် မိတစ်ခြမ်းပဲ့ ဖတစ်ခြမ်းပဲ့ ကလေးတွေဖြစ်သွားရှာကြလို့၊ သို့မဟုတ် မိခင်ရော ဖခင်ပါ မရှိကြတော့လို့ ကလေးကို ပြုစုပျိုးထောင်ရန် အလို့ငှာ မူကြိုကျောင်းကလေးများဆီသို့ ပေးပို့အပ်နှံကြခြင်းကို ကျွန်တော် အဆိုးမဆိုပါ။ သို့သော် စတန့်(stunt) သဘောများ၊ သူများကလေးရှေ့မှာ ကိုယ့်ကလေးက ရောက်နေစေလိုသည့် အငမ်းမရ နေရာဦးလိုစိတ်များဖြင့် ကလေးကို ဇွတ်ဖိအားပေးပြီး စာသင်ခိုင်းနေကြသော ခေတ်ကြီးကိုကား ကျွန်တော် အံ့သြမိပါသည်။ ကစားချိန်ကစား၊ နားချိန်နား ဆိုတာ အများစုမှာ မရှိကြတော့။ ကစားလည်း မကစားနဲ့။ နားလည်းမနားနဲ့။ သင်ပြီးရင်းသင် ကျက်ပြီးရင်းကျက် ကာလကြီး။

School ရှေ့၌ pre တပ်ပြီး school မတိုင်မီ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ် စသည်ဖြင့် လို့လဝီရိယ ထုတ်နိုင်လျှင် ထုတ်နိုင်သလောက်ကြိုတင်ကာ pre နိုင်မှ ဟုတ်သလိုလို ဖြစ်လာကြလေရာ စဉ်းစားသုံးသပ်ဖို့တော့ ကောင်းပြီးဟု ကျွန်တော်ထင်ပါသည်။

ကျောင်းမနေခင်ကလည်း pre ခေါင်းစဉ်အောက်တွင် အမျိုးမျိုး အထွေထွေ အသင်ကြားခံကြရ။ ကျောင်းတက်တော့ မနက်ကျူရှင်၊ ညကျူရှင်။ လွတ်နေသည့် အချိန်များတွင်မူ လမ်းညွှန်မည့်သူ Guide နှင့်။ နွေရာသီကျောင်းပိတ်သော်နောက်အတန်းအတွက် ကြိုတင်သင်ယူ။ ကမ္ဘာကိုသာမက စကြဝဠာကိုပါ လွှမ်းသွားအောင် သင်ကြားနေကြသည့် ပုံစံမျိုး။

(သုံး)

နေချင်စရာအကောင်းဆုံး၊ အေးချမ်းတည်ငြိမ်မှု အရှိဆုံး၊ ဉာဏ်ပညာအကြွယ်ဆုံး၊ ကြွယ်ပိုးကြွယ်ဝအရှိဆုံး ဥရောပနိုင်ငံများထဲတွင် ပါဝင်သည့် ဒိန်းမတ်၊ ဖင်လန် စသော နိုင်ငံများက မူလတန်းပညာရေးကို အသက် ၆ နှစ်တွင်မှ စသည်ဟု ဆိုပါသည်။

ကလေးကို မူကြိုစာသင်ပေးသင့်သည်ဟူသည့် အယူအဆကို ဂျပန်က ၁ ရာခိုင်နှုန်း၊ အမေရိကန်က ၂၂ ရာခိုင်နှုန်း၊ တရုတ်က ၂၃ ရာခိုင်နှုန်းသာ လက်ခံသည်ဟုလည်း ကျွန်တော် အမှတ်အသား ရှိပါ၏။ ကလေးကို ဇွတ်အတင်းအဓမ္မ စာကျက်ခိုင်းရန်ကိုမူ ဂျပန်က ဝ ရာခိုင်နှုန်း၊ အမေရိကန်က ၁ ရာခိုင်နှုန်း၊ တရုတ်က ၃၅ ရာခိုင်နှုန်းသာ လက်ခံပါသည်။

တောင်ကိုရီးယားနိုင်ငံသည်ကား ပုဂ္ဂလိက စာသင်ဝိုင်းတို့ အလွန်ခေတ်စားသော နိုင်ငံဖြစ်ပါသည်။ ကျောင်းချိန်ပြင်ပ၌လည်း ဝိုင်းများဖြင့် စာသင်ပေးကြရာ အချို့ ညသန်းခေါင်ယံ ကာလအထိ သင်ယူကြရသည်ဟု ဆိုပါသည်။ ထူးသည်ထက်ထူး ချွန်သည်ထက်ချွန်ရမည်ဟူသော ဖိအားက ကျောင်းသားကျောင်းသူများ အပေါ်သို့ ကျရောက်လာခဲ့ရာ ထိုဖိအားကြောင့် နှစ်စဉ်ကလေး ၂၀၀ ဝန်းကျင် ကိုယ့်ကိုယ်ကိုယ် သတ်သေ (suicide)ကြကြောင်း ရဲစခန်းက သတင်းထုတ်ပြန်လိုက်လေရာ တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ် တုန်လှုပ်သွားပုံရပါသည်။ မူလတန်းဝိုင်းများ ည ၉ နာရီ မကျော်ရန်၊ အလယ်တန်း အထက်တန်းဝိုင်းများ ည ၁၀ နာရီမကျော်ရန်ကိုပင် သမ္မတအမိန့် ထုတ်ပြန်ရပါကြောင်း ဖတ်ရသောအခါ ကျွန်တော် အံ့သြသွားပါသည်။ ပညာရှာတဲ့လမ်းမကြီး ဟာ ကြမ်းတမ်းလှချေကလား။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ဟောင်ကောင်တက္ကသိုလ် ပညာရေး သုတေသန စင်တာ (comparative Education Research centre)တို့ ပူးပေါင်းသုတေသနလုပ်သည့် အစီရင်ခံစာထဲ၌ Shadow Education ခေါ် အချိန်ပိုပညာရေးအတွက်ဟောင်ကောင်တွင် တစ်နှစ်ဒေါ်လာ ၂၅၅ သန်း (၂၀၁၁)၊ ဂျပန်တွင် တစ်နှစ် ဒေါ်လာ ၁၂ ဘီလျံ (၂၀၁၀)၊ စင်ကာပူတွင် တစ်နှစ်ဒေါ်လာ သန်း ၆၀၀ ခန့် (၂၀၀၈) သုံးသည်ဟုဆိုရာ ကြောက်မခန်းလိလိပင် ဖြစ်ပါ၏။ တောင်ကိုရီးယားတွင် ဆယ်ယောက်မှာ ကိုးယောက်က ကျူရှင်တက်သတဲ့။ အိန္ဒိယအနောက် ဘင်ဂေါတွင် ဆယ်ယောက်မှာ ခြောက်ယောက်က ကျူရှင်တက်သတဲ့။ အဇာဘိုင်ဂျန်နှင့် တူရကီတွင်မူကား ကလေးတို့ ကျောင်းမတက်ဘဲ တစ်နေ့လုံး အိပ်နေကြတာ ညကျမှ ကျူရှင်တက်ကြလေသတဲ့။

သည်လို ကမောက်ကမ ဖြစ်ခန်းများက လူငယ်များနှင့် မိသားစု အပေါ်သို့ လွှမ်းမိုးကာ လူမှုရေး မညီမျှမှုတွေ ဖြစ်ရုံမျှမက ပညာရေးစနစ်ကိုပါ အားလျော့စေသည်ဟု ဆိုပါသည်။

(လေး)

ကလေးဆိုတာ ငြိမ်နေမှ တိတ်နေမှ လိမ္မာတာဟူသော အယူအဆဖြင့် အိပ်ခိုင်းထားသော pre-school များ၊ ကလေးပါးစပ်နှင့် မတန်သည့် စာကြီးပေကြီးများကို အလွတ်ရွတ်ဆိုခိုင်းထားသည့် pre-school များ ရှိသကဲ့သို့ ကလေးတို့ကို လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားခိုင်းထားပြီး အခြေခံ စာကလေးတစ်လုံးစ နှစ်လုံးစသင်ပေး၊ လက်ကလေး ခြေကလေးတွေ သန်စွမ်းခိုင်မာလာအောင် လေ့ကျင့်ပေးသည့် pre-school များလည်း ရှိပါသည်။

မမွေးခင်က ကျောင်းစထားဖို့ ပြင်နေသော မိဘများရှိသကဲ့သို့ ကလေးကို ပိုမိုကြံ့ခိုင်ကာ ရွှင်လန်းစေဖို့ဟုဆိုကာ အခြားအခြားသော ကလေးများ ၅ နှစ်အရွယ် ကျောင်းစထားချိန်၌ မထားသေးဘဲ ၆ နှစ်ကျမှ စထားသဖြင့် ပို၍ ချွန်မွန်နေသော ရင်သွေးကိုကြည့်ကာ သဘောကျနေသည့် မိဘတွေကိုလည်း ကျွန်တော်တွေ့ဖူးပါသည်။

လူတိုင်းလူတိုင်း၏ ရင်ထဲရှိ ဗိုလ်ချုပ်အောင်ဆန်းက အသက် ၇ နှစ်ကျော် ၈ နှစ် အရွယ်တွင်မှ ကျောင်းစထား၍ ရပါသည်။ အယ်လ်ဘတ်အိုင်စတိုင်းတို့သော မတ်အယ်ဒီဆင်တို့က အတန်းထဲတွင် အမှတ်တွေ အများကြီးရသော ကလေးများ မဟုတ်ခဲ့ကြပါ။

သင်ရော သင့်ကလေးကို ဘယ်အခါက စ,လို့ စာသင်မှာပါလိမ့်။ ဘယ်လောက်များများ စာသင်မှာပါလိမ့်။ ကျွန်တော်သိချင်စမ်းပါဘိ။ ။

## စာ – ၂၅၊ တရားဥပဒေနှင့် ညီညွတ်သော အခွန်ကောက်ခံခြင်း မှ

ထိုကဲ့သို့ ကုန်ကျစရိတ်များ ထုတ်နုတ်ပြီးမှ ကျန်ငွေသည် မိမိ၏ဝင်ငွေဖြစ်လာမည် ဖြစ်ပါသည်။

ကုန်ရောင်းကုန်ဝယ်၌ ဝယ်ရင်းတန်ဖိုး၊ သယ်ပို့စရိတ်၊ ဝန်ထမ်းစရိတ်၊ ပျက်စီးလေလွင့်စရိတ်၊ ဆိုင်စရိတ်၊ ရုံးစရိတ်စသည်များကို စုစုပေါင်းပြီး ရောင်းရငွေမှာ ထုတ်နုတ်၍ ကျန်ငွေမှာ အမြတ်ငွေ၊ ဝင်ငွေဖြစ်လာပါသည်။ ထိုနည်းတူစွာ လုပ်ငန်းနှင့် ဆက်စပ်၍ ကုန်ကျစရိတ်များစုပေါင်း၍ ဝင်ငွေမှထုတ်နုတ်ပြီး ကျန်ငွေကိုဝင်ငွေအဖြစ် သတ်မှတ်ရမည်ဖြစ်ပါသည်။ ထိုရရှိသော ဝင်ငွေပေါ်၌သာ အနည်းအများအလိုက် ရာခိုင်နှုန်းသတ်မှတ်၍ အခွန်ဆောင်စေခြင်းဖြင့် တန်းတူညီမျှသော၊ တရားမျှတသော အခွန်ကောက်ယူခြင်းဖြစ်ပေါ်လာနိုင်ပါသည်။

ဥပဒေအရ အခွန်အမျိုးမျိုးကောက်ခံကြရာတွင် အခွန်ကင်းလွတ်ခွင့်ပေးရသည့် လုပ်ငန်းများပေါ်ပေါက်လာခြင်း၊ AFTA ပေါ်လာပါက Custom Duties များ ပျောက်ကွယ်လုမတတ် ဖြစ်နိုင်ပါသည်။ ထိုသို့သော အခြေအနေတွင် အခွန်ဝင်ငွေများစွာ လျော့နည်းသွားမည်ဖြစ်ပါသည်။ ယင်းအခြေအနေကို ကုစားရုံနှင့် မလုံလောက်ပါ။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံထူထောင်ရန်အတွက် အစိုးရအသုံးစရိတ်များ အဆပေါင်းများစွာ သုံးစွဲရန်လိုအပ်ပါသည်။ ထိုအသုံးစရိတ်များအတွက် နိုင်ငံတော် ဝင်ငွေရရှိရန် အခွန်အခများ တိုးချဲ့ကောက်ခံခြင်း၊ နိုင်ငံပိုင်မြေနှင့် ပစ္စည်းများ ငှားရမ်းခြင်း စသည်တို့မှ ဝင်ငွေရှာရမည်ဖြစ်ပါသည်။

အခွန်အခ တိုးချဲ့ကောက်ခံရာတွင် အခွန်ထမ်းပြည်သူများ တစ်စတစ်စ တိုးတက်များပြားလာစေရန်အတွက် အရေအတွက်ကို တိုး၍တိုး၍ ချဲ့ထွင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းအရေအတွက်နှင့် အခွန်ပမာဏ တိုးတက်များပြားလာစေရန်အတွက်ပြည်တွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုမည့် လုပ်ငန်းရှင်များ အမြောက်အမြားပေါ်ထွက်လာစေရန် အလွန်အရေးကြီးပါသည်။ လုပ်ငန်းရှင် အများအပြားပေါ်ပေါက်မှသာ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ပမာဏများသော အခွန်အခများလည်း ရရှိမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည့်အခါမှ ဝန်ထမ်းလုပ်သားများ ခန့်ထားနိုင်ပြီး အလုပ်လက်မဲ့ဦးရေလည်း ကျဆင်းနိုင်မည်ဖြစ်ပါသည်။

လုပ်ငန်းရှင်လည်းများ၊ ဝန်ထမ်းလုပ်သားများလည်း များစွာပေါ်ထွက်လာပါက ဝင်ငွေဝင်လမ်းရှိသူ များပြားလာပြီး သုံးစွဲသူ ပမာဏလည်း များလာမည်ဖြစ်ပါသည်။ သုံးစွဲသူပမာဏများပြားလာမှ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုများ အားကောင်းလာပြီး နိုင်ငံရေး၊ စီးပွားရေး အရှိန်အဟုန်ကြီးစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

အခွန်ထမ်းပြည်သူများပြားလာရန်အတွက် ဥပဒေပြဋ္ဌာန်းရန်လိုအပ်သည့်အပြင် လူတိုင်းလူတိုင်း တာဝန်သိသိဖြင့် အခွန်ထမ်းသင့်သူများ အခွန်ထမ်းချင်လာအောင် စည်းရုံးလှုံ့ဆော်သော လုပ်ငန်းကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အခွန်ထမ်းဆောင်ရန် တာဝန်ရှိကြောင်း၊ ထမ်းဆောင်ပုံနည်းစနစ်၊ အခွန်ကင်းလွတ်ခွင့်များ၊ ထမ်းဆောင်ရမည့် အချိုးအစားများကို လွယ်ကူရှင်းလင်းစွာ သိရှိရန် ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းတွင် နည်းမျိုးစုံဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ စာသင်ကျောင်းမှစ၍ မီဒီယာလုပ်ငန်း၊ အနုပညာလုပ်ငန်းတို့ကို အသုံးပြုပြီး အသိပညာပေးဖြန့်ဝေရမည် ဖြစ်ပါသည်။ ထိုနည်းဖြင့် တစ်ရာမှတစ်ထောင်၊ တစ်ထောင်မှတစ်သောင်း၊ တစ်သောင်းမှ တစ်သိန်းဖြစ်လာအောင် စည်းရုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်မှသာ ဝင်ငွေခွန်စစ်စစ် ကောက်ခံခြင်းဖြစ်ပါမည်။ ၎င်းအပြင် အထွေထွေဝန်ဆောင်ခွန်အဖြစ် နိုင်ငံတိုင်းတွင် ကောက်ခံနေသည့်အတိုင်း ကျွန်တော်တို့နိုင်ငံတွင် ကျင့်သုံးသင့်ပါသည်။ VAT, GST ကောက်ခံခြင်းမှာ နိုင်ငံအတွက် ဝင်ငွေအမြောက်အမြား ရှာပေးနိုင်သည့် အခွန်အမျိုးအစားဖြစ်ပါသည်။ ထိုသို့အခွန်များကောက်ခံရာတွင် တဖြည်းဖြည်း စည်းရုံးဆောင်ရွက်သည့်နည်းလမ်းကို အသုံးပြုသင့်ပါသည်။ စင်ကာပူနိုင်ငံတွင် GST ကောက်ခံရာ၌ ပထမဦးစွာ ၃ ရာခိုင်နှုန်း ကောက်ခံပြီး လူအများပေးဆောင်ချင်လာအောင် ဆွဲဆောင်ပါသည်။ အခွန်ထမ်းပြည်သူများစိတ်တွင် အခြားနိုင်ငံများ၌ ၇ ရာခိုင်နှုန်းပေးဆောင်ရပြီး မိမိတို့နိုင်ငံ၌ ၃ ရာခိုင်နှုန်းသာ ပေးဆောင်ရသဖြင့် ဆောင်သင့်သည်ဟု ခံယူချက်ရှိလာပြီး ပေးဆောင်သူများ တဖြည်းဖြည်းများပြားလာပါသည်။ အခွန်ကောက်ခံရာတွင် ဥပဒေပြဋ္ဌာန်းထားသော်လည်း အခွန်ဆောင်ချင်သူထက် အခွန်ရှောင်ချင်သူကလည်း ပိုများနေတတ်ပါသည်။ သို့အတွက် အခွန်ဆောင်ချင်သူ တဖြည်းဖြည်းတိုးပွားလာအောင် အခွန်ဆောင်ရမည့်ပမာဏကိုလျှော့ချ၍ စည်းရုံးခြင်းနည်းလမ်းကို ကျင့်သုံးခြင်းဖြစ်ပါသည်။ တစ်ဖက်မှလည်း အခွန် ဥပဒေဖြင့် အရေးယူနိုင်ကြောင်း ခြိမ်းခြောက်ရပါသည်။ ဤသို့ လုပ်ငန်း ၃ ရပ်ဖြင့်ဆောင်ရွက်လာသည့်အခါ အခွန်ထမ်းဆောင်သူ အရေအတွက်များပြားလာသည့် အချိန်၌ ၅ ရာခိုင်နှုန်းသို့ တိုးမြှင့်လိုက်ပါသည်။ ၅ ရာခိုင်နှုန်းနှင့် ပေးဆောင်ရသူများ အရှိန်ရလာသည့်အခါတွင် ၇ ရာခိုင်နှုန်းသို့ တိုးမြှင့်လိုက်ပါသည်။ ထိုအဆင့်သုံးဆင့်ကို ၇ နှစ်ခန့် ကြာအောင် ဆောင်ရွက်လိုက်သည့်အခါအများစုမှာ GST ကို မဖြစ်မနေ ပေးဆောင်နေကြပြီ ဖြစ်ပါသည်။

အထက်ဖော်ပြပါ နမူနာကဲ့သို့ အခွန်ထမ်းချင်လာအောင် စည်းရုံးဆောင်ရွက်ခြင်း၊ ကနဦးကာလ၌ အခွန်ရာခိုင်နှုန်းလျှော့၍ စည်းရုံးဆောင်ရွက်ခြင်း၊ ဥပဒေနှင့် အရေးယူနိုင်သည်ကို အကြောင်းပြုပြီး အခွန်ထမ်းဆောင်အောင် တိုက်တွန်းခြင်း၊ စီးပွားရေးတိုးတက်ကောင်းမွန်အောင် ကူညီဖန်တီးတိုက်တွန်း အားပေးဆောင်ရွက်ခြင်း၊ အခွန်အမျိုးအစားများ တိုးချဲ့ဖန်တီးခြင်း၊ နိုင်ငံပိုင်ပစ္စည်းနှင့် သယံဇာတများကို အသုံးချဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ဝင်ငွေတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဘဏ္ဍာငွေကြေး အမြောက်အမြား အသုံးပြုဆောင်ရွက်နိုင်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

ဂ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည့်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနီ၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချို့နွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၇၀,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

**Hotline : 0973032006**




# မျက်နှာပန်းလှဖို့ အထက်တန်းကျကြစို့

**အာဝါသ**

နိုင်ငံတစ်နိုင်ငံ၊ ဒါမှမဟုတ် လူမျိုးတစ်မျိုးရဲ့ အဆင့်အတန်းကို အကဲဖြတ်ရာမှာ သတိထားကြည့်ရှုလေ့ရှိတဲ့ အချက်တွေ အတော်အတန် ကြားဖူးတဲ့အနက်က တကယ်လို့များ ကျွန်တော်တို့လူမျိုးကိုဆိုရင်ရောလို့ စဉ်းစားတော့ ရုတ်တရက်မို့ အထူးပြုပြောစရာ ရှာမရဘူး။

ဒါကလည်း အမှန်တော့ လူမျိုးခြား ဧည့်သည်တစ်ယောက်က ရှာကြည့်မှသာ သဘာဝကျနိုင်တာမို့ ခုတော့ ကိုယ့်လူမျိုး အချင်းချင်းကြားမှာ လူပြောများလွန်းတဲ့ ရေပန်းအစားဆုံးသုံးလေးခုကိုပဲ တန်းပြီးမျက်စိထဲမြင်ယောင်လိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုဒီတစ်ရက်၊နှစ်ရက်ကပဲ အဲဒီထဲက နာမည်ကြီးတစ်ခုနဲ့ ကြုံကြိုက်လာရပြန်တာကို အခု ပြောပြမလို့ပါ။

တစ်ရက် ကမ္ဘာအေးဘုရားလမ်းမပေါ်က ဂမုန်းပွင့်ပလာဇာ မီးလောင်တယ်ဆိုတော့ ကျွန်တော်က တာမွေဘက်ပြေးဆွဲနေတဲ့ဘတ်စ်ကားတစ်စီးပေါ်ရောက်နေတာမို့ ကျွန်တော်အပါအဝင် ကားပေါ်က လူတွေလည်း မူလထက် နိုးနိုးကြားကြားဖြစ်ကုန်ကြတယ်။ အဲဒီအချိန် ကျွန်တော်တို့ကား ယာဉ်နောက်လိုက်စပယ်ယာဆီက ရုတ်ခြည်း ကြားလိုက်ရတဲ့စကားသံကြောင့် စိတ်လှုပ်ရှားမှုဖြစ်ရတာထက် ကျွန်တော်အတော်ပဲ အံ့အားတသင့်ဖြစ်မိသွားတယ်။

"ဆရာ ကမ္ဘာအေးဂမုန်းပွင့်မှာ မီးလောင်နေတယ်တဲ့။ ခရီးသည်တွေ ချထားခဲ့ပြီး လှည့်ဆွဲလိုက်ရင် လန်းမယ်"

ကဲ စာဖတ်သူများ ကြားတဲ့အတိုင်းပါပဲ။ ဒါဟာ ရန်ကုန်မြို့က ဘတ်စ်ကားစီး ခရီးသည်တွေ နိစ္စဓူဝ ရင်ဆိုင်ကြုံတွေ့နေရပါတယ်ဆိုတဲ့ အဆင်မပြေဖြစ်မှုတွေကို မီးမောင်းထိုးသက်သေပြလိုက်နိုင်တဲ့ ယာဉ်နောက်လိုက် စပယ်ယာတွေရဲ့ အခြေခံစိတ်ဓာတ်နဲ့ အကျင့်အကြံတွေထဲက တစ်ခုလို့ ဆိုရမှာပဲဖြစ်ပါတယ်။ ဒါတင်မက သည်အဖြစ်မျိုးကို ကျွန်တော်တို့ အနေနဲ့ဘတ်စ်ကားလောကမှာပဲ ဖြစ်တတ်တဲ့ ပြဿနာလို့ ကွက်ကွက်လေးမြင်ကြည့်မယ့်အစား အမျိုးသားရေးလက္ခဏာအမြင်မျိုးနဲ့ပါ ချဲ့ထွင်စဉ်းစားသုံးသပ်ကြည့်သင့်ကြမယ်လို့ထင်ပါတယ်။ ဘာလို့လဲဆိုတော့စပယ်ယာဆိုတာလည်း မြန်မာလူမျိုးထဲက နိုင်ငံသားတစ်ယောက်ဖြစ်နေတာမို့ သည်စိတ်ဓာတ်မျိုးတွေ မြန်မာပြည်မှာ ဘယ်လောက်ပျံ့နှံ့တည်ရှိသလဲဆိုတာနဲ့ တကယ်လို့သာ ဒီအတွေ့အကြုံကို လူမျိုးခြားတစ်ယောက် အမြင်နဲ့ ကောက်ချက်ဆွဲကြည့်မယ်ဆိုရင် ကားသမားတစ်ယောက်လို့ မြင်မှာမဟုတ်ဘဲ "မြန်မာလူမျိုးတွေ"ဆိုတဲ့ ခြုံငုံသုံးသပ်မှုမျိုးကို ခံရနိုင်တာကြောင့် ဖြစ်ပါတယ်။

ဖြစ်စဉ်ကို Case Study ပြန်ကောက်ကြည့်ရင် အဆိုပါယာဉ်နောက်လိုက်ဟာဘေးဒုက္ခသတင်းတစ်ခုကို ကြားကြားချင်းမှာ သူ့အသိဉာဏ်ကတစ်ဆင့် အရင်ဦးဆုံး တုံ့ပြန်ပေါ်ထွက်လာတာက (ကာယကံမြောက်အားထုတ်သည်ဖြစ်စေ၊ အားမထုတ်သည်ဖြစ်စေ) အတ္တကိုယ်ကျိုးအတွက်ဖြစ်နေတာမို့ ဒါဟာ လူတစ်ယောက်ရဲ့ ပင်ကိုခံယူချက်နဲ့ အတွင်းစိတ်ကိုပါ ထင်ဟပ်နေမှာလည်း ဖြစ်လို့ အံ့သြဖွယ်ကောင်းလှသလို ရှက်ဖွယ်လိလိလည်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကျိုးကြောင်းဆင်ခြင်မှုသီအိုရီအရနားလည်နိုင်တာက သူဟာ အခင်းဖြစ်နေရာနဲ့အလှမ်းကွာဝေးရုံမက တာဝန်ကြီးတစ်ဖက်နဲ့မို့ သွားရောက်ကူညီဖို့ မဖြစ်နိုင်တာကို ထည့်ပြောစရာမရှိပေမယ့် အမှတ်မထင် လှစ်ခနဲမြင်ရတဲ့ ဆန့်ကျင်ဘက်'တောကြောင်'စိတ်ဓာတ် ဘယ်က လာသလဲဆိုတာ မပေါ့ဘူးလို့ပြောလိုခြင်းပါ။

ဘေးဒုက္ခအန္တရာယ်တစ်ခုခု ပေါ်ပေါက်လာတဲ့အခါ ပတ်ဝန်းကျင်မှာ တွေ့ရတတ်တဲ့ လူအမျိုးအစား သုံးစားရှိတယ်လို့ဆိုပါတယ်။ အဲဒါတွေကတော့ ကူညီတဲ့လူ၊ စွန့်ခွာထွက်ပြေးသူနဲ့ အမြတ်ထုတ်သူတွေပဲဖြစ်ပါတယ်။ ကူညီတတ်သူတွေဟာ မိမိမှာ လွတ်မြောက်နိုင်ခြေအခွင့်အလမ်းတွေ ရှိပင်ရှိနေလင့်ကစားတစ်ပါးသူရဲ့ အခက်အခဲကို ငဲ့ညှာစာနာတတ်သူပီပီလိုအပ်ရင် တစ်စုံတစ်ရာကို စွန့်လွှတ်ပေးဆပ်လိုက်ဖို့အထိ ဝန်မလေးတတ်တာမို့ လူမှုဝန်ထမ်း ပရဟိတ စိတ်ဓာတ်တွေ ပြည့်ဝနေတဲ့ အမြတ်ဆုံးလူလို့ သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ လောကမှာ အရေအတွက် အတော်များများ တွေ့နေရမှာက အန္တရာယ်နဲ့ကြုံတိုင်း ကိုယ်လွတ်ရုန်းထွက်ပြေးတတ်တဲ့ တစ်ကိုယ်ကောင်းဆန်သူ ဒုတိယအမျိုးအစားအတ္တသမားတွေပဲဖြစ်ပါတယ်။ သုံးမျိုးသုံးစားထဲမှာ နောက်ဆုံးအမျိုးအစားဖြစ်တဲ့ အမြတ်ထုတ်သမားတွေကတော့ ဒုတိယအမျိုးအစားမှာလို မိမိလွတ်မြောက်ရေးသက်သက်ကို သာမကတော့ဘဲ အခြေအနေပေါ် အခွင့်ကောင်းယူပြီး မှန် မမှန်၊ တရား မတရား ဆိုတာတွေထက် ပွဲလန့်တုန်း ဖျာဝင်ခင်းဖို့အတွက် ဘာမဆိုလုပ်ဝံ့တဲ့လူစားတွေပဲဖြစ်ပါတယ်။

အခု တင်ပြဆွေးနွေးနေတဲ့ ယာဉ်နောက်လိုက်လို အပြုအမူ အကျင့်အကြံမျိုးဟာ ဘယ်လူစားမျိုးနဲ့ အနီးစပ်ဆုံး အကျုံးဝင်နေမလဲဆိုတာကို ရိပ်စားမိနိုင်ကြမှာဖြစ်သလို အထူးသဖြင့်တော့ ကျွန်တော်တို့ကိုယ်တိုင်လည်း နံပါတ်တစ် အတန်းအစား စိတ်ဓာတ်မျိုးတွေ ပွားများရှင်သန်လာအောင် ဖြည့်ကျင့်အားထုတ်သွားကြမှသာ ကမ္ဘာ့အလယ် ဝံ့ထည်ကြီးမြတ်တဲ့ လူမျိုးတစ်မျိုးအဖြစ်ကိုခံယူရရှိနိုင်မှာမို့ "လူဖြစ်ရခြင်းသည် မြတ်နိုးစရာမဟုတ်သေး။ လူကောင်းဖြစ်ရခြင်းသည်မြတ်နိုးစရာစစ်စစ်ဖြစ်တော့သည်"ဆိုတဲ့ တွေးခေါ်ရှင်ကြီး အရစ္စတိုတယ်ရဲ့ စကားလို လူသားပီသတဲ့လူစားတွေဘဝ ရောက်ရှိကြမှာလည်း ဖြစ်ပါတယ်။

စာဖတ်သူများ မှတ်မိကြပါလိမ့်ဦးမည်။ ၂၀၁၀ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့က ချီလီနိုင်ငံမှာ မိုင်းတွင်းပြိုကျတော့ မြေအောက်ပေ ၂၀၀၀ ကျော်အနက်မှာ ၆၉ ရက်ကြာ ပိတ်မိနေကြတဲ့ မိုင်းလုပ်သား ၃၃ဦးကို တစ်ယောက်မကျန်ဘေးမသီရန်မခဘဲ နေ့ညမနား ကူညီကယ်တင်နိုင်ခဲ့လို့တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ချီးကျူးဩဘာပေးခြင်းကို ခံယူရရှိခဲ့ကြတဲ့ သမ္မတကြီးပီနေရာနဲ့ ကျွမ်းကျင်သူ ကယ်ဆယ်ရေးအဖွဲ့တွေအပါအဝင် ချီလီပြည်သူတွေရဲ့ ပေါင်းစည်းညီညွတ်မှုဟာ အားကျဖွယ်ကောင်းလှသလို အထူးအားဖြင့် အဲဒီလို ပိတ်မိနေစဉ်အတွင်း ဘဝတူ အတိဒုက္ခရောက်နေသူတွေကို အစစအရာရာ ဦးစီးဦးဆောင်မှုပေးခဲ့ပြီး မြေပြင်ကကယ်တင်မှုကိုတော့ နောက်ဆုံးမှ ခံယူခဲ့သူ ၅၄ နှစ်အရွယ် အသက်အကြီးဆုံးလည်းဖြစ်တဲ့ မစ္စတာအူရာဇူရာရဲ့ အနစ်နာခံ ငဲ့ညှာတတ်မှုအပေါ် ကျွန်တော် အတော်ပဲ ဂုဏ်ယူလေးစားမိပါတယ်။

ထိုနည်းတူစွာ ၂၀၁၁ ခုမတ်လ ၁၁ ရက်နေ့က ဂျပန်နိုင်ငံမှာ ပြင်းထန်တဲ့ ငလျင်ကြီးလှုပ်တော့ ပေါက်ကွဲပျက်စီးခဲ့ရတဲ့ ဖူကူရှီးမား နျူကလီးယားစွမ်းအင်စက်ရုံရဲ့ ခြောက်မိုင်ပတ်လည်က ပြည်သူတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းစေခဲ့ရပေမယ့် အန္တရာယ်မပြန့်ပွားရလေအောင် ထိန်းချုပ်ကာကွယ်ရေးတာဝန်တွေနဲ့ သက်စွန့်ဆံဖျား ကျန်ရစ်ကြရတဲ့ ဂျပန်ပညာရှင်တွေရဲ့ စွမ်းဆောင်ကြိုးပမ်းမှုဟာ ကမ္ဘာမှာ မှတ်တမ်းဝင်ခဲ့ရုံမက ငလျင်နဲ့ ဆူနာမီသဘာဝဘေးအတွင်း ကစဥ့်ကလျားဖြစ်နေရှာသူ ဒုက္ခသည်တွေကို အခမဲ့ပို့ဆောင်ကူညီပေးခဲ့ကြတဲ့ တက္ကစီသမားတွေ၊ စားစရာရိက္ခာနဲ့ အသုံးအဆောင် ပစ္စည်းတွေကို ဈေးလျှော့လို့ တစ်မျိုး၊ အလကားပေးကမ်းလို့ တစ်မျိုး တတ်စွမ်းသမျှ စာနာကူညီခဲ့ကြတဲ့ ဈေးသည်တွေနဲ့ စေတနာရှင် မျိုးချစ်ဂျပန်ပြည်သူတွေရဲ့ ပရဟိတစိတ်ဓာတ်ကို ကျွန်တော်တို့အားလုံး အတုယူလေးစားအားကျသင့်ကြမယ်ထင်ပါတယ်။

စာ(၄၀) သို့

7 DAY NEWS JOURNAL

# Business

Vol.11, No.23 • AUGUST 16 , 2012

## ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအချို့အတွက် လျော်ကြေးထုတ်ယူရန် နောက်ဆုံးရက်သတ်မှတ်

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် - ၆**

ထားဝယ်အထူးစီးပွားရေးဇုန်ရှိ သံမဏိစက်ရုံတစ်ရုံနှင့် လမ်းပိုင်းတစ်ခုအတွက် ဥယျာဉ်ခြံမြေများ အသိမ်းခံရသော ကျေးရွာလေးရွာကို လျော်ကြေးပေးမည့် သတ်မှတ်ရက်ကြေညာလိုက်ပြီး သတ်မှတ်ရက်အတွင်း လျော်ကြေးမယူပါက ခြံပိုင်ရှင်၊ မြေပိုင်ရှင်၏တာဝန်သာဖြစ်ကြောင်း ကျေးရွာများသို့ လိုက်လံအသိပေးကြေညာချက် ထုတ်ပြန်ထားကြောင်းသတင်းရရှိသည်။

ရေဖြူမြို့နယ် အုပ်ချုပ်ရေးမှူး၊ ထားဝယ်အထူးစီးပွားရေးဇုန် အထောက်ကူပြု ယာယီအဖွဲ့၊ ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီတို့က လျော်ကြေးလာမယူသော ကျေးရွာသားများ သိစေရန် စုပေါင်းကြေညာချက် ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း ရလိုင်ကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

လျော်ကြေးမယူဘဲ ကျန်ရှိသော ကျေးရွာလေးရွာမှာ မူးဒူ၊ လဲရှောင်၊ ရလိုင်၊ ပဲခူးစွန်း ကျေးရွာများဖြစ်ပြီး ထိုရွာများရှိ ကျေးရွာသား ၆၆ ဦးမှာ လျော်ကြေးမယူသေးပေ။ ထိုရွာသားများမှာ အမိန့်ပါ ထုတ်ပြန်ချက်ကို စိုးရိမ်ထိတ်လန့်နေကြောင်း၊ အကြောင်းမှာတစ်နေရာနှင့်တစ်နေရာလျော်ကြေးပေးသည့်နှုန်း မတူညီခြင်းကြောင့် ညှိနှိုင်းရန်မှာ ထိုထက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ကျေးရွာသားများ ဩဂုတ် ၁၇ ရက်နောက်ဆုံးထားပြီး လျော်ကြေးလာယူရန် ထုတ်ပြန်ခြင်းမှာ နားလည်ရန် ခက်ခဲကြောင်း ရလိုင်ကျေးရွာသား ကိုလေးလွင်ကပြောသည်။

သံမဏိစက်ရုံတည်ဆောက်ရန်အတွက် မြေကေပေါင်း ၂,၅၃၈ ကေလိုအပ်မည်ဖြစ်ပြီး လျော်ကြေးပေးရန် မြေကေမှာ ၁၉၁ ကေ ပိုင်ဆိုင်သော ခြံမြေပိုင်ဆိုင်သူ ၃၄ ဦးရှိကြောင်း၊ ကန်ချာနာပူရီသို့ ဖောက်လုပ်သောကားလမ်း သုညကီလိုမီတာမှ ၁၉ ကီလိုမီတာအထိ မြေကေ ၉၇၆ကေ ရှိသည့်အနက် လျော်ကြေးပေးရန် ၄၅၄ ကေကျန်ရှိကြောင်း ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီမှ ထုတ်ပြန်ထားသည်။

ထားဝယ်ရေနက် ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်အကောင်

**စာ(၃၄)သို့**

## ပုဂံယဉ်ကျေးမှုနယ်မြေတွင် စီးပွားရေးလုပ်ငန်းသုံးဓာတ်ပုံရိုက်ကူးမှုအတွက် တစ်ရက်လျှင် ကျပ်တစ်သိန်း သတ်မှတ်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ် - ၉**



ပုဂံရှုခင်းအား ဓာတ်ပုံမှတ်တမ်းတင်နေသူ တစ်ဦးကို တွေ့ရစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပုဂံယဉ်ကျေးမှုနယ်မြေတွင် စီးပွားရေးအတွက် ဓာတ်ပုံရိုက်ကူးမည်ဆိုပါက ဓာတ်ပုံရိုက်ကူးကြေးကို တစ်ရက်လျှင် ကျပ်တစ်သိန်း သတ်မှတ်ထားကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးမျိုးညွှန့်က ပြောသည်။

"ပုဂံယဉ်ကျေးမှုနယ်မြေမှာ ရုပ်ရှင်၊ ဗီဒီယိုရိုက်ကူးတဲ့အခါ ရိုက်ကူးခအဖြစ် သင့်တော်တဲ့နှုန်းထားတွေ သတ်မှတ်ပြီးဖြစ်သလို မဂ္ဂဇင်းတွေမှာ ထည့်သွင်းဖော်ပြဖို့ ဓာတ်ပုံရိုက်ကူးခြင်း အပါအဝင် စီးပွားရေးအလို့ငှာ ဓာတ်ပုံရိုက်ကူးမယ်ဆိုရင် တစ်ရက်ကို ကျပ်တစ်သိန်း သတ်မှတ်ထားပါတယ်" ဟု ဦးမျိုးညွှန့်ကပြောသည်။

ယခင်က ပုဂံယဉ်ကျေးမှုနယ်မြေတွင် ရုပ်ရှင်ရိုက်ကူးရန်နှင့် ဓာတ်ပုံရိုက်ကူးမှုများကို ရိုက်ကူးခနှုန်းထားများ သတ်မှတ်ခဲ့ခြင်းမရှိသော်လည်း တန်ဖိုးရှိသော ယဉ်ကျေးမှုအမွေအနှစ်များကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရာရောက်စေရန် အဆိုပါ ရိုက်ကူးမှုနှုန်းထားများကို ၂၀၀၆ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပုဂံယဉ်ကျေးမှုနယ်မြေတွင် ရုပ်ရှင်ဗီဒီယိုရိုက်ကူးရာ၌ ရိုက်ကူးခအား တစ်ရက်လျှင် ငွေကျပ် ၁၀ သိန်းပေးရပြီး ဇာတ်လမ်းဇာတ်ကွက် အနေအထားအရ မဖြစ်မနေ ရိုက်ကူးရန် လိုအပ်သည့်ရုပ်ရှင်ကားကြီးများလောက်သာ ရိုက်ကူးနေရကြောင်း ရုပ်ရှင်ရိုက်ကူးသူ အများစုက ပြောသည်။

"ကျွန်တော်တို့ ၄ ရက်ရိုက်ခဲ့တော့ တစ်ရက်ကျပ် ၁၀ သိန်းနဲ့ သိန်း ၄၀ ပေးရတယ်။ စည်းကမ်းချက်တွေသတ်မှတ်ပြီး ဘယ်နေရာမရိုက်ရ၊ ဘာမရိုက်ရတော့ မရှိပါဘူး။ ဒါပေမဲ့ တစ်ရက်ကျပ် ၁၀ သိန်းဆိုတာက ထုတ်လုပ်သူတွေအတွက် တော်တော်ဝန်ကြီးပါတယ်။ ဇာတ်ကလည်း ညှော့လမ်းညွှန်ဇာတ်ကွက်ပါနေလို့သာ ရိုက်လိုက်ရတာ။ ပုဂံလေးရက် ရှုတင်စရိတ်က သိန်း ၁၃၀ လောက်ဖြစ်သွားတယ်"ဟု ၂၀၁၁ ခုနှစ်က ရိုက်ကူးခဲ့ပြီး ရုံတင်ခြင်း မပြုရသေးသော "အဖြူရောင် ရဲတိုက်" ရုပ်ရှင်ဇာတ်ကား ရိုက်ကူးစဉ်က ရှုတင်မန်နေဂျာအဖြစ် တာဝန်ယူခဲ့သည့် ကိုဆာမိက ပြောသည်။

ပုဂံယဉ်ကျေးမှုနယ်မြေတွင် ရုပ်ရှင်ဗီဒီယိုရိုက်ကူးလိုပါက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ စာဖြင့်တင်ပြ၍ ခွင့်ပြုချက်တောင်းခံရပြီး ခွင့်ပြုချက်ရရှိပါက ရိုက်ကူးနိုင်ကြောင်း သိရသည်။

ယင်းသို့ ရိုက်ကူးရာတွင် ဓာတ်ပုံဖြစ်စေ၊ ဗီဒီယိုရုပ်ရှင်ဖြစ်စေ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများဖြင့် ရိုက်ကူးခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၆၆ | ၈၈၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၆ | ၈၈၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၄ | ၇၀၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၆၆ | ၁၀၈၂ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂ | ၂၇. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၂ | ၁၃၃ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၆၈ | ၈၇၀ | ကျပ် |

၂၀၁၂ ဩဂုတ် ၁၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၇၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၈၁၃၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၂၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၅၉၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၂၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၃၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၀. ၇၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၁၅၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၄၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၇၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၄၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၈၄ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၇၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၄၅၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၇၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၁၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၈၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၅ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၂၂. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၁၂. ၉၅၀ |
| ငွေ | ၁ အောင်စ | ၂၈. ၀၆၂ |
| ကြေးနီ | ပေါင် | ၃၃၉. ၂၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၉၅၅. ၀၀၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဩဂုတ် ၁၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# အများပိုင်ဆန်ကုမ္ပဏီ အရန်ဆန်အချို့ကို ပြည်တွင်းဈေးကွက်သို့ ရောင်းပေးမည်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၈**

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း လုပ်ကိုင်နေသူများ အဓိကပါဝင်ပြီး နိုင်ငံခြားသို့ဆန်အဓိကတင်ပို့နေသော အများပိုင်ကုမ္ပဏီဖြစ်သည့် MAPCO က ပြည်တွင်းဆန်ဈေးမတက်ရန် အရန်ဆန်အချို့အားပြည်တွင်းဈေးကွက်သို့ ရောင်းချပေးသွားမည်ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောသည်။

ယခုရက်ပိုင်းတွင် အဆိုပါအရန်ဆန်ထဲမှ တစ်အိတ်လျှင် ၁၄,၀၀၀ ကျပ်ဖြင့် ဆန်တန်ချိန် ၄,၅၀၀ ပြည်တွင်းဈေးကွက်သို့ ထုတ်ရောင်းပေးမည်ဟု ဦးချစ်ခိုင်ကဆိုသည်။

လက်ရှိ ပြည်တွင်းဆန်ဈေးကွက်တွင် ပြီးခဲ့သည့် ဇွန်လနှင့် နှိုင်းယှဉ်ပါက ဧည့်မထအုပ်စုဝင်ဆန်တစ်အိတ်လျှင် ပျမ်းမျှကျပ်တစ်ထောင့်ငါးရာခန့် ဈေးတက်လာပြီးတစ်အိတ်လျှင်၁၄,၅၀၀ကျပ်ဝန်းကျင်ရှိပြီး ခွန်နီနှင့် ပေါ်ကြွဲအုပ်စုမှာ တစ်အိတ်လျှင် ကျပ်နှစ်ထောင်ခန့် ဈေးတက်လာခဲ့သည်။

ထို့အပြင် နိုင်ငံခြားဆန်တင်ပို့ခြင်းနှင့် ပတ်သက်၍ "အရင်ဆန်ပိုဒေသဖြစ်တဲ့ ရခိုင်ကလည်း ပြန်ပို့ရမယ့်အနေအထားရှိတယ်။ နောက်အခု ရေကြီးနေတာတွေကလည်း အထွက်လျော့နိုင်တော့ ပြည်တွင်းဆန်ဖူလုံမှု ဖြစ်အောင် ပြည်ပတင်ပို့မှုကို နှစ်လ၊ သုံးလလောက် ထိန်းထားလိုက်မယ်" ဟု ဦးချစ်ခိုင်က ပြောသည်။

လက်ရှိတွင် အမ်အေပီစီအိုကုမ္ပဏီတွင် ဆန်လက်ကျန်တန်ချိန် သောင်းချီကျန်ရှိကြောင်း ဒါရိုက်တာ အဖွဲ့ဝင်ဒေါက်တာစိုးထွန်းက ပြောသည်။

ယခုနှစ်တွင် ဆန်စပါးလုပ်ငန်းအသင်း၊ အစိုးရနှင့် သမဝါယမတို့ ပူးပေါင်းစိုက်ထုတ်မှုဖြင့် အရန်ဆန်ထားရှိရန် ဆန်တစ်ချိန်တစ်သိန်းနီးပါး ဝယ်ယူခဲ့သည်။

၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ပုံမှန်ရေကြောင်းနှင့်နယ်စပ်ဒေသများမှ ဇူလိုင်လကုန်ထိ ဆန်တန်ချိန် သုံးသောင်း ရှစ်ထောင်ကျော်တင်ပို့ပြီဖြစ်ပြီး အများစုမှာ နယ်စပ်မှတင်ပို့ခဲ့ကာ ယခုနှစ်တွင်တန်ချိန်တစ်သန်းခွဲ တင်ပို့ရန်လျာထားကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပြီးခဲ့သည့်နှစ် မိုးစပါးရာသီတွင် ရေကြီးရေနစ်မြုပ်ခဲ့သဖြင့် မိုးစပါးအထွက်နှုန်းမှာ တင်းသန်းပေါင်း ၁၂၇ သန်းနှင့် နွေစပါးတွင် တင်းသန်းပေါင်း ၃၁ သန်း အထွက်လျော့ခဲ့သည်ဟု သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

ယခုရက်ပိုင်းတွင် ဆန်စပါးအဓိကစိုက်ပျိုးရာ ဒေသကြီးဖြစ်သော ပဲခူးအရှေ့ခြမ်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အနိမ့်ပိုင်းဒေသများ၌ မိုးစပါးခင်းများ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်နေပြီး အပျက်အစီးရှိနိုင်ကြောင်းတောင်သူများကဆိုသည်။

ယခုနှစ်တွင်လည်း တောင်သူများငွေကြေး အခက်အခဲရှိသဖြင့် မိုးစပါးအားကြဲ၍ စိုက်ပျိုးလာကြသဖြင့် သာမန်ထက် အထွက်လျော့နိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ခဲ့ကြသည်။




# ပုဂ္ဂလိကအာမခံလုပ်ငန်းများလုပ်ကိုင်ခွင့် စိစစ်မှု ရွှေ့ဆိုင်း

**မိုးညို**

**ရန်ကုန်၊ ဩဂုတ်-၉**

မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိကအာမခံလုပ်ငန်းများအား လုပ်ကိုင်ခွင့်ပြုရန် စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသော ကာလထက် နောက်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

ဇူလိုင်လ တစ်လအတွင်း လျှောက်လွှာများခေါ်ယူခဲ့သည့် ပုဂ္ဂလိက အာမခံလုပ်ငန်းမှာ ယခင်ဩဂုတ်လကုန်ပိုင်းတွင် ခွင့်ပြုရန် စီစဉ်ထားသော်လည်း ယခုနှစ်ကုန်ပိုင်းသို့ ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်။

"ကုမ္ပဏီအရေအတွက်များလို့တကယ်လုပ်နိုင်တဲ့သူကိုသေချာရွေးရမှာဖြစ်တာ ကြောင့် အခုလိုနောက်ဆုတ်လိုက်တာပါ" ဟု ဒေါက်တာမောင်မောင်သိမ်းက ဆိုသည်။

လက်ရှိတွင် ပုဂ္ဂလိက အာမခံလုပ်ငန်းလုပ်ကိုင်ရန် လာရောက်လျှောက်ထားသည့်ကုမ္ပဏီ ၂၀ ခန့်ရှိပြီး လူအများသိသော ထင်ပေါ်ကျော်ကြားသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်း ပုဂ္ဂလိကဘဏ်အသိုင်းအဝိုင်းမှ လုပ်ငန်းရှင်များနှင့် ငွေကြေးတတ်နိုင်ပြီး လူသိနည်းသည့် လုပ်ငန်းရှင်များ အဓိက လာရောက်လျှောက်ထားခြင်းလည်းဖြစ်ကြောင်း ပုဂ္ဂလိကအာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပုဂ္ဂလိကအာမခံလုပ်ငန်းအတွက် အာမခံအမျိုးအစား ခြောက်မျိုးကို စတင်လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကာ ကုမ္ပဏီတစ်ခုလျှင် ကျပ်သန်း ၄၆,၀၀၀ ရင်းနှီးမြှုပ်နှံငွေပမာဏအား ပြည်တွင်းအစိုးရပိုင်ဘဏ်တစ်ခုခုတွင် ပြသနိုင်မှသာ စတင်၍ လုပ်ကိုင်ခွင့်ပေးမည်ဖြစ်သည်။

မြန်မာ့အာမခံလုပ်ငန်းကို အစိုးရက ၁၉၅၂ ခုနှစ်မှ စတင်၍ လုပ်ကိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အာမခံလုပ်ငန်းဆိုင်ရာ နည်းဥပဒေ၌ ပုဂ္ဂလိက အာမခံလုပ်ငန်းများ စတင်လုပ်ဆောင်နိုင်ရန် ပြဋ္ဌာန်းခဲ့သော်လည်း ယင်းကာလတွင် နိုင်ငံတကာ ငွေကြေးအခက်အခဲ အချို့ကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ဘဲ ယခု ၂၀၁၂ ခုနှစ် အစိုးရသစ်လက်ထက်တွင် ပထမဆုံးအနေဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းလည်း ဖြစ်သည်။

## စာ(၃၃) - ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအချို့အတွက် လျော်ကြေးထုတ်ယူရန် နောက်ဆုံးရက်သတ်မှတ် မှ

အထည်ဖော်ရေးအတွက် ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီမှာ နိုင်ငံတော်အစိုးရထံမှ ငှားရမ်းထားသော မြေနေရာအတွက် လျော်ကြေးပေးခြင်းဖြစ်ကြောင်း၊ သံမဏိစက်ရုံကို မူးဒူကျေးရွာအနီးတွင်တည်ဆောက်ရန်လျာထားပြီး ကျန်ကျေးရွာများမှ ခြံမြေများမှာ ကားလမ်းပိုင်း မြေနေရာများဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထုတ်ပြန်ထားသော ကျေးရွာလေးရွာမှ မြေနေရာများတွင် ကျေးရွာက ပိုင်ဆိုင်သော ခြံမြေများဖြစ်ပြီး လူနေအိမ်ခြေများ မပါရှိသေးကြောင်း ထားဝယ်အထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

7DAY NEWS JOURNAL
Vol.11, No.23 ▪ AUGUST 16 , 2012



# အိန္ဒိယက ဈေးကောင်းပေးဝယ်၍ ပြည်တွင်း ပဲဈေးမြင့်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် – ၉**

ပဲဝယ်အားကောင်းသော အိန္ဒိယနိုင်ငံဘက်မှ ဈေးမြှင့်ပေးကာဝယ်လာခြင်းကြောင့် ပြည်တွင်းပဲဈေးနှုန်းများ ပြန်လည်မြင့်တက်သွားကြောင်း ပဲကုန်သည်များက ပြောသည်။

"အိန္ဒိယဘက်မှာပစ္စည်းပြတ်လို့ ဈေးမြှင့်ဝယ်လာတာကြောင့် ဈေးကတက်သွားတာ။ ပစ္စည်းဝယ်တဲ့ ပမာဏက သိပ်မတိုးဘူး။ ဈေးပဲမြင့်သွားတာ" ဟု ဘုရင့်နောင်ပွဲရုံတန်းမှပဲကုန်သည်တစ်ဦးကပြောသည်။

ပဲဈေးနှုန်းများမြင့်တက် နေသော်လည်း ဘုရင့်နောင်ကုန်စည်ဒိုင်ပဲအရောင်းအဝယ်ဈေးကွက်တွင် အရောင်းအဝယ်ပမာဏမှာ သိသာစွာ မြင့်တက်လာခြင်းမရှိဘဲ ပုံမှန်အရောင်းအဝယ်သာဖြစ်နေကြောင်း ပဲကုန်သည်များက ပြောသည်။

ယခု လဆန်းပိုင်းက တစ်တန်လျှင် ၆၈၀,၀၀၀ ကျပ်သို့လည်းကောင်း၊ တစ်တန်လျှင် ပဲစင်းငုံ ဈေးနှုန်းမှာ ၇၁၀,၀၀၀ ကျပ်သို့လည်းကောင်း၊ တစ်တန်လျှင် ၅၉၀,၀၀၀ ကျပ်ရှိနေသော မတ်ပဲ RC မှာ ၆၂၃,၀၀၀ ကျပ်သို့လည်းကောင်း မြင့်တက်လာသည်။

အိန္ဒိယမှ ဝယ်အားကောင်းသောပဲများ ဈေးမြင့်တက်သကဲ့သို့ တရုတ်နိုင်ငံမှ အဝယ်များသောပဲတီစိမ်းမှာလည်း အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၆၀,၀၀၀ ကျပ်ဝန်းကျင်မှ ၈၀,၀၀၀ ကျပ်ထိ ဈေးမြင့်တက်ခဲ့သည်။

"အိန္ဒိယဘက်က ဝယ်အားသိပ်မတက်ရင်တော့ ပဲဈေးတွေက ဒီဝန်းကျင်မှာပဲ ရှိနေနိုင်တယ်။ ပဲပေါ်ချိန်က ဝေးသေးတော့ ဟိုဘက်က အဝယ်လိုက်လာရင်တော့ဈေးက ဆက်မြင့်နိုင်သေးတယ်" ဟုပဲကုန်သည်ဦးခင်မောင်မြင့်က ပဲဈေးကွက်အနေအထားကိုခန့်မှန်းပြောသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်တွင် မတ်ပဲမှာ အရောင်းအဝယ်အများဆုံး ဖြစ်နေပြီး နေ့စဉ် ကုန်သေတ္တာပုံး ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## ရွှေဈေးကောင်း၍ ဝယ်လိုအားနည်း



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် – ၉**

ကမ္ဘာ့ရွှေဈေးနှင့်အတူ ပြည်တွင်းရွှေဈေးများ ဆက်တိုက်မြင့်တက်နေသော်လည်း ဝယ်လိုအားနည်းနေသေးကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ရွှေဈေးတက်နေတော့ အရောင်းအဝယ်ကတက်တော့တက်လာတယ်။ ဒါပေမဲ့ ပုံမှန်ဈေးကွက်ကို မရောက်သေးဘူး။ အဝယ်နည်းနေကြသေးတယ်" ဟု ဈေးကွက်ဝယ်လိုအား နည်းနေသေးကြောင်း ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ယခုလဆန်းပိုင်းက တစ်အောင်စလျှင် ၁,၅၉၀ ဒေါ်လာဝန်းကျင်ရှိရာမှ ယခုဩဂုတ်လ ၉ ရက်တွင် ၁,၆၁၅ ဒေါ်လာဝန်းကျင်အထိမြင့်တက်လာသည်။ ထို့ကြောင့်ပြည်တွင်း ရွှေဈေးဆက်လက်မြင့်တက်နိုင်သည်ဟု ခန့်မှန်းနေသော်လည်း ရွှေအဝယ်နည်းနေသောကြောင့် ရွှေဈေးမှာလည်း တက်သင့်သလောက်မတက်ဘဲဈေးနိမ့်နေသေးကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။ ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုရက်ပိုင်းတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၃၇,၅၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်မှာ ၆၉၀,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိနေသည်။

"ဈေးတက်ပေမယ့် ငွေကိုင်ထားချင်ကြတဲ့ သဘောပဲ။ အဝယ်သိပ်မလိုက်ဘူး။ ဒီရက်ပိုင်းရွှေရောင်းပြီး ကားဝယ်တဲ့သူတောင်များလာတယ်။ အများစုကတော့ နယ်ကလာပြီးဝယ်တဲ့သူများတယ်" ဟု ရွှေဆိုင်တာဝန်ခံကိုဝင်းငယ်က ပြောသည်။ အထည်ဈေးကွက်ဝယ်လိုအားမှာ ယခင်ရက်များထက်သိသာစွာမြင့်တက်လာသော်လည်း ပုံမှန်ရောင်းအားကို မမီသေးကြောင်း ၎င်းကပြောသည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 245,000 |
| Sony (LCD) | 32BX | 255,000 |
| Sony (LCD) | 32BX360 | 295,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 23,000 |
| EVD(Sony) | DVK75 | 25,000 |
| LG | DV808 | 26,000 |
| EVD (AEK) | HDMI | 31,500 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 165,000 |
| Hitachi | 19AGV7 | 260,000 |
| Panasonic | NR.BT223 | 238,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 150,000 |
| | MAS 70 V2 | 190,000 |

**အထက်ပါဈေးနှုန်းများမှာ ဩဂုတ် (၁၁)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၃၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၁၁)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3(Blue) | 525,000 |
| Galaxy S3(White) | 520,000 |
| Galaxy Note (Black) | 485,000 |
| Galaxy Note (White) | 495,000 |
| Galaxy Tab 7 | 369,000 |
| Galaxy Y | 108,000 |
| Galaxy Pocket | 89,000 |
| Galaxy Mini | 113,000 |
| Galaxy Gio | 134,000 |

**KMD Mobile Corner, Best More Smart Mobile, Do Co Mo, New Force Mobile, AMT Mobile ဆိုင်မှ ဈေးနှုန်းများ ဖြစ်သည်။**

### HTC

| Model | Price |
|---|---|
| One XL (16 GB) | 520,000 |
| One X (32GB) | 478,000 |
| One S (16 GB) | 415,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S (64 GB) | 740,000 |
| iPhone 4S (32 GB) | 680,000 |
| iPhone 4S (16 GB) | 599,000 |
| iPhone 4 (16 GB) | 515,000 |
| iPhone 4 (32GB) | 555,000 |

### Huawei

| Model | Price |
|---|---|
| U 8500 (GSM) | 90,000 |
| U 8150 (GSM) | 795,000 |
| U 8850 (GSM) | 155,000 |
| U 8860 (GSM) | 235,000 |
| U 8818 (GSM) | 139,000 |
| U 8816 (GSM) | 140,000 |
| U 8520 (GSM) | 98,000 |
| T 8300 (GSM) | 96,000 |

**ဩဂုတ်(၁၁)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၂၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၅,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၆၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၄၀၀-၁,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၈၀၀-၃,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၅၀၀-၁၀,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

**ဩဂုတ် (၁၁)ရက်က ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Aug(5) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(6) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(7) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(8) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(9) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(10) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(11) | 3,550 | 3,900 | 4,000 | 4,100 |

**ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-2637M, 6GB DDR3,500 HDD, 1GB VGA,15.6” | 928,700 |
| Intel Core i5-3317U, 4GB DDR3,500 HDD, 1GB VGA,14.0” | 598,900 |
| Intel Core i3-2367M, 4GB DDR3,500 HDD, 1GB VGA,14.0” | 541,600 |
| Intel DualCoreB970, 2GB DDR3,500 HDD, 1GB VGA,14.0” | 441,800 |
| Intel DualCoreB950, 2GB DDR3,500 HDD, HD,14” | 363,600 |
| **msi** | |
| Intel Core i7 2.0GHz 6GB DDR3, 640HDD, 1GB VGA,15.6” | 794,200 |
| Intel Core i7 2.2GHz 6GB DDR3, 500HDD, HD, 15.6” | 724,700 |
| Intel Core i5 2.5GHz 4GB DDR3, 500 HDD, 1GB VGA 15.6” | 603,200 |
| Intel Core i5 2.5GHz 4GB DDR3, 500 HDD, 1GB VGA, 14” | 598,900 |
| **Lenovo** | |
| Intel Core i5 1.3GHz 4GB DDR3,320 HDD, HD,12.5” | 606,700 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD, 1GBVGA,14” | 502,500 |
| Intel Core i3 1.2GHz 2GB DDR3,500 HDD, HD, 11.6” | 433,100 |

7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012



ကြည်နေဝင်းမင်း

# ကျိန်စာမှ ကောင်းချီးသြဘာဖြစ်စေဖို့

ဂါနာ၊ တန်ဇန်နီးယား၊ ယူဂန်ဒါ၊ မိုဇမ်ဘစ်အပါအဝင် အာဖရိကနိုင်ငံအများအပြားတွင် သဘာဝအရင်းအမြစ် အမြောက်အမြားရှာဖွေတွေ့ရှိလာခြင်းမှနေ၍ အရေးကြီးသော မေးခွန်းတစ်ရပ်ကို ထွက်ပေါ်လာစေသည်။ ယင်းသဘာဝအရင်းအမြစ် သိန်းဆု၊ သန်းဆုကြီးများ ပေါက်ခြင်းသည် မျှော်လင့်ချက်နှင့် ကြီးပွားချမ်းသာမှုများ ဆောင်ယူလာသည့် ကောင်းချီးသြဘာပေးမှုဖြစ်လေမလား သို့တည်းမဟုတ် နိုင်ငံအများအပြားတွင် ဖြစ်ပျက်ခဲ့သလို နိုင်ငံရေးနှင့် စီးပွားရေးကျိန်စာတစ်ရပ် ဖြစ်လေမလားဟူသော မေးခွန်းဖြစ်သည်။

ယေဘုယျအားဖြင့်လည်း အရင်းအမြစ်ကြွယ်ဝသော တိုင်းပြည်များသည် အရင်းအမြစ်မရှိသောတိုင်းပြည်များထက် အခြေအနေပိုဆိုးသည်။ ယင်းနိုင်ငံများသည်ဖွံ့ဖြိုးတိုးတက်မှုပိုမိုနှေးကွေးပြီး စီးပွားရေးအရ ကွာဟမှုလည်း ပိုမိုကြီးမားသည်။ လူအများမျှော်လင့်ထားသည်နှင့် ဆန့်ကျင်ဘက်ပင်ဖြစ်သည်။ တကယ်တမ်းဆိုရလျှင် သဘာဝအရင်းအမြစ်များအပေါ် အခွန်များများ ကောက်ခံမည်ဆိုပါကလည်း ၎င်းသဘာဝအရင်းအမြစ်များ ပျောက်ကွယ်သွားမည် မဟုတ်ပေ။ ထိုမှနေ၍ သဘာဝအရင်းအမြစ်မှ ဝင်ငွေအမိက ရရှိသော နိုင်ငံများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုများတွင် ယင်းငွေကြေးကို အသုံးပြုနိုင်သလို နိုင်ငံသားများ ခွဲဝေခံစားနိုင်ရန်လည်း စီမံနိုင်သည်။

သဘာဝအရင်းအမြစ် ကျိန်စာအကြောင်းကို စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံသဘောအရ ရှင်းလင်းဖွင့်ဆိုထားသည့် စာအုပ်၊ စာတမ်းပေါင်းများစွာလည်း ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ သယံဇာတကျိန်စာကို ကာကွယ်ရန်အတွက်လည်း ဝင်ငွေစောင့်ကြည့်ရေးနှင့် သယံဇာတတူးဖော်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုအဖွဲ့ (Extractive Industries Transparency Initiative)ကဲ့သို့အရပ်ဘက်လူ့အဖွဲ့အစည်း အားပေးရေးအဖွဲ့များလည်း ထူထောင်ထားပြီးဖြစ်သည်။

သယံဇာတကျိန်စာမိနေသော နိုင်ငံများ၏ စီးပွားရေးအားနည်းချက်များမှာ လူသိများလှပါသည်။

**- သယံဇာတကြွယ်ဝသော နိုင်ငံများ၏ ငွေကြေးသည် တန်ဖိုးမြင့်နေတတ်ပြီး အခြားနိုင်ငံခြားပို့ကုန်များကို ဖိနှိပ်ထားသည်။**

**- သယံဇာတတူးဖော်ရေးလုပ်ငန်းမှာ အလုပ်အကိုင်အနည်းငယ်သာဖန်တီးနိုင်သဖြင့် အလုပ်လက်မဲ့နှုန်းမြင့်မားသည်။**

**- သံယံဇာတဈေးနှုန်းများ မတည်ငြိမ်သောကြောင့် ဖွံ့ဖြိုးတိုးတက်မှုလည်း မတည်ငြိမ်ပေ။ ယင်းကို နိုင်ငံတကာဘဏ်များကလည်း ပါဝင်ပံ့ပိုးပေးပြီး သယံဇာတဈေးနှုန်းများမြင့်မားချိန်တွင် အတင်းဝင်လာပြီး ဈေးနှုန်းကျဆင်းသွားပါက မနှင်ဘဲ ထွက်ခွာကြသည်။** (ဘဏ်များသည်ပိုက်ဆံမလိုသူကို ပိုက်ဆံချေးသည်ဟူသောအချက်ကို ရောင်ပြန်ဟပ်နေပါသည်)

ထို့အပြင် သယံဇာတကြွယ်ဝသော တိုင်းပြည်များမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို ချမှတ်လေ့မရှိကြပေ။ မြေအောက်သယံဇာတ အရင်းအမြစ်များမှ ရရှိသည့်ကြွယ်ဝချမ်းသာမှုများကို မြေပေါ်တွင်ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း မပြုပါက လက်တွေ့တွင် ၎င်းတို့အနေဖြင့် ပိုမိုဆင်းရဲလာသည်ဟူသော အချက်ကို ယင်းနိုင်ငံများက သတိမထားကြပေ။ နိုင်ငံရေးလည်းပတ်မှုထစ်ငေါ့လာခြင်းက အခြေအနေကို ပိုဆိုးလာစေသည်။ သဘာဝသယံဇာတများမှ ရရှိသော ဝင်ငွေအပေါ် မည်သူက ပိုင်ဆိုင်ခွင့်ရှိမည်နည်းဆိုသည့်အပေါ် ပဋိပက္ခများမှနေ၍ ခြစားပြီး ဒီမိုကရက်တစ်မဆန်သော အစိုးရများ ပေါ်ထွက်လာစေပါသည်။

ထိုပြဿနာတစ်ခုချင်းစီအတွက် တန်ပြန်နိုင်သော ဖော်မြူလာများမှာလည်း လူသိများပါသည်။ ငွေလဲနှုန်းကို နှိမ့်ထားခြင်း၊ ငွေကြေးတည်ငြိမ်ရေးရန်ပုံငွေထားရှိခြင်း၊ သယံဇာတမှ ရရှိသော ဝင်ငွေများကို သတိကြီးကြီးထား၍ ရင်းနှီးမြှုပ်နှံခြင်း(တိုင်းသူပြည်သားများအတွက် ရင်းနှီးမြှုပ်နှံမှုလည်း ပါဝင်သည်) ငွေချေးငှားမှုပိတ်ပင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိစေခြင်း(နိုင်ငံသားများအနေဖြင့် အနည်းဆုံး ပိုက်ဆံဘယ်ကလာပြီး ဘယ်ကိုသွားသည်ကိုမြင်တွေ့နိုင်သည်) စသည်တို့ဖြစ်သည်။ သို့သော် ယင်းနည်းလမ်းများကို မဖြစ်မနေအသုံးချရမည်ဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် အဆိုပါနည်းလမ်းများချည်းသက်သက်ဖြင့်မလုံလောက်ဟူ၍ သဘောတူလာကြသည်။ ထို့အတွက်ကြွယ်ဝချမ်းသာမှုအသစ်များ ပိုင်ဆိုင်လာသောနိုင်ငံများအနေဖြင့် သယံဇာတကျိန်စာမှ သယံဇာတကောင်းချီးပေးမှုဖြစ်လာရန် အရေးယူလုပ်ဆောင်စရာများစွာရှိသည်။

ပထမဦးဆုံးအနေဖြင့် ယင်းနိုင်ငံများသည် မိမိတို့၏ နိုင်ငံသားများ သယံဇာတများ၏ တန်ဖိုးအပြည့်အဝ ရရှိရေးသေချာအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ အိမ်ရှင်နိုင်ငံများနှင့် သယံဇာတတူးဖော်သော (ထုံးစံအားဖြင့် နိုင်ငံခြားမှ) ကုမ္ပဏီများကြားတွင် အကျိုးစီးပွားပဋိပက္ခများဖြစ်ပေါ်လေ့ရှိသည်။ နိုင်ငံခြားကုမ္ပဏီများက အနည်းဆုံးတန်ဖိုးသာ ပေးလိုသည်။ သို့သော် အိမ်ရှင်နိုင်ငံက အများဆုံးတန်ဖိုးရအောင် လုပ်ဆောင်ရသည်။ သေသေချာချာပုံစံချထားသော၊ အပြိုင်အဆိုင်နှင့် ပွင့်လင်းမြင်သာမှုရှိသော လေလံစနစ်များသည် နှစ်ကိုယ်ကြား သဘောတူညီမှုများထက် ဝင်ငွေအများကြီးပိုရနိုင်သည်။ ကန်ထရိုက်စာချုပ်များမှာလည်း ပွင့်လင်းမြင်သာမှုရှိသင့်ပြီး သယံဇာတဈေးနှုန်းများ မြင့်တက်လာပါက ကုမ္ပဏီများအတွက်သာမကဘဲ မိမိနိုင်ငံအတွက်လည်း ပါဝင်အောင် ချုပ်ဆိုထားရမည်ဖြစ်သည်။

ကံမကောင်းအကြောင်းမလှစွာပင် နိုင်ငံအများအပြားမှာ ဆိုးဆိုးရွားရွား ကန်ထရိုက်များကို လက်မှတ်ရေးထိုးထားပြီးဖြစ်ရာ သဘာဝအရင်းအမြစ်များ၏ တန်ဖိုးအမြောက်အမြားကို နိုင်ငံခြားကုမ္ပဏီများဘက်သို့ ပေးအပ်ပြီးသားဖြစ်နေတတ်သည်။ ဤအတွက်အဖြေမှာ ရိုးရှင်းပါသည်။ ပြန်လည်၍ ညှိနှိုင်းဆွေးနွေးရေးဖြစ်သည်။ ယင်းကိုစွမ်းအောင်မြင်ပါက ဈေးတက်လျှင် ပြန်လည်အမြတ်ခွန်တိုးမြှင့်ချမှတ်ရန် ဖြစ်သည်။

တစ်ကမ္ဘာလုံးမှာပင် နိုင်ငံအများအပြားက ယင်းကဲ့သို့လုပ်ဆောင်နေကြပါသည်။ မှန်ပါသည်။ သယံဇာတတူးဖော်ရေးကုမ္ပဏီများက ယင်းကို တန်ပြန်ပြီး ကန်ထရိုက်တွင် ပါဝင်သော အချက်များကို လေးစားရန် ပြောကြားပါလိမ့်မည်။ ထွက်ခွာသွားရန်ပင် ခြိမ်းခြောက်ပါလိမ့်မည်။ သို့သော် ထုံးစံအားဖြင့် ထွက်လာသောအဖြေမှာ အဆိုးနှင့် ဆန့်ကျင်ဘက်ဖြစ်နေတတ်သည်။ သင့်တင့်မျှတသော ပြန်လည်ညှိနှိုင်းမှုများမှာ နှစ်ဖက်ရေရှည်ဆက်ဆံရေးအတွက် အခြေခံကောင်းဖြစ်နိုင်ပါသည်။

ဤကဲ့သို့သော ပြန်လည်ညှိနှိုင်းမှုများကြောင့် ဘော့ဆွာနာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ အတွင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ဘိုလီးဗီးယား၊ ဗင်နီဇွဲလားစသော ဖွံ့ဖြိုးဆဲနိုင်ငံများသာမက အစ္စရေး၊ ဩစတြေးလျကဲ့သို့ ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း ပြန်လည်ညှိနှိုင်းမှုများ လုပ်ဆောင်ကြသည်။ အမေရိကန်နိုင်ငံသည်ပင် သယံဇာတဈေးနှုန်းတက်လျှင် အမြတ်ခွန်တိုး၍ ချမှတ်ပါသည်။

ပြန်လည်ညှိနှိုင်း၍ သယံဇာတပစ္စည်းမှ ဝင်ငွေအပြည့်အဝရရှိရန် အရေးကြီးသလိုပင် ရရှိလာသော ငွေကြေးများကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချရန် အရေးကြီးပါသည်။ ခေတ်ဟောင်းကိုလိုနီနိုင်ငံကြီးများက အာဖရိကတိုက်အား အရင်းအမြစ်များထုတ်ယူရန်နေရာသက်သက်အဖြစ်သာ သဘောထားကြသလိုပင် ခေတ်သစ်နိုင်ငံအချို့မှာလည်း ယင်းသို့သောသဘောထားများ ရှိပါသည်။

ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်းကဲ့သို့ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းမှာ ရည်ရွယ်ချက်တစ်ခုသာရှိသည်။ သယံဇာတပစ္စည်းများကို စရိတ်စကအနည်းဆုံးနှင့် အမြန်ဆုံးထုတ်ယူသွားရေးဖြစ်သည်။ ယင်းသယံဇာတများကို အသုံးချ၍ နိုင်ငံတွင်း၌ စက်မှုလုပ်ငန်းများ ထူထောင်ရန် မဆိုထားနှင့် သန့်စင်ရေးပင် မစဉ်းစားကြပေ။

စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ဖြစ်နိုင်ခြေအရှိဆုံးဆက်နွယ်မှုများကို ရှာဖွေဖော်ထုတ်ရန် လိုအပ်ပါသည်။ ဒေသခံလုပ်သားများအား လေ့ကျင့်ပေးရေး၊ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများအတွက် လိုအပ်သောပစ္စည်းများ ထောက်ပံ့ရန် အငယ်စားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း၌ သန့်စင်ထုတ်လုပ်ရေးနှင့် သယံဇာတပစ္စည်းများနှင့် နိုင်ငံ၏ စီးပွားရေးဖွဲ့စည်းပုံကို ပေါင်းစပ်ရေးတို့မှာ အရေးပါလှသည်။

ဂါနာ၊ ယူဂန်ဒါ၊ တန်ဇန်နီးယား၊ မိုဇမ်ဘစ်နိုင်ငံတို့အား မြန်မြန်သွက်သွက် လုပ်ဆောင်ရန် ကုမ္ပဏီများက ပြောကြားပါလိမ့်မည်။ သို့သော် စေ့စေ့စပ်စပ် လုပ်ဆောင်ရန် အကြောင်းပြချက်ကောင်းများရှိသည်။

စာ(၅၅)သို့

မွန်မြတ်ဆေးခန်း
မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
ရန်ကုန်/မော်လမြိုင်
လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။
ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။
လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၇၃၀ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅


ROMANSON
PL 1219 HM
SWISS MADE
SAPPHIRE GLASS
WATER RESISTANT 100 METER
Spider
Inquiry Ph: - (01) 373997, (01)381751, (02) 72992.

7DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# 7DAY BOOK REVIEW

## မောင်ဒီနှင့် အခြားသမိုင်းပုံပြင်များ (ကလောင်စုံ)




စစ်မှန်သော လူငယ်စာပေများ ရှားပါးနေချိန်တွင် ကျောင်းသားလူငယ်တိုင်း ဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။ ယနေ့လူငယ် အတော်များများသည် တရုတ်ပညာရှိ ကျန်ကျောင်းကို ကောင်းစွာသိသော်လည်း မဟော်သဓာ ပညာဘယ်သို့ရှိသည်ကို မသိကြ။ စံပြအတုယူဖွယ် သူရဲကောင်းများအဖြစ် ပါဝါနင်းဂျား၊ လိပ်နင်းဂျား၊ Ben 10၊ Batman၊ Spider-man၊ ရော်ဘင်ဟုဒ်ကို သိကြသော်လည်း သမိန်ဗရမ်း၊ ဗျည်းနွဲ့၊ ဗညားနွဲ့၊ လဂွန်းအိမ်၊ ရာဇာဓိရာဇ်၊ မင်းရဲကျော်စွာ၊ ဗလမင်းထင်၊ မင်းရဲသီဟသူ အစရှိသော မွန်၊ မြန်မာ သူရဲကောင်းများကို မသိကြ။ ထို့အတူ သမိုင်းတွင် အမှန်တကယ် ပေါ်ထွန်းခဲ့သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ပုဂ္ဂိုလ်များကို မသိကြတော့။ ထိုသို့သော အခြေအနေ၌ ယခု သမိုင်းပုံပြင်များ စာအုပ်က အကျိုးပြုပါလိမ့်မည်။

စာအုပ်တွင် ကွယ်လွန်သူ စာရေးဆရာကြီးများ ဖြစ်ကြသည့် ဇော်ဂျီ၊ မင်းသုဝဏ်၊ ဗိုလ်မှူးဘသောင်း(မောင်သုတ)နှင့် တက်တိုးတို့၏ မြန်မာ့သမိုင်းနှင့် စပ်လျဉ်းသော ပုဂ္ဂိုလ်ကျော်များအကြောင်း၊ နှလုံးရည် အစမ်းသပ်ခံ ဖြစ်ရပ်များနှင့် သမိုင်းသင်ခန်းစာယူဖွယ် အခြေအနေတို့ကို ပြေပြစ်ရှင်းလင်းသည့် စကားပြေဖြင့် ကျစ်လျစ်ထိမိစွာ ရေးသားထားသော စုစုပေါင်း သမိုင်းပုံပြင် ၄၉ ပုဒ်ကို ဖတ်ရှုရပါမည်။ မွန်နှင့် မြန်မာတို့သည် မြန်မာ့သမိုင်း စဉ်တစ်လျှောက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တခြိမ့်ခြိမ့် စစ်မက်ဖြစ်ပွားခဲ့သော်လည်း တိုင်းတစ်ပါးရန် ကျရောက်လာသောအခါ မွန်က မြန်မာကို ကယ်ခဲ့ဖူးသလို မြန်မာကလည်း မွန်ကို ကယ်ဖူးသော ဖြစ်ရပ်များ ဖတ်ရှုရပါမည်။ ဥပမာ မွန်တို့စံရာ ဟံသာဝတီပဲခူးကို ဂျွမ်းစစ်သည်များ အလုံးအရင်းဖြင့် ဝင်တိုက်သောအခါ အနော်ရထာမင်းစောက စစ်ကူစေလွှတ်ခြင်း၊ မြန်မာတို့စံရာ အင်းဝနေပြည်တော်ကို တရုတ်တို့ ဝင်တိုက်သောအခါ မွန်သူရဲကောင်း သမိန်ဗရမ်းက ကယ်တင်ခြင်းတို့ဖြင့် အပြန်အလှန် ကူညီစောင့်ရှောက်မှု ရှိခဲ့ပုံများကို ဖတ်ရှုရပါမည်။

တက်တိုး ရေးသားသော **စစ်ကိုင်းစည်သူကျော်ထင်** တွင် အင်းဝဘုရင်အဖြစ် စည်သူကျော်ထင်အုပ်ချုပ်စဉ် သမာသမတ်ရှိပုံကို ကွယ်လွန်သူ သူဌေးတစ်ဦးက သားသမီးများအား ၎င်းမရှိသည့်နောက် ရွှေနှင့်ပတ္တမြားကို မင်းထံဆက်သရန် မှာကြားခဲ့၍ လာရောက် ဆက်သလေသောအခါ "အမွေစား အမွေခံရှိပါလျက် မင်းကမသိမ်းစကောင်း"ဟု ပြန်လည်မိန့်ကြားခဲ့သည်ကို ရေးသားထားသည်။

ဗိုလ်မှူးဘသောင်း ရေးသားသော **ယောအတွင်းဝန်ဦးဖိုးလှိုင်** တွင် ဘုရင့်အကြိုက်လိုက်မပြောဟုတ်တိုင်းမှန်တိုင်းသာ ပြောခြင်းနှင့်ပတ်သက်၍ "လှံနှင့်ထိုး၍ သေရခြင်းကပင် မြတ်ဦးမည်။ နေရာတိုင်းမင်းလိုလိုက်၍ စီရင်သော်နောက်ကျွန်ုပ်သေသောအခါရွှေပြည် ဝန်ကြီးသည် မင်းလိုလိုက်၍ မင်းကြိုက်တင်သောကြောင့် နိုင်ငံတော်ပျက်စီးရလေသည်ဟုစကားကျန်ရစ်ခဲ့ပါလျှင် သေကျိုးမနပ်ဖြစ်မည်။ ထိုမကောင်းသော အပုပ်နံ့သည် တထောင်းထောင်းနှင့်လူအပေါင်းတို့ နှာခေါင်းရှုံ့ကြမည်ကိုကြောက်စရာကောင်းသည်။ မှူးမတ်ဆိုသည့် အတိုင်း အကြီးအမှူးဖြစ်ကြ၍ တည့်တည့်မတ်မတ်ဖြစ်အောင် စီမံခန့်ခွဲလျက် လျှောက်ခွင့်တင်ခွင့်ရှိက အသက်ကိုစွန့်၍ ရဲရဲဝံ့ဝံ့လျှောက်တင်ကြရမည်။ သို့မှ မှူးမတ်နှင့်တူမည်"ဟု ဖော်ပြပါရှိသည်။

တိုးမြစ်စာအုပ်တိုက်က တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့ဆံပင်အရှည်ဆုံးအမျိုးသမီးကိုသိသလား

ကမ္ဘာပေါ်တွင် အရှည်လျားဆုံးဆံပင်ကို ပိုင်ဆိုင်သူမှာ တရုတ်နိုင်ငံမှ ချူပင်းဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် မွေးသည့် မစ္စရှဲချူပင်းသည် ၁၃ နှစ်သမီးအရွယ် ၁၉၇၃ ခုနှစ်မှစ၍ သူမ၏ ဆံပင်များကို မဖြတ်ဘဲထားခဲ့ရာ ၂၀၀၄ မေ ၈ ရက်နေ့တွင် ဂင်းနက်စ်ကမ္ဘာ့စံချိန်များအဖွဲ့က ကမ္ဘာ့ဆံပင်အရှည်ဆုံးအမျိုးသမီးအဖြစ် အတည်ပြုသတ်မှတ်ပေးခဲ့သည်။ မစ္စချူပင်း၏ ဆံပင်အရှည်မှာထိုစဉ်ကတိုင်းတာချက်အရ၅ဒသမ ၆၂၇ မီတာ (၁၈ ပေ ၅ ဒသမ ၅၄ လက်မ) ရှိသည်ဟု သိရသည်။

တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျန်းမြို့တော်တွင်နေထိုင်သော သူမသည် ခရီးသွားရာ၌ သူမ၏ရှည်လျားလှသောဆံပင်ကို ကိုင်တွယ်ထိန်းသိမ်းပေးထားရန် အကူတစ်ယောက်နှင့်အတူ ခရီးထွက်လေ့ရှိသည်ဟု ရိုက်တာသတင်းတွင် ယခုနှစ် ဇန်နဝါရီလက ဖော်ပြခဲ့ဖူးသည်။ မစ္စချူပင်းကဲ့သို့ပင် အမျိုးသားများထဲမှ ကမ္ဘာ့ဆံပင်အရှည်ဆုံးပုဂ္ဂိုလ်မှာ ၂၀၁၀ တွင် ကွယ်လွန်ခဲ့သည့် ဗီယက်နမ်မှ ထရန်ဗန်ဟေး(၇၉ နှစ်)ဖြစ်နိုင်ကြောင်း သိရသည်။ ထရန်ဗန်ဟေးမှာ ၎င်း၏ဆံပင်ကို ခေါင်းလျှော်ခြင်းမရှိဘဲ ထိန်းသိမ်းထားခဲ့ရာ အချို့သူများက အရှည်၆ ဒသမ ၈ မီတာ ခန့်ရှိနိုင်ကြောင်း ခန့်မှန်းကြသည်။ မစ္စတာဟေးသည် အသက် ၂၀ ကျော်အရွယ်မှာပင် ဆံပင်ရှည်ထားခဲ့ပြီး ဆံပင်ညှပ်ပြီးတိုင်း နေမကောင်းလေ့ရှိသောကြောင့် ဆံပင်ရှည်ထားခဲ့သူဖြစ်သည်ဟုသိရသည်။

__Source:Guiness/Telegraph

# တစ်ပတ်တာကံကြမ္မာ

ဩဂုတ် ၁၅ ရက် မှ ၂၁ ရက် အထိ

စံဇာဏီဘို



## ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ပြဿနာများ တစ်မျိုးပြီးတစ်မျိုးဖြစ်မည်။ အပျော်လွန်သူများနှင့် ပတ်သက်ပြီး သောကဖြစ်တတ်သည်။ အရှုပ်အထွေးကိစ္စများ ဖြေရှင်းရမည်။ လူယုံဒုက္ခပေးမည်။ သံဆူးသံပြားရှက မပေါ့ဆရ။ အနာသည်းတတ်သည်။ စက်ပစ္စည်းများ အဝင်မတော်။ စတင်လိုက်သော ကိစ္စမှန်သမျှ တစ်ကြိမ်မက ဆောင်ရွက်ပြီးမှ အဆင်ပြေမည်။ အပြိုင်အဆိုင်များမည်။



## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရည်မှန်းချက်အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အလုပ်အကြံသစ်များအား လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ကြိုးစားထားသည်များမှ ကောင်းသောအကျိုးအမြတ်ရမည်။ ငွေကြေးကံကောင်းမည်။ ပုံမှန်ဝင်ငွေထက်မြင့်မားသော ငွေဝင်စီးဆင်းမှုများ ရှိလာမည်။ ခရီးကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ ပြည်ပခရီး ရည်ရွယ်ထားသူများ သေချာပေါက်သွားရမည်။



## GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ပျိုရွယ်သူများအဖို့ လွန်စွာစန်းပွင့်ပြီးနောက် အရှုပ်အထွေးများ ဖြစ်လာနိုင်သည်။ အင်္ဂါနေ့မွေးသောသူများ သောကြာနေ့မွေးသော သူများနှင့် ပူးပေါင်း၍ ပြဿနာများ ဖြစ်လာတတ်သည်။ ထိုနေ့သားတစ်ဦးကြောင့် ငွေကုန်၊ သိက္ခာကျ ပြဿနာပေါ်၊ လူပင်ပန်းခြင်းများရှိမည်။ လူယုံဒုက္ခပေးမည်။ သွား၊ သွားဖုံးဒုက္ခပေးတတ်သည်။ စက်ပစ္စည်းများ အဝင်မတော်ပါ။



## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အခက်အခဲများ ကျော်လွှားနိုင်သည်။ ဆန္ဒရှိသလောက် ရှေ့တိုးဆောင်ရွက်နိုင်သည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများအတွက် ပြောဆိုဆောင်ရွက်ရန် ကောင်းသည်။ ဘာသာရေးကိစ္စ၊ အလှူအတန်းကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ ရန်အားလုံးအပေါ် အနိုင်ရမည်။ ဆုံးဖြတ်ထားပြီးသား ကိစ္စများ ရဲရဲရှေ့တိုးဆောင်ရွက်ပါ။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် စနစ်တကျ ပြောဆိုဆောင်ရွက်နိုင်မည်။



## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အခက်အခဲများကို ကျော်လွှား၍ ဦးတည်ချက်သစ်များကို အကောင်အထည်ဖော်နိုင်မည်။ မိသားစုလိုက် စီးပွားတက်မည်။ သူတစ်ပါးကြောင့် ကြန့်ကြာနေသော ရပိုင်ခွင့်များ ပြန်ရမည်။ ဒုက္ခရောက်နေသော တနင်္ဂနွေနေ့မွေးသူတစ်ဦးအား ကူညီလိုက်မှုကြောင့် ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း စိတ်အနှောင့်အယှက် ကြုံမည်။ ဘာသာရေးကိစ္စများ အထင်အရှားဆောင်ရွက်ရမည်။



## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အမည်အတွင်း (စ၊ ဆ၊ ဇ၊ သ၊ ဟ)ပါသော သူများနှင့် တွဲဖက်လုပ်ကိုင်သော ကိစ္စများတွင် ပြဿနာများ ပါလာတတ်သည်။ ကြာသပတေးနေ့၊ စနေနေ့ မွေးသောသူများအား သတိနှင့်ဆက်ဆံပါ။ ၎င်းတို့နှင့်ပတ်သက်သော ငွေကြေးကိစ္စများမှ စိတ်အနှောက်အယှက် ဖြစ်စရာများ ကြုံမည်။ ပညာရေးတွင် ပေါ့ဆမှုများ ရှိနေမည်။ သင်တန်းကိစ္စများ ဆိုင်းငံ့ရခြင်းရှိမည်။



## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အလုပ်ကိစ္စ၊ စီးပွားကိစ္စများတွင် ဆောင်ရွက်သလောက် ထွန်းပေါက်မည်။ အခက်အခဲများကို ကျော်လွှားပြီး အလိုပြည့်မည်။ ဦးတည်ချက်ပြောင်းပြီး လုပ်သောကိစ္စများ အောင်မြင်မည်။ ငွေကြေးကိစ္စ အငြင်းပွားစရာများ ပြေလည်သွားမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း စီးပွားသစ်များကို စနစ်တကျ ဆောင်ရွက်၍ အဆင့်ဆင့်တိုးတက်မည်။



## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စတင်လိုက်သော ကိစ္စမှန်သမျှ တစ်ကြိမ်မက လုပ်ပြီးမှ အဆင်ပြေမည်။ လွယ်လင့်တကူ ချောချောမောမော ဖြစ်သည်ဟူ၍ မရှိ။ ဦးတည်လိုက်တိုင်း အခက်အခဲများ ကြုံမည်။ အပေါင်းအသင်း မိတ်ဆွေများကြောင့် နာမည်သိက္ခာ ထိခိုက်ခြင်း၊ ငွေကြေးအစုလိုက် ကုန်ကျခြင်းများ ဖြစ်တတ်သည်။ တစ်ပါးသူစကား နားယောင်ပြီး အမှားအယွင်းများ တစ်မျိုးပြီးတစ်မျိုးကြုံမည်။



## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

စိတ်ကူးသစ်၊ အကြံအစည်သစ်များကို အကောင်အထည်ဖော်ရန် အခါကောင်း ကျရောက်သည်။ ငွေရှာဖွေ၍ လွယ်ကူသည်။ မိသားစုအလုပ် စီးပွားတိုးတက်မည်။ ခြံ၊ ကား၊ အခန်းကိစ္စများ ပြောဆိုဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်ရမည်။ ရွှေဝင်မည်။ အပေါင်းအသင်း အနှောင့်အယှက်ပေးမည်။ လူမှုရေးနှင့် ငွေကြေးရှုပ်ထွေး၍ စိတ်သောကရောက်စရာများ ကြုံမည်။ ခရီးကိစ္စများ နှောင့်နှေးမည်။



## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အလိုရှိရာကိစ္စများ စနစ်တကျလုပ်ကိုင်၍ အဆင်ပြေမည်။ ငွေကြေးကိစ္စများ အဆင်ပြေမည်။ ကိုယ်ပိုင်မှု ကိုယ်ပိုင်ဟန်နှင့် လုပ်ကိုင်သော ကိစ္စများမှ ကောင်းကျိုးရရှိမည်။ ရွေးချယ်မှု လမ်းကြောင်းမှန်ကန်၍ အဆင့်မြင့်သော တိုးတက်မှုများ ရရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ လုပ်ငန်းခွင်အတွင်းမှသူများ မနာလိုသူများအား စနစ်တကျ ဖယ်ရှားနိုင်မည်။



## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ခရီးကိစ္စများ သတ်မှတ်ချိန်၌ မပြီးဘဲ နှောင့်နှေးပြီးမှ အဆင်ပြေသွားမည်။ အိမ်အနီးအပါး၌ မီးလန့်တတ်သည်။ စက်ပစ္စည်း တစ်မျိုးပြီးတစ်မျိုး ဖျက်မည်။ ဆေးထိုးဆေးသောက် မှားယွင်း၍ ဆေးရုံ၊ ဆေးခန်းရောက်ကိန်း ကြုံမည်။ သူခိုးသူဝှက်အန္တရာယ် ဂရုစိုက်ရမည်။ အတွင်းလူ ဒုက္ခပေးတတ်သည်။ မိသားစုတွင် စိတ်ပန်း၊ လူပန်းဖြစ်မည်။ ရွှေထွက်ကိန်းရှိသည်။ လူဝင်လူထွက် အထူးသတိရှိပါ။



## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အခွင့်အရေးနှစ်ခု တစ်ပြိုင်တည်း ပေါ်ပေါက်မည်။ တစ်ခုထက်မကသော ပြဿနာများ ဖြေရှင်းရမည်။ ပညာအတတ်ကို အသုံးချ၍ ဘဝတိုးတက်မည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးသည်။ အရပ်ဝေးနှင့် ဆက်သွယ်လုပ်ကိုင်၍ အောင်မြင်မှုရမည်။ မိတ်ဆွေ၊ ဆရာသမား၊ အကြီးအကဲများထံမှ အကြံဉာဏ်ကောင်း အထောက်အကူကောင်းရမည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ ပြန်ရမည်။

# 7DAY PUZZLE

**ပဟေဠိ အမှတ်စဉ်(၁၉၅)**



## အလျားလိုက်

၂။ လာမည့်လအတွင်း ထွက်ပေါ်နိုင်သည့်အရာ
၃။ လုံခြုံရေးတိုးမြှင့်ရရှိသူများ
၉။ မြန်မာ့ပညာရေးတွင် ပူးပေါင်းပါဝင်လိုသည့်အဖွဲ့အစည်း
၁၀။ ဂျွန်စတိန်းဘက်က ပုံဖော်ခြယ်မှုန်းခဲ့သူများ
၁၁။ ကမ္ဘာ့အမြန်ဆုံးလူသား
၁၂။ မြန်မာနိုင်ငံသို့ ငွေပြန်ချေးရန် ပြင်ဆင်နေသောအဖွဲ့

## ဒေါင်လိုက်

၁။ ရန်ကုန်ရှိ ဆိပ်ကမ်းတစ်ခုတွင် အကောင်အထည်ဖော်မည့် စီမံကိန်း
၄။ အခွင့်မရှိဘဲ မန္တလေးတွင်ရောင်းချသောအရာ
၅။ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ကြုံတွေ့ရသည့်ဒုက္ခ
၆။ သတိထားစိုက်ပျိုးသင့်သောအရာ
၇။ မုံရွာခရိုင်တွင် ရွှေလာတူးသူများ
၈။ HIV ကူးစက်နိုင်သော အကြောင်းရင်းတစ်ခု

**Smart Dictionary ကံထူးသူ**

၁။ သုသုဝေ၊ ၁၂/တမန(နိုင်)၁၂၀၄၁၀ အမှတ်(၅၃)၊ စိတ္တာသုခလမ်း၊ တာမွေမြို့နယ်။

**ကျန်အဖြေမှန်သူများ**

၂။ ရဲရင့်ကျော်၊ ၉/မခန(နိုင်)၂၀၆၅၃၁
၃။ ဒေါ်ညွန့်ညွန့်ကြည်၊ K/RGN ၀၃၃၀၅၂
၄။ စိုးစိုးခိုင်၊ ၅/စကန(နိုင်)၀၃၀၆၄၅
၅။ သွန်းသီရိခင်၊ ၉/အမရ(နိုင်)၁၅၀၈၁၂
၆။ နေမျိုးအောင်၊ ၁၂/ကတတ(နိုင်)၁၀၂၇၁၄၅
၇။ ခင်စုစုဝင်း၊ ၅/အရတ(နိုင်)၀၈၇၇၀၉

**ပဟေဠိ အမှတ်စဉ်(၁၉၄)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................

**နေရပ်လိပ်စာ** ........................................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၂၃) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၇-၈-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး



# Free Classified

**အခမဲ့ ကြော်ငြာကဏ္ဍ**

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776,09-73204374**

**DynamicWin Computer Services**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။

**ဖုန်း-၀၉-၇၃၀၁၂၄၆၉၊၂၅၄၅၀၃**

**ရောင်းမည်**

ဒဂုံမြောက်ပိုင်း၊ (၄၅)ရပ်ကွက်၊ အုတ်ညှပ်/ပျဉ်ထောင် အိမ်ပါမည်။ ပေ(၄၀×၆၀)၊ အမှတ်(၄၇၄)၊ ဗိုလ်မှူးဗထူးလမ်း၊ နှစ်(၆၀) ဂရန်။

**ဖုန်း- ၅၅၁၁၇၆**

**ငှားမည်**

၁၇/၁၈/၉၅ ဗိုလ်ကံညွန့်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေညီထပ်(၂)ထပ်၊ C1, D1 အကျယ် ၂၄ × ရှေ့နောက် ၇၀ (BOC မှတ်တိုင်တည့်တည့်)၊ ၁၂ သိန်း။ **ဖုန်း- ၀၉ ၅၀၄၅၈၉၆**

**Healthy Flower**

အမျိုးသမီးကိုယ်ကာယကိရိယာလွတ်သင်တန်း၊ အမြန်အဆီချသင်တန်း ခေတ်မီအက သင်တန်းနှင့် SPA (အမျိုးသမီးသီးသန့်)

**ဖုန်း- ၀၉ ၄၉၂၂၂၆၀၇**

**အိမ်လိုက်သင်သည်**

သူငယ်တန်းမှ အဌမတန်းအထိ ဘာသာစုံ၊ နဝမတန်း ဇီဝဗေဒ၊ အင်္ဂလိပ်စာ၊B.Sc, B.Ed ဘွဲ့ရ စာသင်နှစ် ၂၅ နှစ် အတွေ့အကြုံရှိဆရာမ။

**ဖုန်း- ၀၉ ၇၃၁၀၃၅၀၂**

**ရောင်းမည်**

ပြင်လွင်ဦးလွင်၊ တစ်ထပ်တိုက်၊ ရေမီး အပြည့်အစုံနဲ့ ကားလမ်းမကြီးပေါ်၊ ရောင်းဈေး(သိန်း-၃၀၀၀)။

**ဖုန်း- ၀၉ ၄၉၂၈၃၀၆၅**

**ဆရာမခင်စုမော်ဝင်း**

၅၊ ၆၊ ၇၊ ၈ တန်း စာသင်/စာကျက် အိမ်အရောက်သင်သည်။

**ဖုန်း- ၀၉ ၄၂၁၀၆၅၆၃၆**

**ကားငှားရန်ရှိသည်**

၂၀၀၀/၀၁ မော်ဒယ်မြင့် ၅ဃ/. . . ၃ စီး၊ အချိန်ပိုင်း၊ မြို့တွင်း၊ နယ် ဝေး၊ လချုပ်ငှားမည်။ **ဖုန်း- ၀၉၅၁၀၀၇၅၂**

**ရောင်းမည်**

မဟာမြိုင်လမ်းမကြီးပေါ်၊ ကားဂိတ်သုံးထိပ်လမ်းဆုံ၊ နှစ်ထပ်တိုက်ခံ၊ ကြွေပြားကပ်ပြီး၊ ရေမီးစုံ၊ နှစ်(၆၀) ဂရန်၊ ပေ(၂၁×၆၀) သိန်း-၇၀၀။

**ဖုန်း- ၀၉ ၇၃၀၉၁၈၈၄**

**Super Paint**

ပေါ်လစ်ပစ္စည်း လက်ခအပြီးအစီး ကြမ်းခင်း တစ်ပေပတ်လည် (၆၅၀) နှင့် (၈၅၀) ကျပ်နှုန်း။ **ဖုန်း- ၃၈၉၁၇၃**

**Victor**

အင်္ဂလိပ်စကားပြော(သီးသန့်)အခြေခံအားနည်းသူများအတွက်သာ (သီးသန့်ဝိုင်း- ၁၀၀၀၀ိ/-)

**ဖုန်း- ၀၉ ၅၀၉၆၇၉၄**

**အမြန်ရောင်းမည်**

အိမ်နှင့်ခြံ အမြန်ရောင်းမည်။ (ပွဲစားမလို) ပေ(၅၀×၁၀၀)၊ခြံနှင့်တိုက်၊ ရွှေတောင်ကြားလမ်း။

**ဖုန်း- ၀၉ ၄၃၀၃၃၂၅၅**

**ဝန်ဆောင်မှု**

မြန်မာပြည်အနှံ့ ကားကြီး၊ ကားလတ်၊ ကားသေးမျိုးစုံ အနီး/အဝေး ငှားရမ်းရရှိနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

**ဖုန်း- ၀၉ ၅၁၉၇၃၈၀**

**"Mr.Noe"Korean Language**

- Basic (4 skills), Speaking Course, EPS- TOPIK သင်တန်း

**ဖုန်း- ၀၉ ၅၂၀၁၃၈၄**

**Teach Care Group**

TCG မှ မူကြိုမှ ဆယ်တန်းအထိ (Teaching & Guide) အိမ်အရောက် စနစ်တကျ သင်ကြားပေးနေပါသည်။

**ဖုန်း- ၀၉ ၄၂၀၀၁၉၃၅၆**

**အိမ်လိုက်သင်ကြားသည်**

English 4 skills အထူးသီးသန့် အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉ ၅၀၈၀၇၂၀**

**ဆရာဦးသန်းအောင်**

တရုတ်စကားပြောသင်တန်း။

**ဖုန်း- ၀၁ ၅၀၀၅၉၆**

**Home Guide လုပ်ပေးသည်**

Grade 1 to Grade 9 မှ ကျောင်းသား/သူများကို Home Guide သင်ပေးသည်။ **ဖုန်း- ၀၉ ၄၂၁၁၁၀၃၈၇**

**ရောင်း/ငှားမည်**

- ပေ(၁၇×၄၅)၊ Hall Type၊ ရေ မီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
- 2 BR၊ ရေ မီး၊ 800 sqft၊ ဝါဝါဝင်းအိမ်ရာ၊ ရန်ကင်းမြို့နယ်။

**ဖုန်း- ၀၉ ၅၀၄၆၇၆၉**

**PROMISE**

ဆယ်တန်းအောင်များအတွက် အထူးအင်္ဂလိပ်စာ၊ နိုင်ငံခြားသွား အင်္ဂလိပ်စာ(ရက်တို/ရက်ရှည်)၊ Four Skills (လပြတ်/လစဉ်တန်းများ)

**ဖုန်း- ၂၂၉၆၀၁**

**KNOWLEDGE BANK Library**

E-book Reader များဖြင့် နိုင်ငံတကာမှ E-book များကို ဖတ်ရှုနိုင်သည်။ **ဖုန်း- ၀၉ ၅၀၄၆၇၆၉**

**သင်တန်း**

စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရပ်များကို စင်ကာပူနိုင်ငံတွင် သင်ကြားလိုသူများအတွက် **email:training.infosg@gmail.com**

**ရှေးဟောင်းဆေးကျမ်းရောင်းမည်**

၁၂၄၉ ခုနှစ်က ရေးသားခဲ့သော ဆေးကျမ်းပေစာမူကိုကျပ်သိန်းတစ်ရာဖြင့်ရောင်းမည်။ ညှိနှိုင်း၍ရသည်။

**ဖုန်း- ၀၉ ၈၅၀၂၈၅၀**

**Auspicious Eduland**

English Gammer အိမ်လိုက်သင်သည်။ ၈၊၉၊၁၀၊ First Year၊ Second Year. ဆရာဉာဏ်**(B.A English)**

**Ph: 09 450040328**

**Home Guide**

International School ဘာသာစုံနှင့် မြန်မာစာသီးသန့်၊ အစိုးရကျောင်း ဘာသာစုံ၊ တက္ကသိုလ်ဝင်တန်း(အထူး)အထူး Guide နှင့် (သင်/Guide)များ စုံစမ်းနိုင်ပါသည်။

**ဖုန်း- ၀၉ ၄၂၀၀၁၀၇၇၁**

**တိုက်နှင့်ခြံရောင်းမည်**

- ပေ(၆၀×၈၀)၊ ရေပူရေအေးစက်အပါ၊ စကားဝါ(၃)လမ်း၊ မြို့မအရှေ့ရပ်၊ ပုပ္ပသီရိမြို့၊ နေပြည်တော်။
- ပျဉ်ထောင်ကျောင်း၊ လက်ယက်ဆန်းကျေးရွာ၊ (၂)ကွက်တွဲ၊ ပေ(၄၀×၂၀၀)နှင့် ပေ(၄၀×၁၀၀)၊ မြေပိုင်။ သိန်း(၄၀၀)။ **ဖုန်း- ၅၀၂၉၂၈၇**

**သင်ကြားသည်**

မူလတန်း၊ အလယ်တန်း Home Teaching Guide ထူးချွန်စွာ တတ်မြောက်စေရန် အိမ်အရောက်သင်ကြားပေးနေသည်။ ဆရာမ မီးမီး

**ဖုန်း- ၀၉ ၄၂၁၁၀၄၉၄**

**ရောင်းမည်**

Golf Set, MIZUNO NOTUS, GRAPHITE Iron set

**Ph: 09 8570600**

**Sales for chemical Industry**

Chemistry Background prederred, able to write & speak English

**Ph: 09 43134136**

**သင်ကြားပေးသည်**

International schools တွင် ပညာသင်ကြားနေသော ကလေးများအား study guide သင်ကြားပေးသည်။ (for KG to primary 5 students)

**Ph: 09 5069860**

**သင်ကြားသည်**

International School မှ ဆရာမကိုယ်တိုင် International School မှ ကလေးများအား တရုတ်စာ (Madarin)ကို Guide လုပ်ပေးသည်။

**ဖုန်း- ၀၉ ၄၂၀၀၀၉၁၂၀**

**သင်ကြားသည်**

စာသင်လုပ်သက်(၃၉)နှစ်၊ အငြိမ်းစားဆရာ ကိုယ်တိုင်အလယ်တန်းဆင့်၊ အင်္ဂလိပ်၊ သင်္ချာကို သင်ကြားသည်။ **ဖုန်း- ၀၉ ၄၂၁၀၄၉၅၄၄**

**ရောင်းမည်**

သစ်မွှေး၊ ရာဘာနှင့် နှစ်ရှည်ပင်၊ ရာသီပင်များ စိုက်ပျိုးရန် တိုက်ကြီးမြို့နယ်အတွင်း သွားလာရေး လွယ်ကူသောနေရာရှိ မြေ(၄၀)ကေခန့် ရောင်းမည်။ **ဖုန်း- ၀၉ ၄၂၃၆၆၁၉၃၇**

**ဆရာမင်းသုခ(မန်းတက္ကသိုလ်)**

ကွန်ပျူတာနက္ခတ်ပညာရှင် သင်တန်းပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဟောစာတမ်းရေးသားခြင်းများ ဆောင်ရွက်ပေးသည်။

**ဖုန်း- ၀၉ ၇၃၂၃၄၆၂၄**

**ဝန်ဆောင်မှု**

Windows, Software, Hardware နှင့် Internet ချိတ်ခြင်းများကို အိမ်အရောက်ဝန်ဆောင်မှု ပေးနေပါသည်။

**ဖုန်း- ၀၉ ၇၃၀၀၂၀၉၁**

**Uni Aim Education Consultancy Training**

နိုင်ငံတကာပညာရေးနယ်ပယ်ကို စိတ်ပါဝင်စားသူများအတွက် ပညာရေးအတိုင်ပင်ခံ ဖြစ်လိုသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါသည်။ ဖုန်း- ၀၉ ၄၃၁၉၇၇၆၁

**လေလံတင်ရောင်းချမည်**

ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်းရှိ ပေ (၃၅×၆၀)မြေနှင့် အုတ်ခံ(၂)ထပ်အိမ်။ ဩဂုတ် ၂၀ ရက်၊ နေ့လည်(၁း၃၀) အဆိုပါ အိမ်ရှေ့။



## JOKE

### လမ်းပျောက်သူ

အိမ်ရှေ့၌ ရဲကားတစ်စီးထိုးရပ်လိုက်သောအခါ အဘွားက စိုးရိမ်ပြီး ထွက်ကြည့်ရာ အဘိုးကားထဲမှ ထွက်လာသည်။ ကားပေါ်မှ ဆင်းလာသော ရဲအရာရှိက အဘိုးတစ်ယောက် ပန်းခြံထဲတွင် လမ်းပျောက်နေ၍ အိမ်ကို လိုက်ပို့ပေးခြင်းဖြစ်ကြောင်း အဘွားအား ရှင်းပြပါသည်။

"ဘယ်လိုဖြစ်တာလဲ အဘိုးကြီး။ ရှင် အဲဒီပန်းခြံကို သွားနေတာအနှစ် ၃၀ လောက်ရှိနေပြီ။ ဘယ်လိုလုပ် လမ်းပျောက်နေတာလဲ" ဟု အဘွားဖြစ်သူကပြောရာ အဘိုးက အဘွားနားကပ်၍ "တိတ်တိတ်နေစမ်းပါကွာ၊ ငါအိမ်ကို လမ်းလျှောက်မပြန်နိုင်လောက်အောင်မောနေလို့ကွ" ဟု ဆိုပါတော့သည်။

### သင်ချင်လို့

လူတစ်ယောက်သည် မိမိအိမ်ကို ဖောက်ထွင်းသွားသော သူခိုးအားဖမ်းဆီးထားရာ ရဲစခန်းသို့သွား၍ သူခိုးနှင့်စကားပြောလိုကြောင်း ပြောနေရာတာဝန်ကျရဲအရာရှိက "တရားရုံးကျမှ ရှင်းပါဗျာ"ဟု ပြောပါ၏။

သို့သော် အိမ်ရှင်ယောကျ်ားက "မဟုတ်ပါဘူး။ ကျွန်တော် သူ့ကို တစ်ခုပဲမေးချင်လို့ပါ။ ကျွန်တော့်မိန်းမ မနိုးအောင် အိမ်ထဲကို ဘယ်လိုဝင်လဲသိချင်လို့ပါ။ ကျွန်တော် နှစ်ပေါင်းများစွာ ကြိုးစားလာတာမအောင်မြင်ဘူး"ဟု ပြောပါသည်။

## စာ(၃၂) မျက်နှာပန်းလှဖို့ အထက်တန်းကျကြစို့ မှ

မြန်မာပြည်မှာလည်း နာဂစ်မုန်တိုင်းကြီးကြောင့် ကျွန်တော်တို့ရဲ့ ရောဝတီသားတွေ ဒုက္ခပင်လယ်ဝေခဲ့စဉ်က စွမ်းစွမ်းတမံ ရက်ရက်ရောရော ပါဝင်ကူညီလှူဒါန်းခဲ့ကြတဲ့ နိုင်ငံတစ်ဝန်းက စေတနာရှင်တွေရဲ့ ထက်သန်လေးနက်မှုကို ကမ္ဘာက အသိအမှတ်ပြု ချီးမွမ်းခဲ့ကြပေမယ့် စိတ်ပျက်ဝမ်းနည်းစရာအဖြစ်နဲ့တော့ ဘေးဒုက္ခကြုံနေရတဲ့ ကိုယ့်သွေးသားမောင်နှမတွေအပေါ် ငဲ့ညှာသနားရကောင်းမှန်းမသိနိုင်လောက်အောင် လောဘရမ္မက်တက်ခဲ့ကြတဲ့ တချို့သော အတ္တသမားတွေရဲ့ အမြတ်ကြီးစားလက်ခမောင်းခတ်မှု(တောမီးလောင်တောကြောင်လက်ခမောင်းခတ် စကားပုံ) တွေနဲ့ ကာယကံရှင်တွေကိုယ်တိုင်သာ အသိဆုံးဖြစ်မယ့် တခြားမသမာမှုတွေဟာ ဂျပန်ပြည်မှာသာဆိုရင် မျက်နှာမားနဲ့ လှီးပစ်ဖို့ပဲ ကောင်းတော့တယ်လို့ဆိုရပါမယ်။

တကယ်တော့ မိမိနဲ့ မိမိသားစုအကျိုးထက်စာရင် သူတစ်ပါးနဲ့ လူအများအကျိုးကို ငဲ့ကွက်လိုလားတတ်သူဟာ လူသာမန်တွေကျင့်ကြံနိုင်ခဲ့တဲ့ပုဂ္ဂိုလ်ထူးတွေ ဖြစ်ကြတဲ့အလျောက် လူ့ဘောင်လောက အသိုင်းအဝိုင်းရဲ့ ကျက်သရေဆောင်လူသားတွေလို့ ဆိုရမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နိစ္စဓူဝ ဝန်းကျင်ဘဝတွေမှာ လေးစားအားကျဖွယ် ပေးဆပ်သူတွေ ပေါ်ထွန်းခဲ့ဖူးပြီးဖြစ်သလောက်စက်ဆုပ်ရွံရှာဖွယ်အခွင့်အရေးသမားတွေလည်း တွေ့ရကောင်း တွေ့နေရဦးမှာပဲဖြစ်ပါတယ်။ မိမိအတ္တ အကျိုးစီးပွားအတွက်ဆိုရင် အဆိပ်အတောက်ကိုပင်အစားအသောက်ထဲ ရောနှောရောင်းချဝံ့တဲ့ ငရဲမကြောက် ဝဋ်မကြောက်သူတွေနဲ့ ဒုက္ခရောက်သူကို ကူညီကယ်တင်ဖို့ဝေးလို့ မိမိပေါ့ဆမှုကြောင့်ဖြစ်ရတဲ့ သေကောင်ပေါင်းလဲ လူနာကို ဆေးရုံဆေးခန်း ပို့ဆောင်ပေးရမယ့်အစား မြို့ပြင်မှာ ခေါင်းတလားနဲ့မခြား ဖျောက်ဖျက်စွန့်ပစ်ရဲတဲ့အထိ ကမ်းကုန်အောင် ရက်စက်မိုက်မဲမှုတွေကို ကျွန်တော်တို့ ဝိုင်းဝန်းကာကွယ်ဖော်ထုတ်သွားကြရပါမယ်။

တချို့က မပြောပလောက်စရာလို့ ပေါ့ဆဆ သဘောထားနေကြတဲ့ မလိုက်နာ မသိတတ်မှုတွေဟာ တကယ်ကြီးမြတ်ခဲ့သူတွေရဲ့ လုပ်ဆောင်ချက် အမူအကျင့်နဲ့နှိုင်းစာရင် သိမ်ငယ်စရာဖြစ်နေမှာမို့ ရှက်တတ်ကြဖို့ကောင်းတယ်။ လူကူးမျဉ်းကျားမှာ ကားရပ်ပေးဖို့ ပျက်ကွက်သူတွေပဲဖြစ်ဖြစ် ဘတ်စ်ကားပေါ်မှာ ဘဝတူခရီးသည်ချင်း စာနာစိတ်ကင်းမဲ့စွာနဲ့ မိမိရရှိထားတဲ့ ခဏတာနေရာကို အလွဲသုံးစားလုပ်လေ့ရှိသူတွေပဲဖြစ်ဖြစ် လမ်းမသိလို့ မေးမိတဲ့ တစ်နယ်တစ်ကျေးသားဧည့်သည်ကို ကူညီညွှန်ပြပေးဖို့ ဝန်လေးတတ်သူတွေပဲဖြစ်ဖြစ် အခါကြီးရက်ကြီးမို့ ရောက်ပြီဟေ့ဆို ဈေးရောင်းရင်း ကုသိုလ်ယူကြဖို့ နေနေသာသာ လူစည်ကားတာအခွင့်ကောင်းယူပြီး ဈေးတင်၊ လျှော့ထည့်ပေးနေကျ လောဘသားကောင်တွေပဲဖြစ်ဖြစ် စင်စစ်ဂုဏ်ပွင့်မီးလောင်မှုမှာ အမြတ်ထုတ်ဖို့ အကြံအစည်ပေါ်တဲ့ ဘတ်စ်ကား စပယ်ယာနဲ့ ဘာမှမခြားလှတာမို့ တတိယတန်းစားအညံ့စား စိတ်ဓာတ်တွေကို ပြုပြင်ဖယ်ရှားကြဖို့သင့်ပါပြီ။

မျက်မှောက်ကာလနဲ့ အနာဂတ်မြန်မာနိုင်ငံတော်မှာ ကျင့်သုံးဖော်ဆောင်သွားတော့မယ့် ဒီမိုကရေစီလူမှုအဝန်းအဝိုင်းအတွင်း လိုက်လျောညီထွေစွာ နေထိုင်ရပ်တည်သွားဖို့ဆိုရင် ကျွန်တော်တို့ရဲ့ အားနည်းလွဲချော်နေတဲ့ ရှိရင်းစွဲအကျင့်စရိုက်တွေဟာ ဘယ်လိုမှ မအပ်စပ်တော့ရုံမက ခေတ်သစ်ကမ္ဘာမှာ အထက်တန်းကျပြီး မျက်နှာပန်းလှနိုင်တဲ့ လူမျိုးတစ်မျိုးဘဝ ရရှိလာဖို့ဆိုတာလည်း အလှမ်းဝေးကွာနေဦးမှာသာဖြစ်ကြောင်းပါ။ ။

"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများသိစေရန် ကြေငြာခြင်းနှင့်သတိပေးတားမြစ်ခြင်း"

ကျွန်ုပ်၏မိတ်ဆွေများပိုင် **Apple International Company Limited** ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၃၃၂/၂၀၀၄ ၂၀၀၅၊ အမှတ်(၉၇၂/ခ)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေငြာအပ်ပါသည်။

၃၆၈၅ / ၂၀၀၀ ၂၂၅၆ / ၂၀၀၄ ၇၅၅ / ၂၀၀၁

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၈.၈.၂၀၀၀ ပြည့်နှစ်က စာချုပ်အမှတ် ၃၆၈၅/၂၀၀၀ ဖြင့်၎င်း၊ ၂၇.၄.၂၀၀၄ နေ့က စာချုပ်အမှတ် ၂၂၅၆/၂၀၀၄ ဖြင့်၎င်း၊ ၁၅.၂.၂၀၀၁နေ့က စာချုပ်အမှတ် ၇၅၅/၂၀၀၁ဖြင့်၎င်း၊ တရားဝင်မှတ်ပုံတင်ထားရှိပြီး မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်သော အလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်း အမျိုး မျိုးတို့နှင့် ၎င်းပစ္စည်းများအား ထည့်သွင်းထုတ်ပိုးသည့် ဗူးခွံပုံစံ အမျိုးမျိုး၊ ပုလင်းပုံစံအမျိုးမျိုး၊ သေတ္တာပုံစံအမျိုးမျိုး၊ ကတ်ထူဘူးအမျိုးမျိုးတို့တွင် အရောင်အမျိုးမျိုး အသုံးပြု၍ ထည့်သွင်း ထုတ်ပိုး ရိုက်နှိပ်၍၎င်း၊ ကပ်၍၎င်း လက်ရှိအသုံးပြု၍ပြည်သူများအား ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်၊ **LOGO** အမှတ်တံဆိပ်များသည်ကျွန်ုပ်၏မိတ်ဆွေများပိုင် **Apple International Company Limited** ၏တစ်ဦးတည်းမူပိုင်အဖြစ်၊ မှတ်ပုံတင်သွင်းထားသော ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားများဖြစ်ပါသည်။ မည်သူမျှ ယင်းအမှတ်တံဆိပ်အမည်၊ အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူရိုးမှား ဖြစ်စေ၊အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် အနေဖြင့်၊ တုပထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ဖြန့်ဖြူး ခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ကြပါရန် ကြိုတင်သတိပေးထားခြင်း ဖြစ်ပါသည်။ လိုက်နာ ဆောင်ရွက်ခြင်းမရှိဘဲ တုပ၍ ထုတ်လုပ်ခြင်း၊သုံးစွဲခြင်း၊ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများ ပြုလုပ်လာပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေငြာအပ်ပါသည်။

၎င်းပြင် ကျွန်ုပ်၏မိတ်ဆွေများပိုင် **Apple International Company Limited** သည်အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားဖြင့်သာ အလှကုန်ပစ္စည်း များ၊လူသုံးကုန်ပစ္စည်းများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး ဖြန့်ဖြူးရောင်းချပါသည်။ **အခြားသောကုမ္ပဏီများက ထုတ်လုပ်ရောင်းချသော အလှကုန်ပစ္စည်းများအားတဆင့်ပြန်လည်ရောင်းချပေးခြင်းလုံးဝ(လုံးဝ) မရှိခဲ့ပါ။**မသမာသူအချို့သည် အခြားကုမ္ပဏီများကထုတ်လုပ်သော အလှကုန်ပစ္စည်းများကို **Golden Tower COSMETIC DISTRIBUTION GROUP** အမည်ပါ ပြေစာ၊ စာအုပ်များရိုက်နှိပ်အသုံးပြုလျှက် **မိမိကုမ္ပဏီ၏ ဖုန်းနံပါတ်တစ်ခုဖြစ်သည့် ၅၇၀၁၁၂ ဖုန်းနံပါတ်**အားထည့်သွင်းရိုက်နှိပ်လျှက်၊ စမ်းချောင်းမြို့နယ်၊ ဗဟိုဓေယျဝတီလမ်းရှိ အိမ် နံပါတ်မှား လိပ်စာဖော်ပြလျှက် **နေပြည်တော်၊ ကျီတောင်ရွာတွင်လည်းကောင်း၊ ကျောက်ဆည်မြို့ တွင်လည်းကောင်း၊ လိမ်လည်ရောင်းချခဲ့ကြောင်း သက်ဆိုင်ရာဆိုင်များမှဖုန်းဖြင့်တိုင်ကြားလာ၍** သွားရောက်စုံစမ်းရာ အထောက်အထားများနှင့်တကွလိမ်လည်ရောင်းချမှုဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏ မိတ်ဆွေများပိုင် ကုမ္ပဏီ၏ ဖုန်းနံပါတ်များကို ရိုက်နှိပ်ဖော်ပြ၍ မမှန်မကန် လိုက်လံလိမ်လည်ရောင်းချမှုများကို ဆက်လက် ဆောင်ရွက်နေပါက ရောင်းချသူများကို တည်ဆဲတရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

**Apple International Company Limited ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

ဦးခင်ဇော် — တရားလွှတ်တော်ရှေ့နေ — စဉ်-၁၄၇၅
ဦးပြည့်စုံ — တရားလွှတ်တော်ရှေ့နေ — စဉ်-၇၀၀၅
အမှတ်(၃၀/၃၄)၊စတုတ္ထထပ်၊(၃၅)လမ်း၊ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။

## စာ(၄၁) ဖွံ့ဖြိုးရေးစီမံကိန်းဝန်းကျင်မှ ဒေသခံများ ပတ်ဝန်းကျင်ဆိုင်ရာ အသိပိုတိုးလာ မှ

"စတာကတော့ နာဂစ်ကတည်းကပဲ။ အဲဒီတုန်းက ဟောပြောပွဲတွေလုပ်ကြတယ်။ နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာ ဘာလဲဆိုတာလောက်ပဲ သိသေးတာ။ အခုက တက်တက်ကြွကြွနဲ့ ပါဝင်လာတယ်။လိုလိုလားလားနဲ့ ပညာပေး ဟောပြောပွဲလုပ်ပေးပါဦးလို့ ဖိတ်ခေါ်လာတယ်။ နောက် ညစ်ညမ်းနေတဲ့နေရာတွေရဲ့ မြေတို့ ရေတို့ကို စစ်ပေးပါဦး စသဖြင့် ပြည်တွင်းက ပတ်ဝန်းကျင်သမားတွေကိုတောင်းဆိုလာကြတယ်" ဟုပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ရက်အဖွဲ့မှ ဒေါ်ဒေဝီသန့်ဇင်က ပြောသည်။

**TRADEMARK CAUTION**
ZHEJIANG ZHUOYUE ELECTRONICS CO., LTD. a company incorporated in P.R.China at No. 2896 XICHENG ROAD, CHENGXI STREET, YIWU CITY, ZHEJIANG, CHINA is the Owner and Sole Proprietor of the following Trademark:-

MINGRUI

**Reg: 4/7857/2012**
In respect of :"Clocks; clocks and watches, electric; watches; electronic perpetual desk calendars; watch pockets; cases for watches (presentation); wristwatches; watch bands; alarm clocks; movements for clocks and watches."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 16.Aug.2012

အချို့သောဒေသများတွင် ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင် ပူးပေါင်းပါဝင်လာမှုနှင့် အချို့သောကိစ္စများကို ကိုယ်တိုင်လုပ်ဆောင်လာကြောင်း၊ ဥပမာ- ဒေသခံများကိုယ်တိုင်က ရွှေတူးဖော်သည့်လုပ်ငန်းမှာ ပတ်ဝန်းကျင်ထိခိုက်မှုများအကြောင်းကို သိလာ၍ မိမိပတ်ဝန်းကျင်တွင် လာရောက်လုပ်ဆောင်ပါက ကန့်ကွက်ခြင်းလုပ်ဆောင်လာကြောင်း၊ ချည်ထည်အသုံးပြုအိတ်များနှင့် လူငယ်များ အသုံးပြုလာကြောင်း၊ မန္တလေးအခြေစိုက် စိမ်းရောင်စိုအဖွဲ့မှ ကိုမင်းခန့်ငြိမ်းချမ်းကပြောသည်။

ရခိုင်ပြည်နယ်တွင်အကောင်အထည်ဖော်နေသော စီမံကိန်းအချို့တွင် ဒေသခံများကိုယ်တိုင် စီမံကိန်းများကြောင့်ပတ်ဝန်းကျင် သက်ရောက်ထိခိုက်မှုများကို လေ့လာရန် တောင်းဆိုလာကြကြောင်း၊ အသိအဆင့်မှ ပူးပေါင်းပါဝင်မှုနှင့် ထောက်ပြပြောဆိုမှုများလည်း ပြုလုပ်လာကြောင်း ရခိုင်ကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်သိန်းဖေကပြောသည်။

စက်ရုံ၊ အလုပ်ရုံ စွန့်ပစ်ပစ္စည်းစွန့်ပစ်မှုကို မြို့နယ်စည်ပင်သာယာက လိုက်လံစစ်ဆေးပြီး အချို့သော သတ္တုတူးဖော်ရေးလုပ်ငန်းများရှိပတ်ဝန်းကျင်သက်ရောက်မှုကို လုပ်ငန်းခွင်ကျန်းမာရေး၊ ရေအရည်အသွေးစစ်ဆေးမှုကိုရေအရင်းအမြစ်နှင့်မြစ်ချောင်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သက်ဆိုင်သောနေရာများတွင် စမ်းသပ်စစ်ဆေးကြသည်။ သို့သော်လည်း စစ်ဆေးမှုရလဒ်များကို ပွင့်လင်းမြင်သာစွာ ကျေးရွာသားများကို ချပြခြင်းမရှိသောကြောင့် နီးစပ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များကို တောင်းဆိုသည်မှာ ဖြစ်နိုင်ကြောင်း ပတ်ဝန်းကျင် လေ့လာသူများက သုံးသပ်သည်။

"ပြီးခဲ့တဲ့လက ရွာကိုရေလာစစ်ဆေးသွားတယ်။ ရလဒ်ပေးမယ်လို့ပြောတယ်။ တရားဝင်စာရင်းနဲ့ ဘာတွေ စမ်းသပ်တယ်။ ဘာအဖြေထွက်တယ်လို့ တရားဝင်မပြောဘူး။ တစ်ယောက်စကားနဲ့ ပြောတယ်။ ဒီရေတွေ သုံးလို့ရတယ်ပေါ့။ သုံးလို့ရလား၊ မရလားတော့ မသိဘူး။ ရေက စိမ်းရွှေရွှေအနံ့ရတယ်။ စီမံကိန်း မဝင်ခင်က သောက်ရတာနဲ့မတူဘူး။ သူတို့စွန့်ပစ်လိုက်တဲ့ရေတွေကလည်း လယ်ထဲကို ဒီအတိုင်းပဲ ဖြတ်သွားတယ်။ သူတို့ဖြတ်တဲ့ လယ်တွေက ဘာမှသုံးလို့မရဘူး။ ကောင်းတယ်။ ဒါပေမဲ့ ကျွန်တော်တို့မယုံဘူး။ ကျွန်တော်တို့ ခံစားနေရတာ ကျွန်တော်တို့ပဲသိတယ်" ဟု ကြေးနီတောင်စီမံကိန်း အနီးရှိ ကံကုန်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

လက်ရှိအချိန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ထွက်ရှိသော်လည်း နည်းဥပဒေမထွက်ရှိသေးချေ။

Environment
7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# မလိခမြစ်ဝှမ်းဒေသကို ဇီဝမျိုးကွဲဒေသအဖြစ် အရေးကြီးထိန်းသိမ်းရန်လိုဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၉**

ဇီဝမျိုးစုံ ကြွယ်ဝသော ရမ်ဆာဆိုက်စာရင်းတွင် ပါဝင်သည့် မေလိခမြစ်ဝှမ်းဒေသ၌ တောဖုံးလွှမ်းများခြင်းနှင့် ဇီဝမျိုးစုံကြွယ်ဝနေသောကြောင့် ယင်းဒေသရှိ ကေနှစ်သန်းခွဲကျော်ကို ဇီဝမျိုးစုံမျိုးကွဲဒေသအဖြစ် အရေးကြီးထိန်းသိမ်းရန်လိုအပ်ကြောင်း ဇီဝမျိုးစုံ ဖွံ့ဖြိုးရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးဝင်းမျိုးသူက ပြောသည်။

ရောဝတီမြစ် ရေဝေရေလဲဒေသ ကေသန်း ၁၀၀ တွင် မလိခမြစ်ဝှမ်းကေငါးသန်းခုနစ်သိန်းရှိပြီး ရောဝတီမြစ် ဧရိယာအကျယ်ဆုံးရေဝေရေလဲစာရင်းတွင်ပါဝင်ကြောင်း စုစုပေါင်း သစ်တောဖုံးလွှမ်းကေ ၂၇၃၆,၀၀၀ မှာ မဖြစ်နေ ဇီဝမျိုးစုံမျိုးကွဲအဖြစ် သတ်မှတ်ရမည့်ဧရိယာဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

မလိခမြစ်ဝှမ်းတွင် သစ်တောဖုံးလွှမ်းမှုမှာ ၈၀ ရာခိုင်နှုန်းကျော် ကျန်ရှိနေသောကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ကျန်ရှိနေသေးကြောင်း ရှားပါးပြီး မှတ်တမ်းမတင်ရသော အပင်များ၊ တိရစ္ဆာန်များ၊ သစ်ခွများရှိကြောင်း၊ ယင်းဒေသတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းအနေဖြင့် စီးပွားဖော်ဆောင်နိုင်သော သဘာဝအတိုင်းမပျက်စီးဘဲ ဇီဝထိန်းသိမ်းရေးနယ်မြေအဖြစ် ထိန်းသိမ်းနိုင်သည့် နေရာ ၂၇ ခုရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။



**မလိခမြစ်ဝှမ်းတစ်နေရာ** ဓာတ်ပုံ - အိဖြူမွန်

မေခမြစ်ဝှမ်းဒေသတွင် နယ်မြေမငြိမ်သက်မှု၊ တရားမဝင်သစ်ခိုးထုတ်မှုနှင့်သစ်ခုတ်မှုများကြောင့် ၁၉၉၀နှင့် ၂၀၀၅ခုနှစ်အတွင်းသစ်တောကေခုနစ်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့သော်လည်း သစ်ဖုံးလွှမ်းမှုမှာ ၆ ရာခိုင်နှုန်းရှိသောကြောင့် ဇီဝမျိုးစုံမျိုးကွဲအဖြစ် ထိန်းသိမ်းသင့်သော မြေနေရာတွင် ပါဝင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းမြစ်ဝှမ်းဒေသ နှစ်ခုတွင် ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်တည်ဆောက်ရန် လျာထားသည့်နေရာဖြစ်သည်။ ထိုဒေသတွင်နယ်မြေမငြိမ်သက်မှုနှင့် လူမှုရေးသုံးဟု အကြောင်းပြကာ သစ်ခိုးထုတ်မှုများဖြစ်ပွားနေကြောင်း အောင်မြေသာကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံကြွယ်ဝသော ဒေသများမှာ မိုးယွန်းကြီးအင်း၊ မုတ္တမကွေ့တို့ဖြစ်သည်။

## ဖွံ့ဖြိုးရေးစီမံကိန်းဝန်းကျင်မှ ဒေသခံများ ပတ်ဝန်းကျင်ဆိုင်ရာ အသိပိုတိုးလာ

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် - ၁၁**

ဖွံ့ဖြိုးရေးစီမံကိန်းများအနီး နေထိုင်ကြသော ဒေသခံများသည် ပတ်ဝန်းကျင်ဆိုင်ရာ အသိရှိလာသည့်အပြင် ဒေသတွင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုရှိ၊ မရှိကို လာရောက်စစ်ဆေးရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များကို ကမ်းလှမ်းလာကြောင်း ရန်ကုန်၊ မန္တလေး၊ ရခိုင်ပြည်နယ်တို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နေသောအဖွဲ့က သုံးသပ်ပြောကြားသည်။

ယင်းတောင်းဆိုမှုများကို ဆားမလောက်အရက်ချက်စက်ရုံ၊ ထီးချိုင့်မြို့နယ်ရှိနီကယ်သတ္တုစက်ရုံနှင့် ဂရိတ်ဝေါ၊ မောင်းကုန်း၊ မြစ်သာရေလှောင်တမံ၊ ဆားလင်းကြီးမြို့နယ်ရှိ ကြေးနီသတ္တုတွင်း အနီးရှိ ကျေးရွာများနှင့် ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်နေသော ရေအားလျှပ်စစ်စီမံကိန်းများ၏ ပတ်ဝန်းကျင်ထိခိုက်မှုများကို လေ့လာဆန်းစစ်ရန် ဒေသခံများကကိုယ်တိုင်တောင်းဆိုလာကြောင်းပတ်ဝန်းကျင်လေ့လာသူများကပြောသည်။

အသိပညာပေးဟောပြောပွဲများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိရရှိလာရာမှ တဖြည်းဖြည်း ယခုနှစ်ပိုင်းများတွင် ရပ်ရွာလူထုများအနေဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုလျော့နည်းလာရန် လုပ်ဆောင်ရမည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လေ့လာဆောင်ရွက်နေသူအချို့က ပြောကြားသည်။

စာ(၄၀) သို့

ENVIRONMENT Cartoon






# Tourism

7 DAY NEWS JOURNAL

Vol.11, No.23 • AUGUST 16 , 2012


# အခန်းခများ အဆမတန်မြင့်တက်နေသည့်တိုင် ခရီးသွားဧည့်သည် ၅၀ ရာနှုန်းမြင့်တက်

**နိုင်ချို**

**ရန်ကုန်၊ ဩဂုတ်-၉**

ဟိုတယ်အခန်းခများ အဆမတန်မြင့်တက်မှု၊ ဈေးနှုန်းမတည်ငြိမ်မှုများ ရှိနေသော်လည်း ယခုနှစ်တွင်ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၁ ခုနှစ်ထက် ၅၀ ရာခိုင်နှုန်း ပိုမိုလာသည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက ပြောကြားသည်။

"နိုင်ငံခြား ခရီးသွား ဧည့်သည်တွေ အဝင်များပြားလာတဲ့အတွက် ဟိုတယ်အခန်းရှားပါးတာ၊ ဈေးအဆမတန် တက်တာ၊ အခန်းငှားမရတာ၊ ဒါတွေက မဖြစ်သင့်တဲ့ကိစ္စပါ။ ဒီလိုကိစ္စတွေကြောင့် လာမယ့်ဧည့်သည်က မလာတော့တာတွေ ဖြစ်သွားနိုင်တယ်" ဟုဝန်ကြီးချုပ်ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ၌ ပြောသည်။

၂၀၁၃ ခုနှစ် ဆီးဂိမ်းအပြင် ၂၀၁၅ ခုနှစ်တွင်ပါ အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်သောကြောင့် မြန်မာနိုင်ငံတွင်းသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ များပြားစွာဝင်ရောက်လာမည် ဖြစ်သည်။ ထို့အတွက် အခန်းလိုအပ်ချက်များ၊ ရေမီးဆိုင်ရာ လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်ကြောင်းဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနဒုတိယဝန်ကြီးဦးဌေးအောင်က ပြောသည်။

ဟိုတယ်အခန်းတစ်ခန်းလျှင် ပျမ်းမျှတစ်ရက် ရေဂါလန် ၅၀ ခန့် လိုအပ်သဖြင့် အိပ်ခန်း ၁၀၀ တိုးချဲ့ပါက ရေဂါလန် ၅၀၀၀ လိုအပ်မည်ဖြစ်သည်။ ဟိုတယ်တစ်ခန်းလျှင် ထည့်သွင်းထားသော Facilities များအရ တစ်ရက်လျှင် ပျမ်းမျှလျှပ်စစ်မီး ၁၀ နာရီသုံးမည်ဆိုပါက အနည်းဆုံး လျှပ်စစ်မီးလိုအပ်ချက်မှာ ၁၃,၀၀၀ မဂ္ဂါဝပ် ဖြစ်သည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ရန်ကုန်တွင် သဘာဝမှ ပေးအပ်ထားသော ခရီးသွားနေရာ ၅၇ နေရာအပြင် ဧည့်သည်များ သွားရောက်လည်ပတ်နိုင်ရန် ဖန်တီးပြင်ဆင်သည့်နေရာများလည်းတိုးချဲ့သွားမည်ဖြစ်ပြီး သဘာဝအခြေခံခရီးသွားများအတွက်လည်း ခရီးစဉ် ၅၀ ကျော်ထပ်မံဖော်ထုတ်ရန် ရှိသည်ဟု ပြည်ထောင်စု ဝန်ကြီးဦးတင့်ဆန်းက ဆိုသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများလာရောက်မှုမြင့်တက်လာပြီး ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်ကြီးများ၏ အခန်းခဈေးနှုန်းများ ဒေါ်လာ ၂၀၀ ထိမြင့်တက်ခဲ့ပြီး အခန်းမလုံလောက်မှုများရှိခဲ့သည်။

ဟိုတယ်များ အခန်းခ ဈေးကြီးခြင်းနှင့်အခန်းများရောင်းချမပေးခြင်းတို့ကြောင့်ခရီးသွားကုမ္ပဏီများလုပ်ငန်းရပ်ဆိုင်းရတော့မည့် အခြေအနေကို သက်ဆိုင်ရာသို့ နှစ်ကြိမ်တင်ပြခဲ့ရာဝန်ကြီးဌာနက တစ်ခန်းလျှင်အမေရိကန်ဒေါ်လာ ၁၅၀ အမြင့်ဆုံးဖြင့် ဇူလိုင်လနောက်ဆုံးထား၍စာချုပ်သစ်များ ချုပ်ဆိုရန်ဟိုတယ်များသို့ ဇူလိုင်လလယ်ပိုင်းက ညွှန်ကြားခဲ့သည်။

# ရန်ကုန်လေဆိပ်သို့ နေ့စဉ်နိုင်ငံခြားသားဦးရေ ၈၀၀ နှင့် ၁,၀၀၀ ကြားဝင်ရောက်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၈**

ယခုနှစ်ခရီးသွားရာသီမှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့တစ်နေ့လျှင် နိုင်ငံခြားသား ၈၀၀ မှ ၁၀၀၀ ကြားဝင်ရောက်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ပြောသည်။

ထိုကဲ့သို့ ဝင်ရောက်နေသူများထဲတွင် ဂျပန်၊ ထိုင်း၊ တရုတ်နှင့် ကိုရီးယား နိုင်ငံသားများမှာ နေ့စဉ် ၁၀၀ ဦးစီ ဝင်ရောက်နေပြီး အမေရိကန်နိုင်ငံသား ၉၀ ခန့်နှင့် ဗြိတိန်နိုင်ငံသား ၇၀ ခန့်ဝင်ရောက်နေကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဇော်ဝင်းက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားဧည့်သည်များ*

ထို့ကြောင့် ယခုနှစ်ခရီးသွားရာသီတွင် ခရီးသည်ခြောက်သိန်းခန့်ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားပြီး ယခုတိုးသည့်နှုန်းအတိုင်းဆက်လက်တိုးလာပါက ၂၀၁၃ ခုနှစ်တွင်ခရီးသည်၉သိန်းခန့်ထိဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ခန့်မှန်းပြောဆိုသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းဖြင့် လာရောက်သောနိုင်ငံပေါင်း ၂၇ နိုင်ငံမှ နိုင်ငံသားများအား ဆိုက်ရောက်ပြည်ဝင်ခွင့်ဖြင့် ဇွန်လ ၂ ရက်က စတင်ခွင့်ပြုခဲ့ပြီး ဩဂုတ်လဆန်းမှစ၍ မကာအိုနှင့်ဟောင်ကောင်နိုင်ငံသားများကိုပါထပ်တိုးခွင့်ပြုခဲ့သည်။

၂၀၁၁ခုနှစ်တွင်ရန်ကုန်လေဆိပ်မှ နိုင်ငံခြားသား ၃၆၄,၇၃၄ ဦးနှင့်မန္တလေးလေဆိပ်မှ ၂၀,၉၁၂ ဦးဝင်ရောက်ခဲ့ပြီး ဟိုတယ်အခန်းခများမှာ ၃၀၀ ရာခိုင်နှုန်းခန့် ဈေးတက်ခဲ့သည်။

သို့သော် ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ဟိုတယ်အခန်းပေါင်း ၁,၆၇၀၀ ခန့် ထပ်တိုးလာရန်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဇော်ဝင်းက ပြောသည်။

# ဝန်ကြီးဌာနစည်းကမ်းများ မလိုက်နာသဖြင့် ဟိုတယ်အထွေထွေမန်နေဂျာကို ဗီဇာတိုးမပေးတော့

**အောင်သူရ** **ရန်ကုန်၊ ဩဂုတ်-၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက စည်းကမ်းချက်များ မလိုက်နာသဖြင့် ရန်ကုန်မြို့ဟိုတယ်တစ်ခုမှ အထွေထွေမန်နေဂျာအား ဗီဇာသက်တမ်းထပ်မံတိုးပေးရန် ထောက်ခံပေးတော့မည်မဟုတ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောသည်။

ဩဂုတ် ၈ ရက်က ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် တွေ့ဆုံစဉ်ပြောကြားခဲ့ခြင်း ဖြစ်သည်။ "အခန်းခတွေကိုဒေါ်လာ၁၅၀ နဲ့ပေးဖို့ပြောတာတွေ အပါအဝင် ကျူးလွန်တာတွေများလို့ပါ" ဟု ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောသည်။

သက်ဆိုင်ရာဝန်ကြီးဌာနက ထောက်ခံချက်မရရှိပါက လူဝင်မှုကြီးကြပ်ရေးဌာနအနေဖြင့် ဗီဇာသက်တမ်းတိုးခြင်းပြုလုပ်ပေးမည်မဟုတ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာသော လူဝင်မှုကြီးကြပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးမောင်မောင်သန်းက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆီဒိုးနားဟိုတယ်သို့ ဆက်သွယ်မေးမြန်းခဲ့ရာ "လက်ရှိတော့ ဟိုတယ်မှာဂျီအမ်ရှိနေပါသေးတယ်" HR ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

အရှေ့တောင်အာရှတွင် ဈေးအကြီးဆုံးဖြစ်နေသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသားပိုင်ဟိုတယ်များ၏ အခန်းခများနှင့်ပတ်သက်၍ ဝန်ကြီးဌာနက နှစ်ကြိမ်တွေ့ဆုံ၍ ဟိုတယ်တွင် အဆင့်မြင့်ဆုံးအခန်းများအား ဒေါ်လာ ၁၅၀ ဖြင့် ခရီးသွားကုမ္ပဏီများအား ဇူလိုင်လနောက်ဆုံးထား၍ စာချုပ်သစ်ချုပ်ဆိုပေးရန် ညွှန်ကြားခဲ့သည်။

"ဟိုတယ်တွေ ဈေးတက်ဖို့ လုပ်တဲ့အထဲမှာ သူကခေါင်း ဆောင်သလိုဖြစ်သွားတာရယ်နောက်ဆီဒိုးနားနဲ့ပတ်သက်ပြီး ခရီးသွားတွေကတိုင်စာပို့တာများတယ်" ဟု ပြည်တွင်းခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။




7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# Cartoon

The Cartoon Logo


























## မနီလာမြို့တော်တွင် ရေကြီးမှုကြောင့် သွားလာလှုပ်ရှားမှုများ ရပ်တန့်

**မနီလာ၊ ဩဂုတ် - ၇**

ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော် မနီလာတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ သွားလာလှုပ်ရှားမှုအားလုံးနီးပါး ရပ်တန့်သွားခဲ့သည်။ အနည်းဆုံး လူ ၂၀,၀၀၀ မှာလည်း နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရသည်။

လူပေါင်း ၁၅ သန်းနေထိုင်သော မြို့တော်တစ်ဝန်းကျယ်ကျယ်ပြန့်ပြန့် ရေကြီးသွားခဲ့ရာ အဓိကလမ်းမကြီးများမှာ ရေများဖြင့်ပြည့်နေပြီး ဖြတ်သန်း သွားလာ၍ပင် မဖြစ်နိုင်ခြင်းကြောင့် အစိုးရရုံးများ၊ ကျောင်းများ၊ ဘဏ္ဍာရေးဈေးကွက်များကိုပါ ပိတ်ထားခဲ့ရသည်။ ရေကြီးမှုမှာ အချို့နေရာများတွင် လည်ပင်းအထိပင် မြင့်တက်နေသည်။

မနီလာမြို့ရှိ မြစ်များ၊ ချောင်းများ၊ ရေနုတ်မြောင်းများ ရေကြီးရေလျှံခဲ့ရာ မြေနိမ့်ပိုင်းဆင်းရဲသားရပ်ကွက်များတွင် နေထိုင်သူများ နေအိမ်များကို စွန့်ခွာထွက်ပြေး၍ ဘေးကင်းရေးအတွက် ကျောင်းများ၊ အားကစားရုံများနှင့် အစိုးရအဆောက်အအုံများတွင် ခိုလှုံနေကြကြောင်း အရပ်ဘက်ကာကွယ်ရေးရုံးက ပြောကြားသည်။

မနီလာမြို့ရှိ တစ်ခုတည်းသော ရေလှောင်ကန်ဖြစ်သော လာမီဆာဆည်ကိုလည်း ရေများဖောက်ချနေရပြီး မုတ်သုံမိုးများကြောင့်ဖြစ်သော ရေလွှမ်းမိုးမှုမှာ ပိုမိုဆိုးရွားလာနိုင်သည်ဟု အမျိုးသားရာသီဥတုဌာနက သတိပေးထားသည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းအား တိုင်ဖွန်းမုန်တိုင်း ဆွာလာ အဖျားခတ်သွားချိန်မှစ၍ မနီလာမြို့နှင့် အနီးတစ်ဝိုက်တွင် ရက်သတ္တပတ်တစ်ပတ်ကျော် မုတ်သုံမိုးများ ဆက်တိုက်ရွာသွန်းခဲ့သည်။

—Ref: AFP



Photo : AFP




## အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှု မြောက်ကိုရီးယား ရှုတ်ချ

**ဆိုးလ်၊ ဩဂုတ် - ၇**

အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံက ယခုလအတွင်း စစ်ရေးလေ့ကျင့်ရန် စီစဉ်ထားခြင်းကို မြောက်ကိုရီးယားနိုင်ငံက ရှုတ်ချပြောဆိုလိုက်ပြီး ယင်းစစ်ရေးလေ့ကျင့်မှုမှာ စစ်ပွဲကြီးတစ်ရပ်အတွက် ဇာတ်တိုက်ခြင်းဖြစ်ပြီး ယင်းမှနေ၍ကိုရီးယားကျွန်းဆွယ်တွင် စစ်ဖြစ်နိုင်ကြောင်း ပြောသည်။

အမေရိကန်နှင့် ၎င်း၏ မဟာမိတ်တောင်ကိုရီးယားနိုင်ငံတို့သည် ကိုရီးယားနှစ်နိုင်ငံကြားတင်းမာမှုများ မြင့်တက်နေစဉ် အူချီလွတ်လပ်ရေး စောင့်ရှောက်မှုဟုခေါ်ဆိုသော စစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၂၀ မှ ၃၁ ရက်အထိ လေ့ကျင့်ကြမည်ဖြစ်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် မြောက်ကိုရီးယားနိုင်ငံအား ကျူးကျော်ရန်အတွက် ယင်းစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း ထို့အပြင် ယင်းနှစ်နိုင်ငံက ၎င်းတို့၏ ပေါ်လစီများတွင် ဟန်ဆောင်မနေဘဲ ရန်လိုသော ပေါ်လစီနှင့် ထိပ်တိုက်ရင်ဆိုင်မှုပြသလာကြောင်း မြောက်ကိုရီးယား ဗဟိုသတင်းဌာနက ပြောကြားသည်။

မဟာမိတ်နှစ်နိုင်ငံကမူ ၎င်းတို့၏ နှစ်စဉ်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုမှာ ပုံမှန်လုပ်နေကျဖြစ်ပြီး ကာကွယ်ရေးအတွက် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

စစ်ရေး လေ့ကျင့်မှုမှာ မြောက်ကိုရီးယားအပေါ် ရန်လိုသောပေါ်လစီကို ထင်ထင်ကြီးဖော်ပြနေပြီး ကိုရီးယားကျွန်းဆွယ်တွင် စစ်ပွဲအသစ်တစ်ရပ်ဖြစ်လာနိုင်သည့် အန္တရာယ်ရှိသော အပြုအမူဟု ကိုရီးယားဗဟိုသတင်းဌာနက ပြောကြားသည်။

—Ref: AFP

## အခြားနေအိမ်များတွင် အလုပ်ခိုးလုပ်သော ဖိလစ်ပိုင်အိမ်အကူသုံးဦးကို စင်ကာပူအာဏာပိုင်များ ဒဏ်ငွေရိုက်

**စင်ကာပူ၊ ဩဂုတ် - ၉**

စင်ကာပူနိုင်ငံရှိ ဖိလစ်ပိုင်အိမ်အကူသုံးဦးသည် မိမိအလုပ်ရှင်၏ အိမ်တွင်သာမက အခြားနေအိမ်များတွင်ပါ အိမ်အကူအဖြစ် တွဲဖက်လုပ်ကိုင်ခဲ့သည့်အတွက် ဒဏ်ငွေ စင်ကာပူဒေါ်လာ ၃,၀၀၀ နှင့် ၅,၅၀၀ အကြား ပေးဆောင်ခဲ့ရသည်။ ၎င်းတို့ကို စင်ကာပူလူ့စွမ်းအားဝန်ကြီးဌာနက တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးဌာနက ၎င်းအိမ်အကူသုံးဦးသည် အလုပ်လုပ်ခွင့်ပါမစ် နိုင်ငံခြားအိမ်အကူလုပ်သား (FDW)များဖြစ်ကြကြောင်း၊ သို့သော် မိမိ၏ တရားဝင်အိမ်ရှင်ထံတွင်အလုပ်လုပ်ရမည့်အစားအခြားအလုပ်ရှင်များအတွက် အလုပ်ခိုးလုပ်ခဲ့သောကြောင့် ဒဏ်ငွေချမှတ်ခဲ့ရကြောင်းဆိုသည်။

ဖိလစ်ပိုင် အိမ်အကူသုံးဦးမှ အသက်အကြီးဆုံးဖြစ်သည့်ဆယ်လက်စတီနာဆာမမ်ကက်စထရို (၅၅ နှစ်)နှင့် ဂရော့စပီမက်သီဒယ်တို့မှာ စင်ကာပူဒေါ်လာ ၅,၅၀၀ စီ ပေးဆောင်ခဲ့ရပြီး မေရီဂရေ့စ်ဒက်ကလန်ဂျင် (၃၈ နှစ်)မှာ စင်ကာပူဒေါ်လာ ၃,၀၀၀ ပေးဆောင်ခဲ့ရသည်။

စင်ကာပူလူ့စွမ်းအားဝန်ကြီးဌာန၏ အဆိုအရ ၂၀၀၉ မှ ၂၀၁၁ အတွင်း အလုပ်လုပ်ခွင့်ပါမစ်ရ နိုင်ငံခြားအိမ်အကူရှစ်ဦးကိုစစ်ဆေးခဲ့ပြီး ခုနစ်ဦးကို ဒဏ်ငွေ စင်ကာပူဒေါ်လာ ၂,၀၀၀ မှ ၁၃,၀၀၀ ကြား ချမှတ်ခဲ့ကာ ကျန်တစ်ဦးကိုထောင်ဒဏ်နှစ်လအပြစ်ပေးခဲ့ရကြောင်းဆိုသည်။ ဝန်ကြီးဌာနသည် ယခုနှစ်ဝက် ကာလအတွင်း နိုင်ငံခြားအိမ်အကူသုံးဦးကိုလည်း စင်ကာပူဒေါ်လာ ၁,၀၀၀ မှ ၅,၀၀၀ ကြား ဒဏ်ငွေရိုက်ခဲ့သည်။ စင်ကာပူနိုင်ငံတွင် နိုင်ငံခြား အိမ်အကူများသည်မိမိဘာသာအလုပ်ရှာဖွေခြင်း(သို့မဟုတ်) အလုပ်နှစ်ခုခိုးလုပ်ခြင်းများကိုခွင့်မပြုကြောင်းသိရသည်။

—Ref: CNA

7DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012



# Leader's Profile

## ကင်မရွန်းသမ္မတ
## ပေါလ်ဘီယာ

ရဲမင်း

ပေါလ်ဘီယာသည် ကင်မရွန်းနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၆ ရက်မှ စ၍ ကင်မရွန်းနိုင်ငံ၏ သမ္မတရာထူးကို ရယူထားသူဖြစ်သည်။ ဘီယာသည် ကင်မရွန်းနိုင်ငံတောင်ပိုင်းသား ဖြစ်ပြီး ၁၉၆၀ ကျော်နှစ်များအတွင်း ကင်မရွန်းသမ္မတ အမာဒိုအဒစ်ဂျိုလက်ထက်တွင် ဗျူရိုကရက် အုပ်ချုပ်ရေးသမားတစ်ဦးအဖြစ်အလျင်အမြန်နေရာရလာခဲ့ပြီး ၁၉၆၈ မှ ၁၉၇၅ ခုနှစ်အထိ သမ္မတ၏ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၇၅ မှ ၁၉၈၂ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ်တာဝန်ယူခဲ့သည်။

ဘီယာသည်ကင်မရွန်းနိုင်ငံတောင်ပိုင်း၊ ထိုစဉ်က ပြင်သစ်ကင်မရွန်းဒေသရှိ ရွာတစ်ရွာ၌ ၁၉၃၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွေးဖွားခဲ့သည်။ အခြေခံပညာရေးကိုကင်မရွန်းနိုင်ငံမှာပင် သင်ကြားခဲ့ပြီး အဆင့်မြင့်ပညာရေးအတွက်ပြင်သစ်နိုင်ငံသို့သွားရောက်ခဲ့ကာ ၁၉၆၁ ခုနှစ်တွင် နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်အထူးပြုဖြင့် ဘွဲ့ရရှိခဲ့သည်။

ဘွဲ့ရပြီးနောက် အစိုးရလုပ်ငန်းတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သော ဘီယာသည် ၁၉၆၄ ခုနှစ်တွင် အမျိုးသားပညာရေးဝန်ကြီးရုံးညွှန်ကြားရေးမှူးဖြစ်လာခဲ့ပြီး နောက်ပိုင်းတွင် ပညာရေးဌာန အတွင်းဝန်ချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် သမ္မတရုံးအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခံရသည်။ တစ်ပြိုင်နက်တည်းမှာပင် ၁၉၇၀တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၇၂တွင် ကင်မရွန်းနိုင်ငံအား ပေါင်းစည်းပြီးနောက်ပိုင်း ၁၉၇၅ ခုနှစ်တွင် ကင်မရွန်းနိုင်ငံဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၇၉ ခုနှစ်တွင် နိုင်ငံ၏ဝန်ကြီးချုပ်သည် အခြေခံဥပဒေနှင့်အညီ သမ္မတကို ဆက်ခံခွင့်ရှိသူဖြစ်ကြောင်း ဥပဒေတစ်ရပ် ပေါ်ထွက်လာသည်။ ၁၉၈၂ခုနှစ်တွင် ထိုစဉ်က သမ္မတ အမာဒိုအဒစ်ဂျိုက မမျှော်လင့်ဘဲ သမ္မတအဖြစ်မှ နုတ်ထွက်သွားခဲ့ရာ မစ္စတာဘီယာသည်လည်း အခြေခံဥပဒေအရ ကင်မရွန်းနိုင်ငံ၏ သမ္မတဖြစ်လာသည်။

မစ္စတာဘီယာ သမ္မတဖြစ်လာပြီး စောစောပိုင်းကာလများတွင်မစ္စတာအဒစ်ဂျိုမှာ ကင်မရွန်းအမျိုးသား သမဂ္ဂပါတီ ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူခဲ့ပြီး မစ္စတာဘီယာမှာလည်း ယင်းပါတီ၏ ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။ သို့သော် နောက်ပိုင်းတွင် ၎င်းတို့နှစ်ဦးကြား သဘောထားကွဲလွဲမှုများကြီးထွားလာပြီး ခေါင်းဆောင်ဟောင်း အဒစ်ဂျိုမှာပြင်သစ်နိုင်ငံသို့ တိမ်းရှောင်ခဲ့သည်။ ထိုမှနေ၍ ၎င်းတို့နှစ်ဦးကြား အပြန်အလှန်စွပ်စွဲမှုများဖြစ်ပေါ်ခဲ့ပြီး မစ္စတာဘီယာမှာ စစ်တပ်မှ အာဏာသိမ်းမည့်အရေးကိုလည်း ကျော်လွှားခဲ့ရသည်။

မစ္စတာဘီယာသည် ၁၉၈၄ ခုနှစ်ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့ပြီး ၁၉၈၈ ခုနှစ်တွင်လည်း ထပ်မံ၍ ရွေးချယ်ခံရသည်။ မစ္စတာဘီယာသည် ၁၉၉၀ ခုနှစ်တွင် အတိုက်အခံပါတီများကို ခွင့်ပြုခဲ့သော်လည်း ၁၉၉၂ အထွေထွေရွေးကောက်ပွဲတွင် မဲအများဆုံးရရှိသူအဖြစ် ရွေးကောက်ပွဲအနိုင်ရရှိခဲ့သည်။ ၁၉၉၇ ရွေးကောက်ပွဲအား အတိုက်အခံများက သပိတ်မှောက်ခဲ့ရာ မစ္စတာဘီယာပင် သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၄ ခုနှစ်တွင် အနိုင်ရရှိခဲ့ပြီး ၂၀၁၁ ခုနှစ်ရွေးကောက်ပွဲတွင်လည်း ပြိုင်ဘက်များကို ထပ်မံအနိုင်ယူခဲ့သူ မစ္စတာဘီယာသည်၆ကြိမ်မြောက် သမ္မတသက်တမ်းကို ထမ်းဆောင်နေသည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - ဆီးရီးယားသမ္မတပြုတ်ကျနိုင်သည့်အခြေအနေတွင် အမေရိကန်နှင့် တူရကီပူးပေါင်း မှ



Photo : AFP

ခြားရေးဝန်ကြီးများ၏ ဆီးရီးယားအရေးအစည်းအဝေးကို ရွှေ့ဆိုင်းလိုက်ပြီးနောက် အမေရိကန်နှင့်တူရကီတို့၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ပေါ်ထွက်လာခြင်းဖြစ်သည်။

အလက်ပိုမြို့တွင်တိုက်ပွဲများဆက်လက်ပြင်းထန်နေပြီး ဆီးရီးယားအခြေအနေပိုမိုဆိုးရွားလာနေသောကြောင့် သတင်းအချက်အလက်များ မျှဝေရန်နှင့် ပူးပေါင်းစီစဉ်ရန် အဖွဲ့တစ်ဖွဲ့ထူထောင်ရမည့်အချိန်ဖြစ်ကြောင်း အီစတန်ဘူလ်မြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးတို့က ပြောကြားသည်။

နှစ်ဖက်ပေါင်းစည်းထားသောအထူးအဖွဲ့တွင် နှစ်နိုင်ငံစစ်ဘက်ထောက်လှမ်းရေးနှင့် နိုင်ငံရေးခေါင်းဆောင်များ ပါဝင်မည်ဖြစ်ပြီး ဆီးရီးယားနိုင်ငံ၏ လက်ရှိနှင့် အနာဂတ်အစီအစဉ်များကို ခြေရာခံသွားမည်ဖြစ်သည်။ ပဋိပက္ခတစ်လျှောက်လုံး ပူးပေါင်းဆောင်ရွက်နေသော်ငြားယခုအခါအသေးစိတ်လုပ်ဆောင်ရမည့်အချိန်ဖြစ်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်က ပြောကြားသည်။

—Ref: NY Times

## စာ(၃၆) - ကျိန်စာမှ ကောင်းချီးသြဘာဖြစ်စေဖို့ မှ

သယံဇာတအရင်းအမြစ်များမှာ ပျောက်ကွယ်သွားလိမ့်မည်မဟုတ်ပါ။ သယံဇာတကုန်ပစ္စည်းဈေးနှုန်းများ တက်မြဲတက်နေသည်။ ထိုအတောအတွင်း ယင်းနိုင်ငံများအနေဖြင့် ၎င်းအရင်းအမြစ်သယံဇာတများမှ ရရှိသည့် အကျိုးကျေးဇူးများကို နိုင်ငံသားတိုင်းခံစားနိုင်ရေးအတွက် လိုအပ်သော ဥပဒေများ၊ ပေါ်လစီများ၊ အဖွဲ့အစည်းများကို ထူထောင်နိုင်ပါသည်။

အရင်းအမြစ် သယံဇာတများမှာ ကျိန်စာမဖြစ်ဘဲ ကောင်းချီးသြဘာဖြစ်နိုင်ပါသည်။ သို့သော် သူ့အလိုအလျောက်တော့ မဖြစ်နိုင်ပါ။ လွယ်လွယ်ကူကူလည်းမဖြစ်နိုင်ပါ။

—*Ref: From Resource Curse to Blessing by Joseph E. Stiglitz*

## နောက်ကျောဖုံး - အာဆီယံနိုင်ငံများ တောင်တရုတ်ပင်လယ် အရေးတွင် စည်းလုံးညီညွတ်ကြရန် မလေးရှားတိုက်တွန်း မှ

ထပ်မံဖြစ်ပေါ်ခြင်း မရှိစေရန် ရှောင်ရှားသင့်ကြောင်း မစ္စတာအာနီဖာက ပြောကြားသည်။

"ဒီကိစ္စကိုဖြေရှင်းနိုင်မယ်လို့ကျွန်တော်တို့ယုံကြည်ပါတယ်။ တရုတ်နိုင်ငံကလည်း အဖြေရှာဖို့ရာ စိတ်အားထက်သန်နေပါတယ်။ ဒီကိစ္စကို ငြိမ်းချမ်းသောနည်းလမ်းများနဲ့ ဖြေရှင်းနိုင်ပါတယ်"ဟု ၎င်းက သတင်းထောက်များအား ပြောကြားသည်။

ဩဂုတ်လ ၁၁ ရက်တွင် မလေးရှားဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့သော တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် မစ္စတာအာနီဖာနှင့်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ မတက်ရောက်ခဲ့ပေ။ သို့သော် တရုတ်နိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းကို အခိုင်အမာထောက်ခံကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

—*Ref: AFP*

## နောက်ကျောဖုံး - ပါရှန်ပင်လယ်ကွေ့တွင် ကန် ဖျက်သင်္ဘောနှင့် ဂျပန်ရေနံတင်သင်္ဘော တိုက်မိ မှ



Photo : AFP

အဆိုပါနေရာမှာ ရေကြောင်းလမ်းများ အလွန်ကျပ်ပြီး လမ်းတစ်ခုစီအတွက် နှစ်မိုင်ခန့်သာ အကျယ်ရှိသည်။ ပနားမားအလံလွှင့်ထူထားပြီး ဂျပန်နိုင်ငံကပိုင်ဆိုင်သော ရေနံတင်သင်္ဘောနှင့် ဖျက်သင်္ဘောတိုက်မိမှုကြောင့် ဖျက်သင်္ဘော၏ ဘေးနံရံတွင် အပေါက်ကြီးဖြစ်သွားခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှု သတင်းမရရှိပေ။

ဖျက်သင်္ဘောတွင် အပျက်အစီးများဖြစ်ပေါ်ခဲ့ရာနေရာမှာ ရေပေါ်မျဉ်းအထက် ဖြစ်သောကြောင့် သင်္ဘောနစ်မြုပ်နိုင်မှုအန္တရာယ်မရှိသော်လည်း အရေးပေါ်မီးငြိမ်းသတ်မှု စနစ်ကို အသက်ဝင်စေခဲ့၍ပျက်စီးမှုအချို့ရှိနိုင်ကြောင်း သိရသည်။ အမေရိကန်ဖျက်သင်္ဘောသည် ယူအေအီးနိုင်ငံဂျယ်ဘယ်အလီဆိပ်ကမ်းသို့ဦးတည်ခုတ်မောင်းသွားကြောင်း သိရသည်။

—*Ref: ABC*

## နောက်ကျောဖုံး - အီဂျစ်သမ္မတ မော်စီ ဒုသမ္မတနှင့် စစ်ဘက် အကြီးအကဲသစ် ခန့်အပ် မှ

စစ်ဘက်ဆိုင်ရာခေါင်းဆောင်တစ်ဦးဖြစ်သော မြောက်ပိုင်းဒေသခေါင်းဆောင် ဗိုလ်မှူးချုပ် အဗ္ဗဒီဖာဖာတာအယ်လ်စီစီသည် ကာကွယ်ရေးဝန်ကြီးအဖြစ် ဖီးလ်ဒ်မာရှယ်ဟူစိန်တန်တာဝီနေရာတွင် အစားထိုးဝင်ရောက်မည်ဖြစ်သည်။

မစ္စတာ ဟူစိန်တန်တာဝီနှင့် စစ်ဘက်တပ်ဖွဲ့များ အကြီးအကဲမစ္စတာဆာမီအီနန်တို့အား ရာထူးမှ အနားယူရန် ဩဂုတ်လ ၁၃ ရက်တွင် မစ္စတာမော်စီက အမိန့်ပေးခဲ့သည်။ တရားသူကြီးဟောင်းတစ်ဦးဖြစ်သူမိုဟာမက်မက်ကီကိုလည်းဒုတိယသမ္မတအဖြစ် ခန့်အပ်ခဲ့သည်။

ထိုအတောအတွင်း မစ္စတာမော်စီက အခြေခံဥပဒေဆိုင်ရာ ကြေညာချက်အသစ်တစ်ရပ် ထုတ်ပြန်လိုက်ပြီး စစ်ဘက်က ဇွန်လလယ်တွင် ထုတ်ပြန်ခဲ့သော နောက်ဆက်တွဲ ကြေညာချက်ကို ဖျက်သိမ်းခဲ့သည်။

ယခင်ရက်သတ္တပတ်အတွင်း အီဂျစ်နှင့် အစ္စရေးနယ်စပ်စစ်ဆေးရေးဂိတ်၌ အီဂျစ်နယ်ခြားစောင့်တပ်ဖွဲ့ဝင် ၁၆ ဦးသေဆုံးခဲ့ပြီးနောက် မစ္စတာမော်စီက ထောက်လှမ်းရေးအကြီးအကဲအား ရာထူးမှထုတ်ပယ်ခဲ့သည်။

မစ္စတာမော်စီ၏ အံ့အားသင့်စရာ ဆုံးဖြတ်ချက်များမှာ စစ်ဘက်၏ သဘောတူညီမှု ပါဝင်သည်လားဆိုသည်မှာ လောလောဆယ်တွင် ရှင်းရှင်းလင်းလင်း မသိရသေးပေ။ သို့သော်မစ္စတာမော်စီသည် ဖီးလ်မာရှယ်တန်တာဝီနှင့် စစ်ဦးစီးချုပ် ဆာမီအာနန်တို့အား သမ္မတ၏အကြံပေးများအဖြစ် ခန့်အပ်ခဲ့ပြီး နိုင်ငံ၏ အမြင့်ဆုံး ဂုဏ်ထူးဘွဲ့ထူးများချီးမြှင့်ခဲ့ကြောင်း သိရသည်။

—*Ref: Xinhua/ AP*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# ပထမဆုံးသော ဂျမေကာ အမျိုးသမီးဝန်ကြီးချုပ် ပေါ်တီယာ ဆင်ပဆန် မေလာနှင့် တွေ့ဆုံခြင်း

ကျော်မျိုး



လူဦးရေသုံးသန်းသာရှိပေမယ့်ရက်ဂေးဂီတ၊ဝက်စ်အင်ဒီးစ်တက္ကသိုလ်၊ အူစိန်ဘော့နဲ့ ယိုဟန်ဘလိတ်တို့လို ကမ္ဘာကျော် အပြေးသမားတွေကြောင့် လူသိများတဲ့ ကာရစ်ဘီယံကျွန်းနိုင်ငံလေး ဂျမေကာဟာ ပြီးခဲ့တဲ့ ဩဂုတ် ၆ ရက်ကပဲ ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရတာ နှစ် ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ဂျမေကာဟာ ကာရစ်ဘီယံဒေသရဲ့ အဲဒီလိုလူသိအများဆုံးနိုင်ငံဆိုတဲ့ ဂုဏ်ပုဒ်ကို တစ်ဖက်မှာ ပိုင်ဆိုင်ထားပေးမယ့်လည်း စီးပွားရေးနဲ့ လူမှုရေးအကျပ်အတည်းတွေကလည်း နိုင်ငံကို တုပ်နှောင်ထားဆဲဖြစ်ပါတယ်။ ကုလသမဂ္ဂဟာ ယခုနှစ်မှာ ကာရစ်ဘီယံဒေသရဲ့ စီးပွားရေးတွေဟာ အကြမ်းဖက်ရာဇဝတ်မှုနှုန်းတွေ ထူးထူးခြားခြား မြင့်တက်လာမှုကြောင့် တုံ့နှေးနိုင်တယ်လို့ သတိပေးထားပါတယ်။

ဂျမေကာဟာ ယခုနှစ်အတွင်း လူသတ်မှုနှုန်းကျဆင်းလာတယ်ဆိုပေမယ့် ကမ္ဘာမှာလူသတ်မှုနှုန်းအမြင့်ဆုံးနိုင်ငံတွေ စာရင်းထဲက မထွက်သေးပါဘူး။ ထို့အတူ ကမ္ဘာ့ကြွေးမြီအထူပြောဆုံး ၁၃ နိုင်ငံစာရင်းမှာလည်း ဂျမေကာအပါအဝင် ကာရစ်ဘီယံဒေသတွင်းကျွန်းနိုင်ငံငါးခုဟာပါဝင်နေဆဲဖြစ်ပါတယ်။

ဒ့ါကြောင့် တိုင်းမ်မဂ္ဂဇင်းရဲ့ တင်မ်ပတ်ဂျက်ဟာ ဂျမေကာရဲ့ ပထမဆုံးသော အမျိုးသမီးခေါင်းဆောင်ဖြစ်တဲ့ ဝန်ကြီးချုပ်ပေါ်တီယာဆင်ပဆန်မေလာ (၆၆ နှစ်)နဲ့ မြို့တော်ကင်းစတန်းမှာ တွေ့ဆုံပြီး နိုင်ငံအတွက် သူမရဲ့ ပြုပြင်ပြောင်းလဲရေးစီမံကိန်းများအကြောင်း၊ ဗြိတိန်ဘုရင်မကြီးကို နိုင်ငံ့ဥသျှောင်အဖြစ် သတ်မှတ်ထားမှုကိုပယ်ဖျက်မယ့်အကြောင်း၊ မိန်းမသားတစ်ဦးအနေနဲ့ လိင်တူအခွင့်အရေးကာကွယ်မှုအကြောင်းစတာတွေကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**ဂျမေကာရဲ့ မှတ်သားလောက်ဖွယ် အမျိုးသားအမှတ်တံဆိပ်နဲ့ အိုလံပစ်ကျော်ကြားမှုကိုခဏဖယ်ထားပြီး ပြောရမယ်ဆိုရင် နိုင်ငံ့လွတ်လပ်ရေးနှစ် ၅၀ ပြည့်ရောက်လာတဲ့အခါသမယမှာ ဝန်ကြီးချုပ်အနေနဲ့နိုင်ငံရဲ့အောင်မြင်မှုနဲ့စိတ်ပျက်စရာတွေကို ဘယ်လိုဖော်ပြပေးနိုင်မလဲ။**

လွတ်လပ်ရေးက ရှည်လျားတဲ့ခရီးစဉ်တစ်ခုပါ။ စိန်ခေါ်မှုတွေရှိနေပေမယ့်လည်းကျွန်မထင်တာကတော့ ကျွန်မတို့ဟာ ကိုယ့်ရဲ့ ပထမနှစ် ၅၀ ကို ကောင်းကောင်းဟန်ချက်ညီအောင် ထိန်းသိမ်းနိုင်ခဲ့တယ်ထင်ပါတယ်။ ကျွန်မတို့မှာ အားကောင်းပြီး ဆုံးဖြတ်ချက် ခိုင်မာတဲ့ ပြည်သူတွေရှိတာကို သက်သေပြခဲ့တယ်။ ဂျမေကာဟာ ကမ္ဘာက ကောင်းကောင်းသိထားတဲ့ "ကုန်အမှတ်တံဆိပ်" တစ်ခုဆိုတာထက် အများကြီးပိုပါတယ်။ ဒါဟာ ဒီမှာနေတဲ့ ပြည်သူတွေအတွက် သူ့ရဲ့ ပညာရေးအဖွဲ့အစည်း အဆောက်အအုံတွေအတွက် အားကစားအောင်မြင်မှုတွေအတွက် သူ့ရဲ့ သိပ္ပံနဲ့ နည်းပညာတိုးတက်မှုတွေ အတွက် ဂုဏ်ယူစရာ နေရာတစ်ခုဖြစ်ပါတယ်။

**ဒီဇင်ဘာရွေးကောက်ပွဲမှာပြည်လုံးကျွတ် အောင်မြင်မှုရပြီးတဲ့နောက် ဇန်နဝါရီတုန်းက ဝန်ကြီးချုပ်ရဲ့ ရာထူးလက်ခံတဲ့ မိန့်ခွန်းမှာ ဗြိတိန်ဘုရင်မကြီးကိုနိုင်ငံ့ဥသျှောင်အဖြစ်သတ်မှတ်ထားမှုကိုပယ်ဖျက်ဖို့ဆန္ဒခံယူပွဲ ခေါ်ယူမယ်။ ဂျမေကာကို သမ္မတနိုင်ငံလုပ်မယ်လို့ ပြောခဲ့ပါတယ်။ ဘာ့ကြောင့် အခုမှ အဲဒီ လိုလုပ်ရတာပါလဲ။**

ကျွန်မက အယ်လိဇဘက်-၂ ဘုရင်မကြီးရဲ့ ပရိသတ်တစ်ဦးပါပဲ။ သူမဟာ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ဦးလို့ ကျွန်မထင်ပါတယ်။ ဒါပေမဲ့ ကျွန်မပြောဖူးသလိုပဲ။ ကျွန်မတို့ရဲ့ လွတ်လပ်ရေးဟာ ခရီးအရှည်ကြီးဖြစ်တယ်။ ကျွန်စနစ်ကနေပြီးတော့ ကိုလိုနီစနစ်ဖြတ်ခဲ့ရတဲ့ ခရီးရှည်ဖြစ်တယ်။ အခုတော့ ကျွန်မတို့အတွက် ကျွန်မတို့ကိုယ်ပိုင်ပုံစံနဲ့ အစိုးရတစ်ရပ် ဖော်ဆောင်ဖို့ အချိန်ကျရောက်လာပါပြီ။ ဒီကိစ္စဟာ ကြောင်းကျိုးမဲ့တဲ့ကိစ္စတစ်ခုလို့ကျွန်မမယုံကြည်ပါဘူး။ ကျွန်မတို့ဟာ ဗြိတိသျှ ဓနသဟာယအဖွဲ့ဝင်အဖြစ် ဆက်ရှိနေမှာပါ။ ဒါပေမဲ့ အချိန်ကျလာပြီဖြစ်ပါတယ်။

**ဝန်ကြီးချုပ်ရဲ့ ပရိသတ်တွေအတွက်ဝန်ကြီးချုပ်ကို အစ်မကြီးပီပီ Sister P လို့ခေါ်ကြတယ်။ ဝန်ကြီးချုပ်ဟာ ဂျမေကာရဲ့ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ်အဖြစ်သာမက အများစုမဟုတ်ရင်တောင် ဂျမေကာသားတော်တော်များများ ပါဝင်တဲ့ အာဖရိကန်-ကာရစ်ဘီယံလူမျိုးက ဆင်းသက်လာတယ်။ အလုပ်သမားလူတန်းစား၊ မြို့ပြလူတန်းစားက ဆင်းသက်လာတဲ့ပထမဆုံးခေါင်းဆောင်အဖြစ် သမိုင်းဆိုင်ရာပြောင်းလဲမှုတစ်ရပ်ကို ကိုယ်စားပြုပါသလား။**

ကျွန်မကတကယ်တော့သိပ်ပြီး ကျေးလက်ဆန်တဲ့ ဂျမေကာဒေသမှာ မွေးဖွားလာခဲ့တာပါ။ ကင်းစတန်(မြို့တော်)ကိုအထက်တန်းကျောင်းသူအဖြစ် ရောက်လာတာ။ ဒါပေမဲ့ မိန်းမတွေဟာ သဘာဝအားဖြင့် အုပ်ထိန်းစောင့်ရှောက်တတ်သူတွေ ဖြစ်တယ်။ ခေါင်းဆောင်မှုအတွက် ရှုထောင့်အမြင်တွေ ယူဆောင်ပေးနိုင်တယ်။ ခေါင်းဆောင်မှုအပိုင်းမှာ မိန်းမတွေများများရှိခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းမှာ အစိုးရတွေကို ရှေ့ဆက်အောင် တွန်းအားပေးနိုင်တယ်ဆိုတာတွေကို လေးလေးနက်နက်ကျွန်မယုံကြည်ပါတယ်။ ကျွန်မတို့ရဲ့ မြို့ထဲပိုင်းက မဲဆန္ဒနယ်တွေလိုပဲ ကျွန်မတို့မှာ အားကောင်းတဲ့ စီးပွားရေးတွေ၊ လုပ်ငန်းတွေ ရှိနေတယ်ဆိုတာ ကမ္ဘာကြီးကို သိစေချင်ပါတယ်။ ကျွန်မတို့ဟာ ပရော်ဖက်ရှင်နယ်တွေကို ဖန်တီးနေပါတယ်။ ဒါပေမဲ့ အဲဒီကလူတွေက သိပ်ဆင်းရဲနေတုန်းပါ။ ဒ့ါကြောင့် သူတို့ကို ကျွန်မတို့အနောက်မှာ ချန်မထားရစ်နိုင်ပါဘူး။ ဆင်းရဲမွဲတေမှုဟာ သိပ်မနှစ်မြို့စရာ ကောင်းတဲ့ အခြေအနေတစ်ခုပါ။

**ဂျမေကာရဲ့ စီးပွားရေးမညီမျှမှုကို ဝေဖန်သူတွေပြောကြားတာကတော့ အနောက်မှာ ချန်ထားရစ်ခံရသူတွေက ကင်းစတန်ရဲ့ မူးယစ်ဆေးဘုရင် ခရစ်စတိုဖာဒူးဒပ်စ်ကုတ်လိုပဲ ရာဇဝတ်သားတွေရဲ့ အကူအညီရယူနေကြရတယ်လို့ ဆိုပါတယ်။ ဂျမေကာဟာ ကမ္ဘာ့လူသတ်မှုနှုန်းအမြင့်ဆုံး နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပါတယ်။ ဒ့ါကြောင့် ဝန်ကြီးချုပ်ဟာ ကုတ်လိုမျိုး ပုဂ္ဂိုလ်တွေရဲ့ ဩဇာလွှမ်းမိုးမှုကို အစားထိုးနိုင်စွမ်းရှိပြီလား။**

ကျွန်မရဲ့ နိုင်ငံရေးဘဝ တစ်လျှောက်လုံးကို နိုင်ငံတွင်းမှာ ကိုယ့်ကိုယ်ကိုယ်နယ်စားတွေအဖြစ် သတ်မှတ်ထားတဲ့ လူတွေနဲ့ တိုက်ပွဲဝင်ရင်း ကုန်ဆုံးခဲ့တယ်။ တကယ်လို့ရှင့်မှာ ကိုယ့်ရဲ့အသိုင်းအဝိုင်းတွေကိုတိုးတက်စေနိုင်စွမ်းရှိပြီး အလုပ်တွေလည်းရစေမယ်ဆို ဘယ်သူကမှ ဒူးဒပ်စ်ကုတ်လိုမျိုး လူတွေရဲ့ သဘောကျမှုကို ရနိုင်စွမ်း၊ သူတို့ကို ဓားစားခံထားနိုင်စွမ်းရှိကြမှာ မဟုတ်ပါဘူး။ ကျွန်မတို့ဟာ ရာဇဝတ်ဂိုဏ်းတွေရဲ့ ဘဏ္ဍာရေးတွေကိုပစ်မှတ်ထား ကိုင်တွယ်ဖို့ တန်ပြန်အုပ်စုဖွဲ့ ရာဇဝတ်မှုဆန့်ကျင်ရေးအဖွဲ့တစ်ဖွဲ့ကိုဖန်တီးပြီးခဲ့ပါပြီ။ ဒါပေမဲ့ အကြီးမားဆုံးစိန်ခေါ်မှုတွေထဲက တစ်ခုကတော့ အလုပ်အကိုင်ဖန်တီးရေးဖြစ်ပြီး ကျွန်မတို့မှာ ဂျမေကာ အရေးပေါ်အလုပ်အကိုင်အစီအစဉ် (JEEP) သစ်လည်းရှိပါတယ်။ အခုထိတော့ လူပေါင်း ၆,၀၀၀ လောက်ကို အခြေခံအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းတွေမှာ အလုပ်ပေးနိုင်ခဲ့ပြီ။ နောက်ထပ်ပိုကောင်းတဲ့အလုပ်တွေရဖို့အတွက်လည်းလူတွေကို လေ့ကျင့်ပေးနေပါတယ်။

**ဂျမေကာရဲ့ ကြွေးမြီဟာ သိပ်များလှပါတယ်။ နိုင်ငံရဲ့ဂျီဒီပီ ၁၅ ဘီလီယံရဲ့ ၁၂၉ ရာခိုင်နှုန်း ရှိနေတယ်။ ဒီလိုဘဏ္ဍာရေးအကျပ်အတည်းမျိုးကို အလုပ်အကိုင်တွေပိုဖန်တီးပေးတာမျိုးနဲ့ တကယ်ဖြေရှင်းနိုင်ပါ့မလား။**

ကျွန်မတို့ အိုင်အမ်အက်ဖ် (နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့) နဲ့ ဆွေးနွေးမှုတွေ ရှိပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ အိုင်အမ်အက်ဖ်အရာရှိတွေကို ကျွန်မပြောထားခဲ့တယ်။ ကျွန်မတို့ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်တွေကို ကျေနပ်အောင် လုပ်ပေးနိုင်စွမ်းမရှိဘူးဆိုရင် ကျွန်မတို့မှာ ဒီလိုနိုင်ငံတစ်ခုရှိတော့မှာ မဟုတ်ဘူးလို့။ မြင့်မားတဲ့ အကြွေးပမာဏကို ကိုယ်ပြန်ပေးနေရတဲ့ အချိန်မှာတောင်မှ ပညာရေး အရည်အသွေးခိုင်မာစေဖို့လုပ်ဆောင်နေရမှာပါ။ ဒါမှသာ ကလေးတွေကို နည်းမှန်၊ လမ်းမှန်နဲ့ တောက်ပစေပြီး နိုင်ငံစီးပွားရေးကို အကြွေးနွံ့ထဲက ထွက်အောင်ကူညီနိုင်မယ့်အခွင့်အရေး သူတို့ကိုပေးနိုင်မှာပါ။ ဒ့ါကြောင့် ကျွန်မတို့ဟာ အလုပ်အကိုင်တွေ ဖော်ထုတ်ရေး လေ့ကျင့်သင်ကြားရေးတွေ လုပ်နေစဉ်အတွင်းမှာပဲ ရင်းနှီးမြှုပ်နှံမှုတွေ ဆွဲဆောင်နိုင်ဖို့ ဟိုတယ်အသစ်ဆောက်လုပ်ရေးလို၊ အထူးသဖြင့်နိုင်ငံရဲ့ ဆိပ်ကမ်းတွေတိုင်းတိုးချဲ့ရေးလိုမျိုးတွေ လုပ်နိုင်စွမ်းရှိရပါမယ်။

**ဒါပေမဲ့ ဂျမေကာနဲ့ ကာရစ်ဘီယံဒေသစီးပွားရေးတွေဟာ ဝင်ငွေနိမ့်တဲ့ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းထက်ကျော်လွန်အောင်လုပ်ရမယ်မို့လား။**

လူတွေထင်ကြသလိုမျိုး ခရီးသွားလုပ်ငန်းလို ကျွန်မတို့အများကြီးမမှီခိုပါဘူး။ ဒါပေမဲ့ ဂျမေကာမှာ စိုက်ပျိုးရေးကဏ္ဍဟာ ဖွံ့ဖြိုးရေးအတွက် သင့်တော်နေပြီလို့ ထင်ပါတယ်။ ဥပမာဆိုရရင် ကျွန်မတို့ရဲ့ ကိုကာစေ့တွေဟာ သိပ်ထူးခြားတဲ့ အရသာရှိပြီး ဘရာဇီးလိုနိုင်ငံမျိုးတွေရဲ့ အကူအညီကို ရယူပြီး ဒါနဲ့ ဆက်နွှယ်တဲ့ လုပ်ငန်းတွေ၊ စက်ရုံတွေ၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ပိုထုတ်ဖို့ ကျွန်မတို့လုပ်ဆောင်နေပါတယ်။

**ဝန်ကြီးချုပ်ဟာ လိင်တူဆက်ဆံသူတွေအတွက် လူ့အခွင့်အရေးတွေတိုးပေးဖို့တိုက်တွန်းခဲ့ပြီး လိင်တူဆက်ဆံမှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားတဲ့ ဥပဒေကိုလည်း ပါလီမန်မှာ သုံးသပ် မှု ပြန်လုပ်ဖို့ တောင်းဆိုခဲ့တယ်။ ဒါဟာ ဂျမေကာနဲ့ ကာရစ်ဘီယံ ဒေသတွင်းမှာရှိနေတဲ့ လိင်တူဆက်ဆံသူတွေကို ပြင်းပြင်းထန်ထန် မုန်းတဲ့၊ တစ်ခါတလေ အကြမ်းဖက်ဖိနှိပ်တတ်တဲ့ အကြောက်တရားကိုသတ္တိရှိရှိတိုက်ပွဲဝင်တာလို့မှတ်ယူခံရပါတယ်။ ဝန်ကြီးချုပ်ဟာ အဲဒီဥပဒေကို ပယ်ဖျက်နိုင်ပါ့မလား။**

ကျွန်မက ခရစ်ယာန်ဘာသာဝင်မိန်းမသားတစ်ဦးပါ။ ဒါပေမဲ့ လူ့အခွင့်အရေးကို ယုံကြည်တယ်။ ကျွန်မလူတွေရဲ့ အိပ်ခန်းတွေထဲ ဝင်စွက်ဖက်တာမျိုးမလုပ်ပါဘူး။ လူတွေကို သူတို့ရဲ့ စွမ်းဆောင်ရည်ကို အခြေခံပြီးပဲ အလုပ်ခန့်ပါတယ်။ သူတို့ရဲ့ လိင်ပိုင်းဆိုင်ရာ ရွေးချယ်မှုကို မကြည့်ပါဘူး။ ဥပဒေနဲ့ ပတ်သက်လို့ တစ်ခုခုလုပ်မယ်ဆို ပါလီမန်ကိုတင်ရပါမယ်။ ဥပဒေပယ်ဖျက်နိုင်မလားဆိုတာ မသေချာဘူးပေါ့။ ဘာ့ကြောင့်လဲဆိုတော့ အမတ်တွေကဘယ်လိုမဲပေးမလဲ ကျွန်မသေချာမပြောနိုင်လို့ပါ။ ဒါပေမဲ့ ဂျမေကာနိုင်ငံသားတွေဟာ အလွန်သည်းခံနိုင်စွမ်းမရှိဘူးလို့ နိုင်ငံတကာအမြင်ရှိထားပါတယ်။ ဒီအမြင်ကို တစ်ဦးချင်းအရ ကျွန်မသဘောမတူပါဘူး။ ဂျမေကာဟာ အဲဒီလို မုန်းတီးမှုရှိတဲ့ လူ့အဖွဲ့အစည်းမျိုး ဖြစ်ခဲ့တယ်ဆိုရင် ဒီကိစ္စကိုကျွန်မပြောပြီးနောက် (ဒီဇင်ဘာ) ရွေးကောက်ပွဲမှာ ပြည်လုံးကျွတ် အနိုင်ရလိမ့်မယ်ဆိုတာကို သံသယဖြစ်မိမှာပဲ။

**အိုလံပစ်မှာ ပြိုင်ကြတဲ့ အူစိန်ဘော့နဲ့ အခြားအပြေးသမားတွေရဲ့စွမ်းဆောင်မှုဟာနိုင်ငံအတွက် ဘယ်လောက်အရေးပါ ပါသလဲခင်ဗျ။**

သူတို့ဆုရရ၊ မရရ သူတို့ကို ကျွန်မချစ်တယ်။ ဘာလို့လဲဆိုတော့ ဂျမေကာနိုင်ငံသားတွေဟာ ရဲရင့်ချင်၊ ကောင်းမွန်ချင်ကြတဲ့အခါ ကျွန်မတို့ဟာ ကိုယ်လုပ်သမျှမှာတော့ အကောင်းဆုံးဖြစ်ချင်တယ်ဆိုတာကို သူတို့က ပြသပေးလို့ပါ။ သူတို့က ဂျမေကာတင်မက ကာရစ်ဘီယံဒေသကိုပါကိုယ်စားပြုပါတယ်။ ကျွန်မတို့အားလုံး၊ နောက်ထပ်နှစ် ၅၀ အတွက်ထားရှိတဲ့ မျှော်လင့်ချက်ကြီးတွေနဲ့ ပတ်သက်လို့ သူတို့က သတိပေးနှိုးဆော်နေတယ်။ ကျွန်မတို့ဟာ ကိုယ့်အကြွေးတွေကို ဆပ်ရမှာတင်မဟုတ်ဘူး။ ခိုင်မာတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးရမယ်ဆိုပြီးတော့ပေါ့လေ။ ကျွန်မရာထူးသက်တမ်းကုန်ချိန်မှာ ဂျမေကာသားတွေ အဲဒီလိုအပြောင်းအလဲများပေါ်ပေါက်လာတာကို ခံစားနိုင်မယ်လို့ မျှော်လင့်မိတယ်။ ကျွန်မတို့အနေနဲ့ ကိုယ်တည်ထောင်ခဲ့တာထက် ပိုကောင်းတဲ့ ဂျမေကာကို ချန်ထားခဲ့မယ်လို့ လက်ဆင့်ကမ်း ပြေးပွဲမှာ တစ်ယောက်ကတစ်ယောက်ကို တုတ်တံလေးကိုလက်လှမ်းလိုက်ချိန်မှာ ဖြစ်ရသလိုမျိုး ခံစားမိအောင် သူတို့က လှုံ့ဆော်ဖန်တီးပေးနေတာပါ။

*—Ref: Jamaica at 50: Island Nation's PM Talks about the Queen, the Carribean and Usain Bolt.*

7 Day News Journal

# Entertainment

Vol.11, No.23 • AUGUST 16 , 2012




ဓာတ်ပုံ-ညီညီကြိုင်

## မွေးနေ့မှာ တရားစခန်းဝင်ရက်ဝင်ခဲ့တဲ့ ဝတ်မှုန်ရွှေရည်

**ကြူကြူဟန်**

**ရန်ကုန်၊ ဩဂုတ် - ၁၀**

ရုပ်သံကြော်ငြာများတွင် ပရိသတ်အားပေးမှု အထူးရရှိနေသူ ဝတ်မှုန်ရွှေရည်က သူမမွေးနေ့တွင် ဘာသာရေးလုပ်ချင်သည့် အတွက် တရားစခန်းငါးရက်ဝင်မည်ဖြစ်ကြောင်းပြောသည်။

"တရားစခန်းကို ၁၂ရက်နေ့စဝင်မယ်။ ဒီကျောင်းမှာပဲ ငါးရက်လောက်ပေါ့။ တစ်နှစ်လုံးကျတော့လည်း ဘာသာရေးကမလုပ်ဖြစ်ဘူးလေ။ မွေးနေ့လေးမှ ၁ ဒီနှစ်တော့ ဘာသာရေး သေချာလေး လုပ်ချင်တယ်ပေါ့"ဟု ဝတ်မှုန်ရွှေရည်ကဆိုသည်။

ဩဂုတ်လ ၁၀ ရက်တွင် ကျရောက်သည့် သူမ၏မွေးနေ့အတွက် မှော်ဘီမြို့ရှိ အောင်ဇမ္ဗူတောရဘုန်းကြီးကျောင်းတွင် နေ့ဆွမ်း၊ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် မေရီချက်မင်းကျောင်းတို့တွင်လည်း အလှူငွေများ လှူဒါန်းမည်ဖြစ်ကြောင်းဝတ်မှုန်ရွှေရည်ကပြောသည်။

"ဒီမွေးနေ့လေး လုပ်တာက ပရိသတ်ရဲ့ကုသိုလ်လည်း ပါပါတယ်။ ပရိသတ်ပေးတဲ့ မေတ္တာကြောင့် ဒီလိုအလှူလေးတွေကို ကုသိုလ်ယူနိုင်တာပါ။ ကစ်လည်း ပရိသတ်ကို ကစ်လှူတဲ့ကုသိုလ်ကို မေတ္တာပို့ပေးပါတယ်"ဟု ပရိသတ်အတွက် မေတ္တာပို့စကားအဖြစ် ဝတ်မှုန်ရွှေရည်ကပြောသည်။

## တရုတ်နိုင်ငံမှာ ရုပ်ရှင်ပညာပို့ချမယ့် ဟာဂျီဝန်

**ဆိုးလ်၊ ဩဂုတ် - ၇**

ကိုရီးယားရုပ်ရှင်မင်းသမီးချော ဟာဂျီဝန်သည် ဒါရိုက်တာကင်မ်ဂျီဟွန်းနှင့်အတူ ရုပ်ရှင်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ တရုတ်ပြည်၌ ဟောပြောပို့ချမှု သွားရောက်ပြုလုပ်ရန် ရှိကြောင်းသိရသည်။ ယခုအစီအစဉ်မှာ CJ ဖျော်ဖြေရေး ကုမ္ပဏီ၏ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ သွားရောက်ခြင်းဖြစ်သည်။ ထိုအစီအစဉ်မှာ တရုတ်နှင့် ကိုရီးယားနိုင်ငံမှ ဆယ်ကျော်သက်လူငယ်များကို ရုပ်ရှင်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ တွန်းအားပေးနိုင်ရန် ရည်ရွယ်သည်။

ကျောင်းသားများသည် သက်ဆိုင်ရာ ပညာရှင်များ၏ ဟောပြောပို့ချမှုကို နားထောင်ပြီး ဇာတ်ညွှန်းများရေးခြင်း၊ ရုပ်ရှင်တည်းဖြတ်ခြင်းတို့ကို ကိုယ်တိုင် လုပ်ဆောင်ရမည်ဖြစ်သည်။ အစီအစဉ်တွင်ပါဝင်ခွင့်ရသည့်အတွက် ဟာဂျီဝန်က "ပူးပေါင်းဆောင်ရွက်သူတစ်ဦးအဖြစ် ပါဝင်ခွင့်ရတဲ့အတွက် ကျွန်မဝမ်းသာမိပါတယ်။ ဒီအစီအစဉ်ကနေ တရုတ်နဲ့ကိုရီးယားနှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးတွေ လုပ်ချင်ပါတယ်"ဟုပြောသည်။ ဟာဂျီဝန်နှင့် ဒါရိုက်တာ ကင်မ်ဂျီဟွန်းတို့သည် Sector ဇာတ်ကားကို အတူတူရိုက်ကူးခဲ့ဖူးသူများဖြစ်ကြသည်။

—Ref: Hancinema



## ကိုယ်ပိုင်သံစဉ်အင်္ဂလိပ်သီချင်းတွေ ပြင်ဆင်နေတဲ့ ချမ်းချမ်း

**ကြူကြူဟန်**

အဆိုတော်များစွာထဲမှ ဆွဲငင်အားကောင်းကောင်းနဲ့ သီဆိုနိုင်သူလို့ သတ်မှတ်ခြင်းခံရတဲ့ အဆိုတော်ချမ်းချမ်းက သူမရဲ့မြန်မာအင်္ဂလိပ်သီချင်းခွေတစ်ခွေ စီစဉ်နေတာကို လတ်တလောသူမမှာ အနုပညာလှုပ်ရှားမှုတွေအကြောင်း တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**ခုစီစဉ်ထားတဲ့ စီးရီးကို အင်္ဂလိပ်လိုရော မြန်မာလိုရော ထည့်ဆိုမယ့် စိတ်ကူးက ဘယ်လိုရခဲ့တာပါလဲ။**

အဲဒါက အမိကခေတ်က နည်းနည်း ပြောင်းလာပြီ။ လူတွေရဲ့ စိတ်ကူးစိတ်သန်းတွေ ခံယူချက်တွေ ပြောင်းလာပြီဆိုတော့ နည်းနည်းလေးပိုပြီးတော့ နည်းနည်းလေးမြှင့်မလားပေါ့။ မြှင့်မလားဆိုတာ တခြားကြောင့်တော့လည်း မဟုတ်ပါဘူး။ ကိုယ်လည်း ကိုယ့်နိုင်ငံအတွက် ဂုဏ်ရှိစေမယ့် အရာမျိုးပေါ့။ သူများနိုင်ငံကပဲ အင်္ဂလိပ်သီချင်းတွေဆိုပြီးတော့ သွားနေကြတာ၊ အောင်မြင်နေကြတော့ ကိုယ့်နိုင်ငံကရော အဲ့လိုမျိုးတွေ မလုပ်နိုင်ဘူးလားပေါ့။ အရှေ့က လူတွေက လုပ်ပြသွားမှ နောက်က ဆက်ပြီးတော့ ကြိုးစားမယ့် မျိုးဆက်သစ်တွေက အားရှိ



မှာပေါ့နော်။ အစ်မတို့ဘက် အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ဒါမျိုးလေး ချပြလိုက်လို့ရှိရင် လုပ်ရဲတဲ့ သတ္တိလေးတွေ ပေါ်လာအောင်လို့ ကိုယ့်ထဲကစပြီး မစွန့်စားဘူးဆိုရင် နောက်က လူတွေလည်း စွန့်စားရဲမှာ မဟုတ်ဘူးလေ။ အဲ့ဒီအတွက် ကြိုးစားကြည့်တဲ့သဘောလေးပါပဲ။

**နိုင်ငံတကာပွဲတွေ သွားဆိုတဲ့အခါ ကိုယ်ပိုင်အင်္ဂလိပ်ဘာသာနဲ့ သီဆိုထားတဲ့သီချင်းတွေရှိတော့ အားသာချက်တွေ ရှိနိုင်တာပေါ့နော်။**

အဲ့ဒါကတော့ အဓိကအားဖြင့်တော့ အင်္ဂလိပ်သီချင်းဖြစ်တဲ့အတွက်ကြောင့် Own Tune တွေ ဖြစ်လာမယ်။


**စာ(၄၉)သို့**





7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# နာတာလီပေါ့တ်မင်း အတူနေချစ်သူနှင့် လက်ထပ်ပွဲဆင်နွှဲ

**လော့စ်အိန်ဂျလိစ်၊ ဩဂုတ် - ၇**

အမေရိကန်ရုပ်ရှင်မင်းသမီး နာတာလီပေါ့တ်မင်းသည် သူမ၏ အတူနေချစ်သူ ပြင်သစ်အားကစားသမား ဘင်ဂျမင်မီလက်ပီနှင့် မကြာသေးမီက လက်ထပ်ခဲ့ကြောင်းသိရသည်။ လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ဘက်မိုင် ၂၄၀အကွာမှ ဘစ်ဂ်ဆာကမ်းခြေအပန်းဖြေစခန်းတွင် ၎င်းတို့၏ လက်ထပ်ပွဲကို ဂျူးအစဉ်အလာ မင်္ဂလာဆောင်ထုံးစံအတိုင်း ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ပီးပဲလ်မဂ္ဂဇင်းတွင်ဖော်ပြသည်။ တွစ်တာတွင် ဖော်ပြခဲ့သော ဓာတ်ပုံများအရလည်း မင်းသမီးပေါ့တ်မင်းမှာ ဂျူးထုံးစံမင်္ဂလာဝတ်စုံ ဝတ်ထားခြင်းကိုတွေ့ရသည်ဟုဆိုသည်။

နယူးယောက်၌ နေထိုင်သော ၎င်းတို့စုံတွဲသည် ၂၀၀၉ ခုနှစ်တွင် ပေါ့တ်မင်းက Black Swan ဇာတ်ကားရိုက်ကူးစဉ်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ အဆိုပါဇာတ်ကားတွင် ဘဲလေးကသူအဖြစ် သရုပ်ဆောင်ခဲ့သော ပေါ့တ်မင်းမှာ အော်စကာဆုရခဲ့သည်။ မီလက်ပီမှာ ပေါ့တ်မင်းအတွက် ဇာတ်ဝင်ခန်းကကွက်များ သင်ကြားပေးခဲ့သူဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ၁၄ လသားအရွယ်သားယောက်ျားလေးတစ်ဦးမွေးဖွားထားသည်။

—Ref: AFP





# ကိုရီးယားမင်းသား ဂျီယွန်ဝူး စစ်မှုထမ်းဥပဒေအရ စစ်ထဲဝင်

**ဆိုးလ်၊ ဩဂုတ် - ၇**

ကိုရီးယားသရုပ်ဆောင် မင်းသားဂျီယွန်ဝူးသည် ဩဂုတ် ၆ ရက်မှစ၍ စစ်မှုထမ်းတာဝန်များစတင် ထမ်းဆောင်တော့မည်ဖြစ်သည်။ အသက် ၂၇နှစ်အရွယ် မင်းသားသည် လေ့ကျင့်ရေးသင်တန်းကျောင်းတွင် လေးလကြာ တက်ရောက်ပြီးနောက် စစ်တပ်တွင်း၌ ၂၁ လကြာ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

၎င်းသည်ပြီးခဲ့သောဇူလိုင်လ ၃ ရက်ကပင်တပ်ထဲဝင်ရမည်ဖြစ်သော်လည်း ဆေးကုသမှုတစ်ခုခံယူခဲ့ရသောကြောင့် အချိန်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ဂျီသည် Queen In-hyun's Man ဒရာမာဇာတ်ကားရိုက်ကူးစဉ်မြင်းပေါ်မှပြုတ်ကျ၍ ဒဏ်ရာရခဲ့သည်။ ၎င်းသည် သရုပ်ဆောင် မင်းသမီး ယူအင်နာနှင့် ချစ်ကြိုက်နေကြောင်း ထိုဇာတ်လမ်းတွဲအပြီး ဇွန်လက သတင်းစာရှင်းလင်းပွဲတွင် တရားဝင်ကြေညာခဲ့သည်။

စစ်ထဲမဝင်ခင် ပရိသတ်များအား နှုတ်ဆက်ခြင်းအခမ်းအနားတွင် ယူအင်နာနှင့် ပရိသတ်များ အနှောင့်အယှက်ဖြစ်မည်စိုး၍ မင်းသမီးသည် လာရောက်ခဲ့ခြင်းမရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

—Ref: Hancinema






## စာ-၄၇၊ ကိုယ်ပိုင်သံစဉ်အင်္ဂလိပ်သီချင်းတွေ ပြင်ဆင်နေတဲ့ ချမ်းချမ်း မှ

ပြီးတော့ သူများ နိုင်ငံမှာ ဖျော်ဖြေတဲ့အခါကျတော့ ကိုယ့်စကားသူများကိုဂလိုဘယ်လည်းမထိုးဖောက်နိုင်သေးတဲ့အတွက်ကြောင့် တစ်ကမ္ဘာလုံးကကိုယ့်စကားနားမလည်နိုင်တဲ့အတွက်ကြောင့် အရင်ဆုံးအနေနဲ့ အင်္ဂလိပ်သီချင်းဆိုထားတာတော့ တစ်ကမ္ဘာလုံး နားလည်နိုင်တာပေါ့။ ဒါလေးကတော့ အောင်မြင်မှုအတွက် အချက်တစ်ချက်လို့ ပြောလို့ရတာပေါ့။

**အစ်မအရင်ကကော်ပီသီဆိုတာများခဲ့ပြီး အခုအခွေမှာတော့ ကိုယ်ပိုင်သံစဉ်တွေပဲလား။ အဲဒီအပေါ် ခံစားချက်ပြောပါဦး။**

ဟုတ်တယ်။ ကိုယ့်မူဒ်နဲ့ကိုယ်ဆိုလို့ရတာပေါ့။ ကီးကအစ ကိုယ့် rate နဲ့ ကိုယ် ဘယ်လောက်ဆိုနိုင်မလဲ။ F,E,Flat ထိ ဆိုနိုင်တယ်ဆိုရင် rate ထဲမှာ ဝင်တဲ့ သီချင်းမျိုးကိုယ့်ဘာသာရေးလို့ရတယ်။ ဘယ်နေရာမှာ ဆွဲချင်တယ်။ ဘယ်နေရာမှာ အော်ချင်လဲ၊ ဘယ်နေရာမှ ရစ်ချင်တယ်။ အဲဒါမျိုးကျတော့ ကိုယ့်မူပိုင်ဟန်ရှိတာပေါ့နော်။ ကော်ပီကျတော့ ဒီနားမှာဆိုထားပြီးတော့ကိုယ်က ပြင်လိုက်လို့ရှိရင် လိုက်မဆိုနိုင်လို့ ကောင်းမှ မကောင်းတာ ကြည့်ပါလား။ အဲလိုမျိုးတွေဖြစ်လာပြီးတော့ သူရဲ့ ပုံစံကရှိပြီးသား သွားပြောင်းရင် ပျက်တာများတယ်ဆိုတဲ့ အခါကျတော့ ကိုယ့် rate မဟုတ်တဲ့အခါ စကားလုံးအခက်အခဲရှိတဲ့အခါကျတော့ သီချင်းက အမြဲ ပျက်တယ်ဆိုတော့ လေကောင်းဖို့က အရမ်းခဲယဉ်တယ်။ အရင်ဆုံး Original ကို မကြားဘဲနဲ့ မြန်မာသံ အရင်ထွက်ပြီးမှ Originalကြားမှသာ အဆင်ပြေမှာ၊ နို့မို့ဆို အဆင်မပြေဘူးလေ။ အခုကလည်း လူတွေအားလုံးက ခေတ်မီနေကြတော့ Originalဆို အမြဲနားထောင်ပြီးသားတွေ ဖြစ်နေတဲ့အခါကျတော့ အဲ့ဒါကြောင့်။

**နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းပြီး စီးရီးထုတ်ဖို့က အခြေအနေဘယ်လိုရှိပါသလဲ။**

အဲဒါက အစ်မ မလုပ်ဖြစ်တော့ဘူး။ မလုပ်ဖြစ်တော့ဘူးဆိုတာ။ ဟိုဘက်က သူတို့ရဲ့ လိုချင်တဲ့ စာချုပ်နဲ့က အစ်မနဲ့အဆင်မပြေဘူးပေါ့။ သူတို့က ဒီနှစ်ထဲလုပ်ချင်တယ်။ အစ်မရဲ့ ဒုတိယအခွေ စာချုပ်ချုပ်ထားတာလဲ မပြီးသေးဘူးပေါ့။ အစ်မလုပ်လို့မရဘူးဆိုတော့။ ညှိလို့မရဘူးဖြစ်နေတယ်။ ဟိုဘယ်လိုခေါ်မလဲ။ သူတို့လက်ခံထားတဲ့ ရာခိုင်နှုန်းနဲ့ အစ်မတို့လက်ခံထားတဲ့ ရာခိုင်နှုန်းနဲ့ မတူဘူးညီမ။ သူတို့က စီးပွားနည်းနည်း ဆန်တဲ့အခါကျတော့ အလုပ်လုပ်လို့အဆင်မပြေဘူး။ အဲဒါနဲ့ အစ်မလည်း မလုပ်ဖြစ်တာ သေချာလည်း စဉ်းစားတယ်ပေါ့။ သုံး၊ လေး၊ ငါးခါလောက်စဉ်းစားတဲ့အခါကျတော့လည်း အဖြေကအဲ့ဒီတစ်မျိုးပဲထွက်တယ်။ လက်တွဲလို့က အဆင်မပြေဘူး။ သူတို့က မြန်မာနိုင်ငံရဲ့ ဂီတလောကရဲ့ ဈေးကွက်ကိုလည်း မသိဘူးဆိုတော့ သိပ်အဆင်မပြေဘူးပေါ့။

**ပြည်တွင်းမှာ နိုင်ငံတကာအဆိုတော်တွေရဲ့ ရှိုးတွေလာလုပ်ကြတော့မယ်။ ပြည်တွင်း အဆိုတော်တစ်ဦးအနေနဲ့ ဒီအပေါ် ဘယ်လိုထင်မြင်သုံးသပ်ပါသလဲ။**

အမှန်တိုင်း ပြောရရင်ပြည်ပကနေ လာပြီးဖျော်ဖြေဖို့ အကြိမ်ကြိမ် ကြိုးစားကြတယ်ပေါ့။ မအောင်မြင်ခဲ့ဘူး။ မအောင်မြင်ဘူးဆိုတာ ချက်ချင်းကြီး။ ဒီပွဲကို လာကြည့်ဖို့အတွက် လက်ခံဖို့အတွက်ဝင်ငွေပမာဏနဲ့လည်း အရမ်းခြားတယ်။ နိုင်ငံခြားကနေခေါ်ယူရတဲ့အတွက် စရိတ်အရမ်းထောင်းတဲ့အတွက်ကြောင့် ကာမိအောင် ပွဲစရိတ်ကိုပြန်ယူရတဲ့အခါ လူတွေက လာမကြည့်နိုင်ဘူး။ အရမ်းပမာဏများတော့ သာမန်လူတန်းစားနဲ့ အားပေးချင်တဲ့ လူတွေ မကြည့်နိုင်တဲ့အခါကျတော့ ဒီမှာက နိုင်ငံခြားပွဲသွင်းလို့အဆင်မပြေဘူးလို့ အစ်မထင်တယ်။ အဲ့ဒီအတွက် ဟိုမှာပဲ သွားသွားကြည့်ကြတာများတာပေါ့။ နိုင်ငံခြားပွဲတွေဆိုရင် . . ။

**ဒီလမှာ သွားမယ့် အမေရိကခရီးစဉ်ကို ရက်ရွှေ့လို့ရတယ်လို့ သိရပါတယ်။ ဘာဖြစ်လို့လဲ။**

အစ်မတို့ အဖွဲ့ပေါင်း ဘောလုံး ငါးဖွဲ့ပေါ့။ သွားမယ့်ဆိုမယ့်ပွဲက အရမ်းများတယ်။ တစ်လအတွင်းမှာ လေးပွဲဆက်တိုက်၊ ငါးပွဲဆက်တိုက်ဖြစ်နေတော့ အဲ့ဒီက လူတွေက အဲ့ဒီလောက်ထိလည်း အားလပ်မနေကြဘူး။ အဲ့လောက်ထိ လက်မှတ်က ပေါပေါလောလောလည်း မဟုတ်တဲ့အခါကျတော့ကြည့်ဖို့အတွက် သူတို့အချိန်မပေးနိုင်ဘူး။ အရမ်းလည်းများသွားတယ်ဆိုတဲ့ အခါကျတော့ အစ်မတို့က မဆိုတော့ဘဲ နောက်ဆုတ်လိုက်တာ၊ နောက်နှစ် သို့မဟုတ် ဒီနှစ်ကုန်ပိုင်းလောက်သွားဖြစ်မယ်။

**အခုလို အောင်မြင်မှုရနေချိန်မှာ ကိုယ်လုပ်ချင်ပေမယ့် မလုပ်ဖြစ်သေးတဲ့ အရာတွေရှိရင် ပြောပြပေးပါလား။ ဂီတနဲ့ ပတ်သက်ပြီးပေါ့။**

အစ်မလုပ်ချင်တဲ့အရာလေးက Own Tune အခွေလေးပေါ့နော်။ Own Tune တွေပဲ စုပြီးတော့Own Tuneတစ်ခွေလောက် Own Tune ၆ပုဒ်ဖြစ် ဖြစ်၊ ၇ပုဒ်ဖြစ်ဖြစ် တစ်ခွေလောက် ထုတ်ချင်တယ်။ အဲ့ဒါလည်း ပရိဂျူဆာတွေက များ သော အားဖြင့် မြန်မြန်ထွက် မြန်မြန်ရောင်းဆိုတဲ့ သဘောမျိုး ဖြစ်နေတော့ တော်တော်များများက အဲ့လိုမျိုး ကော်ပီတွေလုပ်ကြတာများတယ်။ ကော်ပီတွေက ပိုနားဝင်လွယ်တယ်ပေါ့။ အဲ့ဒါလေး တစ်ခုတော့ တိုက်ဖျက်ချင်တယ်။ အခုတော့ ခိုးကူးကလည်း ပရိဂျူဆာတွေကို ထိတ်လန့်စေတာ အမှန်ပဲ။ ပရိဂျူဆာတွေက ဘယ်လိုဖြစ်လဲဆိုရင် Own Tune ကို ဝယ်မယ်ဆိုရင် ကော်ပီထက် ပိုဈေးကြီးမယ်။ အလိုက်ထက် သံစဉ်စာသားကအစ ကောင်းရဲ့သားနဲ့ ခိုးကူးခံရတယ်ဆိုရင် သူတို့အများကြီး နစ်နာတယ်ပေါ့နော်။ အစစအရာရာ ကော်ပီထက်ပိုပြီးတော့ နစ်နာတယ်ဆိုတော့ အဲ့ဒါကြောင့် ဈေးကွက်စီးပွားရေးရောအကုန်လုံးပြောင်းလဲနေတာ ခိုးကူးကြောင့်လို့ ပြောလို့ရတယ်။ အဲဒါကတော့ အစ်မသိပ်ပြီးတော့ ဘဝင်မကျဘူး။ အားလုံးတိုက်ဖျက်နိုင်အောင် လုပ်နိုင်မယ်ဆိုရင် ပိုအဆင်ပြေတာပေါ့နော်။

**သိပ်ချစ်တယ် အရမ်းမုန်းတယ်၊ဗီစီဒီကရော ဘယ်အခြေအနေထိ ရောက်နေပြီလဲ။**

အခုနောက်ပိုင်း ပရိသတ်က ဗီစီဒီကိုပဲ တောင်းဆိုနေကြတယ်။ မထွက်သေးဘူးလား။ ကြည့်ချင်လှပြီ အစ်မကလည်း အစ်မဘက်ကတော့အားလုံးပြီးသွားပြီပေါ့။ Perfect ဖြစ်အောင်လုပ်ပြီးသွားပြီ။ အစ်မရဲ့ ပရိဂျူဆာကလည်း Perfect ဖြစ်အောင် ဖြန့်ချိရေးကအစ ပွဲလုပ်မယ့်ရက်ကအစ ပရိသတ်တွေလာနိုင်မယ့်နေရာကို ချိန်းနေတဲ့ အတွက်ကြောင့် အချိန်လေးတော့ကြန့်ကြာမှုရှိတာပေါ့။ အခွေက အားလုံးပြီးသွားပါပြီ။ အခုဆင်ဆာတင်နေတယ်ပေါ့နော်။ ထွက်မယ့်ရက်ကတော့ ဒီလကုန်လောက်ဖြစ်မယ်ထင်တယ်။

**သရုပ်ဆောင်လုပ်ဖို့ရှိတယ်လို့ ပြောဖူးတယ်ဆိုတော့ သရုပ်ဆောင်လုပ်ဖို့ပြင်ဆင်နေပြီလား။**

အဲ့ဒါကတော့ အစ်မကိုယ်တိုင် ဇာတ်လမ်းရေးမှပဲ အဆင်ပြေတော့မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ အစ်မနဲ့လိုက်ဖက်မယ့် ကာရိုက်တာက အစ်မပဲ သိတယ်။ တော်တော်များများကလည်း မြန်မာပြည်မှာ ဝတ်စားဆင်ယင်ရတာ သိပ်ပြီး အဆင်မပြေဘူး။ အစ်မက ဗမာအဝတ်အစားနဲ့ မလိုက်တဲ့အခါကျတော့ အဲ့လိုမျိုးဆိုတော့ အခက်အခဲရှိတယ်။ ပြီးတော့ မင်းသမီးတစ်ယောက်ဖြစ်ဖို့ အရည်အချင်းလည်း မရှိသေးတဲ့အခါကျတော့အဲ့ဒီအတွက် ကြိုးစားရဦးမှာပါ။ အဲ့ဒီတော့အဆိုပိုင်းပဲပေါ့။

**လတ်တလော ပရိသတ်ကို ပြောချင်တဲ့ စကားရှိရင်. . . ။**

အစ်မအခု အခွေလေးတွေ လုပ်နေတယ်ပေါ့နော်။ အခုစုံတွဲအခွေ စီးတီးအက်ဖ်အမ် ၁၀ နှစ်ပြည့်မှာလည်း အစ်မနဲ့ မနေနေနှစ်ယောက်ဆိုထားတဲ့ သီချင်းလေးလည်းပါတယ်။ အဲ့ဒါလေးလည်း အားပေးပါဦးလို့ နောက်ထပ်ထွက်မယ့် အခွေလေးတွေလည်း ရှိတဲ့အတွက်ကြောင့် ဝေဖန်ပြီး အားပေးပါလို့။

## ပြင်သစ်ဒါရိုက်တာတစ်ဦး သရုပ်ဆောင်ပညာရပ်များကို တစ်လကြာ လာရောက်ပို့ချမည်

အေးသူစံ

ရန်ကုန်၊ ဩဂုတ် - ၉

ပြင်သစ်ဒါရိုက်တာနှင့် ရုပ်ရှင်ဆိုင်ရာကျွမ်းကျင်သူ Mr. Thierry Blau သည်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဖိတ်ကြားချက်အရ အစည်းအရုံးတွင် တစ်လကြာ သရုပ်ဆောင်ပညာရပ်များ သင်ကြားပို့ချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ပြန်ကြားရေးမှူး ဦးအေးကြူလေးကပြောသည်။

"ဒီသင်တန်းက လက်ရှိမှာ အနုပညာနဲ့ အသက်မွေးဝမ်းကျောင်းလုပ်နေတဲ့သူတွေ၊ အစည်းအရုံးက ဖွင့်တဲ့သင်တန်းတွေမှာ သင်တန်းဆင်းပြီးတဲ့သူတွေကို သရုပ်ဆောင်ပညာနဲ့ပတ်သက်ပြီး မွမ်းမံသင်ကြားပေးမယ့် သင်တန်းပါ။ သင်တန်းသားဦးရေကို ၁၅ဦး ကန့်သတ်ထားပါတယ်"ဟု ဦးအေးကြူလေးကပြောသည်။

ယင်းသင်တန်းသို့ တက်ရောက်လိုသူများသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ စတင်လျှောက်ထားနိုင်ပြီး သင်တန်းကာလတစ်လအတွင်း သင်ကြားမည့် အကြောင်းအရာအသေးစိတ်နှင့် အချိန်သတ်မှတ်ချက်များကို မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ထုတ်ပြန်သွားမည်ဖြစ်ကြောင်းသိရသည်။ ပြင်သစ်ဒါရိုက်တာပေးမည့် သရုပ်ဆောင်သင်တန်းပြီးဆုံးသွားပါက ရုပ်ရှင်အစည်းအရုံးမှဦးဆောင်ဖွင့်လှစ်မည့်သရုပ်ဆောင်သင်တန်း အပတ်စဉ်(၈)ကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပို့ချသူများအဖြစ် ဝါရင့်အနုပညာရှင်များကဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အမှုဆောင်သစ်သက်တမ်းသုံးလအတွင်း ပြည်ပနိုင်ငံအချို့မှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုများပြားလာပြီး သင်တန်းပို့ချမှုအပြင် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ပြုလုပ်ခဲ့ကြောင်းသိရသည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Dark Knight Rises | Warner Bros. | ၃၅၃,၉၃၅,၀၀၀ | ၃ |
| ၂။ | Total Recall | Sony Pic. | ၂၅,၅၇၇,၈၀၀ | ၁ |
| ၃။ | Diary of Wimpy Kid: Dog Days | 20th Century Fox | ၁၄,၆၂၃,၆၀၀ | ၁ |
| ၄။ | Ice Age:Continental Drift | 20th Century Fox | ၁၃၂,၀၇၂,၀၀၀ | ၄ |
| ၅။ | The Watch | 20th Century Fox | ၂၅,၅၄၁,၁၀၀ | ၂ |
| ၆။ | Step Up: Revolution | Summit Entertainment, LLC | ၂၃,၇၂၄,၆၀၀ | ၂ |
| ၇။ | Ted | Universal Pic | ၂၀၃,၅၈၀,၀၀၀ | ၆ |
| ၈။ | The Amazing Spider-Man | Sony Pictures | ၂၅၀,၇၄၁,၀၀၀ | ၅ |
| ၉။ | Braves | Walt Disney | ၂၂၃,၄၂၀,၀၀၀ | ၇ |
| ၁၀။ | Magic Mike | Warner Bros. Pic. | ၁၁၀,၉၂၉,၀၀၀ | ၆ |

## Movie Review

### The Expendables 2




The Expendable အဖွဲ့သားများ ယခုတစ်ကြိမ်ပြန်လည်စုစည်းမိချိန်တွင် အဖွဲ့ဝင်သစ်များပါ ထပ်တိုးလာသည်။ ၎င်းတို့၏ ခေါင်းဆောင်Mr. Churchက အလုပ်တစ်ခုခိုင်းစေသောအခါ ရိုးရှင်းပြီး အလွယ်တကူပိုက်ဆံရမည့်အလုပ်ဟုထင်ရသည်။ သို့သော်ယင်းအလုပ်ကိုတာဝန်ယူပြီး လုပ်ဆောင်စဉ်မှာပင် ၎င်းတို့အဖွဲ့ထဲမှ အဖွဲ့ဝင်တစ်ဦး ရက်ရက်စက်စက် အသတ်ခံလိုက်ရသောအခါ အခြား Expendable အဖွဲ့ဝင်များကလည်း မီးကုန်ယမ်းကုန် အစွမ်းပြကြသည်။ ရန်သူဘက်ကလည်း သူတို့ကိုမကြောက်သည့်အပြင် ကမ္ဘာကြီးကိုပါ ဖျက်ဆီးနိုင်သော လက်နက်များ ပိုင်ဆိုင်ထားရာ Expendableအဖွဲ့ ဘယ်လိုကိုင်တွယ်မလဲဆိုတာ. . . . ။

Sylvester Stallone, Jason Statham, Dolph Lundgren, Jet Li, Bruce Willis နှင့် Van Damme စသည့် အက်ရှင်မင်းသားများ ပါဝင်သည့် ဇာတ်ကားကို ဒါရိုက်တာ Simon West က ရိုက်ကူးထားပြီး Lionsgate က ဩဂုတ် ၁၇ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။



# စိတ်ဝင်စားဖွယ်ဖြစ်လာသည့် မြန်မာလိဂ်ချန်ပီယံအသင်းနှင့် တန်းဆင်းဇုန်

ဗိုလ်ဗိုလ်ဝင်း

ပထမအကျော့ပြီးဆုံးချိန်က ချန်ပီယံအသင်းအတွက် အသင်းခြောက်သင်းခန့် အပြိုင်ဖြစ်နေခဲ့သော ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည် ပွဲစဉ်လေးပွဲကျန်ရှိနေချိန်မှာတော့ အမှတ်ပေးဇယားထိပ်ပိုင်း၌ အသင်းသုံးသင်းသာ ဦးဆောင်လျက်ရှိသည်။ ပွဲစဉ် ၂၆ ထိ ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲသည် ပွဲစဉ် ၂၂ ပြီးဆုံးချိန်တွင် ရတနာပုံအသင်းက ရမှတ် ၄၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ထားကာ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၄၈ မှတ်၊ ကမ္ဘောဇအသင်းက ရမှတ် ၄၇ မှတ်ဖြင့် ရမှတ်တစ်မှတ်စီကွာခြားလျက်သာ ဖိအားပေးလျက်ရှိသည်။

ဧယျာရွှေမြေ၊ ရောဝတီ၊ နေပြည်တော်အသင်းများသည် ပထမအကျော့ပြီးချိန်အထိ ချန်ပီယံဆုအတွက် ခြိမ်းခြောက်နိုင်လောက်သည့် အနေအထားတွင် ရှိခဲ့သော်လည်း ဒုတိယအကျော့ပွဲစဉ်များတွင် လိုအပ်သည့် ရမှတ်များဆုံးရှုံးခဲ့ရသည့်အတွက် ထိပ်ဆုံးအသင်းနှင့် အမှတ်ကွာဟချက်ကြီးမားသွားခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လပထမပတ်အတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၂ မြန်မာလိဂ်ပွဲစဉ် ၂၂ တွင် ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ဗထူးကွင်းတွင် ထိပ်တိုက်တွေ့ဆုံခဲ့ပြီး တစ်ဂိုးစီဖြင့် သရေရလဒ်ဖြစ်ပေါ်ခဲ့သည်။ တတိယနေရာမှ ကမ္ဘောဇအသင်းသည်လည်း နေပြည်တော်အသင်းကို အဝေးကွင်းမှာ ရှုံးနိမ့်ခဲ့သည့်အတွက် အမှတ်ပေးဇယားထိပ်ဆုံးဦးဆောင်ခွင့်အခွင့်အရေးကို လက်လွှတ်ခဲ့ရသည်။

သို့သော် လက်ကျန်ပွဲစဉ် အနေအထားအရ ရတနာပုံအသင်းသည် အသင်းကြီးများဖြစ်သည့် ဧယျာရွှေမြေ၊ ရောဝတီ၊ ကမ္ဘောဇ၊ မကွေးအသင်းများနှင့် ရင်ဆိုင်ရမည်ဖြစ်သည့် အတွက် ခက်ခဲသည့် ပွဲကြပ်များဖြစ်လာဖွယ်ရှိနေသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ရက္ခပူရ၊ မနောမြေ၊ ဇွဲကပင်၊ ရောဝတီအသင်းများဖြင့်လည်းကောင်း၊ ကမ္ဘောဇအသင်းက ဆောက်သမ်းမြန်မာ၊ မကွေး၊ ရတနာပုံ၊ ဇွဲကပင်အသင်းများဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် ရတနာပုံအသင်းထက် လက်ကျန်ပွဲစဉ်များက ပွဲချောင်သည်ဟု ဆိုရမည်ဖြစ်သည်။

ယခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပြီးဆုံးချိန်တွင် အမှတ်ပေးဇယားအောက်ဆုံးနှစ်သင်းသည် တန်းဆင်းရမည်ဖြစ်သည့်အတွက် တန်းဆင်းဇုန်အနေအထားသည်လည်း စိတ်ဝင်စားဖွယ်ဖြစ်လာခဲ့သည်။ ပွဲစဉ် ၂၂ ပြီးဆုံးချိန်အထိ နိုင်ပွဲတစ်ပွဲသာ ရရှိသေးသည့် မောရဝတီအသင်း၊ နိုင်ပွဲတစ်ပွဲမှ မရသေးသည့် ချင်းယူနိုက်တက်အသင်းတို့မှာ ပြိုင်ပွဲဝင် ၁၄ သင်းတွင် အဆင့် ၁၃ နှင့် ၁၄ ၌ ရပ်တည်လျက်ရှိနေသည်။ ဇွဲကပင်ယူနိုက်တက်အသင်းမှာ နိုင်ပွဲသုံးပွဲနှင့်အတူ ရမှတ် ၁၂ မှတ်ဖြင့် အဆင့် ၁၂ တွင်ရပ်တည်လျက်ရှိနေသည်။

လက်ရှိ အခြေအနေအရ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ၂၀၀၉၊ ၂၀၁၀ နှစ်နှစ်ဆက်ချန်ပီယံအသင်း ရတနာပုံ၊ ၂၀၁၁ လက်ရှိချန်ပီယံအသင်း ရန်ကုန်ယူနိုက်တက် အသင်းစသည့် ချန်ပီယံဟောင်းအသင်း နှစ်သင်းအပါအဝင် ချန်ပီယံဖြစ်ရန် ရည်ရွယ်ချက်ဖြင့် ယခုနှစ်ရာသီတွင် ပြည်တွင်းကစားသမားများသာ အသုံးပြုနေသည့် မူဝါဒအား ပယ်ဖျက်ကာ နိုင်ငံခြားသားနည်းပြ၊ နိုင်ငံခြားသားကစားသမားများဖြင့် ယှဉ်ပြိုင်လာသည့် ကမ္ဘောဇအသင်းတို့၏ လက်ကျန်ပွဲရလဒ်များက ချန်ပီယံလမ်းကြောင်းအတွက် ပိုစိတ်ဝင်စားစရာရှိလာနိုင်သည်။

ပွဲစဉ် ၂၂ ပြီးဆုံးချိန်အထိ ဂိုးအများဆုံးသွင်းထားသူများ စာရင်းထိပ်တန်းငါးဦးတွင် နိုင်ငံခြားသားကစားသမားများသာ ဦးဆောင်ထားပြီး ယခုနှစ်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ဂိုးသွင်းဘုရင်ဆုကို ပြည်တွင်းကစားသမားများမှ ရရှိရန် မမျှော်လင့်နိုင်တော့ဘဲ နိုင်ငံခြားသားကစားသမားများကသာ ရရှိရန် သေချာသလောက်ရှိနေပြီဖြစ်သည်။ ထို့အပြင် ယခုနှစ်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပြည်တွင်းကစားသမားများထက် နိုင်ငံခြားသားကစားသမားများက ပိုမိုခြေစွမ်းပြလျက်ရှိပြီး ချီးမြှင့်ပြီးခဲ့သည့် လအလိုက်အကောင်းဆုံးအားကစားသမားဆုလေးကြိမ်တွင် နိုင်ငံခြားသား ကစားသမားများ သုံးကြိမ်ရရှိထားခြင်းက သက်သေပင်ဖြစ်သည်။

၂၀၀၉ ခုနှစ်မှ စတင်ခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည် စတင်ချိန်ကပရိသတ်အားပေးမှုများပြားခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင်မူ ကွင်းတွင်း ပရိသတ်အားပေးမှုမှာ အလွန်လျော့နည်းလာခဲ့သည်။ ပြီးခဲ့သည့် အာရှယူ-၂၂ ပြိုင်ပွဲ၏ မြန်မာလူငယ်အသင်းပွဲစဉ်များတွင် ပရိသတ်အားပေးမှုမှာ အထူးများပြားခဲ့ပြီး ၎င်းပြိုင်ပွဲအရှိန်ဖြင့် ပြည်တွင်းလိဂ်ပြိုင်ပွဲများအား ပရိသတ်အားပေးမှုပြန်လည်မြင့်တက်လာရန် မျှော်လင့်ခဲ့ကြသော်လည်း ရန်ကုန်တွင် ကျင်းပသည့် ပွဲစဉ်များတွင် ပရိသတ်များနည်းပါးနေဆဲပင်ဖြစ်သည်။

ပွဲကြည့် ပရိသတ်နည်းပါးနေခြင်းနှင့်ပတ်သက်၍ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်ပတ်ဆောင်ဟွာက ပွဲစဉ်များအား စိတ်ဝင်စားမှုနည်းပါးသောကြောင့် ပရိသတ်အားပေးမှုနည်းပါးနေခြင်းဖြစ်ကြောင်း၊ အသင်းနှစ်သင်း ယှဉ်ပြိုင်ကစားသည့် ပွဲစဉ်တွင် အဖြေကြိုသိနိုင်လောက်

စာ(၅၂)သို့



7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# မြန်မာဘောလုံးအသင်း အဆင့်လေးဆင့် ထပ်မံလျော့ကျ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ်-၈

ဩဂုတ်လအတွက် ကမ္ဘာ့ဘောလုံးအဆင့် သတ်မှတ်ချက်များ ထွက်ပေါ်လာခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယခင်ကထက် အဆင့်လေးဆင့် ထပ်မံကျဆင်းခဲ့ကြောင်း သတင်းရရှိသည်။


ဓာတ်ပုံ - အောင်အောင်

ယခုလ ၉ ရက်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ထုတ်ပြန်ခဲ့သည့် အဆိုပါ အဆင့်သတ်မှတ်ချက်တွင် ပြီးခဲ့သည့်လက ကမ္ဘာ့အဆင့် ၁၈၀ တွင် ရပ်တည်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲများနှင့် ဝေးကွာနေခဲ့သည့် မြန်မာအသင်းသည် ယခုလတွင်လည်း အဆင့်လေးဆင့် ထပ်မံကျဆင်းကာ ရမှတ် ၅၀ ဖြင့် ကမ္ဘာ့အဆင့် ၁၈၄ တွင် ရပ်တည်ခဲ့သည်။

အာဆီယံနိုင်ငံများတွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့် ၁၃၃ ဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပြီး၊ ဗီယက်နမ်အသင်းမှာ ပြီးခဲ့သည့်ကာလထက် ၂၆ ဆင့်ကျဆင်း၍ ကမ္ဘာ့အဆင့် ၁၄၆ ဖြင့် ဒုတိယနေရာသို့ ရောက်ရှိသွားခဲ့သည်။ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့် ၁၅၀၊ မလေးရှား ၁၅၇၊ အင်ဒိုနီးရှား ၁၅၉၊ စင်ကာပူ ၁၆၂၊ ကမ္ဘောဒီးယား ၁၉၁၊ လာအို ၁၉၄၊ ဘရူနိုင်း ၂၀၂၊ တီမောအသင်းက ကမ္ဘာ့အဆင့် ၂၀၅ တို့တွင် ရပ်တည်လျက်ရှိကာ မြန်မာအသင်းသည် အရှေ့တောင်အာရှနိုင်ငံများအနက် အဆင့် ၇ တွင် ရောက်ရှိနေသည်။

ကမ္ဘာ့အဆင့် ၁ နေရာတွင်မူ စပိန်အသင်းက ဆက်လက်ရပ်တည်လျက်ရှိပြီး ၎င်း၏နောက်တွင် ဂျာမနီ၊ အင်္ဂလန်၊ ဥရုဂွေး၊ ပေါ်တူဂီ၊ အီတလီ၊ အာဂျင်တီးနား၊ နယ်သာလန်၊ ခရိုအေးရှား၊ ဒိန်းမတ်အသင်းများက အစဉ်လိုက်ရပ်တည်လျက်ရှိသည်။ နာမည်ကြီးဘရားဇီးအသင်းမှာမူ ယခင်ကထက်အဆင့်နှစ်ဆင့်ထပ်မံကျဆင်းကာ ကမ္ဘာ့အဆင့် ၁၃ တွင် ရပ်တည်လျက်ရှိသည်။ အာရှနိုင်ငံများတွင်မူ ဂျပန်အသင်းက ကမ္ဘာ့အဆင့် ၂၂ ဖြင့် ဦးဆောင်ထားသည်။

## ပဏာမ မြန်မာ့လက်ရွေးစင် NLA နှင့် MNL All Star အသင်း ခြေစမ်းပွဲ သုဝဏ္ဏကွင်းတွင် ပြောင်းရွှေ့ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ် - ၈

ဩဂုတ် ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာနေရှင်နယ်လိဂ်ညွှန့်ပေါင်းအသင်း(MNL All Star )တို့၏ ခြေစမ်းပွဲအား အောင်ဆန်းကွင်းမှ သုဝဏ္ဏကွင်းသို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါဘောလုံးပွဲမှ ရရှိသည့် ကွင်းဝင်ကြေးများကို မသန်စွမ်းအားကစားသမားများအတွက် လှူဒါန်းသွားမည်ဖြစ်ကာ ကွင်းဝင်ကြေးကိုလည်း အထူးတန်းကျပ်တစ်ထောင်နှင့် ရိုးရိုးတန်းကျပ်ငါးရာဖြင့် ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ ခြေစမ်းပွဲအား မူလက အောင်ဆန်းကွင်းတွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း ကွင်းပြန်လည်ပြုပြင်ရန် ရှိသည့်အတွက် သုဝဏ္ဏကွင်းသို့ ပြောင်းလဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် MNL All Star အသင်းသည် မြန်မာလိဂ်တွင် ယှဉ်ပြိုင်ကစားလျက်ရှိသည့် နိုင်ငံခြားသားကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အသင်းဖြစ်သည်။






7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012



**စာ(၅၀) - စိတ်ဝင်စားဖွယ်ဖြစ်လာသည့် မြန်မာလိဂ်ချန်ပီယံအသင်းနှင့် တန်းဆင်းဇုန် မှ**

သည့် ပွဲစဉ်မျိုးဆိုပါကလည်း ပရိသတ်စိတ်ဝင်စားမည်မဟုတ်ကြောင်းဧင်း၏အမြင်ကိုပြောကြားသည်။ ပြီးခဲ့သည့် အာရှယူ-၂၂ ပြိုင်ပွဲနောက်ပိုင်းဇူလိုင်လအတွင်းမှ စတင်ကာ မြန်မာလိဂ်ပွဲစဉ်များအား လိုက်လံကြည့်ရှုနေသော ပတ်ဆောင်ဟွာက ကြည့်ခဲ့ပြီးသမျှတွင် ဗထူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရတနာပုံ-ရန်ကုန် ပွဲစဉ်နှင့် အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဇွဲကပင်-မနော‌မြေအသင်းပွဲစဉ်နှစ်ပွဲသာ စိတ်တိုင်းကျသေးကြောင်း ဆက်လက်ပြောသည်။ ဇွဲကပင်-မနောမြေအသင်းများသည်အသင်းငယ်များ ဖြစ်သော်လည်း အမှတ်ရရှိအောင်ကြိုးစားကစားသွားခဲ့သည့်အတွက် အကြိတ်အနယ်ဖြစ်ကာ ကြည့်ကောင်းခဲ့သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ကြောင်း ဧင်းကဆိုသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများတွင် ဝေဖန်မှုများရှိနေဆဲဖြစ်သည့် ဒိုင်လူကြီးဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် ရတနာပုံ-ရန်ကုန်ပွဲစဉ်တွင် ထိုင်းနိုင်ငံမှ ကွင်းလယ်ဒိုင်လူကြီးအား ငှားရမ်းတာဝန်ယူစေခဲ့သည်။ လက်ကျန်ပွဲစဉ်များတွင်လည်း ပွဲအခြေအနေအရ လိုအပ်ပါက ပြည်ပနိုင်ငံမှ ဒိုင်လူကြီးများကို ငှားရမ်းအသုံးပြုသွားစေမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအချိန်တွင် လာမည့် ဆူဇူကီးဖလားခြေစစ်ပွဲအတွက် ပဏာမလက်ရွေးစင်ကစားသမားများ ရွေးချယ်ပြီးဖြစ်သော်လည်း လက်ကျန်လိဂ်ပြိုင်ပွဲများတွင် ကစားသမားများအနေဖြင့် ကြိုးစားခြေစွမ်းပြသပါက ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်က ပြောကြားထားသည်။ ထို့ကြောင့် ကလပ်အသင်းများမှ ကစားသမားများအနေဖြင့်လည်း လက်ကျန်ပွဲစဉ်များတွင်အကောင်းဆုံးခြေစွမ်းပြသနိုင်ရန် ကြိုးစားပါက ပဏာမလက်ရွေးစင်အဖြစ် မျှော်လင့်နိုင်သည့်အတွက် အကောင်းဆုံး ကြိုးစားကြရန် လိုအပ်ကြောင်းဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူက ဆိုသည်။

စတင်ကျင်းပစဉ်က ပြိုင်ပွဲဝင် ၈ သင်းဖြင့် စတင်ခဲ့သော မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည် ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲဝင် ၁၄ သင်းဖြစ်လာခြင်း၊ အမှတ်ပေးဇယားအောက်ဆုံးနှစ်သင်း လာမည့်နှစ်ဘောလုံးရာသီတွင် တန်းဆင်းရမည်ဖြစ်ခြင်း၊ ချန်ပီယံအသင်းအနေဖြင့်ဆုကြေးငွေတိုးမြှင့်ရရှိလာခြင်းစသည့် ထူးခြားချက်များအပြင် ပြိုင်ပွဲဝင်အသင်းများ ယခင်နှစ်များထက် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာခဲ့သည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ချန်ပီယံအသင်းသည် လာမည့် တစ်လအတွင်း၌ ပေါ်ထွက်လာပါတော့မည်။

**၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၂၂ အပြီး အမှတ်ပေးဇယားရပ်တည်မှု**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ရတနာပုံ | ၂၂ | ၁၄ | ၇ | ၁ | ၄၉ |
| ရန်ကုန် | ၂၂ | ၁၄ | ၆ | ၂ | ၄၈ |
| ကမ္ဘောဇ | ၂၂ | ၁၄ | ၅ | ၃ | ၄၇ |
| ဇေယျာရွှေမြေ | ၂၂ | ၁၃ | ၃ | ၆ | ၄၂ |
| ရောဝတီ | ၂၂ | ၁၂ | ၅ | ၅ | ၄၁ |
| နေပြည်တော် | ၂၂ | ၁၁ | ၆ | ၅ | ၃၉ |
| မကွေး | ၂၂ | ၁၀ | ၇ | ၅ | ၃၇ |
| မနောမြေ | ၂၂ | ၉ | ၅ | ၈ | ၃၂ |
| ဟံသာဝတီ | ၂၂ | ၇ | ၆ | ၉ | ၂၇ |
| ရက္ခပူရ | ၂၂ | ၆ | ၆ | ၁၀ | ၂၄ |
| ဆောက်သမ်းမြန်မာ | ၂၂ | ၅ | ၃ | ၁၄ | ၁၈ |
| ဇွဲကပင် | ၂၂ | ၃ | ၃ | ၁၆ | ၁၂ |
| မောရဝတီ | ၂၂ | ၁ | ၅ | ၁၆ | ၈ |
| ချင်း | ၂၂ | ၀ | ၃ | ၁၉ | ၃ |

**ပွဲစဉ် ၂၂ အထိ ဂိုးအများဆုံးသွင်းထားသူများ**

| | | |
|---|---|---|
| ၁။ | ဆာဆာ(ဇေယျာရွှေမြေ) | ၁၉ ဂိုး |
| ၂။ | နူးနက်စ်(ကမ္ဘောဇ) | ၁၅ ဂိုး |
| ၃။ | လီအန်ဒရို(နေပြည်တော်) | ၁၅ ဂိုး |
| ၄။ | ကိုနေးလ်အဒမာ(ရတနာပုံ) | ၁၄ ဂိုး |
| ၅။ | ကိုနေး(မကွေး) | ၁၃ ဂိုး |
| ၆။ | အန်ဒရေ(ရက္ခပူရ) | ၁၁ ဂိုး |
| ၇။ | စိုးမင်းဦး(ကမ္ဘောဇ) | ၁၀ ဂိုး |
| ၈။ | ရန်ပိုင်(ရတနာပုံ) | ၁၀ ဂိုး |




# ဂျေလိဂ်နှင့် မြန်မာနေရှင်နယ်လိဂ် အကျိုးတူပူးပေါင်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ်-၈**

အာရှထိပ်တန်းလိဂ်ပြိုင်ပွဲတစ်ခုဖြစ်သည့် ဂျပန်နိုင်ငံမှ ဂျေလိဂ်နှင့် မြန်မာနေရှင်နယ်လိဂ်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် စာချုပ်အား လက်မှတ်ရေးထိုးရန်အတွက် ဂျေလိဂ်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဂျေလိဂ်ဥက္ကဋ္ဌ Mr.Kazumi Ohigashi ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၅ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိလာမည်ဖြစ်ကြောင်းနှင့် ဩဂုတ် ၂၇ ရက်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် တရားဝင်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း အဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

လေးရက်ခန့် ကြာမြင့်မည့် ၎င်းတို့ခရီးစဉ်အတွင်း နှစ်နိုင်ငံ ဘောလုံးအားကစားရေးရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအား ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ဩဂုတ် ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည့် ဧရာဝတီယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ပွဲစဉ်အား ကြည့်ရှုမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အထက်တန်းကျောင်းများမှ ကျောင်းသားဦးရေ ၂၀ နှင့် ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသားကလေးငယ်များ ပူးပေါင်း၍ ဘောလုံးလေ့ကျင့်ပေးမည့်အစီအစဉ်လည်း ပါဝင်မည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန် ချက်အရ သိရှိရသည်။

သုံးနှစ်ကျော် သက်တမ်းသာရှိသေးသည့် မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ပြည်ပလိဂ်တစ်ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းသည် ပထမဆုံးအကြိမ် ဖြစ်လာမည်ဖြစ်ကြောင်း၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲနှင့် ကလပ်အသင်းများအတွက်လည်း အကျိုးရှိစေမည်ဖြစ်ကာ မြန်မာ့ဘောလုံးအဆင့်အတန်းတိုးတက်ရေးအတွက်လည်း အကျိုးရှိစေမည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း အဖွဲ့ချုပ် တာဝန်ရှိသူက ဆိုသည်။

7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012


Photo : AFP

## ဥရောပငွေကြေးအကျပ်အတည်းအပေါ် စိုးရိမ်မှုများကြောင့် ယူရိုငွေ ပြန်လည်ကျဆင်း

**နယူးယောက်၊ ဩဂုတ် – ၉**
ဥရောပနှင့် ပတ်သက်၍ စိုးရိမ်မှုများပြန်လည်ဖြစ်ပေါ်လာ၍ ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် သုံးရက်ခန့် တန်ဖိုးတက်လာခဲ့သော ယူရိုငွေမှာ ပြန်လည်ကျဆင်းသွားသည်။

ဥရောပတိုက်၏ စီးပွားရေးနှင့် ပတ်သက်၍ ဥရောပဗဟိုဘဏ်က မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို ငွေကြေး အရောင်းဝယ်သူများက စောင့်ကြည့်နေကြသည်။ ဥရောပဗဟိုဘဏ်မာရီယိုဒရက်ဂီကလည်း ဗဟိုဘဏ်အနေဖြင့် အစိုးရငွေတိုက်စာချုပ်များကို ဝယ်ယူသွားဖွယ်ရှိသည်ဟု ယခင်ရက်သတ္တပတ်အတွင်း ပြောကြားခဲ့သော်လည်း အစီအစဉ်အတိအကျကိုမူ မပြောကြားပေ။

ထိုအတောအတွင်းမှာပင် ပြင်သစ်နိုင်ငံ၏ စီးပွားရေးသည် ရှေ့လာမည့် တတိယသုံးလပတ်တွင် ဆုတ်ယုတ်မှုထဲ ကျဆင်းမည်ဟုမျှော်လင့်ကြောင်း ပြင်သစ်ဗဟိုဘဏ်ကပြောကြားသည်။

ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ဇွန်လ ၇ ရက်တွင် ၁ ဒသမ ၂၄၁၀ ရှိခဲ့သော ယူရိုငွေမှာ ဇွန်လ ၈ ရက် ညနေပိုင်းတွင် ၁ ဒသမ ၂၃၅၆သို့ကျဆင်းသွားသည်။ ဒေါ်လာတန်ဖိုးမှာ အခြားငွေကြေးများနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအတက်အကျ မညီမျှခဲ့ဘဲ ဗြိတိသျှပေါင်ငွေနှင့်နှိုင်းယှဉ်လျှင် တန်ဖိုးတက်ခဲ့ပြီး ဂျပန်ယန်းငွေနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးကျဆင်းခဲ့သည်။

*—Ref: AP*

## တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဟိုင်ကွေးကြောင့် လူသန်းပေါင်းများစွာ ထိခိုက်ခဲ့

**ဘေဂျင်း၊ ဩဂုတ် – ၈**
တရုတ်နိုင်ငံအရှေ့ဘက် ဇီကျန်းပြည်နယ်သို့ဇွန်လ ၈ ရက်တွင် ဝင်ရောက်ခဲ့သော တိုင်ဖွန်းမုန်တိုင်းအား ပြင်းထန်သော အပူပိုင်းမုန်တိုင်းအဆင့်သို့ ပြောင်းလဲသတ်မှတ်လိုက်သော်လည်း အဆိုပါမုန်တိုင်းမှာ အန်ဟွေးပြည်နယ်သို့ ဆက်လက်ဝင်ရောက်လိမ့်မည်ဟု ပြည်နယ်ရေကြီးမှု ထိန်းချုပ်ရေးဗဟိုဌာနက ပြောကြားသည်။

ဇီကျန်းပြည်နယ်သို့ နံနက် ၃ နာရီတွင် ဝင်ရောက်ခဲ့သော ဟိုင်ကွေးမုန်တိုင်းကြောင့် တရုတ်နိုင်ငံအရှေ့ပိုင်းတွင် လူသုံးဦးသေဆုံးပြီး မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်ခဲ့သည်။ ရှန်ဟိုင်းမြို့တွင်လည်း မိုးရွာသွန်းမှုများပြားခဲ့ပြီး အချို့နေရာများတွင် မိုးရေချိန် ၁၃၀ မီလီမီတာအထိ ရှိခဲ့သည်။

ဇီကျန်းပြည်နယ်တွင် ဝင်ရောက်ခဲ့သော မုန်တိုင်းကြောင့် လူပေါင်း ၄ ဒသမ ဝ၃ သန်းထိခိုက်ခဲ့ပြီး ယွမ်ငွေ ၁၀ ဘီလီယံ (ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ) ဖိုးပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ တိုင်ဖွန်းကြောင့် နေအိမ် ပေါင်း ၄,၄၅၂ လုံးပျက်စီးပြီး သီးနှံစိုက်ပျိုးမြေ ဟက်တာပေါင်း ၁၈၄,၀၀၀ ပျက်စီးခဲ့သည်။

မုန်တိုင်းကြောင့် ဇီကျန်းပြည်နယ် အန်ဂျီစီရင်စုတွင် ကမ္ဘာလှည့်ခရီးသွား ၁,၆၃၈ ဦးသောင်တင်နေခဲ့ပြီး သောက်ရေကန်များပျက်စီးခဲ့ရာ ဒေသခံများနှင့် ကမ္ဘာ့လှည့်ခရီးသည်များမှာ မိုးရေများ သောက်သုံးခဲ့ရသည်။ ဟိုင်ကွေးမုန်တိုင်းမှာ ရက်သတ္တပတ်တစ်ပတ်အတွင်း တရုတ်အရှေ့ဘက်ကမ်းရိုးတန်းသို့ ဝင်ရောက်လာသည့် တတိယမြောက်မုန်တိုင်းဖြစ်သည်။ ယင်းမတိုင်မီ ဆွာလာနှင့် ဒမ်မရီမုန်တိုင်းများလည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

*—Ref: Xinhua*

## ရုရှားဒုံးပျံ သတ်မှတ်ထားသော ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ မရောက်ခဲ့

**မော်စကို၊ ဩဂုတ် – ၈**
ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားသော ရုရှားဒုံးပျံသည် ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း မပို့ဆောင်နိုင်ခဲ့ကြောင်း ရုရှားဖက်ဒရယ်အာကာသအေဂျင်စီက ပြောကြားသည်။ ယင်းမှာ မော်စကို၏ အာကာသအစီအစဉ် ကြုံတွေ့နေရသော ကျရှုံးမှုများအနက်မှ နောက်ဆုံးထွက်ပေါ်လာသည့် ကျရှုံးမှုတစ်ခုဖြစ်သည်။

ရုရှားနှင့် အင်ဒိုနီးရှားနိုင်ငံမှ ဆက်သွယ်ရေးဂြိုဟ်တုများ သယ်ဆောင်သွားသော Proton-M ဒုံးပျံ၏ ဒုတိယတွန်းကန်ဒုံးတစ်လုံးမှာ အချိန်မတိုင်မီ ရပ်သွားခဲ့ကြောင်း ရုရှားအာကာသလုပ်ငန်းကုမ္ပဏီ ရော့စ်ကိုမော့စ်က ပြောသည်။

၂၀၁၁ ဩဂုတ်လအတွင်းကလည်း Proton-M နှင့်လွှတ်တင်လိုက်သော ဂြိုဟ်တုတစ်လုံးမှာ လွှတ်တင်ပြီး များမကြာမီမှာပင် ထိန်းချုပ်ရေးစခန်းနှင့် အဆက်ပြတ်သွားခဲ့သည်။ ၂၀၀၇ ခုနှစ်ကလည်း ဂျပန်ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသော ဒုံးပျံမှာ ပျက်ကျခဲ့ရသည်။

ယခု ပျက်ကျမှုများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးပါက Roscosmos အနေဖြင့် အဆိုပါဒုံးပျံများကို အသုံးပြုခြင်းမှ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူ ကူဇနက်ဆော့ဗ်က ရုရှားသတင်းဌာနသို့ပြောကြားသည်။ အလေးချိန်တန် ၂၀ အထိ တင်ဆောင်နိုင်သော ဒုံးပျံများကို ရုရှားနိုင်ငံက ၁၉၆၅ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်။

*—Ref: AP*



7 DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

7 DAY SHOPPING GUIDE Since 2010
Save Money, Save Time With 7 Day Shopping Guide
ခုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ်...
-7 Day Shopping Guide ဂျာနယ်များကိုဖတ်ရှုပြီး ထောက်ပြဝေဖန်စာရေးသားပေးပို့သူများထဲမှ အကောင်းဆုံးနှင့် အချက်အလက်အပြည့်စုံဆုံး ရေးသားနိုင်သူတစ်ဦးအား နှစ်သိန်းတန် GSM SIM Card ချီးမြှင့်သည်။
-7 Day Shopping Guide ဂျာနယ်တွင် ပါရှိခဲ့သော ဆန္ဒသဘောထား ပုံစံများကိုဖြည့်စွက်၍ ပြည်လည်ပေးပို့သူတိုင်းအား ဂျာနယ် ၆လစာ မေတ္တာလက်ဆောင်ပေးပို့သည်။
- ထိုသူများထဲမှ ၅ ဦးကို မဲနှိုက်ရွေးချယ်၍ မေတ္တာလက်ဆောင်ပစ္စည်းများ ချီးမြှင့်သည်။
သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ်...
နှစ်စဉ်ကြေးပေးသွင်း ဖတ်ရှုလိုသူများအား ဩဂုတ် ၃၁ ရက်နေ့အထိ ၅၀% လျှော့ပေးသည်။
Hot Line 09 730 53320 သို့ ဆက်လိုက်ရုံဖြင့် အပတ်စဉ်တိုင်းအိမ်ရှေ့သို့ ဂျာနယ်ရောက်လာမည်။
အခန်း (G-12)၊ မြေညီထပ်၊တိုက်(B)၊ Diamond Centre၊ အမှတ် ၄၉၇၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၁၃၅၁၅-၉, Fax: ၅၁၃၅၁၉။ Email-editor@7dayshoppingguide.com

## သမိုင်းဝင် မိုးခေါင်မှုအတွက် လယ်သမားများအား အကူအညီပေးရန် အိုဘားမားကြိုးပမ်း

**ဝါရှင်တန်၊ ဩဂုတ် - ၈**

နှစ်ပေါင်းငါးဆယ်ခန့်အတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုကြောင့် အမေရိကန်၏ သီးနှံထွက်နှုန်းနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များကို ထိခိုက်နေကြောင်း အမေရိကန်သမ္မတ အိုဘားမားက ပြောကြားပြီး လယ်သမားများနှင့် ကျွဲ၊ နွားမွေးမြူရေး သမားများအတွက် အကူအညီ ပေးရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် ကွန်ဂရက်အား တိုက်တွန်းပြောကြားလိုက်သည်။



မိုးခေါင်ရေရှားမှုဒဏ် ခံစားရမှုလျော့ပါးစေရေးအတွက် မိမိအစိုးရအနေဖြင့် အစွမ်းကုန် ကြိုးစားသွားမည်ဟု အိုဘားမားက ကျေးလက်ကောင်စီအဖွဲ့နှင့် အိမ်ဖြူတော်တွင် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ "ဒါဟာ သမိုင်းဝင် မိုးခေါင်ရေရှားမှုပါ။ ပြည်နယ်ပေါင်းများစွာက လယ်သမားတွေနဲ့ မွေးမြူရေးသမားတွေကိုထိခိုက်နေပါတယ်"ဟုအိုဘားမားကပြောသည်။

အမေရိကန်နိုင်ငံ၏ ဒေသ ၆၀ ရာခိုင်နှုန်းတွင် အလယ်အလတ်အဆင့်မှ ဆိုးဆိုးရွားရွား အခြေအနေအထိ မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားနေရသည်။ အမေရိကန်ပြောင်းထုတ်လုပ်မှုမှာလည်း ခြောက်နှစ်အတွင်း အနည်းဆုံး ထွက်ရှိမည်ဟု ခန့်မှန်းထားကြသည်။

ရွေးကောက်ပွဲကျင်းပရန်မှာလည်း အချိန်သုံးလသာ ကျန်ရှိတော့၍ ကွန်ဂရက်အနေဖြင့် ငါးနှစ်သက်တမ်း လယ်ယာမြေဥပဒေကြမ်းကို အပြီးသတ် လုပ်ဆောင်ရန် အိုဘားမားကပြောသည်။ ရှေ့လာမည့် ရက်သတ္တပတ်ငါးပတ် လွှတ်တော်အစည်းအဝေးများ ရပ်နားချိန်အတွင်း လွှတ်တော်အမတ်များအနေဖြင့် ၎င်းတို့၏ မဲဆန္ဒနယ်များ၌ အခက်အခဲများကို နားမဆံ့အောင်ကြားလာခဲ့ပြီး စက်တင်ဘာ ၁၀ ရက်လွှတ်တော် ပြန်လည်စည်းဝေးချိန်တွင် ဥပဒေကြမ်းကို ချက်ချင်း ပြီးပြတ်အောင် ကိုင်တွယ်သွားလိမ့်မည်ဟုမျှော်လင့်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

—*Ref: Reuters*




## နှစ် ၁၀၀ ကျော် ငြိမ်သက်နေသော နယူးဇီလန်မီးတောင် ရုတ်တရက် ပေါက်ကွဲ

**ဝယ်လင်တန်၊ ဩဂုတ် - ၇**



နယူးဇီလန်နိုင်ငံ၏ မြောက်ကျွန်းပေါ်တွင် တည်ရှိသော မောင့်ကွန်ဂါရီယိုမီးတောင်သည် ၁၈၉၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ထပ်မံပေါက်ကွဲခဲ့ကြောင်း မီးတောင်များကို စောင့်ကြည့်သော အစိုးရ GNS သိပ္ပံဌာနက ပြောကြားသည်။

အဆိုပါဒေသမှ မျက်မြင်သက်သေများ၏ ပြောပြမှုအရ 'The Lord of the Rings' ရုပ်ရှင်အတွက်နောက်ခံရှုခင်းများရိုက်ကူးခဲ့ရာ တောင်တွင် မီးတောက်များကဲ့သို့ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး တောင်ဘေးနံရံအပေါက်သစ်တစ်ခုမှ ပြာမှုန်များ အလုံးလိုက်တက်လာခဲ့ကြောင်း သိရသည်။

"ကျောက်တုံးတွေလွင့်ထွက်လာတယ်။ မိုးကြိုးလျှပ်စီးတွေလက်ပြီး မီးရှူးမီးပန်းတွေ ပစ်ဖောက်လိုက်သလိုပဲ"ဟု ဒေးဗစ်ဘန်းနက်ဆိုသူ ဒေသခံကပြောကြားသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်စီးဆင်းမှု မရှိခဲ့သော်လည်း ပြာမှုန်များလေထဲသို့ ပေပေါင်း ၂၀,၀၀၀ ခန့်အထိ လွင့်တက်ခဲ့၍ ပြည်တွင်းလေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရကြောင်း အရပ်ဘက်ကာကွယ်ရေး ဌာနက ပြောသည်။

ဒေသခံများအား မိမိတို့၏ နေအိမ်များတွင် တံခါးပိတ်နေရန် အရပ်ဘက်ကာကွယ်ရေးက ပြောကြားထားသော်လည်း တွန်ဂါရီယိုမီးတောင်သည် အချက်ပြခြင်းမရှိဘဲ အချိန်မရွေးပေါက်ကွဲမှု ဖြစ်နိုင်ကြောင်း သတိပေးထားသည်။

အဆိုပါမီးတောင်မှာ ပေါက်ကွဲမှု မဖြစ်ပေါ်ခင် မည်သည့်လှုပ်ရှားမှုမှ မရှိခဲ့သောကြောင့် ၎င်းတို့ကို အံ့အားသင့်သွားစေခဲ့ကြောင်း မီးတောင်ပညာရှင်များကပြောကြားသည်။ ဝန်ကြီးချုပ်ဂျွန်ကီးကလည်း အာဏာပိုင်များအနေဖြင့် အခြေအနေကို စောင့်ကြည့်နေသည်ဟုပြောသည်။

—*Ref: AFP*

# အလက်ပိုမြို့ တိုက်ပွဲများတွင် ဆီးရီးယားအစိုးရတပ်ဖွဲ့များ အသာစီးရလာ


Photo : AFP

**ဒမတ်စကပ်၊ ဩဂုတ် - ၉**

ဆီးရီးယားနိုင်ငံ၏ အဓိက စီးပွားရေးမြို့ဖြစ်သော အလက်ပိုမြို့ ဆာလာဟူဒင်ခရိုင်တွင် ပြင်းထန်သောတိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် သူပုန်တပ်ဖွဲ့ဝင်များ ရာနှင့်ချီ၍ သေဆုံးသွားကြောင်း ဆီးရီးယားနိုင်ငံပိုင်မီဒီယာက ပြောကြားသည်။ ယင်းဒေသရှိ ပုန်ကန်ထကြွမှုကို ဆက်လက်နှိမ်နင်းကာ အစိုးရတပ်ဖွဲ့များက ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း ဆာနာသတင်းဌာနက ဆက်လက်ပြောကြားသည်။

ဆာလာဟူဒင်ဒေသတွင် လက်နက်ကိုင်များရာနှင့်ချီ သေဆုံးခဲ့ကြောင်းနှင့် အလက်ပိုမြို့ ပြင်ပ မာယာဒေသတွင် သေနတ်သမား ၇၀ ဦးသေဆုံးခဲ့သည်ဟု ဆာနာ၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။ လက်နက်ကိုင်ယောကျ်ားအများအပြားလည်း အာဏာပိုင်များထံ လက်နက်ချခဲ့သည်ဟု အစိုးရက စောစောပိုင်းတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်မီဒီယာက ဆာလာဟူဒင်ဒေသတွင် စစ်တပ်၏ အောင်မြင်မှုများကို ကြွားလုံးထုတ်နေစဉ်မှာပင် ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးကောင်စီက ဆာလာဟူဒင်နှင့် အခြားဒေသနှစ်ခုတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေကြောင်း ပြောကြားသည်။

ဆီးရီးယားနိုင်ငံတစ်ဝန်းလူ ပေါင်း ၆၀ သေဆုံးပြီး ယင်းတို့အနက် ၃၈ ဦးမှာ လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော အရပ်သားများဖြစ်သည်ဟု ဆီးရီးယားအတိုက်အခံအဖွဲ့က ပြောကြားသည်။ အလက်ပိုမြို့ တိုက်ပွဲများမှာ ဇူလိုင်လအတွင်း စတင်ဖြစ်ပွားခဲ့ပြီး တူရကီနိုင်ငံနှင့် ဆက်စပ်နေသော နိုင်ငံမြောက်ပိုင်းတွင် ခြေကုပ်ရရှိရေးအတွက် အသေအကျေ တိုက်ပွဲဝင်နေပုံရသည်။

*—Ref: Xinhua*

## လစ်ဗျားကြားဖြတ်ကောင်စီက ရွေးချယ်ခံရသော အဖွဲ့သစ်ထံ အာဏာလွှဲပြောင်း

**ထရီပိုလီ၊ ဩဂုတ် - ၉**

လစ်ဗျားတော်လှန်ရေးကာလအတွင်း ပေါ်ပေါက်ခဲ့သောကြားဖြတ်အဖွဲ့ အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီ (NTC) က အသစ်စက်စက်ရွေးကောက်တင်မြှောက်ခံရသော ညီလာခံအဖွဲ့ထံ အာဏာလွှဲပြောင်းပေးလိုက်ကြောင်း သိရသည်။

မွမ်မာကဒါဖီအား ဖြုတ်ချပြီး တစ်နှစ်နီးပါးကြာမြင့်ချိန်တွင် ဖြစ်ပေါ်သော ငြိမ်းချမ်းသည့် အာဏာလွှဲပြောင်းမှုတွင် NTC အကြီးအကဲ မူစတာဖာအဗ္ဗဒူဂျာလီလ်က ဥပဒေပြုအဖွဲ့၏ အသက်အကြီးဆုံးကိုယ်စားလှယ်ထံ အာဏာလွှဲပြောင်းပေးအပ်ခဲ့သည်။

အာဏာလွှဲပြောင်းရယူအပြီးမှာပင် ညီလာခံအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးပြုလုပ်ခဲ့ပြီး ညီလာခံဥက္ကဋ္ဌရွေးချယ်နိုင်ရန်အတွက် အစည်းအဝေးများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ ကြားဖြတ်အမျိုးသားကောင်စီကိုမူ ဖျက်သိမ်းလိုက်ပြီဖြစ်သည်။

ယင်းအခမ်းအနားမှာပင် အမျိုးသား အသွင်ကူးပြောင်းရေးကောင်စီအကြီးအကဲ မစ္စတာ ဂျာလီလ်က ကောင်စီအုပ်ချုပ်စဉ်ကာလအတွင်း လုံခြုံရေးအပြည့်အဝမရယူနိုင်ခဲ့ခြင်းကိုဝန်ခံခဲ့ပြီး NTC အနေဖြင့်တစ်မူထူးခြားနေသောအနေအထားတွင် အုပ်ချုပ်ခဲ့ရခြင်းဖြစ်သည်ဟု ပြောသည်။

လစ်ဗျားနိုင်ငံ၏ အချို့ဒေသများတွင် တိုက်ခိုက်မှုများဆက်လက်ရှိနေဆဲဖြစ်ပြီး အချို့နေရာများတွင် လက်နက်ကိုင်တပ်ဖွဲ့များက အာဏာချုပ်ကိုင်ထားဆဲဖြစ်သည်။ အဖွဲ့ဝင် ၂၀၀ ပါဝင်သော ညီလာခံက အစိုးရတစ်ရပ် ခန့်အပ်မည်ဖြစ်ကာ နိုင်ငံ၏ အခြေခံဥပဒေကိုပြန်လည်ရေးဆွဲပြီးချိန်တွင် ရွေးကောက်ပွဲများ အသစ် ထပ်မံကျင်းပမည်ဖြစ်သည်။

*—Ref: BBC*



7 DAY NEWS JOURNAL

# International

Vol.11, No.23 • AUGUST 16 , 2012



၂၀၁၂ ဩဂုတ် ၁၂ ရက်က လန်ဒန်အိုလံပစ်ပိတ်ပွဲအခမ်းအနား၌ လန်ဒန်ရှိအိုလံပစ်အားကစားကွင်းကြီးအတွင်း မီးရှူးမီးပန်းများ ပေါက်ကွဲနေပုံ။ လာမည့် ၂၀၁၆ အိုလံပစ်ပြိုင်ပွဲကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် ရီယိုဒီဂျနေးရိုးမြို့တွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။ Photo : AFP

## ပါရှန်ပင်လယ်ကွေ့တွင် ကန် ဖျက်သင်္ဘောနှင့် ဂျပန်ရေနံတင်သင်္ဘော တိုက်မိ

**နယူးယောက်၊ ဩဂုတ် - ၁၃**

အမေရိကန်ရေတပ်မှဖျက်သင်္ဘော ယူအက်စ်အက်စ်ပေါ်တာသည် ဟောမုဒ်စ် ရေလက်ကြားတွင် ဂျပန်ရေနံတင်သင်္ဘောတစ်စီးနှင့် တိုက်မိခဲ့ပြီး အပျက်အစီးများပြားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားချိန်တွင် အမေရိကန်ရေတပ်ဖျက်သင်္ဘောသည် ဟောမုဒ်စ်ရေလက်ကြားမှ ပါရှန်းပင်လယ်ကွေ့ဆီသို့ဖြတ်သန်းသွားနေချိန်ဖြစ်ပြီး ရေနံတင်သင်္ဘောအိုတိုဝါဆန်မှာ ရေလက်ကြားသို့ စတင်ဝင်ရောက်ချိန်တွင် တစ်စီးနှင့်တစ်စီး တိုက်မိကြခြင်းဖြစ်သည်။

စာ(၄၅)သို့

## အီဂျစ်သမ္မတ မော်စီ ဒုသမ္မတနှင့် စစ်ဘက် အကြီးအကဲသစ် ခန့်အပ်

**ကိုင်ရို၊ ဩဂုတ် - ၁၃**

အီဂျစ်သမ္မတ မိုဟာမက်မော်စီသည် ကာကွယ်ရေးဝန်ကြီးသစ်နှင့်ဒုတိယသမ္မတကိုခန့်အပ်လိုက်ပြီး သမ္မတ၏ အာဏာပါဝါကို ကန့်သတ်ထားသော အခြေခံဥပဒေဆိုင်ရာကြေညာချက်ကိုလည်း ဖျက်သိမ်းလိုက်သည်။ **စာ(၄၅)သို့**

## အာဆီယံနိုင်ငံများ တောင်တရုတ်ပင်လယ်အရေးတွင် စည်းလုံးညီညွတ်ကြရန် မလေးရှားတိုက်တွန်း

**ကိုတာကင်နာဘာလူး၊ ဩဂုတ် - ၁၂**

တောင်တရုတ်ပင်လယ်အရေးကိစ္စကို တရုတ်နိုင်ငံနှင့် မဆွေးနွေးမီ အာဆီယံအဖွဲ့အနေဖြင့် တောင်တရုတ်ပင်လယ်တွင် သူပိုင်ကိုယ်ပိုင်ပြောဆိုနေမှုများ ဖြေရှင်းကြရမည်ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းပြောကြားလိုက်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ဂျေချီနှင့် တစ်နာရီကြာ တွေ့ဆုံပြီးနောက် မစ္စတာအာနီဖာအာမင်၏ မှတ်ချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ အရင်းအမြစ်ကြွယ်ဝသော တောင်တရုတ်ပင်လယ် နယ်မြေအချို့အားမိမိတို့ပိုင်ဆိုင်သည်ဟုအပြိုင်ပြောနေကြသော နိုင်ငံများတွင် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့ပါဝင်သလိုထိုင်ဝမ်လည်း ပါဝင်သည်။

တရုတ်နိုင်ငံကမူ နယ်မြေအားလုံးနီးပါးကို ၎င်းတို့ပိုင်ဆိုင်သည်ဟု ပြောဆိုသည်။

ဇွန်လအတွင်း စကာဘိုရိုရေတိမ်ဒေသများအနီးဖြစ်ပွားခဲ့သောဖိလစ်ပိုင်နှင့်တရုတ်သင်္ဘောများအကြား ထိပ်တိုက်ရင်ဆိုင်ရမှုမျိုး **စာ(၄၅)သို့**

## INTERVIEW

ပထမဆုံးသော ဂျမေကာ အမျိုးသမီးဝန်ကြီးချုပ် ပေါ်တီယာ ဆင်ပဆန် မေလာနှင့် တွေ့ဆုံခြင်း



စာ(၃၆)သို့

## NEWS ANALYSIS



## ကျိန်စာမှ ကောင်းချီးဩဘာဖြစ်စေဖို့

စာ(၃၆)သို့

## ဆီးရီးယားသမ္မတပြုတ်ကျနိုင်သည့်အခြေအနေတွင် အမေရိကန်နှင့် တူရကီပူးပေါင်း

**အီစတန်ဘူလ်၊ ဩဂုတ် - ၁၃**

တူရကီနှင့် အမေရိကန်နိုင်ငံတို့သည် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ပြုတ်ကျသွားနိုင်သောအခြေအနေအတွက်ကြိုတင်ပြင်ဆင်မှုများကို အရှိန်မြှင့်တင်လုပ်ဆောင်ရန်သဘောတူညီခဲ့ကြကြောင်းသိရသည်။ ယင်းပြင်ဆင်မှုများတွင် အတိုက်အခံအားအကူအညီပေးရေး၊နှစ်ဖက်ပူးပေါင်းထားသော အဖွဲ့တစ်ဖွဲ့ထူထောင်ရေး၊ ဒုက္ခသည်များအား အကူအညီပေးရေးနှင့် ဓာတုလက်နက်များဖြင့် တိုက်ခိုက်ခြင်းကဲ့သို့ အဆိုးဆုံးအခြေအနေများအတွက် ပြင်ဆင်ရေးများလည်း ပါဝင်သည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံတွင်ဆွေးနွေးမည့် အာရပ်နိုင်ငံ **စာ(၄၅)သို့**



ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.23 • AUGUST 16 , 2012

# ပဲခူးအရှေ့က ရေမြုပ်လယ်များ ထက်ဝက်ခန့် ပျက်စီးနိုင်

**အောင်သူရ၊ ပြည့်သိမ်း**
**ရန်ကုန်၊ ဩဂုတ်-၉**

ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းရှိ မြို့နယ် ၆ မြို့နယ်တွင် ရေမြုပ်သွားသော စပါးခင်းများ၏ ၅၀ ရာခိုင်နှုန်းခန့်သည် ပျက်စီးသွားနိုင်ကြောင်း ဒေသခံတောင်သူများထံမှ သတင်းရရှိသည်။

“တစ်ပတ်ကျော်သွားပြီဆိုတော့ မြုပ်သွားတဲ့ လယ်အများစုက မကောင်းနိုင်တော့ဘူး။ ၅၀၊ ၅၀ ကနေ ၃၀၊ ၇၀ ကျန်အောင် လုပ်နေရတယ်” ဟု ၁၀ ရက်ခန့် ရေမြုပ်နေသော ကဝမြို့နယ် အုံးနဲ့ကျေးရွာမှ လယ်ဧက ၅၀ ခန့် ရေမြုပ်နေသူတောင်သူ ကိုသိုက်စိုးက ပြောသည်။

ဇူလိုင်လကုန်ပိုင်းမှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ရှိ ရွှေကျင်၊ မဒေါက်၊ ဒိုက်ဦး၊ ညောင်လေးပင်နှင့် ဝေါမြို့မှ လယ်မြေများ ရေနစ်မြုပ်မှုများရှိနေကြောင်း ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာဦးအေးကိုက ပြောသည်။

ကဝမြို့နယ်တွင် မိုးစပါးစိုက်ဧကနှစ်သိန်းကျော်ရှိပြီး လက်ရှိစာရင်းဇယားများအရ ဧကနှစ်သောင်းကျော် ရေမြုပ်နေသည်မှာ ၁၀ ရက်ဝန်းကျင်ရှိပြီဟု ကဝမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

ထို့အပြင် သနပ်ပင်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၂၇,၀၀၀ ကျော် ရေမြုပ်သွားပြီဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦးက ပြောသည်။

“ဒီနှစ်က မပြေလည်ကြတော့ ကြဲပြီးစိုက်ကြတဲ့ လူများတယ်။ မိုးကနောက်ကျပြီး စိုက်တာ စောတဲ့အတွက် စပါးပင်သက်တမ်းပိုရင့်တယ်။ ဒါပေမဲ့ တက်တဲ့ရေကလည်း အရင်ထက်ပိုတက်တယ်။ အရင်နှစ်တွေက ရေတက်ရင် ကျွန်တော့်အိမ် ရေမရောက်ဘူး။ အခုတစ်ပေလောက် မြုပ်နေတယ်” ဟု အုန်းနဲ့ကျေးရွာမှ ကိုအောင်သိုက်က ပြောသည်။

ထို့ကြောင့် ယခုရေမြုပ်သွားသော လယ်များရေကျသွားပြီးနောက် ပျက်စီးသွားသော စပါးခင်းကို တောင်သူအများစု ပြန်လည်စိုက်ပျိုးနိုင်မည်မဟုတ်ကြောင်း ဒေသခံများက သုံးသပ်ကြသည်။

ပြီးခဲ့သည့် နှစ်မိုးစပါးရာသီက ပုံမှန်နှစ်များထက်စော၍ ရေကြီးခဲ့သဖြင့် စပါးခင်းများ သိန်းချီရေမြုပ်ခဲ့ရာ ဆည်မြောင်းဌာနက ပိုင်းကျိုးရေမြောင်းအား ဖောက်လုပ်ပေးခဲ့သည်။

သို့သော် ယခုနှစ်ရေကြီးရခြင်းမှာ ယခင်ကကဲ့သို့ ပဲခူးမြစ်မှလာသော ရေများကြောင့်မဟုတ်ဘဲ စစ်တောင်းမြစ်မှ လျှံကျလာသော ရေများနှင့် အချို့သော ရေတံခါးများတွင် အချိန်မီ အပေါက်များ မဖွင့်နိုင်ခြင်းကြောင့် ဖြစ်ကြောင်း ဒေသခံများက သုံးသပ်ကြသည်။

သီးနှံဈေးနှုန်းကျဆင်းခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် ယခုနှစ်မိုးစပါးကို ဖြစ်သလိုကြဲပက်စိုက်ပျိုးကြသဖြင့်လာမည့် မိုးစပါးအထွက် ထိခိုက်နိုင်သည်ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က စပါးခင်းများ ရေမမြုပ်ခင်ကပင် သုံးသပ်ခဲ့သည်။

## အီဂျစ်နိုင်ငံရှိ မြန်မာသံရုံး မပိတ်

**မြတ်စုမွန်**
**ရန်ကုန်၊ ဩဂုတ်-၇**

အီဂျစ်နိုင်ငံရှိမြန်မာသံရုံးအားယာယီပိတ်မည်ဆိုသည့် သတင်းမှာ မဟုတ်မှန်ကြောင်း နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ အုပ်ချုပ်ရေး(၁)မှ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

မြန်မာသံရုံးယာယီပိတ်မည်ဆိုသည့်သတင်းကြောင့် UAE နိုင်ငံများတွင်ရောက်နေသည့် မြန်မာလူမျိုးများကြားတွင် သံရုံးနှင့် ဆက်သွယ်လုပ်ကိုင်ရမည့်ကိစ္စများ ရပ်ဆိုင်းနိုင်သဖြင့် ကြိုတင်သတိပြုနိုင်စေရန် အပြန်အလှန်သတင်းအချက်အလက်များ မျှဝေနေကြခြင်းနှင့်ပတ်သက်၍ 7Day News မှ ဆက်သွယ်မေးမြန်းရာယခုကဲ့သို့ ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

“လုံးဝမဟုတ်ပါဘူး။ သံရုံးပိတ်မယ်ဆိုတဲ့ သတင်းဟာ အခုချိန်ထိတော့ လုံးဝမဟုတ်သေးပါဘူး”ဟု ဒုတိယညွှန်ကြားရေးမှူး ဦးဝဏ္ဏဟန်ကပြောသည်။

UAE နိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများသည် အီဂျစ်နိုင်ငံရှိ တစ်ခုတည်းသော မြန်မာသံရုံးနှင့် ဆက်သွယ်လုပ်ဆောင်ရကြောင်း ဒူဘိုင်းမှမြန်မာအလုပ်သမားတစ်ဦးက ပြောသည်။

# ပြည်နယ်ကြီးသုံးခုမှ သတ္တုတူးဖော်ရေးလုပ်ငန်းများ အများပိုင်ကုမ္ပဏီ ထူထောင်လုပ်ကိုင်ခွင့်ပြုမည်

**အိဖြူမွန်၊ မိုးညို**
**ရန်ကုန်၊ ဩဂုတ် - ၁၁**

ပြည်နယ်ကြီးသုံးခု၌ လက်ရှိ တူးဖော်နေသော သတ္တုတူးဖော်ရေးလုပ်ငန်းများကို အများပိုင်ကုမ္ပဏီပုံစံဖြင့် တူးဖော်လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်ကပြောသည်။

ယခုနှစ်ကုန်ပိုင်းတွင် လာရောက်ဖွယ်ရှိသည့်ပြည်ပကုမ္ပဏီများ မဝင်ရောက်မီ တိုင်းရင်းသားလုပ်ငန်းရှင်များ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်နိုင်ရန် ယခုကဲ့သို့ အများပိုင်ကုမ္ပဏီပုံစံဖြင့် စတင်လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းလည်းဖြစ်သည်။



**ယင်းမာပင်မြို့နယ် ကြေးစင်တောင်အနီးတွေ့ရသော တစ်ပိုင်တစ်နိုင် ကြေးနီချက်လုပ်ငန်းများ** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြည်နယ်ကြီးသုံးခုဖြစ်သော ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ သတ္တုတူးဖော်သည့် လုပ်ငန်းရှင်များနှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က တိုက်ရိုက်တွေ့ဆုံခဲ့ပြီး လုပ်ငန်းရှင်များ၏ အခက်အခဲများအား အဓိကထားဆွေးနွေးခဲ့ရာမှ အများပိုင်ကုမ္ပဏီဖြင့် ဖွဲ့စည်းလုပ်ကိုင်ရန်တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ကယားပြည်နယ်မှ သတ္တုတူးဖော်သည့်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယင်းဒေသများတွင် တရားမဝင် တူးဖော်နေသော သတ္တုလုပ်ငန်းများအား စုစည်း၍ အများပိုင်ကုမ္ပဏီအဖြစ် ထူထောင်ခြင်း၊ ဒေသတွင်းရှိ တိုင်းရင်းသားပါတီများနှင့် ပူးတွဲလုပ်ဆောင်စေခြင်း၊ မဖော်ထုတ်ရသေးသည့်သတ္တုမိုင်းများအား ထပ်မံစမ်းသပ်ရှာဖွေခြင်းများကိုပြုလုပ်သွားမည်ဖြစ်ကြောင်း အထက်ပါလုပ်ငန်းရှင်က ဆိုသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ လာရောက်ပါက ဒေသအတွက် ထိခိုက်နိုင်သည့် တူးဖော်ရေးလုပ်ငန်းများကို လုံးဝခွင့်မပြုနိုင်ဘဲ ဒေသအား အမှန်တကယ်အကျိုးပြုမည့်ကုမ္ပဏီများကိုစိစစ်လုပ်ကိုင်ခွင့်ပေးစေလိုကြောင်း ကယန်းပြည်သစ်ပါတီမှ ဦးသိန်းဟန်က ပြောသည်။

လက်ရှိ သတ္တုမိုင်းများ၌ နည်းပညာ၊ ငွေကြေးဆိုင်ရာအကူအညီများ လိုအပ်နေပြီး နိုင်ငံခြားကုမ္ပဏီများနှင့် ပူးတွဲလုပ်ကိုင်လိုကြောင်း တိုင်းရင်းသားလုပ်ငန်းရှင်များမပါဝင်ဘဲ ခွင့်ပြုမည်ဆိုပါက ငွေကြေးနှင့်နည်းပညာအင်အားမတတ်နိုင်သော တိုင်းရင်းသားလုပ်ငန်းရှင်များ ပျောက်ကွယ်သွားနိုင်ကြောင်း ရှမ်းပြည်နယ်တောင်ပိုင်းတွင် ခနောက်စိမ်းတူးဖော်နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

မြန်မာနိုင်ငံ၌ နိုင်ငံသားပိုင်ကုမ္ပဏီ ၁,၃၅၅ ခုအား လုပ်ပိုင်ခွင့်ပေးအပ်ထားပြီးဖြစ်ကာ ရှာဖွေရေးအဆင့်ရှိ လုပ်ပိုင်ခွင့်ပါမစ် ၅၅၁ ခု၊ အသေးစားလုပ်ကိုင်ခွင့်ပါမစ် ၅၂၀၊ အကြီးစား လုပ်ကိုင်ခွင့်ပါမစ် ၁၂၉ ခုအား လုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ကြောင်း သတ္တုတွင်းဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

## ခုနစ်လအတွင်း လောင်းကစားမှုပေါင်း ၂,၀၀၀ကျော် ဖမ်းဆီးရမိ

**သီဟ**
**နေပြည်တော်၊ဩဂုတ် –၇**

ယခုနှစ်ဇန်နဝါရီ ၁ရက်မှ ဇူလိုင် ၃၁ ရက်အထိ ခုနစ်လအတွင်း လောင်းကစားမှုပေါင်း ၂,၈၀၁မှု၊တရားခံပေါင်း ၄,၇၇၈ဦးနှင့် လောင်းကြေး ငွေကျပ် ၂၀၈သန်းကျော်ဖမ်းဆီးရမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြောသည်။

လောင်းကစားမှု လျော့နည်းပပျောက်စေရန်အတွက် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန် ၁ရက်နေ့ မှ ၃၀ရက်နေ့အထိ ပညာပေးကာလ သတ်မှတ်ခဲ့ပြီး ဇူလိုင် ၁ ရက်နေ့မှစ၍ ဖိဖိစီးစီး ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးအရေးယူရာတွင် လောင်းကစားသမားများနှင့် ဆက်သွယ်၍ မသမာမှုပြုလုပ်လျက်ရှိသည့် တပ်ဖွဲ့ဝင်များ၊ လောင်းကစားမှု ဖမ်းဆီးရန် တာဝန်ပျက်ကွက်ခဲ့သည့် တပ်ဖွဲ့ဝင်များနှင့်လောင်းကစားသမားများဆီမှလာဘ်ငွေယူသည့်တပ်ဖွဲ့ဝင်များပါ ရာထူးကြီးငယ်မရွေး စစ်ဆေးဖော်ထုတ်အရေးယူခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကပြောသည်။

စီမံချက်စတင်ခဲ့သည့် ၂၀၁၁ခုနှစ် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လောင်းကစားမှုပေါင်း ၂၁၆၅ မှု၊တရားခံပေါင်း ၃၆၃၄ ဦးနှင့် လောင်းကြေးငွေကျပ်ပေါင်း သန်း ၁၆၀ကျော်ဖမ်း ဆီးရမိခဲ့ကြောင်း သိရသည်။

“တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လောင်းကစားမှု ပပျောက်ရေးအတွက်ကို စီမံချက်ရေးဆွဲဆောင်ရွက်နေပေမယ့်လည်း လောင်းကစားမှု ကျူးလွန်သူများက ကျူးလွန်ပုံ ကျူးလွန်နည်းတွေပြောင်းလဲနေသလို ဘာသာရေးနဲ့ လူမှုရေးပွဲတော်တွေကို အကြောင်းပြပြီး ကျူးလွန်နေကြဆဲပဲဖြစ်ပါတယ်”ဟု ဒုတိယဝန်ကြီးကပြောကြားသည်။

ဒုတိယဝန်ကြီးက ယနေ့ကျင်းပပြုလုပ်သည့် ပထမအကြိမ်ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် ရွှာငံမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်သိန်း၏ လောင်းကစားမှုများ ပပျောက်နိုင်စေရေးအတွက် မည်သို့မည်ပုံ ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိစပ်လျဉ်းသည့်မေးခွန်းအားပြန်လည်ဖြေကြားရာတွင် ပြောကြားသွားခြင်းဖြစ်သည်။



မော်တော်ယာဉ်တင်သွင်းခြင်း နှစ်(၂၀)ကျော် အတွေ့အကြုံဖြင့်
လူကြီးမင်းတို့ စိတ်တိုင်းကျဖြစ်စေမည့်ဝန်ဆောင်မှု
ပြည့်ဖြိုးကျော်
မော်တော်ယာဉ်တင်သွင်းရောင်းချရေး
SHWE FAMILY TRADING CO., LTD.
PYAE PHYO KYAW TRADING CO., LTD.
PPK MOTORS
www.ppkmotors.com®
စမ်းချောင်း
ကျွန်းတောလမ်း
Please leave our rich experiences of over 20 years...
20年以上自動車輸入サービスに経験豊富な我社にお任せ下さい
ဂျပန်လေလံပေါင်း (၅၀) ကျော်မှ တိုက်ရိုက် စိတ်ကြိုက်ရွေးချယ်နိုင်ပါပြီ
1300 CC
AA Taxi
Truck
Hiace
Saloon
Account ဖွင့် ⟶ ပါမစ် ⟶ သင်္ဘောတင် လိုင်စင်ယူ ⟶ အမည်ပေါက်
အစအဆုံးဆောင်ရွက်ပေးပါသည်။
ဟံသာဝတီလမ်း
မကြီးကြီးလမ်း
ပြည့်ဖြိုးကျော်
မော်တော်ယာဉ်တင်သွင်းရောင်းချရေး
ဗားကရာလမ်း
PYAE PHYO KYAW SERVICES CO.,LTD.
PPK MOTORS
www.ppkmotors.com
အမှတ်(၄၂/၄၄) ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။
Tel : (Off) - 01-502681, 502682, 504248, 503716
Fax : 01 - 504247
Email - services@ppkmotors.com
Web - www.ppkmotors.com




ILBC
PRESCHOOL
SEIN GAY HAR
PARAMI CENTRE
COMMING SOON




အ ရေ ပြား အ လှ အ ဓိ က
နှင်းခူအစို၊
အရေပြားရောင်ရမ်းခြင်းနှင့်
ယားနာခြင်း အမျိုးမျိုး
အတွက်
Topical Dermatological
BETACLOGE Cream
BETACLOGE Cream
10g
Manufactured under License by
Korea Pharma Co.Ltd, Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.

# တိုက်ရိုက်ခန့် စာနယ်ဇင်းအမြုတေကောင်စီ ဝေဖန်သံများ ထွက်ပေါ်

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဩဂုတ်-၉**

မြန်မာနိုင်ငံအမြုတေစာနယ်ဇင်းကောင်စီကို ဩဂုတ်လ ၉ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုဖွဲ့စည်းလိုက်ရာ အဆိုပါကောင်စီနှင့်ပတ်သက်၍ သတင်းမီဒီယာလောကအတွင်း ဝေဖန်မှုများစွာ ထွက်ပေါ်လာခဲ့သည်။

မီဒီယာအချို့အပေါ် မကြာသေးမီက တရားစွဲဆိုမှုများ၊ ယာယီထုတ်ဝေခွင့် ရပ်ဆိုင်းခြင်းများ ပြုလုပ်ပြီးနောက် ပေါ်ထွက်လာသော အဆိုပါ အမြုတေကောင်စီကို သတင်းမီဒီယာသမားများသို့ အသိပေးတိုင်ပင်ခြင်းမရှိဘဲ အစိုးရက တိုက်ရိုက်ခန့်အပ်ဖွဲ့စည်းလိုက်ခြင်းဖြစ်သောကြောင့် ယခုကဲ့သို့ ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်လာရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြပါရှိသည့် အမြုတေစာနယ်ဇင်းကောင်စီ၏ တာဝန်နှင့်ဝတ္တရားများ ကြေညာချက်များမှ အချက်အလက်အများစုကို သတင်းမီဒီယာသမားများက လက်ခံနိုင်ခြင်း မရှိသည်ကလည်း အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။

ယင်းအကြောင်းအရာများကြောင့် Eleven Media Group မှ ယင်းတို့၏ အွန်လိုင်းစာမျက်နှာနှင့် ဂျာနယ်စာမျက်နှာများပေါ်တွင် ရှုတ်ချကန့်ကွက်မှုများပြုလုပ်ခဲ့ပြီး ယခုကိစ္စသည် စာနယ်ဇင်းလွတ်လပ်ခွင့်အား နောက်ပြန်သွားစေနိုင်သည့် လုပ်ဆောင်မှုပင်ဖြစ်ပြီး သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် ပတ်သက်၍ မလိုလားအပ်သော ရှုပ်ထွေးမှုများဖြစ်ပေါ်စေနိုင်သလို ဒီမိုကရေစီ အပြောင်းအလဲအား ရှေ့သို့ သွားမည်ဆိုပါက ယခုကိစ္စအား ပြန်လည်စဉ်းစားသုံးသပ်ပေးပါရန် တိုက်တွန်းပါကြောင်းဖြင့် တုံ့ပြန်ဖော်ပြခဲ့သည်။

အမြုတေစာနယ်ဇင်းကောင်စီတွင် မြန်မာနိုင်ငံသတင်းစာဆရာများအသင်းမှ အမည်စာရင်းတင်သွင်းလိုက်သူ ငါးဦးပါဝင်နေပြီး ယင်းတို့တောင်းဆိုထားသည့် အချက်အလက်များကိုထည့်သွင်းခြင်းမရှိဘဲ ဖွဲ့စည်းလိုက်ခြင်း ဖြစ်သောကြောင့် ပြန်လည်ပြင်ဆင်ပေးခြင်းမရှိပါက ဆက်လက်ပါဝင်မည် မဟုတ်ကြောင်း ကြေညာခဲ့ကြခြင်းဖြစ်သည်။

"အခုကစပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်းအဖြစ် မားမားမတ်မတ် ရပ်တည်သွားမယ်။ တင်ပြထားတာတွေကို ပြောင်းလဲပြင်ဆင်ပေးမယ်ဆိုရင် ကိုယ်စားလှယ်လွှတ်မယ်။ မပြင်ဘူးဆိုရင် မလွှတ်ဘူးလို့ ဆုံးဖြတ်ထားတယ်"ဟုမြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဥက္ကဋ္ဌ ဦးစိုးသိမ်း(မောင်ဝံသ)က ဩဂုတ် ၁၁ ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံလုံးဆိုင်ရာသတင်းစာအသင်း ညီလာခံတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း (MJA)မှ ကိုယ်စားလှယ်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးတို့ ဩဂုတ်၁၂ရက်နေ့က တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံရာတွင် MJA မှ သဘောထားများကို ပြည်ထောင်စုဝန်ကြီးအား ယင်းတို့သဘောထားများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးကလည်း MJA ကိုယ်စားလှယ်များ မပါဝင်တော့သဖြင့် အမြုတေစာနယ်ဇင်းကောင်စီလုပ်ငန်းများအား ဆိုင်းငံ့ထားမည်ဖြစ်ပြီး MJA နှင့် ဆွေးနွေးပြီးပြတ်သည်အထိစောင့်ဆိုင်းမည်ဟုပြန်လည်ပြောကြားကြောင်း MJA၏ သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

သို့သော် အမြုတေ စာနယ်ဇင်းကောင်စီလုပ်ငန်း လည်ပတ်ချိန်အထိ စာပေစိစစ်မှုများ ဆက်ရှိနေဦးမည်ဟုသိရကြောင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN)နှင့်မြန်မာစာနယ်ဇင်းသမဂ္ဂ (MJU) တို့ကလည်း နိုင်ငံတော်မှ တိုက်ရိုက်တာဝန်ပေး ဖွဲ့စည်းလိုက်သည့် အမြုတေစာနယ်ဇင်းကောင်စီကို လက်ခံနိုင်ဖွယ်မရှိကြောင်း သိရသည်။

"ဥပဒေပေါ်လာပြီး လွတ်လပ်တဲ့ စာနယ်ဇင်းကောင်စီဖွဲ့ပြီးရင် ကောင်စီက ဦးစီးလုပ်နိုင်အောင် ဝန်ကြီးဌာနက ပံ့ပိုးရုံပဲ ကူညီသွားမှာပါ"ဟု ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က 7Day News သို့ပြောခဲ့သည်။

# ရပ်ကွက်သာရေး နာရေး လူမှုရေးအဖွဲ့ များ မှတ်ပုံတင်ကြေးကြောင့် အခက်ကြုံ

**ပြည့်သိမ်း၊ အိဖြူမွန်၊ ရန်နိုင်ကျော်**

**ရန်ကုန်၊ ဩဂုတ်-၁၁**

**ရပ်ကွက်အတွင်း သာရေး နာရေးလုပ်ကိုင်နေသည့် လူမှုရေးအဖွဲ့များကို ငွေကျပ်ငါးသိန်းဖြင့် တရားဝင်မှတ်ပုံတင်ပြုလုပ်ပြီး ဖွဲ့စည်းရန် ပြည်ထဲရေးဝန်ကြီးဌာနက အသိပေးထားပြီး လူမှုရေးအသင်းအဖွဲ့များ အခက်ကြုံနေရကြောင်း သတင်းရရှိသည်။**

"ငါးသိန်းကတော့ မတတ်နိုင်ဘူး။ ရန်ပုံငွေက မရှိဘဲ အဖွဲ့ဝင် တစ်ယောက်ကို တစ်လ ၅၀၀ ကျပ် ကောက်နေရတာ"ဟု မန္တလေးတိုင်းဒေသကြီးရှိ စိမ်းရောင်စိုအဖွဲ့တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ မှတ်ပုံတင်လျှောက်ရာတွင် စတင်လျှောက်ထားစဉ် နှစ်တွင် ကျပ်တစ်သိန်းပေးသွင်းရမည်ဖြစ်သည်။ ထို့နောက် လိုင်စင်သက်တမ်းမှာ ငါးနှစ်ဖြစ်သည့်အတွက် နှစ်စဉ်သက်တမ်းတိုးလျှင် ကျန်ငွေကို ထပ်မံပေးသွင်းရမှာဖြစ်ကြောင်း ပခုက္ကူမြို့ရှိလူငယ်အားမာန်အဖွဲ့မှ တာဝန်ရှိသူက ရှင်းပြသည်။

"အလှူငွေနဲ့ ရပ်တည်နေရတာ။ တခြားမှာ အများကြီးသုံးဖို့ လိုတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

အရပ်ဘက်အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည်ဟု နိုင်ငံတော်သမ္မတကြီးက ပြောကြားထားသော်လည်း မှတ်ပုံတင်ရာ၌ပင် လူမှုရေးလုပ်ငန်းများတွင် အခက်အခဲများ ကြုံတွေ့နေရသည်။ အလှူရှင်များထံမှ မှတ်ပုံတင်ကြေးအတွက် သီးသန့်အဆိုပြုလွှာတင်လျှင်လည်း ရနိုင်ဖွယ်မရှိကြောင်း သိရသည်။

"မုံရွာမြို့ပေါ် ရပ်ကွက်ကျေးရွာတွေမှာ ပရဟိတလုပ်ငန်းတွေဆောင်ရွက်တဲ့ အသင်းအဖွဲ့(၄၄)သင်းက သက်ဆိုင်ရာကို တရားဝင်အသင်းအဖွဲ့လျှောက်လွှာတော့ တင်ထားကြတယ်။ အသင်းမှတ်ပုံတင်ကြေး ငါးသိန်း ပေးသွင်းရမယ်ဆိုတော့ ရန်ပုံငွေမရှိတဲ့အသင်းတွေအားလုံး ကနဦးမှတ်ပုံတင်ကြေး ငါးသိန်းမပေးနိုင်လို့ လက်ရှိပရဟိတလုပ်ငန်းတွေ ရပ်နားရတော့မလို ဖြစ်နေပြီ"ဟု မုံရွာမြို့ သလ္လာရပ်ကွက် ပရဟိတလူမှုကူညီရေး ဦးဆောင်သူတစ်ဦးကပြောသည်။

"နိုင်ငံရေးပါတီတွေ ကနဦးမှတ်ပုံတင်ကြေးငွေငါးသိန်းဆိုတာ ဆန္ဒမဲအနိုင်ရခဲ့ရင်လွှတ်တော်စရိတ်တွေရတယ်။ ပရဟိတအသင်းအဖွဲ့တွေက ကနဦးမှတ်ပုံတင်ကြေး ကျပ်ငါးသိန်းက သက်ဆိုင်ရာ ဘာထောက်ပံ့မှုမှ မရဘူး။ နာရေးယာဉ်တွေ အခွန်မဲ့ယာဉ်မှတ်ပုံတင်ပေးသလို ပရဟိတအသင်းတွေကို အသင်းအဖွဲ့မှတ်ပုံတင်ရာမှာလည်း ကနဦးမှတ်ပုံတင်ကြေး လျှော့ပေါ့သင့်ပါပြီ"ဟု တန့်ဆည်မြို့ အခြေစိုက် ကရုဏာပရဟိတဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရန်နိုင်က ပြောကြားသည်။

ထို့အပြင် ပြည်ထဲရေးအဖွဲ့အစည်း၊ သာသနာရေးအဖွဲ့၊ လက်ရှိ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသည့်အဖွဲ့ စီးပွားရေးလုပ်ငန်းများ၊ မှတ်ပုံတင်ပြီးသောနိုင်ငံရေးအဖွဲ့များ မှတ်ပုံတင်စရာမလိုကြောင်း သိရသည်။

မှတ်ပုံတင်ဖွဲ့စည်းခွင့် မရသည့် အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး ယန္တရားကို ထိခိုက်စေမည့်အဖွဲ့၊ နိုင်ငံရေး ဥပဒေအရ ပယ်ဖျက်ထားသည့် အသင်းအဖွဲ့၊ ဥပဒေစိုးမိုးရေး ထိခိုက်စေမည့်အဖွဲ့၊ ကာကွယ်ရေး၊ နိုင်ငံပိုင်အဖွဲ့အစည်း၊ နိုင်ငံ့ဝန်ထမ်းများ မှတ်ပုံတင်ဖွဲ့စည်းခွင့်မရှိကြောင်း သိရသည်။ ယခင်က မှတ်ပုံတင်ကြေး တစ်နှစ် တစ်သိန်းကျပ်ဖြင့် မှတ်ပုံတင်သက်တမ်း ၂နှစ်ပေးရာမှ ယခုနှစ်ပိုင်းမှစတင်ပြီး မှတ်ပုံတင်သဘောသက်တမ်း ၅နှစ်ပြောင်းလဲသတ်မှတ်ကာ ၅သိန်းကောက်ခံခဲ့ကြောင်း ပြည်တွင်းရှိလူမှုအဖွဲ့အစည်းများ ဆောင်ရွက်သူများထံမှ သတင်းရရှိသည်။

# ရှစ်လေးလုံးနေ့ကို သမိုင်းဝင်နေ့အဖြစ် သတ်မှတ်ပေးရန် တိုက်တွန်းတောင်းဆို

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဩဂုတ် - ၉**

ဩဂုတ်လ ၈ ရက်ကို သမိုင်းဝင်နေ့တစ်နေ့အဖြစ် တရားဝင်သတ်မှတ်ပေးရန်အတွက် ယခုနှစ် ရှစ်လေးလုံးနှစ်ပတ်လည်အခမ်းအနားပွဲများက တိုက်တွန်းကြေညာခဲ့ကြသည်။

ရှစ်လေးလုံးနေ့သည်မြန်မာ့သမိုင်းတွင် အလွန်အရေးပါသည့် သမိုင်းဝင်နေ့တစ်နေ့ဖြစ်ကြောင်း၊ ယနေ့ မျက်မှောက်ကာလ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များသည် ရှစ်လေးလုံး အရေးတော်ပုံကြီး၏ အကျိုးဆက်များဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ပြုလုပ်သောအခမ်းအနားများ၌ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းလိုလားသူများက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ရွှေရတုအကြို(၂၄)နှစ်မြောက် ရှစ်လေးလုံးနှစ်ပတ်လည်အခမ်းအနားကို ဩဂုတ်လ ၈ ရက် နံနက် ၉ နာရီမှစတင်ကာ ရန်ကုန်မြို့၊ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ ရဲဘော်ရဲဘက်များ၊ နိုင်ငံရေးပါတီများ၊ လူငယ်များ၊ စာရေးဆရာ ကဗျာဆရာများအင်အား ၁,၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ထို့အတူ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးအလယ်တိုက်တွင် ပြုလုပ်သော ရှစ်လေးလုံးနှစ်ပတ်လည်နေ့ ၂၄နှစ်ပြည့်အခမ်းအနား၌ အရေးတော်ပုံ စတင်ခဲ့သော ဩဂုတ်လ ၈ ရက်ကို ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ရန် မန္တလေးပွဲဖြစ်မြောက်ရေးကော်မတီဝင် ကိုတင်သစ်က အဆိုတင်သွင်းခဲ့ရာ တက်ရောက်လာသူ ၁,၀၀၀ ကျော်ကထောက်ခံခဲ့ကြသည်။

**သတင်းတိုများ**

## ၉၀ ဖျက်သိမ်းခံ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်း

**ငြိမ်းချမ်း၊ နိုင်ချို**

**ရန်ကုန်၊ ဩဂုတ်-၁၁**

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ဖျက်သိမ်းခံခဲ့ရသည့် ရခိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ဥက္ကဋ္ဌဦးအေးသာအောင်က ပြောကြားသည်။

အဆိုပါ အဖွဲ့ချုပ်တွင် နာယကအဖြစ် ဦးသီးသာဆန်း၊ ဥက္ကဋ္ဌအဖြစ်ဦးအေးသာအောင်၊ ဒုဥက္ကဋ္ဌများအဖြစ်ဦးအေးကျော်နှင့်ဦးကျော်မြင့်၊ အတွင်းရေးမှူးများအဖြစ် ဦးစောမောင်နှင့် ဦးမျိုး ကျော်တို့အပြင် ဗဟိုအလုပ်အမှုဆောင်ကိုးဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်းသိရသည်။

## မွေးမြူရေးငါးကန်များ ရေကြီးမှုကြောင့် ဆုံးရှုံးကြောင်း တင်ပြနိုင်လျှင် ဝင်ငွေခွန်ကို အမြတ်ငွေထဲမှ ၃ နှစ်ထိ နှိမ်ပေးမည်

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ်-၁၀**

မွေးမြူရေးငါးကန်များ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများအား အထောက်အထားခိုင်လုံစွာဖြင့် အချိန်မီတင်ပြနိုင်ပါက ဝင်ငွေခွန်ကောက်ရာတွင် အမြတ်ငွေထဲမှ နောက်ထပ်သုံးနှစ်အထိ ခုနှိမ်ပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးကပြောသည်။

"ရှုံးတာကို ရှုံးတဲ့အတိုင်း ခိုင်ခိုင်လုံလုံနဲ့ တင်ပြနိုင်ရင် အဲဒီအရှုံးအတွက်ကို အခွန်မကောက်ပါဘူး။ ဒီရှုံးတဲ့ငွေကို နောက်နှစ်မြတ်တဲ့အပေါ်မှာ ပြန်ခုနှိမ်ပြီးတော့ နောက်နှစ်မှာလည်း မကောက်ပါဘူး။ သုံးနှစ်စာအထိ ခုနှိမ်ပေးလို့ရတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ၎င်းကပြောသည်။

## ရေနစ်မြုပ်နေသော ဒဂုံအရှေ့ပိုင်းကျေးရွာများမှ လယ်သမားများ စုပေါင်းတရားစွဲဆိုမည်

**ငြိမ်းချမ်း၊ မင်းဟိန်းကျော်**

**ရန်ကုန်၊ ဩဂုတ်-၁၁**

ဒဂုံအရှေ့ပိုင်းမြို့နယ်မှ ကျေးရွာငါးရွာ ရေနစ်မြုပ်နေခြင်းကို သက်ဆိုင်ရာ အာဏာပိုင်များက ရေနုတ်မြောင်းများ ပြန်ဖွင့်ပေးခြင်းမရှိသဖြင့် လယ်သမားများ စုပေါင်းတရားစွဲဆိုသွားမည်ဟု ဖိုးခေါင်ရွာမှ လယ်သမားများကပြောသည်။

ကျေးရွာများ ရေနစ်မြုပ်ရခြင်းမှာ ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံအနီးရှိ ငါးကန်များမှ ရေထုတ်မည့် ရေနုတ်မြောင်းကို ပိတ်ဆို့ထားခြင်းကြောင့်ဖြစ်ပြီး လယ်သမားများက သွားရောက် တောင်းဆိုသော်လည်း ထိုရေနုတ်မြောင်းကို ဖွင့်ပေးခြင်းမရှိသဖြင့် တရားစွဲဆိုရန် စီစဉ်သွားမည်ဖြစ်ကြောင်း ကျူချောင်းကျေးရွာမှ လယ်သမား ဦးဝင်းဌေးကပြောသည်။ လယ်သမားများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်တင်ပြသည့်အခါ အထက်အရာရှိများသို့ဆက်လက်တင်ပြပေးမည်ဟုပြောကြောင်း၊ လယ်သမားများအနေဖြင့် ဩဂုတ်လအတွင်း မိုးစပါးအမီ ပြန်စိုက်ရမည်ဖြစ်ခြင်းကြောင့် အချိန်ကာလကြာမြင့်စွာ မစောင့်နိုင်ကြောင်း၊ ထို့ကြောင့် တရားစွဲဆိုရန် စီစဉ်ရခြင်းဖြစ်ကြောင်း လယ်သမားများက ပြောကြားသည်။

## ဆန်စပါးအသင်း အသင်းချုပ်အဖြစ် ဖွဲ့စည်းခွင့်ရ

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၁၀**

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းအား အသင်းချုပ်အဖြစ်ဖွဲ့စည်းရန် သက်ဆိုင်ရာက ဩဂုတ်လဆန်းတွင် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌဦးချစ်ခိုင်က ပြောသည်။

"အသင်းချုပ်ဖွဲ့ဖို့ ကျပြီဆိုတော့ လက်ရှိ ရှိနေတဲ့အစုအဖွဲ့တွေက အသင်းဖြစ်သွားမယ်။ အသင်းချုပ်ဖွဲ့စည်းပုံတော့ပြန်ရေးရမှာပေါ့"ဟုမြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဗဟိုအလုပ်အမှုဆောင် ဒေါက်တာထွန်းဝင်းကပြောသည်။

ထို့အပြင် လက်ရှိ ရှိနေပြီးသားအသင်းဖြစ်သော စိုက်ပျိုးထုတ်လုပ်သူများအသင်းသည် လယ်သမားများနှင့် ဝေးနေသဖြင့် လယ်သမားအားကိုယ်စားပြုသည့် စပါးစိုက်တောင်သူများအသင်း ထပ်မံဖွဲ့စည်းရန် အစီအစဉ်ရှိကြောင်း ဒေါက်တာစိုးထွန်းက ပြောသည်။

ယခင်က မြန်မာနိုင်ငံတွင် ယခင်က ကုန်သည်/စက်မှုအသင်းချုပ်တစ်ခုသာရှိပြီး ယခုအခါ အသင်းချုပ်နှစ်ခုရှိလာတော့မည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.23 • AUGUST 16 , 2012

# အဂတိလိုက်စားမှု အောက်ခြေအဆင့်တွင် နေရာတိုင်းနီးပါးရှိနေကြောင်း သမ္မတပြောကြား

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၁၃**

အဂတိလိုက်စားမှုသည် အောက်ခြေအဆင့်ဆင့်၌ နေရာတိုင်းလိုလိုရှိနေသေးသည့်အတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းသွားကြရမည်ဟုနိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားကြောင်း ဩဂုတ် ၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

စီမံကိန်းကော်မရှင် ဒုတိယအကြိမ်အစည်းအဝေးကျင်းပသောဩဂုတ် ၁၂ ရက်တွင်စီမံကိန်းကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားခဲ့ခြင်းဖြစ်သည်။

လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်၍ Three Friends ဆောက်လုပ်ရေးကုမ္ပဏီ အထွေထွေမန်နေဂျာဦးကိုကိုလေးက "ရုံးတွေဝင်မယ်ဆိုရင် ဂိတ်စောင့်ကစပြီး ငွေပေးမှရတယ်။ မပေးရင်မျိုးစုံစစ်ဆေးပြီး ရစ်ကြတယ်" ဟု ပြောသည်။

ဦးသိန်းစိန်ဦးဆောင်သောအစိုးရအဖွဲ့တက်လာပြီးနောက် စီမံကိန်းများ ချထားပေးရာတွင် ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များ မရရှိကြဘဲ ယခင် အစိုးရလက်ထက်ကရရှိသူများသာထပ်မံရရှိနေကြောင်း မူဆယ်ဒေသခံများက ပြောသည်။

"မူဆယ်မြို့ ဖွံ့ဖြိုးရေးစီမံကိန်းအတွက်ဒေသခံလုပ်ငန်းရှင်တွေ လျှောက်ကြတယ်။ မရဘူး။ အရင်အစိုးရလက်ထက်ကတည်းက လူတွေပဲ ရသွားကြတယ်" ဟု မူဆယ်ဒေသခံကုန်သည်တစ်ဦးက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပေါ်လစီချမှတ်ခြင်းနှင့် အုပ်ချုပ်မှုရေးရာ ကျွမ်းကျင်သူဒေါက်တာစိုးထွန်းက "နံပါတ်တစ်အနေနဲ့ဆိုရင် ကျင့်သုံးတဲ့မူဝါဒနဲ့ ကြိုးနီစနစ်တွေကို ပပျောက်အောင်ပြုလုပ်ရမယ်။ ကြိုးနီစနစ်ရှိနေလို့ အဂတိလိုက်စားမှု ပေါ်လာတာ၊ အလည်အလတ်နဲ့အောက်ခြေအဆင့်မှာတော့လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ မလိုအပ်တဲ့အဆင့်တွေရှိနေခြင်းဟာ အချိန်ကြန့်ကြာမှုဖြစ်စေတယ်။ အဲဒီကြန့်ကြာမှုကို မူတည်ပြီးတော့ အဂတိလိုက်စားကြတာ" ဟု ဆိုသည်။

ထို့အပြင် အဆင့်မြင့် ဝန်ထမ်းများက လုပ်ငန်းများချထားပေးရာတွင် ပွင့်လင်းမြင်သာမှုရှိရန်လို၍ အများပြည်သူအား အသိပေးပြီး လုပ်ဆောင်ပါက အဂတိလိုက်စားမှုလျော့နည်းနိုင်ကြောင်း ဒေါက်တာစိုးထွန်းက အကြံပြုသည်။

နိုင်ငံတော်သမ္မတက လာဘ်ပေး လာဘ်ယူမှုသည် ပေးသူရောယူသူပါ အကျင့်ပျက်သည့် သိက္ခာမဲ့လုပ်ရပ်ဖြစ်သည့်အပြင် အစိုးရ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေသည့်အတွက်ထိထိရောက်ရောက် အပြစ်ပေးအရေးယူခြင်းများဖြင့် တားဆီးသွားရန် လိုအပ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

# ဩဂုတ် ၁၅ ရက်တွင် လွှတ်တော်၌ ဒုတိယသမ္မတအမည်စာရင်းတင်မည်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ် - ၁၄**

ဩဂုတ်လ ၁၅ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အဋ္ဌမမြောက်နေ့ အစည်းအဝေး၌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအမည်စာရင်းကို ကြေညာပြီး ဒုတိယသမ္မတက ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဟု အစည်းအဝေးအစီအစဉ် လျာထားချက်တွင်ပါရှိကြောင်းသတင်းရရှိသည်။

ဇူလိုင်လ ၁ ရက်ကပင် ဒုတိယသမ္မတရာထူးမှ အနားယူသွားသည့် သီဟသူရဦးတင်အောင်မြင့်ဦး၏ လစ်လပ်ရာထူးနေရာအတွက် တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့က ထပ်မံ၍ ဒုတိယသမ္မတအမည်စာရင်းကို ရွေးချယ်တင်သွင်းရခြင်းဖြစ်သည်။

ဇူလိုင်လ ၁၀ ရက်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတအမည်စာရင်းကိုနောက်ဆုံးထားတင်သွင်းရန် ညွှန်ကြားချက်ထွက်ရှိလာပြီးနောက် ဒုတိယသမ္မတအဖြစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေကို ရွေးချယ်ပြီးဖြစ်သည်ဟုတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သတင်းထောက်များကိုပြောကြားခဲ့သည်။

လစ်လပ်သွားသော ဒုတိယသမ္မတရာထူးနေရာအတွက် ထပ်မံရွေးချယ်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က တစ်လခွဲကြာ ရွေးချယ်ခဲ့ရပြီးမှ ဩဂုတ်လ ၁၅ရက်တွင် အပြီးသတ်ကြေညာနိုင်မည်ဖြစ်သည်။

ဒုတိယသမ္မတနေရာအမည်စာရင်းမကြေညာမီတစ်ရက်အလိုယနေ့တွင် လွှတ်တော်အသိုင်းအဝိုင်း၌ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဉာဏ်ထွန်းကို အမည်စာရင်းတင်သွင်းလိမ့်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပြည်ထောင်စုလွှတ်တော်နာယကရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုပြီးပါက နိုင်ငံတော်ဒုတိယသမ္မတအဖြစ် တာဝန်ယူဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

# အမျိုးသမီးငယ် ၁၃ ဦးကို စင်ကာပူတွင် အိမ်အကူလုပ်ရန် ပို့ဆောင်ပေးမည့် အကျိုးဆောင်ကို ဖမ်းဆီး

**ချယ်ရီမြင့်**

**ရန်ကုန်၊ ဩဂုတ် - ၁၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်မှ အမျိုးသမီးငယ် ၁၃ဦးအား စင်ကာပူနိုင်ငံသို့ အိမ်အကူလုပ်ရန် တစ်လလျှင် စင်ကာပူဒေါ်လာ ၄၀၀ (မြန်မာငွေ ၂၆၀,၀၀၀ ကျပ်)ဖြင့် ဆက်သွယ်ပို့ဆောင်ပေးမည့်သူကို သန်လျင်ရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှသိရသည်။

အဆိုပါ အမျိုးသမီးငယ် ၁၃ ဦးအား ဗိုလ်ချုပ်ကျေးရွာ အုပ်ချုပ်ရေးမှူးထံ ညှိစာရင်းတိုင်ရာမှ ၎င်းအုပ်ချုပ်ရေးမှူးက မသင်္ကာသဖြင့် မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးထံ သတင်းပေးပို့ခဲ့ခြင်းဖြစ်သည်။

FMI CITY လှိုင်သာယာမြို့နယ်နေသူမအေးအေးချို၏ ဆက်သွယ်မှုဖြင့် အဆိုပါအမျိုးသမီးငယ်များ ရောက်ရှိလာခြင်းဖြစ်ပြီး ၎င်း၏မိခင် ဒေါ်ကြည်ဌေးက နေအိမ်တွင် လက်ခံထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှတ်တမ်းများအရ သိရသည်။

ယင်းကိစ္စအား လူကုန်ကူးအထူးအဖွဲ့မှ ရဲအုပ်ဌေးအောင်က ဩဂုတ် ၉ ရက်တွင် ဆက်လက်စစ်ဆေးခဲ့ရာ မစန္ဒာလွင်(ကောင်းခန့်ဟိန်း အထွေထွေအကျိုးဆောင်လုပ်ငန်း၏ မန်နေဂျာ)နှင့်တစ်ဦးကစင်ကာပူနိုင်ငံ၌တစ်လလျှင်စင်ကာပူ ဒေါ်လာ ၄၀၀ ဖြင့် အိမ်အကူလုပ်ငန်းလုပ်ကိုင်ရန် သုံးသုတ်ခွဲကာ ပေးပို့မည်ဖြစ်ပြီး မအေးအေးချိုက အိမ်အကူလုပ်ငန်းအတွက် အဆိုပါအမျိုးသမီးငယ်များအား သင်ကြားပေးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

မစန္ဒာလွင်ပါ လေးဦးအား အရေးယူပေးရန်ရဲအုပ်ဌေးအောင်က တရားလိုပြုလုပ်တိုင်တန်းမှုကို သန်လျင်ရဲစခန်းက (ပ) ၉၉၁/ ၁၂၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးဥပဒေပုဒ်မ-၂၆ ဖြင့် ဩဂုတ် ၉ ရက်၌ အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ်ထွန်းထွန်းဝေက တရားခံများအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း ၎င်းထံမှသိရသည်။

ပြည်ပသို့ အလုပ်လုပ်ကိုင်ရန်ပို့ဆောင်သည့် အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီများအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးတွင် လူတင်ပို့ခွင့် မှတ်ပုံတင်ရပြီး မှတ်ပုံတင်မရှိသည့်ကုမ္ပဏီများအား နိုင်ငံတော်အစိုးရက ပြည်ပအက်ဥပဒေပုဒ်မ ၂၆(အထူးနှင့်အထွေထွေ)ဖြင့် ဖမ်းဆီးနိုင်သည်ဟု တရားဝင်ထုတ်ပြန်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

## ပြင်ဆင်သိမှတ်ပေးပါရန်

7Day News ဂျာနယ်အတွဲ ၁၁၊ အမှတ် ၂၂၊ စာ-၂ **"ခွင့်ပြုချက်မရသေးသော်လည်း မန္တလေးမြို့ တော် သစ်စီမံကိန်းအစုရှယ်ယာတစ်ခုကျပ် ၁၀၀၀၀ ဖြင့် ရောင်း "** ခေါင်းစဉ်စာသားအစား **"မန္တလေးမြို့တော်သစ်စီမံကိန်းအတွက် အစုရှယ်ယာ အဆိုပြုလွှာများဖိတ်ခေါ်"** ဟူ၍လည်းကောင်း၊ ဂျာနယ်အတွဲ ၁၁၊ အမှတ် ၂၀၊ စာ-၂ **"ပုဂံမြို့ဟောင်းရှိဟိုတယ်တစ်လုံးတွင်တစ်ညအတွင်း အခန်းငါးခန်း အခိုးခံရ"** ဟု သတင်းမှ **"Aureum Palace ဟိုတယ်တွင် ထိုင်းနိုင်ငံသူတစ်ဦး ဓာတ်လိုက်သေဆုံးခြင်း"** စာသားအစား **"Aureum Palace ဟိုတယ်တွင် ထိုင်းနိုင်ငံသူတစ်ဦးနှလုံးရောဂါဖြင့် သေဆုံးခြင်း"** ဟု လည်းကောင်း ပြင်ဆင်သိမှတ်ပေးပါရန်။

မျက်နှာဖုံး - ကမ္ဘာကျော်ပက်ပ်စီအချိုရည် တစ်ဦးတည်း ဖြန့်ဖြူးရောင်းချခွင့် ဒိုင်းမွန်းစတားကုမ္ပဏီရရှိ မှ

ပက်ပ်စီကုမ္ပဏီကမြန်မာနိုင်ငံတွင် Pepsi–Cola, 7 Up နှင့် Mirinda အချိုရည်များကိုပါ ပြန်လည်ရောင်းချ ဖြန့်ဖြူးမည်ဖြစ်ကြောင်း နယူးယောက်မြို့အခြေစိုက် အဆိုပါကုမ္ပဏီက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ပက်ပ်စီအချိုရည်မှ ယခင်က မြန်မာနိုင်ငံတွင် ကာလရှည် ဖြန့်ဖြူးရောင်းချခဲ့ပြီး ၁၉၉၇ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံတွင် ရောင်းချခြင်း ရပ်ဆိုင်းခဲ့ဖြစ်သည်။ ယခင်က မြန်မာနိုင်ငံတွင် ရောင်းချစဉ် ဦးသိန်းထွန်း၏ မြန်မာဂိုးလ်ဒင်းစတား (MGS)ကုမ္ပဏီက ဖြန့်ဖြူးရောင်းချခွင့် ရရှိခဲ့သည်။

ဒိုင်းမွန်းစတားကုမ္ပဏီမှာ မြန်မာနိုင်ငံတွင် အကြီးဆုံးကုန်ပစ္စည်းတင်သွင်းဖြန့်ချိသောကုမ္ပဏီဖြစ်ကြောင်း ပက်ပ်စီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထိုကုမ္ပဏီက တစ်ကျော့ပြန် ပက်ပ်စီထုတ်ကုန်များကို တင်သွင်းဖြန့်ဖြူးရာတွင် ပက်ပ်စီကုမ္ပဏီ၏ဗီယက်နမ်စက်ရုံမှထုတ်လုပ်သော အချိုရည်များကိုကနဦးတွင် တင်သွင်းဖြန့်ဖြူးရမည်ဖြစ်သည်။ ထို့အပြင် ပက်ပ်စီကုမ္ပဏီက မြန်မာနိုင်ငံတွင်းမှာပင် အချိုရည်ထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုတွင် ရင်းနှီးမြှုပ်နှံရန် အလားအလာတို့ကို အကဲဖြတ်ရန်ရှိကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပက်ပ်စီကုမ္ပဏီ၏ အဓိကပြိုင်ဘက်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးအချိုရည်ထုတ်လုပ်ငန်းဖြစ်သော ကိုကာကိုလာကုမ္ပဏီမှာလည်း နှစ်ပေါင်းခြောက်ဆယ်အတွင်း ပထမဆုံးအကြိမ် မြန်မာနိုင်ငံသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချတော့မည်ဖြစ်ကြောင်း အတ္တလန္တာအခြေစိုက် အဆိုပါ ကိုကာကိုလာကုမ္ပဏီက ဇွန်လလယ်က သတင်းထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာကျော် အချိုရည်ကုမ္ပဏီကြီးနှစ်ခုမှာ မြန်မာနိုင်ငံတွင် ဈေးကွက်ရရှိရေးအတွက် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

"ကမ္ဘာကျော် ကုမ္ပဏီကြီးနှစ်ခုရဲ့ မြန်မာပြည်ဈေးကွက်ရဖို့ယှဉ်ပြိုင်မှုက ပြည်တွင်းအချိုရည်လုပ်ငန်းတွေ ကြားညပ်သွားနိုင်တယ်"ဟု ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင် တစ်ဦးကလည်း သူ၏အမြင်ကို ပြောသည်။

အချိုရည်မျိုးစုံနှင့် ရေသန့်ထုတ်လုပ်ရောင်းချသောပြည်တွင်းကုမ္ပဏီကြီးဖြစ်သော လွယ်ဟိန်းကုမ္ပဏီပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ပြည်ပမှ အချိုရည်ကုမ္ပဏီကြီးများ ပြန်လည်ဝင်ရောက်လာတော့မည့်အတွက် ဈေးကွက်ဝေစုလျော့ကျမသွားစေရန် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း ပြောသည်။ ပက်ပ်စီနှင့် ကိုကာကိုလာတို့မှာပြည်ပတွင်ထုတ်လုပ်၍ တင်သွင်းရောင်းချပါက ဈေးများစွာလျှော့ချကာ ရောင်းနိုင်မည်မဟုတ်သဖြင့် ဈေးကွက်ဝေစုလျော့ကျရန်မရှိကြောင်း၊ သို့သော် ပြည်တွင်း၌စက်ရုံတည်၍ ထုတ်လုပ်ရောင်းချပါကဈေးကွက်ဝေစုလျော့ကျသွားနိုင်ကြောင်း ၎င်းက ပြောသည်။

"ဈေးကွက်မှာတော့ သူတို့ထင်သလို လွှမ်းမိုးသွားမယ်လို့ မထင်ဘူး"ဟု ၎င်းက ဆိုသည်။

ပြည်ပကုမ္ပဏီများနှင့်ယှဉ်ပြိုင်ရမည့်အတွက် ပြည်တွင်းကုမ္ပဏီများမှာ ကြိုတင်ပြင်ဆင်ထားပြီး၊ ကိုယ့်အခြေအနေကိုယ်သိရန်နှင့် ပြိုင်ဘက် အခြေအနေကိုသိရန် လွန်စွာအရေးကြီးကြောင်း ဒေါက်တာစိုင်းဆမ်ထွန်းက ပြောသည်။

ကိုကာကိုလာကုမ္ပဏီမှာ မြန်မာနိုင်ငံတွင် ပြန်လည်ဖြန့်ဖြူးရောင်းချရန်အတွက် ပြည်တွင်းအချိုရည်ထုတ်လုပ်သော ကုမ္ပဏီတစ်ခုနှင့် ညှိနှိုင်းနေပြီး၊ ယင်းတို့က မြန်မာနိုင်ငံမှာပင် အချိုရည်ထုတ်လုပ်သွားရန်စီစဉ်နေကြောင်းလည်း စီးပွားရေး လုပ်ငန်းရှင်ကြီးများထံမှ သတင်းရရှိသည်။ ထို့အပြင် ကိုကာကိုလာက ပြည်တွင်းဈေးကွက် ရရှိရေးအတွက် ဈေးကွက်ဗျူဟာများပင် ချမှတ်နေပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။

ဒိုင်းမွန်းစတားကုမ္ပဏီသည် ဒိုင်းမွန်းစတားဂျုံမှုန့်၊ ပရီးမီးယားကော်ဖီအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်း၊ အာမိုဓာတ်မြေဩဇာထုတ်လုပ်ရောင်းချခြင်း စသောစီးပွားရေး လုပ်ငန်းများစွာကို လုပ်ကိုင်နေသော ကုမ္ပဏီကြီးဖြစ်သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်က ပြုလုပ်ခဲ့သော အစိုးရ၏ အဆောက်အအုံနှင့် မြေကွက်အများဆုံး ရောင်းချသော လေလံတွင် ဒိုင်းမွန်းစတားပိုင်ရှင် ဒေါက်တာဦးကိုကိုကြီးမှာ စီးပွားဖက် ဦးထွန်းရင်နှင့်အတူ ပဒုမ္မာကဇာတ်ရုံကို ကျပ်သန်းပေါင်း ၅၆,၀၀၀ ကျော်ဖြင့် လေလံအောင်ခဲ့ကြောင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ထုတ်ပြန်ခဲ့သော လေလံအောင်သူများစာရင်းတွင် ဖော်ပြခဲ့သည်။ သို့သော်အစိုးရက နောက်ပိုင်းတွင် ပဒုမ္မာကဇာတ်ရုံကို ပုဂ္ဂလိကသို့မပေးတော့ဘဲ လေလံကို ပြန်လည်ပယ်ဖျက်ခဲ့သည်။

# မူလအနှစ်သာရမပျက် ထိန်းသိမ်းရေးသည် ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးအတွက် အရေးကြီးသောအချက်တစ်ချက်ဖြစ်

ငြိမ်းငြိမ်းနိုင်

**ရန်ကုန်၊ဩဂုတ်-၁၀**

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသအဖြစ် သတ်မှတ်နိုင်ရေးအတွက် နောက်နှစ်အတွင်း လေ့လာမှုများ ပြုလုပ်နိုင်မည်ဟု ခန့်မှန်းရကြောင်း ယူနက်စကို ကမ္ဘာ့အမွေအနှစ်စင်တာ ညွှန်ကြားရေးမှူးက မစ္စတာရောင်ကီးရှောက ပြောကြားသည်။

ပုဂံဒေသအား ၁၉၆၆ ခုနှစ်ကပင် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာတင်ခဲ့ပြီး ယင်းဒေသ အမွေအနှစ်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ယူနက်စကိုက ကူညီခဲ့သည်။ ယခုနောက်ပိုင်းတွင် ပျူမြို့သုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့များနှင့် ရှေးဟောင်းပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်ရေး ကူညီသွားမည်ဖြစ်ကြောင်း နှစ်ပေါင်းနှစ်ဆယ်အတွင်း ယူနက်စကို ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ မြန်မာနိုင်ငံခရီးစဉ်အဖြစ် လာရောက်ခဲ့သော မစ္စအရီနာဘိုကိုဗာက ပြောကြားသည်။

၁၉၉၇ ခုနှစ်က ပုဂံဒေသ စီမံခန့်ခွဲမှုဆိုင်ရာအချက်များ အပါအဝင်အကျယ်တဝင့်ဆောင်ရွက်ပေးရန် ကမ္ဘာ့အမွေအနှစ်ကော်မတီက အစိုးရသို့အကြောင်းပြန်ခဲ့သည်။ သို့သော် အစိုးရဘက်က ပြန်လည်ပေးပို့ခြင်း မရှိခဲ့သည့်အတွက် ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ခြင်းကိစ္စရပ် တန့်နေရခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးမစ္စတာရောင်က ပြောကြားသည်။

“လိုအပ်တဲ့အဆင့်တွေအား လုံးနောက်နှစ်မှာ အစိုးရက အပြီးသတ်လုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦးလွင်အားပုဂံဒေသကို စာရင်းတင်သွင်းပြီး နောက်ပိုင်းလုပ်ငန်းများကြန့်ကြာနေခြင်းနှင့်ပတ်သက်၍ မေးမြန်းရာ “အဲဒီအချိန်တုန်းက ဥပဒေက မပြီးသေးဘူး။ စီမံခန့်ခွဲမှု အစီအစဉ်တွေကလည်း မဆွဲရသေးဘူး။ ဇုန်သတ်မှတ်ချက်တွေလည်း မလုပ်နိုင်သေးဘူး။ အဓိကကတော့ ပြည်ပက ပညာရှင်တွေရဲ့ အကူအညီတွေကို များများစားစား မရခဲ့လို့ပါ။ သူတို့ဘက်က ကန့်သတ်ချက်တွေ အများကြီးရှိပေမယ့် ကျွန်တော်တို့ ပြန်တင်ပြီးရင် ပုဂံက စာရင်းဝင်နိုင်ပါတယ်။ ကြေညာခံရမယ်ဆိုရင်တော့ ၂၀၁၅ လောက်ဖြစ်မယ်”ဟု ပြောကြားသည်။

ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးတွင် အဓိကစိန်ခေါ်မှုမှာ ဖွံ့ဖြိုးမှုကို ရေရှည်ထိန်းသိမ်းနိုင်သောပုံစံဖြစ်ရေးနှင့် ထိန်းသိမ်းလိုသည့်နေရာသည် မူလအနှစ်သာရမပျက် ထိန်းသိမ်းနိုင်ရေးပင်ဖြစ်ကြောင်း ၎င်းကပြောသည်။ အမည်စာရင်း လျှောက်ထားရာတွင်မြန်မာနိုင်ငံအနေဖြင့် ယင်းအချက်များကို တိတိကျကျ ဖော်ပြရမည်ဖြစ်ပြီး ယင်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အခြေခံလိုအပ်ချက်အဖြစ် ပါဝင်သည့် စီမံခန့်ခွဲရေးစနစ်ကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

ပုဂံဒေသကို သွားရောက်လည်ပတ်ခဲ့သည့် မစ္စအရီနာဘိုကိုဗာက ပုဂံဒေသနှင့်ပတ်သက်ပြီး ပြောကြားရာတွင် အံ့မခမ်းပုဂံကို တစ်နေ့တခြား လာရောက်သူများပြားတိုးပွားလာကြောင်း ထိုသို့သော အခြေအနေတွင် ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းနိုင်ရေးလိုအပ်သလို ခရီးသွားများကိုလည်း ရေရှည်ထိန်းသိမ်းနိုင်ရန်အရေးကြီးကြောင်း ထောက်ပြပြောဆိုသည်။

“ဒီမှာ ပြဿနာက ဒေသကို ကောင်းကောင်းစီမံခန့်ခွဲမှုပါပဲ။ ဘယ်လိုနေရာတွေမှာ တိတိကျကျ ကန့်သတ်မလဲ။ ဘယ်နေရာတွေမှာ ဟိုတယ်အဆောက်အအုံတွေ ရှိရမလဲ။ ဟိုတယ်တွေရဲ့ တည်ဆောက်မှုပုံစံက ဘယ်လိုရှိရမလဲဆိုတာတွေပေါ့။ အဲဒီတော့ ရင်းနှီးမြှုပ်နှံမှုတွေဝင်လာတဲ့အခါ ရေရှည်ထိန်းသိမ်းမှုကို အခြေခံရပါမယ်။ ဒေသရင်းကို ထိန်းသိမ်းရမယ်။ ဒါအလွန်အရေးကြီးပါတယ်။ ဒီမှာဒီလိုဖြစ်နေတယ်လို့တော့ ပြောတာတော့မဟုတ်ပါဘူး” ဟု ဆိုသည်။

ကမ္ဘာ့အမွေအနှစ်ကော်မတီတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၂၂ နိုင်ငံပါဝင်ကာ ယင်းနိုင်ငံတို့က တင်ပြလာသည့် အဆိုပြုမှုများကို လေ့လာကြည့်ရှု သုံးသပ်ကာဆုံးဖြတ်ချက်ပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ယဉ်ကျေးမှုနှင့် ကမ္ဘာ့အမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေး ကွန်ဗန်းရှင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၁၉၉၆ ခုနှစ်က မြန်မာနိုင်ငံမှ ရှေးဟောင်းယဉ်ကျေးမှုဒေသရှစ်ခုကို ကမ္ဘာ့အမွေအနှစ်အဆိုပြုစာရင်း တင်သွင်းခဲ့သည်။

# အခွန်ကောက်ခံမှုစနစ် လတ်တလော ပြောင်းလဲရန်မရှိသေးဟုဆို

မိုးညို

**ရန်ကုန်၊ ဩဂုတ် - ၁၁**

အခွန်တိမ်းရှောင်မှု ဖြေရှင်းနိုင်ရန် အခွန်စနစ်ပြောင်းလဲရေး ယခုရက်ပိုင်းတွင်းက လွှတ်တော်တွင် ဆွေးနွေးခဲ့သော်လည်း လတ်တလောအခွန်ကောက်ခံမှုပုံစံပြောင်းလဲရန်မရှိသေးကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန တာဝန်ရှိသူကပြောကြားသည်။

အခွန်ရှောင်မှုများ လျော့နည်းစေရေးအခွန်ကောက်ခံသောစနစ်ပြောင်းလဲရန်လိုကြောင်း အမျိုးသားလွှတ်တော် ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီက လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းထားသည်။

လက်ရှိ အခွန်ကောက်ခံနေသည့်ပုံစံမှာ ပြောင်းလဲရန် လောလောဆယ် အစီအစဉ်မရှိသေးဘဲ ကုမ္ပဏီများအား တိုက်ရိုက်စစ်ဆေးသည့် ကောက်ခံမှုမျိုးလည်း မရှိသေးကြောင်း၊ အခွန်ပေးသွင်းရန် ကျန်ရှိသော ကုမ္ပဏီများကိုသာ ထုတ်ပြန်ကြေညာမှုများ ပြုလုပ်ပေးနေကြောင်း ပြည်တွင်းအခွန်ဦးစီးဌာန ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အခွန်ထမ်းပြည်သူများ အခွန်ဆောင်ရာတွင် ဌာနသို့ မိမိ၏လုပ်ငန်းများကို သီးသန့်စာရင်းများတင်ပြ၍ အခွန်ကောက်ခံသူကလည်း တင်ပြလာသည့် အထောက်အထားများကိုသေချာမလေ့လာဘဲ ၎င်း၏ဆုံးဖြတ်ချက် သဘောအတိုင်းသာ ကောက်ခံနေခြင်းဖြစ်ကြောင်း တော်ဝင်ကုမ္ပဏီ၏ အကြီးအကဲ ဦးကိုကိုထွေးကပြောသည်။ “စနစ်ကိုက လာဘ်ပေးလာဘ်ယူဖြစ်အောင်လုပ်ထားတာ”ဟု ၎င်းက ဝေဖန်ပြောဆိုသည်။

လက်ရှိ အစိုးရသစ်လက်ထက်တွင် အခွန်စနစ်မှာ လိုက်လျောညီထွေစွာ ပြောင်းလဲမှုမရှိခြင်း၊ အခွန်တိမ်းရှောင်သည့်ဖြစ်စဉ်များ ပေါ်ပေါက်နေခြင်း၊ အစိုးရဘက်ကလည်း ရရှိသည့်အခွန်ကို မည်သည့်နေရာ၊ မည်သည့်လုပ်ငန်းတွင် ပြန်လည်အသုံးချသည်ကိုပြည်သူသို့အသိပေးမှုအားနည်းနေခြင်းတို့ကြောင့် ယခုလို အခွန်စနစ်၌မပီပြင်နေခြင်းဖြစ်ကြောင်း ဩဂုတ် ၈ ရက်က ကျင်းပပြုလုပ်သော လွှတ်တော်အစည်းအဝေးတွင် အခွန်နှင့်ပတ်သက်သည့် အဆို၌ ဝင်ရောက်ဆွေးနွေးခဲ့သည့်လွှတ်တော်ကိုယ်စားလှယ်များကဆိုသည်။

# ယခုနှစ်ပညာသင်နှစ်မှစ၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ နည်းပညာဆိုင်ရာ ပညာရေးစနစ်သစ် ကျင့်သုံးမည်

**ရန်ကုန်၊ဩဂုတ်-၁၄**

ယခုလာမည့် (၂၀၁၂-၂၀၁၃) ပညာသင်နှစ်တွင် နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများသို့ ဝင်ခွင့်လျှောက်ထားကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ပြောင်းလဲမှုအချို့အား အောက်ပါအတိုင်း ရှင်းလင်းအသိပေးထားကြောင်း သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)ဦးညီလှငယ်ထံမှ သိရှိရသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)နှင့် မန္တလေးနည်းပညာတက္ကသိုလ် (MTU)တို့တွင် ဖွင့်လှစ်မည့်(၆)နှစ် အင်ဂျင်နီယာဘွဲ့(B.E)တိုက်ရိုက်သင်တန်းနှင့် မန္တလေးနည်းပညာတက္ကသိုလ်(MTU)တွင်သာ ဖွင့်လှစ်မည့် (၄) နှစ် B.S (Biotech) သင်တန်းများသို့ တက်ရောက်လိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် သတ်မှတ်ဘာသာတွဲများဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ် (၄၅၀) နှင့်အထက် ရရှိရမည်ဖြစ်သည်။ သင်တန်းများပြီးစီးအောင်မြင်သည့်အခါ သက်ဆိုင်ရာပညာရပ်များတွင် B.E ဘွဲ့နှင့် B.S ဘွဲ့ကို အပ်နှင်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အထက်ဖော်ပြပါနည်းပညာတက္ကသိုလ်နှစ်ခုမှအပ ကျန်နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် ဖွင့်လှစ်မည့် (၃)နှစ် နည်းပညာဒီပလိုမာ (AGTI)သင်တန်းသို့ တက်ရောက်လိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် သတ်မှတ်ဘာသာတွဲများဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ်(၃၆၀)နှင့်အထက် ရရှိရမည်ဖြစ်သည်။

၃ နှစ် နည်းပညာဒီပလိုမာ (AGTI)သင်တန်းပြီးစီး အောင်မြင်သူများအား သက်ဆိုင်ရာပညာရပ်များတွင် (AGTI) နည်းပညာ ဒီပလိုမာလက်မှတ်ကို အပ်နှင်းချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

AGTI ဒီပလိုမာသင်တန်းတွင် သက်ဆိုင်ရာ ပညာရပ်၌ အမှတ်အများဆုံးဖြင့် အောင်မြင်သူများထဲမှ အချို့သည် ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုစီတွင် တစ်ကျောင်းနှုန်း ရွေးချယ်သတ်မှတ်ထားသော တက္ကသိုလ်များတွင် ဖွင့်လှစ်ပေးမည့် B.E ပေါင်းကူးသင်တန်းသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ပေါင်းကူးသင်တန်းတက်ရောက်ခွင့် ရသူများသည် B.E အင်ဂျင်နီယာဘွဲ့ကိုရရှိရန် နောက်ထပ် ၄ နှစ် တက်ရမည်ဖြစ်သည်။

၎င်း ၄ နှစ် အနက် ပထမနှစ်တွင် Orientation Course (ခေါ်) အသွင်ပြောင်း မွမ်းမံသင်တန်း (၁)နှစ်နှင့် ကျန် (၃)နှစ်တွင် ပုံမှန် B.E သင်တန်းတို့ကို တက်ရမည်ဖြစ်ပြီး AGTI (၃)နှစ်နှင့် B.E ပေါင်းကူး (၄)နှစ် စုစုပေါင်း (၇) နှစ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

AGTI ဒီပလိုမာသင်တန်းတွင် သက်ဆိုင်ရာ ပညာရပ်၌ အမှတ်များများဖြင့် အောင်မြင်သော်လည်း B.E ပေါင်းကူးသင်တန်းတက်ခွင့်မရသူများထဲမှ အချို့ကို လက်ရှိB.Tech သင်တန်းများ ဖွင့်ပေးလျှက်ရှိသော တက္ကသိုလ်/ကောလိပ်များတွင်ပင် B.Tech နည်းပညာဘွဲ့သင်တန်းများကို ဆက်တက်ခွင့်ပြုမည်ဖြစ်သည်။ B.Tech ဘွဲ့ရရန် AGTI အောင်ပြီး နောက်ထပ် (၂)နှစ် ဆက်တက်ရမည်ဖြစ်သည်။ သို့ရာတွင် B.Tech ဘွဲ့ရပြီးနောက် B.E ဘွဲ့သင်တန်းသို့ ပေါင်းကူးခွင့်မရှိပါ။

အကြောင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ပြီးသူတစ်ဦးအတွက်B.E ဘွဲ့သင်တန်းသို့တက်ရန် အခွင့်အရေးနှစ်ကြိမ် (ပထမအကြိမ်မှာ YTU နှင့် MTU သို့ တိုက်ရိုက်တက်ခွင့်၊ ဒုတိယအကြိမ်မှာ AGTI အောင်ပြီး B.E ပေါင်းကူး သင်တန်းတက်ခွင့်) ပေးပြီးဖြစ်သဖြင့်တစ်ကြောင်း၊ B.Tech သင်ရိုးနှင့် B.E သင်ရိုးကြားတွင် ဆက်စပ်မှုမရှိသဖြင့် တစ်ကြောင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် B.Tech သင်တန်းတွင် ပညာထူးချွန်သူတချို့အတွက် M.Tech ကဲ့သို့သော နည်းပညာဘွဲ့လွန် သင်တန်းကိုလိုအပ်ချက်ရှိပြီး အခြေအနေပေးသောအခါ ဖွင့်လှစ်နိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

AGTI ဒီပလိုမာအောင်ပြီး B.E အင်ဂျင်နီယာဘွဲ့ ပေါင်းကူးသင်တန်းနှင့် B.Tech နည်းပညာဘွဲ့သင်တန်းများတွင် တက်ရောက်ခွင့်မရသူများသည် AGTI ဒီပလိုမာဖြင့် အလုပ်ခွင်တွင် နည်းပညာကျွမ်းကျင်သူ (Technician) များအဖြစ် လုပ်ကိုင်ကြရမည်ဖြစ်သည်။

အလားတူ B.Tech ဘွဲ့ရသူများသည် အလုပ်ခွင်တွင် နည်းပညာရှင် (သို့) အကြီးတန်း နည်းပညာကျွမ်းကျင်သူ (Technologist (or) Senior Technician) များအဖြစ်လုပ်ကိုင် ကြရမည်ဖြစ်သည်။

အလားတူ B.E ဘွဲ့ရသူများသည် အလုပ်ခွင်တွင် အင်ဂျင်နီယာ (Engineer)များအဖြစ် ဝင်ရောက်တာဝန်ယူကြရမည်ဖြစ်သည်။

AGTI မှ ပေါင်းကူးတက်ပြီး ရသော B.E ဘွဲ့၏ အဆင့်အတန်းကို (၆)နှစ် တိုက်ရိုက်သင်တန်းမှ ပေးသော B.E ဘွဲ့နှင့် အဆင့်တူအဖြစ် သတ်မှတ်သည်။

သတ်မှတ်အဆင့်မီပါက YTU နှင့် MTU များတွင် ဖွင့်လှစ်သော အင်ဂျင်နီယာဘွဲ့လွန် သင်တန်းများတွင် တိုက်ရိုက် B.E ဘွဲ့ရသူများနှင့် တန်းတူရည်တူ ဆက်တက်ခွင့်ရှိမည်ဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ ဖြန့်ဝေထားသော တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတွင်ပါသည့်AGTI(၂)နှစ်+B.Tech (၂)နှစ် + B.E (၂)နှစ် ပညာရေးပုံစံအစား အထက်ဖော်ပြပါ နည်းပညာဆိုင်ရာ ပညာရေးစနစ်သစ်ကို ယခုလာမည့်(၂၀၁၂-၂၀၁၃) ပညာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော် သွားမည်ဖြစ်သည်။

ဤကဲ့သို့ စနစ်သစ်ကို ကျင့်သုံးရခြင်းအကြောင်းရင်းမှာ အင်ဂျင်နီယာ မွေးထုတ်ရာလိုင်းနှင့် နည်းပညာကျွမ်းကျင်သူ (Technician)မွေးထုတ်ရာလိုင်းတို့ ကွဲကွဲပြားပြားဖြစ်ပြီး လိုင်းတစ်ခုစီအတွက် ပိုမိုပီပြင်သည့်သင်ရိုးများ ရေးဆွဲနိုင်ရန်နှင့် ၎င်း၏ရလဒ်အဖြစ် နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာ (Engineer) များနှင့် တကယ်တတ်ကျွမ်းပြီး အသုံးတည့်သည့် နည်းပညာကျွမ်းကျင်သူ (Technician)များ ပီပီပြင်ပြင် မွေးထုတ်နိုင်ရန်ဖြစ်သည်။

လိုင်းနှစ်လိုင်း ရောယှက်နေပါက ပီပြင်သော သင်ရိုးဖြစ်အောင် ရေးဆွဲရာ၌ အခက်အခဲရှိကြောင်းနှင့် အဆင့်မီသော အင်ဂျင်နီယာများနှင့် နိုင်ငံတည်ဆောက်ရေးတွင် တကယ်လိုအပ်သည့် တတ်ကျွမ်းပြီး အသုံးတည့်သော နည်းပညာကျွမ်းကျင်သူများ မွေးထုတ်ရာတွင် ပိုမိုထိရောက်ရန် ရည်ရွယ်၍ ဤကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များနှင့် သိပ္ပံများတွင် လက်ရှိတက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက်မူ လက်ရှိပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲခြင်းမပြုဘဲ၊ မူလထက်ပိုမိုထိရောက်သည့် သင်ကြားရေးပုံစံဖြစ်လာစေရန် လိုအပ်သည့် ပြင်ဆင်မှုများ၊ ပြုပြင်မှုများ၊ ထောက်ပံ့မှုများ၊ အားဖြည့်မှုများကို တတ်နိုင်သမျှ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ် ရိုက်နှိပ်ရန် စာမူပေးပို့သည့်အချိန် နောက်ပိုင်းတွင်မှ ဖြစ်ပေါ်လာသည့်ဖြစ်ထွန်းမှုအချို့ကို လမ်းညွှန်စာအုပ်တွင် အချိန်မီ မပြင်လိုက်နိုင်သဖြင့် ယခုကဲ့သို့ရှင်းပြရကြောင်း ဦးညီလှငယ်က ပြောကြားသည်။

တက္ကသိုလ်တစ်ခုမှ တစ်ခုသို့ပြောင်းတက်ခွင့်ကို တက္ကသိုလ်များ စဖွင့်ပြီး တစ်လအတွင်း လျှောက်ထားခွင့်ရှိကြောင်းကိုလည်း သိရသည်။



နာကျင်ကိုက်ခဲ၊ ရောင်ယမ်းမှုများ သက်သာ ပျောက်ကင်းစေရန်
အကောင်းဆုံး
"ကျားဘမ်း" ပလာစတာ
WARM
COOL
TIGER BALM PLASTER-RD
TIGER BALM PLASTER
Myanmar Reg: No.1407AA1734
Myanmar Reg: No.1407AA1733
MARKETED & DISTRIBUTED BY
THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165
TIGER BALM®
PLASTER




TERUMO®
JAPAN
THUKHA DANA
Digital Blood Pressure Monitor
လက်မောင်းပတ် ဒစ်ဂျစ်တယ်
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
၁ နှစ် အာမခံ
မှန်ကန်တိကျသော တိုင်းတာချက်
ရိုးရှင်းလွယ်ကူသော အသုံးပြုနည်း
ခေတ်မီဆန်းသစ်သော နည်းပညာ
TERUMO ACTIVITY MONITOR
Check Total Calorie Consumption
to Control Meals & Exercise
ကိုယ်အလေးချိန် လျှော့ချလိုသူများ နှင့်
ကျန်းမာရေးတောင့်ရှောက်လိုသူများအတွက်
နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအခြေအနေနှင့်
ကယ်လိုရီ သုံးစွဲမှု ပမာဏကို တိုင်းတာဖော်ပြပေးမည့် ကိရိယာ
TERUMO
MEMORY
SET
MODE
Lightweight
22 grams
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
၃ နှစ် အာမခံ
• သွေးဖောက်ရာတွင် နာကျင်မှုမရှိခြင်း၊
• မှန်ကန်တိကျသော အဖြေကို အချိန် (၁၀)စက္ကန့်အတွင်း သိရှိနိုင်ခြင်း၊
• သွေးချိုတိုင်းတာမှုရလဒ်ကို mg/dl (သို့) mmol/L ဖြင့် ဖော်ပြပေးနိုင်ခြင်း၊
• သူတပါးအား သွေးစက်နှင့် ထိတွေ့ပေကျံမှုမရှိစေသော အဆင့်မြင့်နည်းပညာ၊
• Memory အရေအတွက် အကြိမ် (၁၅၀) အထိ ထိန်းသိမ်းထားနိုင်ခြင်း၊
• စမ်းသပ်ခေါင်းများကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊
ခန္ဓာကိုယ် အပူချိန်ကို နားမှတစ်ဆင့်
တိကျလျင်မြန်စွာ တစ်စက္ကန့်အတွင်း တိုင်းတာနိုင်သည့်
TERUMO Ear Thermometer
EM-30CP LB/R
၂ နှစ် အာမခံ
Just 1 second
အသက်အရွယ်မရွေး အသုံးပြုနိုင်သည်။
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

## SAMSUNG CAREER OPPORTUNITY

Now we are looking for dynamic leaders to join our challenging market in **Myanmar.**

### Country Manager

- Local nationality with Age 35-45
- Degree in Business Administration or related fields.
- Min 10 years in Sales and Marketing Management
- Obtained senior role with P/L responsibilities
- Background in Consumer Electronics products or FMCG industry

### Marketing Manager

- Local nationality with Age 28-40
- Degree in Marketing management or related fields
- Min 5 years in Marketing/Brand Management
- Direct experience in ATL/BTL
- Min 5 years in Marketing Management
- Background in Consumer Electronics products or FMCG industry

### Channel Manager-Consumer Electronics products.

- Local nationality with Age 28-40
- Degree in Marketing management or related fields
- Min 5 years in Sales and Marketing Management
- Background in Consumer Electronics products or FMCG industry

### Channel Manager-Handheld products

- Local nationality with Age 28-40
- Degree in Business Administration or related fields
- Min 5 years in Sales and Marketing Management
- Background in Handheld products, Consumer Electronics products or FMCG industry

### Retail Management Manager

- Local nationality with Age 28-40
- Degree in Business Administration or related fields
- Min 5 years in Sales and Marketing Management in Retail Management
- Background in Handheld products, Consumer Electronics products or FMCG industry

### Accounting Controller

- Local nationality with Age 28-35
- Degree in Accounting or related fields
- Obtained qualification in Accounting and member of professional association (CPA/ACCA)
- Min 5 years in full set of Accounting
- Experience in Audit field prefer
- Experience in consolidation and monthly financial reports, monthly closing experience, budgeting and Taxation.

### Field Test Engineer

- Local nationality with Age 25-35
- Degree or higher in Computer Science, Computer Engineering, Telecommunication Engineering or related fields
- Knowledgeable in electronic components.
- Enthusiastic and initiative

All interested candidates, please submit your updated resume, expected salary and a photograph to E-mail: **tse.jobs@samsung.com**


## ခေတ်မီပေါင်းဆန်နှင့် ဆန်ဖြူကြိတ်ခွဲစက်၊ ခေတ်မီသိုလှောင်ရုံ/ တန်ဖိုးမြင့်စက်ရုံကြီးများ တည်ဆောက်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များထံမှ အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင် ခွင့်ပြုချက်အမှတ်(၁၃၄/၂၀၁၂-၂၀၁၃)ဖြင့် အများပိုင်ကုမ္ပဏီကြီးဖြစ်သည့် Myanmar Agribusiness Public Corporation (MAPCO)သည် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော ခေတ်မီဆန်စက်ကြီးများ၊ ခေတ်မီသိုလှောင်ရုံကြီးများနှင့် စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြင့် စက်မှုလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံတည်ထောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် ပေါင်းဆန်စက်ကြီးများ၊ စပါး Silo များ၊ အခြောက်ခံစက်များ၊ သိုလှောင်ရုံများ၊ ဖွဲနုနှင့် ဆီထွက်သီးနှံမှ ဆီကြိတ်ခွဲထုတ်လုပ်သည့် စက်များ၊ ဆန်ခေါက်ဆွဲ၊ ကြာဆံအပါအဝင် ဆန်နှင့်စပါးမှ ဘေးထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ၊ စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို Integrated Complex တည်ထောင်ပြီး ဆောင်ရွက်ရန် စီစဉ်ထားပါသည်။ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ကုန်သွယ်မှုအလားအလာကောင်းနေရာ ၁၅ နေရာခန့် ရွေးချယ်ပြီး စိုက်ပျိုးသည်မှ တင်ပို့ရောင်းချသည်အထိ ထောက်ပံ့ရောင်းဝယ်ရေး ကွင်းဆက်တွင် (Total Solutions Approach) ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အထက်ဖော်ပြပါစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်လိုသော အထူးပြုကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်ကြီးများနှင့် ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများသည် စီမံကိန်းတည်နေရာကို ရွေးချယ်ဆုံးဖြတ်နိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ပြုစုထားသော FS, EIA, SIA လေ့လာမှုအထောက်အကူပြု အချက်အလက်များကို အခြေခံ၍ အဆိုပြုလွှာများပြုစုပြီး ၂၅-၈-၂၀၁၂ ရက် နောက်ဆုံးထားပြီး ပေးပို့ပေးရန်ဖြစ်ပါသည်။

၄။ တင်ပြလာသော အဆိုပြုလွှာကို အခြေခံစဉ်းစားသုံးသပ်ပြီးမှ စီမံကိန်းတည်နေရာနှင့် ပူးပေါင်းဆောင်ရွက်မည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ရွေးချယ်ဆောင်ရွက်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက MAPCO အခန်း ၀၃၀၃၊ Sakura Tower အမှတ်(၃၃၉)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ် ၀၁-၂၅၅၀၈၃၊ ၂၅၅၀၈၄၊ ၂၅၅၀၈၅၊ ၂၅၅၀၈၇ နှင့် e-mail: info@mapco.com.mm သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။